ပန်းရွှေပြည်စာအုပ်တိုက်

# အဖိုးတန်တဲ့လူ
# အဖိုးတန်တဲ့ဘဝ

ညီညီနိုင်

THE SECRET
OF
ACHIEVEMENT

ORISON SWETT MARDEN

| | |
|---|---|
| တန်ဖိုး | ၁၅၀၀ ကျပ် |
| အုပ်ရေ | ၅၀၀ အုပ် |
| ပထမအကြိမ် | ၂၀၁၁ ခုနှစ် အောက်တိုဘာလ |
| မျက်နှာဖုံး | ပန်းရွှေပြည် |
| ထုတ်ဝေသူ | ဦးသိမ်းမင်း (၀၄၂၉၁) |
| | ပန်းရွှေပြည်စာအုပ်တိုက် |
| | ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊ |
| | တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းကျော်ထွန်း (၀၇၉၅၈)၊ |
| | မုံရွေးပုံနှိပ်တိုက်၊ |
| | ၈၁/ခ၊ သံလွင်လမ်း၊ |
| | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စာမူခွင့်ပြုအမှတ် | ၄၀၁၁၈၃၁၀၁၀ |
| အဖုံးခွင့်ပြုအမှတ် | ၄၀၀၇၃၆၀၆၁၁ |

ညီညီနိုင် ၁၃၁.၃

အဖိုးတန်တဲ့ လူ အဖိုးတန်တဲ့ ဘဝ / ညီညီနိုင်။ -ရန်ကုန်၊ ပန်းရွှေပြည်စာပေ (ပထမအကြိမ်)၊ ၂၀၁၁။

၂၇၂ - စာ ၊ ၁၂.၅ × ၁၉ စင်တီ ။

(၁) အဖိုးတန်တဲ့ လူ အဖိုးတန်တဲ့ ဘဝ

ညီညီနိုင်

# အဖိုးတန်တဲ့ လူ
# အဖိုးတန်တဲ့ ဘဝ

## THE SECRET OF ACHIEVEMENT

SWETT MARDEN

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပါဝင်သည့်အကြောင်းအရာ


- စကားပလ္လင် ၇
- အခန်း ၁ ၁၁
  စိတ်ဓာတ်တန်ဖိုး
- အခန်း ၂ ၃၇
  အလုပ်တန်ဖိုး
- အခန်း ၃ ၆၃
  မှန်ကန်မှုတန်ဖိုး
- အခန်း ၄ ၈၃
  အစေခံအလေ့အကျင့် တန်ဖိုး
  အရှင်သခင်အလေ့အကျင့် တန်ဖိုး
- အခန်း ၅ ၁၀၃
  အသေးအဖွဲလေးများ
- အခန်း ၆ ၁၁၉
  ရဲစွမ်းသတ္တိ
- အခန်း ၇ ၁၃၃
  မိမိကိုယ်မိမိ ထိန်းချုပ်ခြင်း

- အခန်း ၈ ၁၅၁
စိတ်ဓာတ်တန်ဖိုး
- အခန်း ၉ ၁၆၃
အစစ်နှင့် အတု
အနှစ်နှင့် အကာ
- အခန်း ၁၀ ၁၈၃
အဆုံးအဖြတ်
- အခန်း ၁၁ ၂၀၁
နိုင်မြဲတဲ့ ဦးတည်ချက်
- အခန်း ၁၂ ၂၁၉
ကျန်းမာစေဖို့ ကောင်းကောင်းနေ
- အခန်း ၁၃ ၂၃၅
တန်ဖိုးရှိသော ဖြူစင်မှု
- အခန်း ၁၄ ၂၅၁
ကိုယ်တိုင်ဆောက်တဲ့ သီရိဂေဟာ

# စကားပလ္လင်

ရှေးခေတ်ရောမသားတွေဟာ သူ့ရဲ့ကောင်းတွေရဲ့ ကိုယ်တစ်ပိုင်း ရုပ်တုရုပ်လုံးတွေကို သူတို့အိမ်မှာ ထားကြပါတယ်။ သူတို့ရဲ့ကလေးတွေ နမူနာယူဖို့ သရုပ်ပြထားတာပါပဲ။ ဒါမှလည်း သူ့ရဲ့ကောင်းပီသတဲ့လူတွေရဲ့ မြင့်မြတ်မှုတွေကို အတုခိုးမှာလည်း ဖြစ်ပါတယ်။

ခု ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်က ဂုဏ်မြင့်သူ လူ့အဖိုးတန်တွေနှင့် သူတို့ရဲ့ စိတ်ဓာတ်၊ သူတို့ရဲ့ သဘာဝစရိုက်တွေကို လူငယ်လူရွယ်တွေအနေဖြင့် စံပြု အတုယူစေချင်တာပါ။

ဒါနှင့်အမျှ လူတစ်ယောက်အတွက် မြင့်မားတဲ့အောင်မြင်မှု၊ နိုးကြားတက်ကြွမှု၊ သတ္တိတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အရည်အသွေးတွေပဲ ဆိုတာ ပြဆိုပြီး၊ လောကကြီးမှာ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်လို့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဘဝကို ရဖို့ အသိဉာဏ်တွေ ဖွံ့ဖြိုးစေချင်တာပါပဲ။

နောက်ပြီး 'အောင်မြင်ဖို့ တန်ခိုးစွမ်းအင်တွေ ဘယ်လိုရအောင် လုပ်တာလဲ။ အဖိုးတန်တဲ့ လူ၊ အဖိုးတန်တဲ့ဘဝကို ရအောင် ဘယ်လို ကျင့်ကြံ အားထုတ်ရမလဲ' ဆိုတာတွေပါ ပညာပေးထားပါတယ်။

စာရေးသူအနေဖြင့် စာဖတ်သူကို အသိပညာပေးဖို့ ကြိုးစားရာမှာ စိတ်လှုပ်ရှားစရာ သာဓကလေးတွေ အားဖြည့်ပြီး၊ လှပသစ်ဆန်းတဲ့ မက်လုံးလေးတွေပါ ထည့်ထားပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

မှတ်တမ်းတင်လောက်အောင် တန်ဖိုးရှိတဲ့ ကောင်းမှုတွေလုပ်ခဲ့တဲ့ စံပြအမျိုးသား၊အမျိုးသမီးတွေရဲ့ အဖြစ်အပျက်တွေကို တင်ပြရုံသာမက၊ သူတို့ရဲ့ အောင်မြင်မှုလျှို့ဝှက်ချက်တွေကိုပါ ဖော်ထုတ်ပြသဖို့ ရည်ရွယ်ပါတယ်။

သူတို့ရဲ့ အောင်မြင်မှု၊ အရေးနိမ့်မှုတွေကို စိတ်ဖြာသုံးသပ်လေ့လာပြီး အကြောင်းရင်းတွေရှာလို့ သင်ခန်းစာယူနိုင်တာပေါ့လေ။

ဒီပုဂ္ဂိုလ်တွေဟာ ဘယ်လိုကိစ္စတွေမှာ ဘာကြောင့်ကြီးကျယ် မြင့်မြတ်ခဲ့ရတယ်။ အောင်မြင်ရေးကိုရှေးရှုတဲ့ အထူးလမ်းကြောင်းတွေဟာ ဘာလဲ။ ဘယ်'စံ'ထားချက်တွေက သူတို့ကို လှုံ့ဆော်တွန်းအားပေးခဲ့သလဲဆိုတာတွေကိုပါ ရှင်းပြဖို့ ကြိုးစားထားပါတယ်။

ကြီးကျယ်တဲ့အောင်မြင်မှုတိုင်းရဲ့ လျှို့ဝှက်ချက်အနေဖြင့် လေ့ခွက်ချည်းကျန် အလံမလှဲတဲ့သန္နိဋ္ဌာန်၊ ပြင်းပြထက်သန်တဲ့ ကြိုးပမ်းမှုနှင့် အစွမ်းသတ္တိတွေ ရှိနေတာလည်း သိရပါလိမ့်မယ်။

ဒီအထဲမှာ ဘဝကို ရင်ဆိုင်ရင်းနှင့် မြင့်မြတ်တဲ့ ယုံကြည်ချက်အရ ရှင်သန်လုပ်ဆောင်မှု၊ ဘယ်အရာမှာမဆို ရဲရင့်တည်ကြည်တဲ့ စိတ်ဓာတ်တွေထားဖို့ လိုအပ်တာလည်း တင်ပြလိုက်ပါတယ်။ ကောင်းမြတ်တဲ့ဆန္ဒရှိသူရဲ့ စကားကို တစ်လောကလုံးက အစဉ်လိုက်နာကြတာကိုလည်း တွေ့ရမှာပါ။

ဒီအပြင်- အခက်အခဲတွေကို ခုတုံးအဖြစ် အသုံးချတာ၊ တခြားလူတွေ လုပ်နိုင်သလို ကိုယ်လည်း လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို သွတ်သွင်း အားဖြည့်ပေးတာလည်း

ရှိတယ်။ အဝိုင်းထဲကို ၄ ထောင့်တုံး ရိုက်သွင်းနေတယ်လို့ ခံစားနေရသူတွေကို စွမ်းအားမြှင့်ပေးသလို၊ ဆုံးရှုံးမှုတွေနှင့် ယှဉ်နိုင်းပြီး သူ့ဘဝမှာ ထိုက်တန်တဲ့နေရာ တစ်နေရာ ရဖို့လည်း ထောက်ကူအားပေးမှု ပြုထားပါရဲ့။

ပင်ကိုအရည်အသွေးတွေကို အသုံးပြုဖို့, လူတိုင်းကို ရည်ရွယ်ချက်ထားတတ်အောင် ကူညီဖို့, ကိုယ်တိုင်လည်း ရည်မှန်းချက်ပြည့်ဝအောင် လုပ်ကိုင်ဖို့တွေကိုလည်း လမ်းညွှန်ပေးထားတာပါပဲ။

ငွေကြေးကအစ လူ့ဂုဏ်,လူ့သိက္ခာတွေ နိမ့်ပါးနေတဲ့ ဘဝမှာ စိတ်ပျက်လက်မှိုင်ချနေရတာတွေ အဆုံးသတ်ပြီး၊ အားနည်းချက်တွေကို စွမ်းအား,ခွန်အားအသစ်တွေ အစားထိုးလို့ လက်ရှိအခြေအနေက ရုန်းထွက်နိုင်အောင်လည်း နည်းလမ်းတွေ ပြထားပါတယ်။

'ဘယ်သူပဲဖြစ်ဖြစ်၊ ကြီးကြီးငယ်ငယ် ကျား,မ မရွေး ပညာ တတ်တတ်, မတတ်တတ် လူကောင်းသူကောင်းတွေ ဖြစ်ပြီး၊ 'အဖိုးတန်တဲ့လူ အဖိုးတန်တဲ့ဘဝ'ကို ရကြဖို့' ဆိုတာကတော့ ဒီစာအုပ်ရဲ့ အဓိကရည်ရွယ်ချက်ပါပဲ။

အထူးသဖြင့် ၂၁ ရာစုမှာ ရည်မှန်းချက်ကြီးကြီးနှင့် ထိပ်တန်းကို လှမ်းတက်ဖို့ ကြံရွယ်ကြိုးစားနေတဲ့ လူငယ်လူရွယ်တွေအတွက် အားဆေးတစ်လက် ဖော်ပေးလိုက်တာပဲလို့သာ...။

မူရင်းရေးသူ - အိုရီဆင် ဆွက် မာဒင်
ဘာသာပြန်သူ - ညီညီနိုင်

# ၁

# စိတ်ဓာတ်တန်ဖိုး

တစ်ခါက လယ်သမားကြီးတစ်ဦးရဲ့သား ဟာ သူ့အဖေကို မေးပါသတဲ့။

"'အကောင်းမြင်သမား' ဆိုတာ ဘာလဲ ဖေဖေ"

သူ့အဖေ လယ်သမားကြီးက ခုလို ပြန်ဖြေ တယ်လေ။

"အင်း- မင်းမေးတဲ့ စကားလုံးရဲ့အဓိပ္ပာယ် ကိုတော့ အဘိဓာန်ထဲကလို အဖေ ရှင်းမပြတတ်ဘူး ငှါ့ရဲ့။ ဒါပေမယ့် သူ့ဆိုလိုရင်းကို သိလောက်တဲ့ အကြံတစ်ခုတော့ ငါ စဉ်းစားမိတယ်။ မင်းဦးလေး ဟင်နရီကို မင်း မှတ်မိချင်မှ မှတ်မိမယ်။ အဲ- အကောင်းမြင်သမားတွေ ရှိတဲ့အထဲမှာ သူလည်း တစ်ယောက်ပါခဲ့တယ် ဆိုရမှာပဲ။ ဘယ်ကိစ္စမဆို ဟင်နရီနှင့်ဆို အဆင်ပြေသွားတာပဲ။ အထူးသဖြင့် ခက်ခက်ခဲခဲလုပ်ရမယ့် အလုပ်တွေကို သူက ပျော် ပျော်ကြီးလုပ်တတ်တယ် ငါ့သားရဲ့။

"ပြောင်းစိုက်ဖို့ မြောင်းတူးကြပြီ ဆိုပါ တော့။ ငါ့အတွက်တော့ နေပူထဲ မြောင်းတူးရတာ သေချင်စော်နံအောင် ပင်ပန်းတဲ့အလုပ်ပဲ။ ဒါပေမယ့် ပြောင်းခင်းထဲမှာ အကြာကြီး တူးနေလျက်က သူ့ထက် နည်းနည်းနောက်ကျကျန်ခဲ့တာနှင့် ဟင်နရီ က ငါ့ကို လှမ်းကြည့်ပြီး ပြောတော့တာကလား။

'''ကဲ- ပျွန်ရေ။ ဒီ ၂ မြောင်းဖော်ပြီးရင်း နောက် ၁၈ မြောင်းပဲ ကျန်တော့တယ်ကွ။ အခု တို့ အလုပ်တစ်ဝက်လောက် ပြီးသွားတယ်လို့သာ မှတ်လိုက်။ အားလုံးပြီးသွားရင်တော့ ဝမ်းသာစရာကြီးပေါ့ကွာ'လို့ အားရပါးရပြောတာပဲ။ ငါလည်း တကယ်ဝမ်းသာသွားရတယ်။ ဒီတော့ ကျန်တာတွေ အသာလေး လုပ်သွားနိုင်တာပေါ့။

''ဒီ့ထက်ပိုဆိုးတာက စိုက်ခင်းထဲမှာ ကျောက်ခဲတွေ တူးထုတ်ရတဲ့အလုပ်ပဲ။ မင်းသိတဲ့အတိုင်း ကျောက်ခဲဖော်ရတာနှင့်ယှဉ်ရင် မြောင်းတူးရတာက ပျော်ပွဲစားထွက်ရသလောက် ရှိတာ။ တို့အခင်းဟောင်းကြီးမှာ ကျောက်တုံးတွေကလည်း ဖော်လို့ကို မပြီးတော့ဘူး။ တို့ အလုပ်မတွင်တာနှင့် အဟန့်အတားဖြစ်နေတာဟာ ကျောက်ခဲတွေ ဖော်နေရလို့ပဲပေါ့။ ကျောက်ခဲတွေခံနေရင် ထယ်ထိုးလို့ ဘယ်ရပါ့မလဲ။ ထိုးလိုက်ကိုင်းလည်း ကျောက်တုံးတွေက အဖွေးသားပေါ်လာတာ မဟုတ်လား။ ကျောက်တုံးတွေ အကုန်ရှင်းပစ်လိုက်မှ ဖြောင့်ဖြောင့်တန်းတန်း ဆက်လုပ်နိုင်တော့မပေါ့။

''ဒါဆို ဟင်နရီက ကျောက်တုံးတွေဖယ်ရတာကို ပျော်စရာမကောင်းဘူးလို့ ပြောမယ်များ မင်း ထင်သလား။ သူက ဘယ်သူနှင့်မျှမတူတဲ့ ရှုထောင့်ကနေ ကြည့်သကွ။

''ငါကတော့ မြောင်းဖော်တာ ပြီးသွားပြီ။ မြက်တွေကလည်း ရိတ်စရာမလိုတော့ဘူး။ စိတ်အေးလက်အေးနှင့် ငါးမျှားထွက်ရတော့မယ် ကြံနေတုန်း ငါ့အဖေက 'ဟို အနောက်ဘက်စိုက်ကွက်ထဲက ကျောက်တုံးတွေ သွားဖော်ဦး' လို့ ခိုင်းလိုက်ပြန်ရော။ ငါ့ဖြင့် အော်ငိုချင်စိတ် ပေါက်သွားရတယ်။ ဒါပေမယ့် ဟင်နရီကတော့

'''လာဟေ့ ပျွန်။ ရွှေတုံးတွေအများကြီးရှိတဲ့နေရာ ငါ သိတယ်'လို့ ပြောတာကွ။ ကဲ- မင်း ဘာပြောချင်သေးလဲ။ မင်းဦးလေးပျွန်က တို့စိုက်ခင်းကို ရွှေတွင်းလုပ်ပြီး ကစားကွင်း မှတ်ထားတာကိုး။ သူ အဆွယ်ကောင်းတာနှင့်

ငါလည်း ရောယောင်ပါသွားပြီး ကာလီဖိုးနီးယားရွှေတွင်းကို ရောက်သွားရသလို တစ်နေကုန် ပျော်ပျော်ပါးပါး ကျူးလုပ်မိတော့တာပဲ။ တစ်နေ့တာ အလုပ်သိမ်းခဲ့တဲ့ နောက် ဟင်နရီက ပြောလိုက်သေးရဲ့။

"'မင်း ချမ်းသာမယ့်နည်းက တစ်နည်းပဲ ရှိတယ်။ အဲဒါကတော့ ဒီရွှေတွေကို မြေကြီးထဲမှာ ဒီအတိုင်းသိမ်းထားမယ့်အစား ဖော်ထုတ်ပစ်လိုက်တာပဲပေါ့' တဲ့။

"သူ့စကားက ငါ့ကို ဘဝင်မကျစေလောက်ပါဘူး။ ဒါပေမယ့် တို့ဟာ အလုပ်လုပ်တာမဟုတ်ဘဲ အပျော်ကစားခဲ့ကြတာတော့ အမှန်ပဲ။ ဘာပဲပြောပြော အဲ့ဒီကွင်းထဲက ကျောက်တုံးတွေ တစ်ပုံတမကြီးတော့ ရှင်းထုတ်ပြီးသား ဖြစ်သွားတယ်။

"အဲ- စောစောက အဖေပြောခဲ့သလိုပဲ 'အကောင်းမြင်သမား' ဆိုတာကို အဘိဓာန်ထဲကလိုတော့ အဓိပ္ပာယ်ဖွင့်ပြီး ရှင်းမပြတတ်ဘူး။ ဒါပေမယ့် မင်းဦးလေးမှ အကောင်းမြင်သမားမဟုတ်ရင် တခြား ဘယ်သူရှိဦးမှာလဲ"

* * *

"မင်း အသက် ဘယ်လောက်ရှိပြီလဲ ဆမ်ဘို"

လူကြီးလူကောင်းတစ်ယောက်က အသားညိုတစ်ဦးကို မေးခဲ့တာပါ။

"အသက် ဘယ်လောက်လဲ။ ဟုတ်လား- ဆရာ။ နှစ်တွေ လတွေနှင့် တွက်မယ်ဆိုရင်တော့ ကျွန်တော့်အသက် ၂၅ နှစ် ရှိပါပြီ။ ဒါပေမယ့် ကျွန်တော့်ဘဝရဲ့ ပျော်ရွှင်မှုတွေပါ ထည့်တွက်ရင်တော့ အသက် ၁၀၀ လောက်ရှိမယ် ထင်ရပါတယ်"

* * *

ကွယ်လွန်သူ သတင်းစာဆရာကြီး ချားလ်စ်အေ ဒါနာဟာ အလုပ်သံယောဇဉ် ကြီးမားသလောက် သူ့အလုပ်ကို သူ မြတ်နိုးလှသူပါပဲ။ သူဟာ အိပ်ရာထဲ ဗုန်းဗုန်းမလဲခင်အထိ ရုံးတက်သွားသူလည်း ဖြစ်ပါတယ်။ တစ်ခါတော့ အစိုးရအဖွဲ့ ဝင်တစ်ယောက်က သူ့ကို မေးပါတယ်။

"မစ္စတာဒါနာ။ ဒီရောဂါဝေဒနာဆိုးကြီးဒဏ်ကို ခံနိုင်ရည်ရှိပုံကိုတော့ ကျွန်တော် အံ့ရောပဲ"

ဒီတော့ မစ္စတာဒါနာ ပြန်ပြောလိုက်တာက "ဒါဆို ရင် အမှားကြီး မှားနေပြီ။ ကျုပ်အဖို့ အသက်ရှင်နေရ သလောက် ပျော်တာကလွဲလို့ ဘာဝေဒနာမှ မရှိပါဘူး" လို့ ဆိုပဲ။

သမ္မတကြီး ရုစဗဲ့ဟာ 'ကောင်းမှ ကောင်း' ဆိုတဲ့စကား လုံးကို လက်ကိုင်ထား အသည်းစွဲ သုံးနေကျပါ။ သူအနေဖြင့် ထူးထူးကဲကဲ ဝမ်းသာပျော်ရွှင်ချိန်များမှာ ဒီစကားလုံးပဲ သုံးလေ့ ရှိပါသတဲ့။ သူ အပန်းဖြေခရီးထွက်တဲ့အချိန် ကျူးဘား သို့မဟုတ် မက္ကဆီကိုနိုင်ငံတွေကို အပြေးအလွှားသွားတဲ့အချိန်၊ ဒါမှမဟုတ် ဆန်းမဂ္ဂဇင်းက အထူးအဆန်းတွေကိုဖတ်လို့ သဘောကျပြီဆိုလည်း ဒီလိုပဲ ဖော်ကျူးတတ်ပါတယ်။

* * *

မစ္စတာ ဒါနာဟာလည်း ရုစဗဲ့လိုပဲ 'ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲ' ဆိုတဲ့ လူစားပေါ့။

တစ်နေ့မှာ သူဟာ အတော်ကြီး ဈေးထောင်းနေတဲ့ ...ဖိုးအို... ယောက်နှင့်ဆုံပြီး မေးမိပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

"ဦးက ကိုယ့်ကိုယ်ကို အိုအောင်လုပ်နေတာပဲ။ ဦး ဝတ္ထုတွေ မဖတ်ဘူးလား။ ဘီလိယက်ကော ထိုးသလား။ လမ်းရော များများစားစားမလျှောက်ဘူးလား"

"ဟင့်အင်း- မင်းပြောတာတွေ တစ်ခုမှ ငါမလုပ်ခဲ့ဘူးကွ"

"ကျွန်တော်ကတော့ အဲ့ဒါတွေအားလုံး လုပ်တယ်။ မိုးလင်းက မိုးချုပ် ပျော်နေတာပဲ"

မစ္စတာဒါနာက ကလေးတစ်ယောက်လို အူမြူးပြီး ပြောလိုက်တာပါတဲ့။

* * *

'သူ့ဘဝကို မကျေမချမ်းနှင့် စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ လူငယ်ကို သူငယ်ချင်းလုပ်သူက အားပေးစကားပြောလိုက်ပါတယ်'

"မင်းဘဝရဲ့ လင်းလက်တောက်ပတာလေးတွေကို ကြည့်ပါဦးကွာ"

"အို- ငါ့ဘဝမှာ လင်းတယ်လို့မှ မရှိဘဲ။ မှောင်မည်းနေတာပဲဟာ"

ပထမလူငယ်က ညှိုးညှိုးငယ်ငယ်နှင့် ပြန်ဖြေလိုက်တော့ သူ့သူငယ်ချင်းက

"အေးလေ- ဒါဖြင့်လည်း မှောင်မည်းနေတာတွေကို အရောင်ထွက်လာအောင် တိုက်ချွတ်ပစ်လိုက်ပေါ့"

* * *

"လူတွေဟာ ပျော်ရွှင်မှုက တာဝန်တွေ ထမ်းဆောင်ပေးသလို၊ ပျော်ရွှင်ဖို့ တာဝန်ရှိတာကိုလည်း သင်ကြားနားလည်ကြမယ်ဆိုရင် လောကကြီးဟာ ပိုပြီးသာယာကောင်းမွန်လာမှာပဲ"

ဆာ ဂျွန်လပ်ဘော က ပြောခဲ့တာပါ။

ကိုယ်ကိုယ်တိုင် ပျော်နေတာဟာ တခြားလူတွေ ပျော်ဖို့အတွက် အမွန်မြတ်ဆုံးပေးလှူမှုလည်း ဖြစ်ပါတယ်။

* * *

"ငါ ဘာလုပ်ရမှန်း မသိတော့ပါဘူး"

စိတ်ပြောင်းသွားတဲ့ ကိုကပ်စေးကြီးက ငိုလိုက်ရယ်လိုက်ကြားက အော်ပြောလိုက်တာပါ။

"ငါဟာ ငှက်မွေးလေးတစ်ချောင်းလို ပေါ့နေတယ်။ နတ်သားတစ်ယောက်လို ဝမ်းသာတယ်။ ကျောင်းသားတစ်ယောက်လို ပျော်ခဲ့ရတယ်။ အရက်သမား တစ်ယောက်လိုလည်း မူးဝေနေတယ်။ အားလုံး မင်္ဂလာပါ။ ပျော်ရွှင်စရာခရစ္စမတ် အခါတော်ပါ။ ကမ္ဘာကြီးအတွက် ကောင်းမြတ်တဲ့နှစ်သစ်မင်္ဂလာဖြစ်ပါစေ၊ ဟာလေးလူးရား…ဝူး။

အင်္ဂလိပ်အဖိုးကြီး ဒေးဗစ်ကွမ်ဘီဟာ သူ့ဖိနပ်ချုပ်ဆိုင်ထဲမှာ ကြွေကွဲစွာ မြည်တမ်းလိုက်ပါတယ်။

"ငါတွေ့ဖူးသမျှထဲမှာတော့ ဒီတွင်းဟာ အမှောင်ဆုံးပဲ။ ငွေရော ဆောင်းရော နေရောင်နည်းနည်းလေးမျှ ဝင်မလာဘူး"

ဒီတင်ပဲ နတ်သမီးပုံစံနှင့် ရုပ်သဏ္ဍာန်တစ်ခုက သူ့မြင်ကွင်းထဲ ပေါ်လာပြီး-

"နေရောင်ခြည်တွေကို ဘယ်လို ထောင်ချောက်ဆင်ဖမ်းရမယ်ဆိုတာ ပြောပြပါ့မယ်။ အဘရဲ့ စွမ်းအား၊ ဖွဲလုံ့လ၊ ကြိုးစားမှု၊ ပေးကမ်းမှု၊ လှူဒါန်းမှု၊ ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် လုပ်ဆောင်တဲ့ ကိစ္စတွေနှင့် မှားခေါ်လိုက်မယ်ဆိုရင် ဒီအခန်းလေးဟာ တောက်ပပြီး ဖြူစင်သွားမှာ သေချာတယ်။ ကျွန်မပြောတဲ့အတိုင်း လုပ်ရင် နေရဲ့အလင်းရောင်တွေ ဒီအခန်းထဲမှာ ဖြာသွားမှာပဲ။ ဒါတင်မကသေးဘူး- အဘရဲ့ နေဝင်ချိန်နေ့တွေကို စိတ်လက်ချမ်းသာအောင် လုပ်ပေးမှာ မလွဲဘူး"

* * *

ဆရာဝန် စာရေးဆရာကြီး အော်လီဗာ ဝင်ဒယ်လ်ဟုမ်းစ် ပြောပြခဲ့တဲ့ အဖြစ်ကလေးပေါ့။

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျုပ်ဟာ မောင့်အော်ဘန် တောင်ကုန်းပေါ်က သုသာန်ဂူတွေကြားမှာ လျှောက်သွားရင်းက အုတ်ဂူလေးတစ်လုံးပေါ်က ကမ္ပည်းကျောက်စာလေးကို တွေ့ခဲ့ပါတယ်။ ဘေးပတ်ဝန်းကျင်က ကျောက်စာတွေထက် ကျုပ်ကို အသည်းစွဲသွားစေခဲ့တာပါပဲ။ ထွင်းထားတဲ့စာက နည်းနည်းလေးပါ။ 'ခင်မင်နှစ်လိုဖွယ် ကောင်းလှသူလေး'တဲ့။ တိုတိုလေးနှင့် ထိထိမိမိရှိလိုက်တာဗျာ။ ကျုပ်တစ်သက်လုံး ဒီလောက်ချိုမြတဲ့ ဂီတသံမျိုး မကြားဖူးပါဘူး။

ဂူနန်းရှင်မိန်းကလေးဟာ ကောင်းကင်ဘုံကို သွားရာလမ်းတစ်လျှောက်လုံး နေသာရက်တွေ ဖန်တီးသွားမယ့် ပျော်ရွှင်တဲ့ဝိညာဉ်လေး ဖြစ်မှာပါပဲ။

မြူးရွှင်နေတဲ့ ဒီမိန်းကလေးဟာ အချောအလှလေး တစ်ယောက်ပဲလို့ မပြောသာပါ။ ရွှက်ကြမ်းရေကြိုမျက်နှာ လေးပဲ ရှိချင်ရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီကလေးမလေး ရောက်လေရာအရပ်မှာတော့ အပျော်လှိုင်းလေးတွေနှင့် တဖျပ် ဖျပ်တောက်ပနေခဲ့မှာ မလွဲပါဘူး။

* * *

မိသားစုဓာတ်ပုံထဲမှာတော့ တခြားမျက်နှာတွေထက် ထူးခြားတဲ့ သူ့မျက်နှာလေးက ပေါ်လွင်နေလေရဲ့။ သူ့ရုပ် အဆင်းက ရွှက်ကြမ်းရေကြိုလောက်သာ ရှိမယ်လို့ ပြောခဲ့မိ ပါသလား။ ခု ဓာတ်ပုံထဲမှာတော့ သူ့မျက်နှာက အပြုံးရောင် တွေ ဖြာထွက်နေပြီး တခြားလူတွေကို ရောင်ပြန်ဟပ်နေပါပြီ ကော။ ဘာကြောင့်ပါလိမ့်။ သူ့ပြုံးရွှင်မှုက သူ့ကို ကျက်သရေ ဆောင်နေလို့ပါပဲ။

ကလေးမလေးဟာ သူ့ကို နှိုးပေးတဲ့နေမင်းကို 'မင်္ဂလာ နံနက်ပါ' လို့ နှုတ်ဆက်သလို၊ သူ့ငှက်ကလေးကိုလည်း နှုတ် ဆက်တယ်။ သူ့အမေဆီ ခွင့်တောင်းပြီး ဘုရားကို တိုင်တည် လို့ မင်္ဂလာနံနက် နှုတ်ဆက်တေးကို ဆိုတယ်။ ဒီတော့ သူ့ကို အားလုံးက ချစ်ခင်နှစ်လိုကြတာ ဘာဆန်းတော့မှာလဲ။

* * *

ကမ္ဘာ့တစ်နေရာရာမှာ နေရောင်ခြည် ပွင့်လင်းထွန်း တောက်နေမှာပါပဲ။ သတ္တိရှိသူတစ်ယောက်အနေဖြင့် မိုးအုံ့ နေတဲ့တိုင်အောင်လည်း ရှေ့ကို မြော်မြင်ပြီး ရဲရဲကြီးနှင့် ပျော် ပျော်ကြီး ခရီးဆက်မှာ သေချာပါတယ်။ တဒင်္ဂအရေးနိမ့်မှုတွေ

ကြုံပေမယ့် သူ့ကြိုးစားမှုကို တစ်စက္ကန့်စာလေးတောင် လျှော့မှာ မဟုတ်သလို၊ သူ့မျှော်လင့်ချက်နှင့် ပတ်သက်ပြီး နောက်တွန့်သွားမှာလည်း မဟုတ်ပါဘူး။ ဘာအလုပ်ပဲဖြစ်ဖြစ် သူလုပ်နေတာကို ဂုဏ်ယူနေမှာပါ။ အဝတ်အစားတွေ ဟောင်းနွမ်းစုတ်ပြတ်နေလင့်ကစား သိပ်ဂရုစိုက်မယ် မထင်ပါနှင့်။ သူဟာ သူ့ကိုယ်သူ ပျော်အောင် လုပ်ရုံမကဘဲ တခြားလူတွေကိုလည်း ပျော်အောင် လုပ်ပေးနိုင်ပါတယ်။

* * *

"တို့ကို ပေးပါ။ ထို့ကြောင့်- အို- တို့ကိုပေးပါ"

ကာလိုင်လေးနှင့်အတူ အော်လိုက်။

သူက သူ့အလုပ်ထဲမှာ တေးဆိုတတ်တယ်။ တစ်ချိန်တည်းမှာ အလုပ်ေ အများကြီးလုပ်တယ်။ ကောင်းသထက်ကောင်းအောင် လုပ်တယ်။ ဖွဲသန်သန်န ရေရှည်လုပ်တယ်။ ဂီတအတွက် ချီတက်စဉ်မှာ ပင်ပန်းနွမ်းနယ်တယ်လို့ မရှိဘူ နာမည်ကျော် အနုပညာရှင်အများကြီးက သူနှင့် သံစဉ်ကိုက်အောင် လိုက်း ကြရတယ်။ အုံဩစရာကောင်းတာက ရှင်မြူးတက်ကြွမှုရဲ့ အင်အားတွေဟ ပေါင်းစည်းပြီး တာရှည်ခံနိုင်တဲ့အစွမ်းကို ပေးတာပဲ။

အမြဲထာဝစဉ် အသုံးပြုတဲ့ ကြိုးပမ်းအားထုတ်မှုတွေက တညီတညွတ်တည် ပျော်ရွှင် နေကြရစမြဲပေ့။

ဒါဟာ နေခြည်ဖြာတဲ့ စိတ်ဓာတ်၊ ဝမ်းသာမှုရဲ့ ကျက်သရေ၊ တင့်တယ်ခြ နှင့် တောက်ပမှုကြောင့် လှပခြင်း ပဲပေ့။

* * *

စတမ်းစ် က ပြောဖူးတယ်။

"ကျုပ်ဟာ မကျန်းမာလို့ ပျော့ခွေနေရတာနှင့် တခြား မကောင်းဆိုးဝါးဆ တဲ့ မြူးတူးမှုတွေကို ဆန့်ကျင်ဖို့ အစဉ်မပြတ် ကြိုးစားတယ်။ ကျုပ်အနေဖြ

လူတစ်ယောက် ပြုံးနေတာကို မက်မောတယ်။ သူ ရယ်မောနေရင် ပိုနှစ်သက်တယ်။ ဒါဟာ သူ့ဘဝမှာ အပေါင်းလက္ခဏာ ပြတာပဲ'' တဲ့။

* * *

ကာရင်းရဲ့ 'ဝေဒနာကို အံတုချုပ်ထိန်းခြင်း' က ပြက်လုံးတွေ ထုတ်တာပါပဲ။ သူ အသည်းအသန်ဖြစ်နေတဲ့ နောက်ဆုံးအချိန်မှာ ချောင်းလေးဟပ်ဖို့တောင် အတော်ပင် ခက်ခဲပင်ပန်းနေတာ သူ့ဆရာဝန်တွေက တွေ့ရပါတယ်။ ဒါပေမယ့် သူက ဘာပြောတယ် မှတ်သလဲ။

''အေးဗျာ- တစ်ညလုံး ကျွန်တော် လေ့ကျင့်နေတာတောင် ခုလိုဖြစ်ရတာ အံ့အားသင့်မိတယ်'' ဆိုပဲ။

* * *

ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူတွေဟာ ကျွန်တော်တို့ မှတ်ဉာဏ်ထဲမှာ အကြာကြီး စွဲကျန်ခဲ့ပါတယ်။ အဲဒီလိုပဲ ရွှင်မြူးဝမ်းသာမှုတွေကို ဝမ်းနည်းကြေကွဲမှုတွေထက် ပိုပြီး မှတ်မိနေတတ်တာကလား။ ပြီးတော့ အဲဒီခံစားချက်ကို ရဲရဲရင့်ရင့် ရွှင်ရွှင်လန်းလန်း တယုတယထွေးပိုက်ထားလေ့ ရှိစမြဲပါ။

''ကျုပ်ကတော့ အသက်ထက်ဆုံး နေလိုပဲ ကျင့်သွားမယ်။ ဘာမဆို အရာရာတိုင်းကို တောက်ပလင်းလက်တဲ့ဘက်ကပဲ ကြည့်မှာပဲ''

ဟုဒ်က ပြောတာပါ။

* * *

ဂျမေကာက သာသနာပြုအစည်းအဝေးမှာ အဆိုတစ်ခုကို အတည်ပြုလိုက်ကြတယ်ဆိုပဲ။

အဲ့ဒါကတော့ နည်းလမ်းတစ်ခုခု ရှာကြဖို့ပဲဖြစ်ပါတယ်။

၁- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းက ကျွန်တော်တို့အားလုံး ပေးကမ်းဖို့ပါပဲ။

၂- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းဟာ ဘုရားသခင်က ကျွန်တေ
တို့ကို ရက်ရက်ရောရော ပေးထားပြီးသား ဖြစ်ပါတယ်။
၃- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းကတော့ ရွှင်လန်းဝမ်းမြော
မှုကို လက်ဆင့်ကမ်း ပေးဖို့ပါပဲ။

၁ အချက်အရ ၁ ကြိမ်-၂ ကြိမ်မကဘဲ အကြိမ်ကြိမ် ပေးကမ်းလှူဒါ
မှုက နံပါတ် ၃ အချက်ကို ပြီးပြည့်စုံစေတာ တွေ့ရပါတယ်။

* * *

"ကျူပ် ဘုရားသွားပြီး ဆုတောင်းပေးနေတဲ့ လူမမာတစ်ယောက်
ပြတင်းပေါက်မှာ နှင်းဆီပန်းအိုးလေး တင်ထားတာတွေ့တယ်"

ဂိုဏ်းအုပ်ဘုန်းကြီး ဂျေ-အာ-မီလာ[၁]က ပြောတာပါ။

"တစ်နေ့တော့ နှင်းဆီပွင့်ကလေးဟာ အလင်းရောင်ရှိရာဘက်ကို လှည့်
တာ သတိထားမိတယ်။ လူမမာအမျိုးသမီးက ပြောတာတော့ 'သူ့သမီးလေး
မှောင်ကျနေတဲ့အခန်းတွင်းကို အကြိမ်ကြိမ်လှည့်ပေးခဲ့ပေမယ့် ပန်းပွင့်လေး
အလင်းရောင်ဆီကိုပဲ ပြန်လှည့်သွားတယ်' ဆိုပဲ။ 'ပန်းကလေးဟာ မှောင်တဲ့နေ
ကို မကြည့်ဘူး' တဲ့"

ဒီမှာတင် ဘုန်းတော်ကြီးအဖို့ သင်ခန်းစာ ရလိုက်ပါတော့တယ်။

"အားငယ်စေတဲ့အမှောင်ထဲကို ဘယ်တော့မှ မကြည့်သင့်ဘူး။ အမှော
ချက်ချင်း မျက်နှာလွှဲပစ်ရမယ်။ တို့ကိုယ် တို့ စိတ်ဓာတ်ကျစရာတွေ အရိပ်ထို
တဲ့ အမှောင်တွေကို မကြည့်မိအောင် လေ့ကျင့်ပေးရမှာပဲ။ အလင်းရောင်ရှိတဲ့ဘ
ဆိုတာ အမြဲရှိနေပါတယ်။ အလင်းရောင်ကို အမြဲရှာရမယ်။ စိတ်ဓာတ်က
စိတ်အားငယ်တတ်တာဟာ အန္တရာယ်တွေ ပြည့်နေတာပဲ။ တို့ဘဝကို ပျော့ည
ထိခိုက်ပျက်စီးစေမှာ မလွဲဘူး"

* * *

၁- Rev.J.R.Miller

လူတစ်ယောက် ပြုံးနေတာကို မက်မောတယ်။ သူ ရယ်မောနေရင် ပိုနှစ်သက်တယ်။ ဒါဟာ သူ့ဘဝမှာ အပေါင်းလက္ခဏာ ပြတာပဲ'' တဲ့။

* * *

ကာရင်းရဲ့ 'ဝေဒနာကို အံတုချုပ်ထိန်းခြင်း' က ပြက်လုံးတွေ ထုတ်တာပါပဲ။ သူ အသည်းအသန်ဖြစ်နေတဲ့ နောက်ဆုံးအချိန်မှာ ချောင်းလေးဟပ်ဖို့တောင် အတော်ပင် ခက်ခဲပင်ပန်းနေတာ သူ့ဆရာဝန်တွေက တွေ့ရပါတယ်။ ဒါပေမယ့် သူက ဘာပြောတယ် မှတ်သလဲ။

''အေးဗျာ- တစ်ညလုံး ကျွန်တော် လေ့ကျင့်နေတာတောင် ခုလိုဖြစ်ရတာ အံ့အားသင့်မိတယ်'' ဆိုပဲ။

* * *

ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူတွေဟာ ကျွန်တော်တို့ မှတ်ဉာဏ်ထဲမှာ အကြာကြီး စွဲကျန်ခဲ့ပါတယ်။ အဲဒီလိုပဲ ရွှင်မြူးဝမ်းသာမှုတွေကို ဝမ်းနည်းကြေကွဲမှုတွေထက် ပိုပြီး မှတ်မိနေတတ်တာကလား။ ပြီးတော့ အဲဒီခံစားချက်ကို ရဲရဲရင့်ရင့် ရွှင်ရွှင်လန်းလန်း တယုတယထွေးပိုက်ထားလေ့ ရှိစမြဲပါ။

''ကျုပ်ကတော့ အသက်ထက်ဆုံး နေလိုပဲ ကျင့်သွားမယ်။ ဘာမဆို အရာရာတိုင်းကို တောက်ပလင်းလက်တဲ့ဘက်ကပဲ ကြည့်မှာပဲ''

ဟုဒ်က ပြောတာပါ။

* * *

ဂျမေကာက သာသနာပြုအစည်းအဝေးမှာ အဆိုတစ်ခုကို အတည်ပြုလိုက်ကြတယ်ဆိုပဲ။

အဲ့ဒါကတော့ နည်းလမ်းတစ်ခုခု ရှာကြံဖို့ပဲဖြစ်ပါတယ်။

၁- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းက ကျွန်တော်တို့အားလုံး ပေးကမ်းဖို့ပါပဲ။

၂- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းဟာ ဘုရားသခင်က ကျွန်တော်တို့ကို ရက်ရက်ရောရော ပေးထားပြီးသား ဖြစ်ပါတယ်။

၃- နည်းလမ်းတစ်ခု ရှာပါ။ အဲ့ဒီနည်းလမ်းကတော့ ရှင်လန်းဝမ်းမြောက်မှုကို လက်ဆင့်ကမ်း ပေးဖို့ပါပဲ။

၁ အချက်အရ ၁ ကြိမ်-၂ ကြိမ်မကဘဲ အကြိမ်ကြိမ် ပေးကမ်းလှူဒါန်းမှုက နံပါတ် ၃ အချက်ကို ပြီးပြည့်စုံစေတာ တွေ့ရပါတယ်။

* * *

"ကျုပ် ဘုရားသွားပြီး ဆုတောင်းပေးနေတဲ့ လူမမာတစ်ယောက်ရဲ့ ပြတင်းပေါက်မှာ နှင်းဆီပန်းအိုးလေး တင်ထားတာတွေ့တယ်"

ဂိုဏ်းအုပ်ဘုန်းကြီး ဂျေ-အာ-မီလာ[၁]က ပြောတာပါ။

"တစ်နေ့တော့ နှင်းဆီပွင့်ကလေးဟာ အလင်းရောင်ရှိရာဘက်ကို လှည့်နေတာ သတိထားမိတယ်။ လူမမာအမျိုးသမီးက ပြောတာတော့ 'သူ့သမီးလေးဟာ မှောင်ကျနေတဲ့အခန်းတွင်းကို အကြိမ်ကြိမ်လှည့်ပေးခဲ့ပေမယ့် ပန်းပွင့်လေးက အလင်းရောင်ဆီကိုပဲ ပြန်လှည့်သွားတယ်' ဆိုပဲ။ 'ပန်းကလေးဟာ မှောင်တဲ့နေရာကို မကြည့်ဘူး'တဲ့"

ဒီမှာတင် ဘုန်းတော်ကြီးအဖို့ သင်ခန်းစာ ရလိုက်ပါတော့တယ်။

"အားငယ်စေတဲ့အမှောင်ထဲကို ဘယ်တော့မှ မကြည့်သင့်ဘူး။ အမှောင်ကို ချက်ချင်း မျက်နှာလွှဲပစ်ရမယ်။ တို့ကိုယ် တို့ စိတ်ဓာတ်ကျစရာတွေ အရိပ်ထိုးနေတဲ့ အမှောင်တွေကို မကြည့်မိအောင် လေ့ကျင့်ပေးရမှာပဲ။ အလင်းရောင်ရှိတဲ့ဘက်ဆိုတာ အမြဲရှိနေပါတယ်။ အလင်းရောင်ကို အမြဲရှာရမယ်။ စိတ်ဓာတ်ကျပြီး စိတ်အားငယ်တတ်တာဟာ အန္တရာယ်တွေ ပြည့်နေတာပဲ။ တို့ဘဝကို ပျော့ညံ့ပြီး ထိခိုက်ပျက်စီးစေမှာ မလွဲဘူး"

* * *

---

၁- Rev.J.R.Miller

. ဆဲလစ်ဗြူရီလွှင်ပြင်ဒေသက သိုးထိန်းတစ်ဦးကို 'မနက်ဖြန် ရာသီဥတု ဘယ်လိုနေမလဲ' လို့ သွားမေးရင်း သူက ကြိုက်သလို ဖြေပါလိမ့်မယ်။ နောက်ထပ် ဆက်မေးမယ်ဆိုရင်တော့ သူ့အဖြေက

''ရာသီဥတုဆိုတာလည်း ဘုရားသခင်အလိုတော် အတိုင်းပေါ့ဗျာ။ သူ ကျေနပ်သလို ကျွန်တော်လည်း ကျေနပ်မှာ အမှန်ပါပဲ'' လို့ ဖြေပါလိမ့်မယ်။

ဘဝကို ကျေနပ်ပျော်ရွှင်မှုဟာ အပူချိန်တိုင်းပြဒါးတိုင်အပေါ် ကျွန်တော်တို့ရဲ့ အဆုံးအဖြတ်အလျောက် ခံစားရမှာပါ။

နေရောင်ခြည်ထွန်းလင်းတောက်ပမှုဟာ သူ ပျက်ကွက်ခဲ့တဲ့ညတာတွေကို လျော်ကြေးပေးတာထက် ပိုပါတယ်။

* * *

'ကျွန်တော့်ရုံးခန်းနားက အိမ်မှာ အလုပ်လုပ်နေတဲ့ စက်ပြင်ဆရာတွေထဲက တစ်ယောက်ကို ကျွန်တော် သတိထားမိတယ်။ သူက အမြဲတမ်း မြူးပျော်နေတာ ဗျ။ တွေ့တဲ့လူတိုင်းကိုလည်း စာနာကြင်နာတဲ့ စကားလုံးတွေနှင့် ပြုံးပြနေကျပေါ့။ အေးစိမ့်နေတဲ့နေ့ ဖြစ်ဖြစ်၊ အုံ့ဆိုင်းထိုင်းမှိုင်းနေတဲ့နေ့ပဲ ဖြစ်ဖြစ်၊ နေမမြင်ရတဲ့နေ့ တွေပါမကျန် သူ့မျက်နှာပေါ်မှာ ရွှင်မြူးရိပ်နှင့် အပြုံးက မပြတ် ရှိနေပါတယ်။ တစ်မနက်ခင်းမှာတော့ ဒီလို စိတ်ဓာတ်တွေ ပေါ့ပါးလန်းဆန်းနေရတဲ့ သူ့ လျှို့ဝှက် ချက်ကို မေးကြည့်မိတော့တာပါပဲ။

သူ့အဖြေက-

''ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး ဆရာကြီးရယ်။ ကျွန်တော့်မှာ အတော် ဆုံး ဇနီးသည်တစ်ယောက် ရှိလို့ပေါ့၊ သူက ကျွန်တော် အလုပ်သွားချိန်မှာ ချိုသာတဲ့စကားတွေနှင့် အားပေးခဲ့တယ်။ အိမ်ပြန်လာတော့လည်း ပြုံးပြုံးလေး အနမ်းနှင့် ကြိုဆိုတယ်။ လက်ဖက်ရည်တစ်ခွက်ကလည်း ဖျော်ပြီးသား အသင့်ပဲ။ တစ်နေ့တာ အိမ်အလုပ် အသေးအဖွဲတွေလည်း လုပ်ထားတယ်။ ဒီတော့ ကျွန်တော့်

အဖို့ ပီတိဖြစ်စရာချည်းပဲပေါ့။ ဒါနှင့်အမျှ သူသာမက တခြားလူတွေကိုပါ ကြမ်းတမ်းရိုင်းပျတဲ့စကားတွေ မပြောမိတော့ပါဘူး”

ဩ- အပျော်ဆိုတာ ကူးစက်တတ်သလို၊ မျှဝေခံစားလို့လည်း ရတာပါပဲ ကလား။

* * *

သမ္မတကြီးလင်ကွန်း[၁]က ပြောခဲ့တာပါ။

'တို့ အိုဟိုင်ယိုမှာ ငနဲတစ်ယောက် ရှိတယ်။ သူက “ပက်ထရိုလီယမ်နှင့် နက်စ်ဘီ”[၂]ဆိုပြီး သတင်းစာတွေမှာ အခန်းဆက်ပေးစာတွေ ရေးခဲ့တယ်။ တစ်နေ့ကတော့ လူတစ်ယောက်က သူ့ကို အဲ့ဒီထဲက လက်ရွေးစင်စာစောင်လေး တို့ကို ပို့ပေးခဲ့တယ်။ အဲ့ဒီစာရေးဆရာကို တို့ဆီလာတွေ့ဖို့ စာရေးရမလားလို့ပဲ။ သူလာရင် ပြောဖို့ ရည်ရွယ်ထားတယ်။ 'သူ့ ပင်ကိုအရည်အသွေးတွေ ငါ့ကို ပေးနိုင်မယ်ဆိုရင် ငါ နေရာချင်း လဲမယ်' လို့

သမ္မတကြီးလင်ကွန်းရဲ့ စာရေးစားပွဲစွန်းမှာ နောက်ဆုံးထုတ် ဟာသစာအုပ်တစ်အုပ် အမြဲတင်ထားတာ တွေ့ရမှာပါ။ သူ မောပန်းနွမ်းနယ်နေပြီ၊ စိတ်အနှောင့်အယှက်ကြုံနေပြီ စိတ်ဓာတ်ကျပြီဆိုရင် အဲ့ဒီစာအုပ်ကို အခန်းတစ်ခန်းကုန်အောင် ကောက်ဖတ်ပစ်လိုက်ပြီး စိတ်သက်သာအောင် လုပ်လိုက်တယ်လို့ ဆိုပါတယ်။

* * *

မြူးရွှင်ပျော်ပါးနေတဲ့လူတွေဟာ ရုပ်ပုံတစ်ခုရဲ့ တောက်ပလင်းလက်တဲ့ အပိုင်းကိုသာ ကြည့်တတ်ကြသူတွေ ဖြစ်နေပါတယ်။ ပြီးတော့လည်း အရှုံးထဲက အမြတ်ထုတ်ဖို့ အဆင်သင့် ပြင်ထားသူတွေဟာလည်း ပေါ်ပြူလာဖြစ်ပြီး၊ လူကြိုက်

၁- Lincoln

၂- Petroleum V. Nasby

များ ထင်ရှားကြတာပဲ။ သူတို့ဟာ ကိုယ်တိုင် ပျော်ရွှင်ကြရုံသာမကဘဲ တခြားလူတွေကိုပါ ပျော်ရွှင်မှု ပေးနိုင်ကြပါတယ်။

* * *

၁၈၈၄ ခုနှစ် ဒီဇင်ဘာလ၊ ၁၈၈၅ ခုနှစ် ဇန်နဝါရီလ၊ ၁၈၉၀ ခုနှစ် ဒီဇင်ဘာလတွေအတွင်းက လန်ဒန်မြို့တော်မှာ နေ လုံးဝ မပွင့်ခဲ့ပါဘူး။ ၂ လ ဆက်တိုက် နေရောင်ခြည် မမြင်ခဲ့ရတာပဲ ဖြစ်ပါတယ်။ နှစ်နှင့်ချီပြီးကြာရင်တော့ နေရောင်မရှိဘဲ အသက်တွေ ဘယ်လောက် ရှင်နိုင်ပါ့မလဲ။ ဖားတွေက လွဲလို့ပေါ့လေ။

နေရောင်ခြည်ဟာ လူတွေကို လန်းဆန်းပြီး စိတ်တက်ကြွစေပါတယ်။ ပြတင်းပေါက်ကို ဖွင့်ပြီး နေရောင်ခြည်ကို ဝင်ခွင့်ပေးလိုက်တာနှင့် လူတွေဟာ ဝမ်းသာ ရွှင်လန်းသွားရတာပါပဲ။ နေရောင်ခြည်ဟာ ပျော်ရွှင်စေရုံသာမက ဖော်မပြနိုင်တဲ့ စွမ်းအားတန်ခိုးတွေလည်း ရှိနေပါတယ်။ တခြား သဘောထားအမြင်တွေပါ ထပ်ပေါင်းလိုက်မယ်ဆိုရင်တော့ 'ပျော်ပျော်ရွှင်ရွှင်နေသူတွေဟာ ကောင်းချီးပေးသူတွေ ဖြစ်ပါတယ်' လို့ပေါ့။

'ရွှင်ပျပျော်မြူးတဲ့ နှလုံးသားဟာ ဆေးတစ်မည်လိုပဲ ကောင်းမွန်လာချည်'ရဲ့။

ကျွန်တော်တို့ရဲ့ရင်မှာ စိတ်ဆင်းရဲစရာတွေ ပွေ့ထားတာဟာ သဘာဝနိယာမအရ ပျော့ညံ့အားငယ်ပြီး စိတ်ညစ်ညူးစရာ အတွေးလှိုင်းတွေ တက်လာမှာပါပဲ။ ပြီးတော့ ကျွန်တော်တို့ကိုယ်ထဲ စိမ့်ဝင်ပျံ့နှံ့သွားပြီး ဒီရေတွေက မြင့်သထက်မြင့်တက်လာတဲ့အဆုံး စုန်းစုန်းမြုပ် နစ်မွန်းသွားရမှာ သေချာပါတယ်။

* * *

အပ်၊ အပ်ချည်၊ ကြယ်သီးအစရှိတဲ့ စက်ချုပ်ပစ္စည်းအသေးအမွှားလေးတွေ လိုက်ရောင်းတဲ့ မျက်မမြင် ဆင်းရဲသားဈေးသည်တစ်ယောက်ဟာ ဘော့စတွန်မြို့မှာ လမ်းတကာလည်ပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် ရောင်းနေတာ နှစ်အတော်လေးကြာသွားပါပြီ။

ဒေါက်တာ ဆဲဗိတ်[၁]က အဲ့ဒီလူကို အတော်လေးသနားမိပြီး သူ့ဘဝကို မေးမြန်းစူးစမ်းကြည့်ပါတယ်။

သူ အံ့သြသွားရတာက အဲ့ဒီဈေးသည်ကြီးဟာ သူ့ဘဝ သူ ကျေနပ်အားရပြီး ပီတိဖြစ်နေတာ သိလိုက်ရလို့ပါပဲ။ ဈေးသည်ကြီးက 'သူ့မှာ သစ္စာရှိတဲ့ဇနီးရှိပြီး၊ ဒီအလုပ်က သူ့ဝမ်းစာကို မပူမပင်ရအောင် ဖြည့်ဆည်းပေးကြောင်း' ပြောပါတယ်။

ဒီ့အပြင် 'သူ့အလုပ်ကို 'အသေးအဖွဲလေးပဲ' လို့ စောဒကတက်ထင်မြင်လိုက်တာနှင့် သူဟာလည်း စက်ဆုပ်ရွံရှာစရာ ကောင်းသွားမှာပဲ' လို့ ဆိုခဲ့ပါတယ်။

* * *

မီလျံနာသူဌေးကြီးတစ်ယောက်ဖြစ်ခဲ့တဲ့ ဂျေ-ကွတ်[၂]ဟာ အသက် ၅၂ နှစ်မှာတော့ စီးပွားပျက်ပြီး ကုန်းကောက်စရာမရှိအောင် မွဲသွားရှာပါတယ်။ ဒါပေမယ့် သူက အားမလျှော့ပါဘူး။ ကြိုးစားပမ်းစားပြန်လုပ်ရာက စီးပွားပြန်တက်ပြီး ချမ်းသာလာပါတယ်။ သူ့ကြွေးရှင် ၃၀၀၀ ကို အကြွေးတွေ ပြန်ဆပ်နိုင်လိုက်ရာက ကတိတည်ကြောင်း ပြသလိုက်ပါတယ်။

သူ ဘယ်လို ပြန်ချမ်းသာလာရပါသလဲလို့ ဧည့်သည်တစ်ယောက်က မေးတာကို သူဌေးကြီးက ခုလို ပြန်ဖြေခဲ့ပါသတဲ့။

"ရိုးရိုးလေးပဲကွ။ ငါ့မိဘတွေဆီက အမွေခံရခဲ့တဲ့ စိတ်ဓာတ်အတိုင်း ကျင့်ကြံကြိုးစားခဲ့တာပဲပေါ့။ ငါဟာ ကလေးဘဝကတည်းက မျှော်လင့်ချက်တွေ ထားတတ်ခဲ့တယ်။ တွေမှိုင် မနေတတ်ဘူးလေ။

"လူ့အစွမ်းအစနှင့် အချိန်ကို အသုံးချတတ်ဖို့ဟာ အပြင်းအထန်ဝေဖန်မှုတွေထက် ပိုအရေးကြီးတယ်ဆိုတဲ့ ဒဿနကို ငါ လက်ကိုင်ထားခဲ့တယ်။ တို့အမေရိကန်ပြည်မှာ ကြွယ်ဝချမ်းသာမှုတွေ အပြည့်ရှိတယ်လို့ ငါ ယုံထားတယ်။

---
၁- **Dr. Savage**

၂- **J. Cooke**

အလုပ်လုပ်ပြီး စီးပွားရှာဖို့သာ လိုတယ်။ ငါ့ဘဝရဲ့လျှို့ဝှက်ချက်ဟာ အဲဒါပဲ။ အမြဲတမ်းပဲ ငါက နေရောင်ခြည်ထွန်းတောက်ပြီး လင်းလက်နေတဲ့အပိုင်းကိုသာ မျှော်ကြည့်ခဲ့တယ် ဆိုပါတော့"

* * *

ကိုယ့်အခြေအနေ ကိုယ် မကျေမနပ်ဖြစ်နေရင် ဘယ်သူ့ကိုမှ အပြစ်မဖို့ပါနှင့်။ ကိုယ့်အလုပ်ရှင်ကိုလည်း ဖွင့်မပြောပါနှင့်။ အရင်ကမလုပ်ဖူးခဲ့တဲ့ ကွက်လပ်တွေဖြည့်ဖို့သာ ကြိုးစားပါ။ ကိုယ့်မှာ စွမ်းရည်တွေရှိပြီး မြင့်မားတဲ့အဆင့်တွေနှင့် ထိုက်တန်ကြောင်းကို ပြသလိုက်ဖို့ပါပဲ။

* * *

ကိုယ့်လုပ်ငန်းခွင်က ကိစ္စတွေကို အလုပ်ထဲမှာပဲ ထားခဲ့ပါ။ အိမ်ကို သယ်မလာပါနှင့်။

ဒီကျင့်စဉ်ကို ပုံသေကျင့်ဆောင်ဖို့ လိုပါတယ်။ အလုပ်က ပြဿနာတွေ အိမ်ယူလာတာဟာ မိသားစုဘဝ ငြိမ်းချမ်းရေးကို ထိခိုက်သွားပါလိမ့်မယ်။ ကိုယ့်အိမ်မှာ တောက်ပနေတဲ့ နေရောင်ခြည်လည်း ပျောက်ကွယ်သွားနိုင်ပါတယ်။

"ဘဲတွေဟာ ရေကူးပြီး ကုန်းပေါ်တက်လာတဲ့အခါ ကိုယ်အပေါ်က ရေစက်တွေကို တဖျပ်ဖျပ်ခါပစ်သလိုပဲ၊ ဘဝရဲ့ ချမ်းမြေ့သာယာမှုကို ခံစားနေရသူတွေဟာလည်း အလုပ်ကိစ္စတွေကို ရုံးဌာနလုပ်ငန်းခွင်ထဲမှာပဲ သော့ပိတ်ထားခဲ့ပါတယ်"လို့ ဖီးလစ်အာမား[၁]က ဖွင့်ဆိုပါတယ်။

အလုပ်ကို ဝန်ထုပ်ဝန်ပိုးကြီးလို နေရာတကာသယ်နေရင် မိတ်ဆွေအပေါင်းအသင်းတွေက စိတ်ကုန်သွားမယ့်အပြင်၊ သူတို့ရဲ့ ရှောင်ကြဉ်မှုတောင် ခံရပါဦးမယ်။ လုပ်ငန်းကိုလည်း တစ်လက်မမျှ မတိုးတက်စေဘဲ ကျန်းမာရေးလည်း ထိခိုက်နိုင်ပါတယ်။

* * *

---

၁- **Philip Armour**

ရပ်ရှ်ကင်[၁]က ပြောပါတယ်။

"ဘုရားသခင်က တို့ကို ခွန်အားတွေ အမြဲပေးနေသလို၊ ကိုယ်လုပ်ချင်တာ မှန်သမျှလုပ်ဖို့ အသိဉာဏ်တွေလည်း ပေးနေတာပါ"တဲ့။

စာရေးဆရာကြီး ဝေါလ်တာစကော့[၂]ကလည်း ခုလိုရေးဖူးလေရဲ့။

"ကျွန်ုပ်အား ရိုးသားပွင့်လင်းတဲ့ရယ်မောခြင်းကို ပေးပါ"

ဆရာကြီးကိုယ်တိုင်လည်း ကမ္ဘာပေါ်မှာ အပျော်တတ်ဆုံးလူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ လူတိုင်းအပေါ် မေတ္တာထားတဲ့စကားတွေ ပြုံးပြုံးလေး ပြောလေ့ ရှိသူပါ။ ဒါကြောင့်လည်း လူတိုင်းက သူ့ကို ချစ်ကြတာပါပဲ။

* * *

ဟင်နရီ ဝပ်ဒ် ဘီချား[၃]ရဲ့ ကောလိပ်ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်က

"တို့အတန်းခေါင်းဆောင်လုပ်ခဲ့တဲ့ ကက်စ်ဝဲလ်[၄]ကို မင်း ကောင်းကောင်း မှတ်မိဦးမှာပေါ့။ သူက တို့ စိတ်ဆိုးဒေါသထွက်လောက်အောင် လုပ်ခဲ့ပေမယ့် မင်းက စိတ်ရှည်လက်ရှည်သည်းခံခဲ့တာ ငါတော့ အံ့ဩမဆုံးတော့ဘူး။ မင်း ဘာကြောင့်များ ဒီလောက်ခံနိုင်ရည်ရှိတာပါလိမ့်"လို့ စကားချီလာပါတယ်။

ဟင်နရီက တုံ့ပြန်လိုက်ပါတယ်။

"အေးကွ- ဟုတ်တယ်။ ငါ မှတ်မိပါတယ်။ ဒါပေမယ့် ကက်စ်ဝဲလ်က ခု ရှိမှမရှိတော့ဘဲ။ သေရှာပြီလေ။ ငါကတော့ အသက်ရှင်နေတုန်းပဲ။ သူနှင့်ငါတို့ ကြားမှာ အယူအဆ အတွေးအခေါ်တွေကလည်း အကွာကြီးကွာတာကိုးကွ"

* * *

---

၁- Ruskin
၂- Walter Scott
၃- Henery Ward Beecher
၄- Casswell

စာရေးဆရာကြီး ဆာဝေါလ်တာစကော့က ရေးခဲ့ဖူးလေရဲ့။

''ကျုပ်ကို ရိုးသားဖြူစင်တဲ့ရယ်မောမှုကို ပေးပါ''တဲ့။

ဆရာကြီးဟာ လောကမှာ အပျော်ရွှင်ဆုံးလူတစ်ယောက် ဖြစ်ခဲ့သူပါပဲ။ သူဟာ လူတိုင်းအပေါ် မေတ္တာထားပြီး ကရုဏာစကားတွေ ပြောတတ်သလို၊ အပြုံးလက်နက်ကို အမြဲဆောင်ထားတတ်တာကြောင့် လူတိုင်းက သူ့ကို ချစ်ခင်ကြတယ်လေ။

* * *

''ဘဝကို အလေးအနက်ထားပါ။ ဘဝရဲ့တန်ဖိုးကို နားလည်ပါ။ မနက်အိပ်ရာထလိုက်တာနဲ့ ပျော်ရွှင်မှုအသစ်တွေ မရရင်၊ ဒါမှမဟုတ် ည အိပ်ရာမဝင်ခင်မှာ ဝမ်းသာပျော်ရွှင်စရာအသစ်တွေ မျှော်လင့်ဖို့ မရှိရင် ဒီတစ်နေ့တာဟာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ'' ဆိုတာ ကဗျာဆရာကြီးဂိုထေ့က ပြောခဲ့တဲ့စကား။

* * *

ရယ်မောဖို့စိတ်စွမ်းအားဟာ ပညာဉာဏ်အမြော်အမြင်နဲ့ ကြီးမားတဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ကိုယ်ခန္ဓာအတွင်းပိုင်း လှုပ်ရှားလာအောင် သဘာဝက လေ့ကျင့်ပေးတာဆိုလည်း မမှားပါဘူး။ ရယ်တာက အဆုတ်တွေ၊ အသည်းတွေ၊ အစာအိမ်တွေက ဝမ်းဗိုက်ကြွက်သားတွေကို လှုပ်ရှားမှု သွက်လာစေပါတယ်။ နှလုံးခုန်တာတွေ မြန်လာသလို သွေးလည်ပတ်မှုတွေ ပျံ့နှံ့သွားရာက အသက်ရှူနှုန်းလည်းကောင်းလာပြီး ခန္ဓာဗေဒစနစ်တစ်ခုလုံးကို နွေးထွေးသွားစေတာပါ။ ရယ်မောခြင်းကြောင့် မျက်လုံးတွေ အရောင်တောက်လာသလို၊ ရင်အုပ်ကို ချဲ့ကားပေးရုံမက သွေးလေညီညွတ်ပြီး ကျန်းမာရေးပိုကောင်းလာရတာ အမှန်ပါပဲ။

ပြုံးရွှင်ရယ်မောနေတဲ့ ဆရာဝန်တစ်ယောက်ဟာ သူတိုက်ကျွေးတဲ့ ဆေးအားလုံးထက် ပို အစွမ်းထက်ပါတယ်။

* * *

"နေ့ရက်တွေ ရှိသမျှအားလုံးမှာ မရယ်ရတဲ့နေ့ဟာ အကြီးအကျယ်နစ်နာဆုံးရှုံးရတဲ့ နေ့ပဲ ဆိုရမယ်"

ချမ်းဖော့[၁]က ပြောခဲ့သလို၊ ဟမ်း[၂]ကလည်း အင်္ဂလန်ဘုရင် အက်ဒ်ဝပ် ၂ ရဲ့ ရေးစာတွေထဲမှာ

"ပျော်တော်ဆက်ဆိုတာ ဘုရင်ကို ရယ်အောင်လုပ်ဖို့ထားတဲ့ လူပါ"လို့ ဖွင့်ဆိုထားတာ တွေ့ရပါသတဲ့။

'ဟာသ' ဆိုတာ သမ္မတကြီးလင်ကွန်းအတွက် အသက်ရှည်ဆေးပါပဲ။ သူက

"ရယ်မောရခြင်းသာ မရှိရင် ကျုပ် သေသွားနိုင်တယ်"လို့ ပြောနေကျ။

ကဗျာဆရာကြီး အီမာဆင်[၃]ရဲ့အပြုံးကတော့ သူနှင့် သိကျွမ်းခင်မင်သူတွေအဖို့ 'ကောင်းချီးမင်္ဂလာတစ်ပါး'လို့ ပြောစမှတ် တွင်ခဲ့ပါတယ်။

တတ်နိုင်သမျှ အမြဲရယ်မောနေပါ။ ရယ်မောမှုဟာ ဈေးပေါတဲ့ ဆေးတစ်လက်ပါပဲ။

* * *

စာဖတ်သူအဖို့ စိတ်ပျက်လက်မှိုင်ချနေရတဲ့ ဘဝကို ရောက်နေရင် အေးအေးသက်သာထိုင်ပါ။ ဘောလ်ပင်ကို ယူလိုက်ပါ။ ပြီးတော့ ကြုံတွေ့ခံစားနေရတဲ့ သောကများနှင့် ကံဆိုးမိုးမှောင်ကျမှုတွေကို ရေးချလိုက်ပါ။

ဒီနောက် စာရင်းတစ်ခု အမှန်အကန်ထပ်ပြုစုပါ။ အဲ့ဒီစာရင်းမှာတော့ ပျော်ရွှင်မှုတွေ, ကိုယ့်စွမ်းဆောင်ချက်တွေ, ကိုယ့်ပိုင်ဆိုင်မှုတွေ, ဆွေမျိုးမိတ်သင်္ဂဟ

၁- Chamfort ၂- Hume ၃- Emerson

တွေ၊ ကိုယ့်တတ်ကျွမ်းမှုတွေ၊ ကိုယ့်အကြိုက်တွေ၊ ထက်မြက်တဲ့ ဆောင်ရွက်ချက်တွေ၊ အလားအလာကောင်းနှင့် မျှော်လင့်ချက်တွေကို ပြန်ရေးပါ။

တစ်ဘက်သား တခြားလူတွေအပေါ် စောင့်ရှောက်ကူညီရမယ့်တာဝန်တွေကို မမေ့ပါနှင့်။

အဲဒီကပေးမယ့် ပီတိတွေကို ခံစားပါ။ ဒါဆိုရင် အကောင်းနှင့် အဆိုးကို ညှိနှိုင်းတွက်ချက်လို့ ရပါပြီ။

* * *

"မိတ်ဆွေ- ရဲရင့်သတ္တိ မွေးပါ။ မကောင်းဆိုးဝါးကြီး သေသွားပါပြီ"

အဲဒီစကားဟာ ဒင်နီစ်[၁]က လူတိုင်းကို အမြဲပြောလေ့ရှိတဲ့ စကားပါပဲ။

"သူတို့က နားလည်ချင်မှ နားလည်မယ်၊ ဒါပေမယ့် ဒီစကားက သူတို့ကို လှုပ်နှိုးလိုက်တာပါပဲ။ ကျွန်တော်ကတော့ တစ်မြို့ကနေ တစ်မြို့ကို လူတွေ စိတ်ဓာတ်မြင့်မားလာအောင် ကောင်းတဲ့သတင်းတွေကိုပဲ သယ်ဆောင်ပေးပါတယ်"

တစ်နေ့တော့ ကိုင်းခွက်ကြီးတစ်ခုကို ခွဲမိတဲ့ ကလေးမလေးတစ်ယောက်ကို တွေ့လိုက်ပါတယ်။ ဒင်နီစ်က သူပြောနေကျအတိုင်း

"သတ္တိမွေးလိုက်။ မကောင်းဆိုးဝါးကြီး သေသွားပြီ"

သူပြောလိုက်တာနှင့် ကလေးမလေးဟာ ရွှင်မြူးအားရစရာသတင်း ကြားလိုက်ရသလို အငိုရပ်သွားရာက သူ့အဖွားကိုပြန်ပြောဖို့ အိမ်ကို ပြေးသွားပါတော့တယ်။

* * *

ဆန်ဖရန့်စစ္စကိုထုတ် အာဂိုနော့သတင်းစာကြီးမှာ မိလ်ပီတတ်စ်မှ အမျိုးသမီးတစ်ယောက်အကြောင်း ပါလာပါတယ်။ အဲ့ဒီအမျိုးသမီးခမျာ အစာမကြေ

---
၁- Denys

ရောဂါ, အိပ်မပျော်တဲ့ရောဂါတွေကြောင့် သောကတွေခံစားပြီး မကျန်းမမာ ဖြစ်နေရပါတယ်။ သူ့ကိုယ်သူ ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် မြင်နေရာက ကြေကွဲနေမိတယ် ဆိုပဲ။

ဒီလိုနှင့် 'တစ်နေ့ ၃ ခါ ရယ်မောမယ်' လို့ သူ့ကိုယ်သူ စည်းကမ်းထုတ်လိုက်ပါတယ်။ ဒီနောက် ရယ်စရာ ဟုတ်ဟုတ်, မဟုတ်ဟုတ် ဟက်ဟက်ပက်ပက်ရယ်ဖို့ လေ့ကျင့်ပါတော့တယ်။ သူဟာ သူ့အခန်းထဲ ဝင်နားရင်းကလည်း ရယ်မောပျော်ရွှင်နေမိပါတယ်။

ခုဆိုရင် သူကျန်းမာရေးဟာ အကောင်းဆုံးအခြေအနေဖြစ်လာပြီး စိတ်ဓာတ်တွေလည်း တက်ကြွနေပါတယ်။ သူ့အိမ်ဂေဟာလည်း ပျော်ရွှင်မှုတွေနှင့် တောက်ပပြီး နေခြည်ဖြာသလို မင်္ဂလာ ရှိနေပါတယ်။ ဒါတင်မကသေးပါဘူး။ သူ့ရဲ့ ရွှင်မြူးမှုတွေက သူ့ယောက်ျားနှင့် ကလေးတွေကိုပါ ကူးစက်ခဲ့ရာက တစ်အိမ်လုံး သာယာပျော်ရွှင်နေကြတယ်ဆိုပဲ။

* * *

နယူးယောက်အနောက်ပိုင်းမှာ 'ရယ်ရယ်မောမောနေတတ်တဲ့ ဆရာဝန်'[၁] လို့ လူသိများတဲ့ ဆရာဝန်တစ်ဦး နေပါတယ်။ အဲဒီဆရာဝန်ဟာ 'ဒေါက်တာဘားဒစ်'[၂] လို့ အမည်တွင်ပြီး၊ အချိန်ပြည့် ပြုံးရွှင်ပျော်မြူးနေတဲ့ မျက်နှာပိုင်ရှင်ပါပဲ။ သူက ရယ်စရာတွေ အမြဲပြောတတ်ပါတယ်။ သူရောက်လာတာနှင့် လူနာတွေလည်းပျော်သွားပြီး ရောဂါတွေ သက်သာကုန်ကြတယ်လို့ ဆိုပါတယ်။ သူဟာ ဒီနေ့အထိ အအောင်မြင်ဆုံးဆရာဝန်တစ်ယောက် ဖြစ်နေပါသတဲ့။

ဒေါက်တာဘားဒစ်ဟာ နယူးယောက်မြို့နားက မြို့ကြီးတစ်မြို့ကို အပင့်ခံရပါတယ်။ ဆရာဝန်တွေက လက်လွှတ်ထားလိုက်တဲ့လူနာတစ်ယောက်ကို သွား

၁- **Laughing Doctor** ၂- **Dr. Burdick**

ကြည့်ပေးရတာပါပဲ။ မိသားစုတွေဝိုင်းနေတဲ့ လူနာကို သူက ပြုံးပြုံးလေး စစ်ဆေးပြီး၊ 'အထွေအထူးရောဂါမရှိကြောင်းနှင့် မကြာခင် ကျန်းမာသွားမှာပဲ'လို့ အားပေးစကားတွေ ပြောလိုက်ပါတယ်။ ပြီးတော့ ရယ်စရာတွေ ထိုင်ပြောရာက လူနာလည်း အားရပါးရ လိုက်ရယ်ရတော့တာပါပဲ။

ဒေါက်တာဘားဒစ်ရဲ့ ကုထုံးက လူနာကို အားတက်စေခဲ့သလို သေတွင်းက လွတ်မြောက်သွားရပါသတဲ့။

* * *

အီမာဆင်က ပြောဖူးတာတော့-

"ခင်ဗျားတို့ရဲ့အိမ်နံရံမှာ စိတ်ညှိုးနွမ်းစရာပုံတွေ ချိတ်မထားပါနှင့်။ ကိုယ်ပြောတဲ့စကားထဲမှာလည်း အားငယ်စိတ်ပျက်စရာတွေ မပါပါစေနှင့်"တဲ့။

ဘီချာ့ကလည်း

"တစ်သက်လုံး ညည်းညူနေသူတွေကို ဝေးဝေးက ရှောင်ကြဉ်ပါ။ ငှက်ကလေးတွေ ချိုမြည်တေးဆိုသံကိုသာ နားဆင်ပါ။ မရယ်နိုင်တဲ့လူဟာ မြုံးပျော်နေသူအဖြစ် သူ့ကိုယ်သူ မြင်ယောင်သင့်ပါတယ်။ ဒီအတွက် သူ့မျက်နှာအလင်းရောင်ထဲမှာ ဝင်းလက်နေတဲ့အထိ အမှောင်ထဲက အမြန်ပြေးထွက်ရမှာပါပဲ" လို့ ရေးသားခဲ့ပါတယ်။

"လူတချို့ကတော့ ညည်းညူလိုက်ရင် ပင်ပမ်းနွမ်းနယ်မှုတွေ ပြေပျောက်သွားတယ်လို့ ယူဆကြပါတယ်"လို့ ပြောခဲ့သူက တောလ်မိတ်[၁]ပါ။

"လူတစ်ယောက်ရဲ့စိတ်ထဲမှာ အနိဋ္ဌာရုံတွေကို အဝင်မခံပါနှင့်" တဲ့။ ခရွမ်းဝဲလ်[၂] က ပြောပါတယ်။

* * *

၁- Talmage ၂- Cromwell

ပန်းရွှေပြည်စာအုပ်တိုက်

**ပျော်ရွှင်နေသူတွေ အောင်မြင်ကြမှာပါ။**
**ဝမ်းသာကြည်နူးမှုလည်း အတူ မွေးဖွားလာပါလိမ့်မယ်။**

ချာတိတ်တစ်ယောက်က သူ့အမေကိုပြောတယ်။

''အမေက ညီမလေးပျော်အောင် ဘယ်လိုလုပ်ရမှန်း မသိဘူး။ ခုတော့ ကျွန်တော် လုပ်တတ်ပြီ။ ကျွန်တော့်ကိုယ် ကျွန်တော် ပျော်ရွှင်အောင်ကြိုးစားပြီး ညီမလေးကို ပျော်အောင်လုပ်လို့ ရတယ်ဆိုတာ''

နောက်တစ်ယောက်ကလည်း နေမကောင်းဖြစ်နေတဲ့ ညီငယ်နှင့်ပတ်သက်လို့ ခုလိုပြောလေရဲ့။

''ကျွန်တော် ဂျင့်ကို ပျော်အောင်လုပ်ပေးပါတယ်။ ဒီတော့ သူနှင့်အတူ ကျွန်တော်လည်း ပျော်လာပြီး ရယ်ရယ်မောမောဖြစ်လာတော့တာပဲပေါ့''

* * *

**ပျော်ရွှင်မှုဟာ ကျောက်တုံးလေးတွေကို မှန်ကူကွက် စီထားတာနှင့် တူပါတယ်။**

မစိုးရိမ်ပါနှင့်။ စိတ်မပျက်ပါနှင့်။

အမြင့်ကို မျှော်ကြည့်ရင်, စိတ်ဓာတ်မြင့်မားအောင်နေရင်, မြင့်မြတ်တဲ့ အလုပ်တွေလုပ်ရင် နောက်ဆုံးမှာ အလင်းရောင်ကို တွေ့ရမှာပါပဲ။

မြေကြီးထဲကမျိုးစေ့ဟာ တစ်ချိန်မှာ အပင်ပေါက်မယ်။ အရွက်ဝေမယ်။ အပွင့် ပွင့်မယ်။ အသီး သီးမယ်ဆိုတာ သံသယ မရှိပါဘူး။ သူ့ကိုဖုံးလွှမ်းထားတဲ့ မြေကြီးထုကို ဘယ်လိုထိုးဖောက်မလဲဆိုတာ သွားမမေးပါနှင့်။ သူ့သွားရာလမ်းမှာ ကျောက်တုံးတွေ ကျောက်ခဲတွေ ရှိနေလို့လည်း စောဒက မတက်ပါ။ ဒါပေမယ့် သာသာလေး တွန်းကာတွန်းကာနှင့် ကျောက်တုံးတွေ ပေါင်းမြက်တွေကြား

က ဖွဲ့နှင့်မာန်နှင့်ရှန်းထွက်ပြီး အလင်းရောင်ရှိရာကို ထိုးတက်သွားတတ်ပါတယ်။ ဒီကမှ အဖူး၊ အငုံ၊ အပွင့်၊ အသီးတွေ ဖြစ်လာပါတော့တယ်။

မျိုးစေ့က အပင်ပေါက်ပြီး အသီးအပွင့်တွေဝေဆာဖို့ 'နေ၊ ရေ၊ လေ၊ နှင်း' ဆိုတဲ့ ဓာတ်တွေ လိုပါတယ်။

ဒီသဘာဝအတိုင်း ကျွန်တော်တို့ကို အညတရဘဝကနေ အောင်မြင်သူတွေ ဖြစ်လာအောင် ဖန်တီးပေးတဲ့ ပြင်ပစွမ်းအားတွေ၊ မသိမိုက်မဲတဲ့ဘဝကနေ ယဉ်ကျေးစေတဲ့ပညာတွေ ရှိနေပါတယ်။

အပြုံးအပျော်တွေ သိမ်းဆည်းထားတဲ့ သေတ္တာကြီး ရှိတာ ငါသိရင် သော့ခလောက်က ဘယ်လောက်ကြီးကြီး ကြိုးစားပမ်းစားဖွင့်ရာက ငါ့အတွက် အကျိုးထူးရမှာပါပဲ။

ဒီနောက် မြေ၊ရေ၊လေထုလွှာကို အပြုံးတွေ ဖြန့်ကြဲ ပေးလိုက်တယ်။ ကလေးတွေရဲ့မျက်နှာကို အမြန်ရိုက်ခတ်ပြီး ရက်ပေါင်းများစွာ အကြာကြီး စွဲနေပါလိမ့်မယ်။

အမဲ့တွေရှိတဲ့ ရောမသေတ္တာကြီးရှိနေတာ ငါသိရင် တော့ ကျောင်းတွေနှင့် လမ်းပေါ်က ကလေးတွေရှိသမျှကို စုစည်းပြီး ဝှက်ထားမယ်။

ဒီနောက် သေတ္တာကြီးကို ရောမသော့ခလောက်ကြီး နှင့် ခတ်မယ်။

ဘီလူးကြီးတစ်ယောက်ကို ငှားပြီး၊ ဟိုး- နက်သထက် နက်တဲ့ အနက်ဆုံးပင်လယ်အောက်ကို ပစ်ချခိုင်းလိုက်မှာပဲ။

# ၂

# အလုပ်တန်ဖိုး

ပညာလိုချင်ရင်
အပတ်တကုတ် ရှာဖွေပါ။
စားစရာလိုချင်ရင်လည်း
အပတ်တကုတ် ရှာရမှာပါပဲ။
ပျော်ရွှင်မှုကိုလည်း
အပတ်တကုတ် စိုင်းပြင်းဖို့ လိုတယ်။
အပတ်တကုတ် ကြိုးစားလုပ်ကိုင်မှုဟာ
လိုက်နာရမယ့် စည်းကမ်းဥပဒေပဲ ဖြစ်တယ်။

ရပ်ရှ်ကင်
**Ruskin**

လူတွေဟာ
အလုပ်လုပ်ရင်း ကြီးကျယ်မြင့်မြတ်လာသလို၊
ယဉ်ကျေးမှုဆိုတာလည်း ပေါ်ထွန်းလာရတာပါ။

● မိုင်းလ်စ်
**Smile**

သူဟာ
ဘဝပျက်ခဲ့တဲ့အချိန်တွေကို မစဉ်းစားဘဲ၊
ထာဝရရှင်သန်နေမယ့် ပုံစံတွေ သွင်းဖို့သာ
ကြံခဲ့ပါတယ်။

စိန့်ဂေါဒင် ဥက္ကဋ္ဌဟောင်း အီလီယော့
**Ex- President Eliot, of St. Gaudens**

"မင်း ဘာဖြစ်လို့ ကျောင်းမသွားချင်တော့တာလဲ"

မစ္စတာဂရေးက 'ကျောင်း ဆက်မတက်ပါရစေနဲ့တော့'လို့ ဆန္ဒပြုလာတဲ့ သားဖြစ်သူကို အံ့သြတကြီး မေးလိုက်ပါတယ်။

သူ့သား ချားလ်စ်ရဲ့အဖြေကတော့ -

"ကျွန်တော် စာသင်ရတာ ငြီးငွေ့လာလို့ပါ။ ပြီးတော့ စာသင်နေလို့လည်း ဘာမှ အကြောင်းထူးမယ် မထင်တော့ပါဘူး"

"ဩော်- မင်းက ပညာတွေ အများကြီး တတ်နေပြီ မှတ်လို့လား"

"ကျွန်တော် ဂျော့ချ် လိုင်မင် လောက်တော့ တတ်တယ် ဆိုရမှာပါပဲ။ သူက လွန်ခဲ့တဲ့ ၃ လ လောက်က ကျောင်း ထွက်သွားတယ်လေ။ သူပြောတာတော့ 'သူ့အဖေက ပိုက်ဆံတွေအများကြီးရှိလို့ ကျောင်းနေဖို့ မလိုပါဘူး' တဲ့"

"ဒါဖြင့် မင်းလည်း ကျောင်းတက်ဖို့ မလိုတော့ဘူး။ ဒါပေမယ့် ခဏနေဦး။ ငါ ပြောလိုက်ဦးမယ်။ **မင်း** စာမသင်ချင်**တော့လို့ ကျောင်းမ**နေချင်တော့**တာကို** ငါ လက်**ခံတယ်။ တစ်ခုတော့ နား**လည်

ထားရမယ်။ ကျောင်းမနေတော့ဘူးဆိုရင် အလုပ်လုပ်ဖို့ပဲ။ မင်း ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် လေလွင့်နေတာတော့ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး''

နောက်တစ်နေ့မနက်ကျတော့ မစ္စတာဂရေးက သူ့သား ချားလ်စ်ကို သူ့ကျောင်းနေဖက်သူငယ်ချင်းဟောင်းတစ်ယောက် အကျဉ်းကျနေတဲ့ အကျဉ်းထောင်ကို ခေါ်သွားတယ်။

အကျဉ်းသားနှင့် တွေ့ခွင့်ရတဲ့အခါမှာတော့

''ဟာမွန်။ မင်းကို ငါတွေ့ရတာ ဝမ်းသာပါတယ်။ ဒါပေမယ့် ဒီလိုနေရာမှာ လာတွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး'' လို့ နှုတ်ဆက်လိုက်တယ်။

''မင်းက ငါ့လောက်စိတ်ဆင်းရဲမှာတော့ မဟုတ်ပါဘူးလေ။ ဒါ့ထက် သူက မင်းရဲ့သားလား''

ဟာမွန်က ချားလ်စ်ကိုလှမ်းကြည့်ရင်း မေးလိုက်တာပါ။

''အေး- ငါ့ရဲ့ အကြီးဆုံးသားပေါ့။ 'ချားလ်စ်'တဲ့။ ခုဆိုရင် တို့ ကျောင်းအတူတူတက်တုန်းကအသက်လောက် ရှိနေပြီလေ။ တို့ကျောင်းနေတုန်းကအချိန်တွေကို မင်း မေ့သွားပြီလား''

''မေ့လိုက်ချင်တာပေါ့ သူငယ်ချင်းရာ။ မေ့မရတဲ့အခါလည်း အိပ်မက်ပဲ ဖြစ်ပါစေတော့လို့တောင် ဆန္ဒပြုမိပါရဲ့''

''ဘယ်လိုဖြစ်ခဲ့တာလဲ သူငယ်ချင်း။ မင်းနှင့် ငါ နောက်ဆုံးတွေ့တုန်းကတော့ မင်းရဲ့အနာဂတ်အလားအလာတွေ ငါ့ထက်တောင် ကောင်းနေသေးတဲ့ဥစ္စာ''

''တိုတိုပြောရရင်တော့ ငါ ခုလို ဘဝပျက်ခဲ့ရတာဟာ လက်ကြောမတင်းဘဲ အလေလိုက်မိတာနှင့် လူပေါင်းမှားတာတွေကြောင့်ပဲပေါ့။ ငါက ပညာသင်ဖို့ စိတ်မဝင်စားဘူး။ သူဌေးသားဆိုတော့ ပညာတတ်ဖို့ မလိုဘူးပဲ ထင်ခဲ့တယ်။ ငါ့အဖေက အမွေတွေ တစ်ပုံကြီးပဲ ပေးထားခဲ့ပါတယ်။ ကိုယ့်ရှာစာ တစ်ပြားမျှ မရှိဘဲ သုံးပစ်ဖို့သာ သိခဲ့တယ်။ အသုံးနှင့် အဖြုန်းကို မခွဲခြားတတ်သလို ငွေတန်ဖိုး လည်း နားမလည်ခဲ့ဘူး။ နောက်ဆုံးတော့ အောက်တန်းစာရေးတစ်ယောက်ထက် ဆင်းရဲနေတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

"ပိုက်ဆံကို ရှိုးရိုးသားသား ဘယ်လိုရှာရမှန်း မသိပေမယ့် **မရှိမဖြစ်** လိုလာတယ်။ ဒီလိုနှင့် ငွေလွယ်လွယ်ရမယ့် လမ်းကို လိုက်ခဲ့တာပဲ။ **နောက်ပိုင်းတွေ** တော့ ဆက်ပြောစရာမလိုတော့ဘူး ထင်ပါတယ်"

ဟာမွန်ကို ထောင်အလုပ်တွေလုပ်ဖို့ ပြန်ခေါ်သွားတဲ့**နောက် မစ္စတာဂရေး** က ထောင်မှူးကို မေးခွန်းထုတ်မိပါတယ်။

"ခင်ဗျားရဲ့ထောင်သားတွေထဲမှာ ဝမ်းစာအတွက် **အသက်မွေးကျောင်း** အလုပ်လုပ်ဖို့ လေ့ကျင့်ခဲ့တဲ့လူ ဘယ်နှစ်ယောက်များ ပါသလဲ"

"၁၀ ယောက် ၁ ယောက်တောင် မပါပါဘူးဗျာ" ဆိုတာက **ထောင်မှူး** ရဲ့အဖြေပါ။

အိမ်အပြန်လမ်း၌ ကားမောင်းရင်းမှ မစ္စတာဂရေးက

"မင်းကို တခြားလူငယ်တွေလို အလုပ်လုပ်ရမယ်လို့ ပြောတုန်းက **မင်း** အံ့သြသွားတယ် မဟုတ်လား ချားလ်စ်။ ကဲ- အခု ထောင်ကို သွားကြည့်တာ ငါ့အဖြေပဲ။ လောကကြီးက ငါ့ကို 'သူဌေး' လို့ ခေါ်ကြတဲ့အတိုင်း ငါချမ်းသာပါတယ်။ မင်းကိုလည်း ပညာတတ် လူချွန်လူကောင်းအဖြစ် ကြီးပြင်းလာအောင် ဘက်စုံက ထောက်ပံ့ပေးနိုင်ပါတယ်။ ဒါပေမယ့် မင်း အလုပ်မလုပ်ဘဲ ထိုင်စားလောက်အောင်တော့ ငါမချမ်းသာတာ အမှန်ပဲ။ သားတစ်ယောက် လေလွင့်ပျက်စီးသွားရတဲ့အတွက် ဝမ်းနည်းကြေကွဲစိတ်ဆင်းရဲတာတွေကို အဖေတွေက သင်ခန်းစာ ရထားကြပါပြီ"

ချားလ်စ်လည်း တွေပြီး အလေးအနက်စဉ်းစားပြီးတဲ့နောက် **ပြောလိုက်တာ** ကတော့

"တနင်္လာနေ့ကျရင် ကျွန်တော် ကျောင်းပြန်တက်ပါတော့မယ်**အဖေ**"

* * *

ဂျွန်အဒမ်[၁]ဟာလည်း စာသင်ရမှာ ပျင်းရိငြီးငွေ့တဲ့ လူငယ်တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒီလိုနှင့် သူ့အဖေကို လက်တင်သဒ္ဒါတွေ မသင်ချင်တဲ့အကြောင်း ပြောခဲ့တယ်။ တုံ့ပြန်ချက်အနေနှင့်

"ဒါဆိုလည်း ရတယ်လေ ဂျွန်ရဲ့။ ဒီအစား ရွံ့ဗွက်ထဲဆင်းပြီး ရေသွယ် မြောင်းလေး တူးဖောက်ပေးဖို့ပဲ ရှိတော့တာပေါ့"

တကယ်တမ်းကျတော့ စာကျက်ရတာထက် မြောင်းတူးရတာက ပိုပင်ပန်း တော့ အဲ့ဒီညမှာပဲ 'မနက်ဖြန်ကျရင် လက်တင်စာ ဆက်သင်ပါတော့မယ်' လို့ တောင်းပန်ရတော့တာကလား။

ဂျွန်အဒမ်ဟာ စာကြိုးလိုက်ရာက အမေရိကန်တော်လှန်ရေးရဲ့ ဒေါက်တိုင် ကြီးတစ်တိုင် ဖြစ်ခဲ့တဲ့အပြင်၊ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဘဝတောင် ရောက်ခဲ့ရတော့တယ် ဆိုပါတော့။

* * *

သူဌေးကြီးတစ်ယောက်ဟာ သူ့အတွက် ပညာရေးနှင့် ရိုးရာယဉ်ကျေးမှု တွေကို လစ်လျူရှုရုံမက၊ သူ့တစ်ကိုယ်ရေသာယာမှုနှင့် စည်းစိမ်ခံစားမှုကိုလည်း မခံစားခဲ့ပါဘူး။ ဒါဟာ သူ့ရင်သွေးတွေကို သူ့စည်းစိမ်တွေ အမွေပေးနိုင်ဖို့အတွက် သာဖြစ်ပြီး၊ အလုပ်တွေသာ ကျုံးလုပ်ခဲ့ရာက ခုလို ဝန်ခံစကားပြောခဲ့လေရဲ့။

"ကျုပ်သားတွေဟာ ငွေကို လိုချင်မက်မောရမှန်း မသိခဲ့ကြဘူးလေ။ ဒီလိုနှင့် သားတစ်ယောက်ဟာ ဆရာဝန် ဖြစ်ခဲ့ပေမယ့်၊ သူ့ဆီကို လာကုတဲ့သူရယ်လို့ မရှိခဲ့ဘူး။ ဒုတိယသားကလည်း အမှုသည်မရှိတဲ့ ရှေ့နေ။ တတိယကောင်ကတော့ ကုန်သည်ဖြစ်နေတဲ့တိုင်အောင် သူ့အလုပ်ခန်းကို တစ်ခေါက်မျှ မရောက်ဖူးခဲ့ဘူး ဆိုပဲ။

---

၁- **John Adams**

"ဒါနှင့်ကျုပ်လည်း သူတို့ကို အစွမ်းကုန်ကြိုးစားလုပ်ဖို့ တိုက်တွန်းမိတယ်။ သူတို့က ဘာပြန်ပြောကြတယ် မှတ်သလဲ။ 'ကျွန်တော်တို့ အဲ့သလောက် ကြိုးစားစရာ မလိုပါဘူး။ ကျွန်တော်တို့က ဘယ်တော့မှ ငွေ လိုချင်ကြရမှာ မဟုတ်ဘူး။ ကျွန်တော်တို့ညီအစ်ကိုတွေအတွက် ငွေတွေက အဖေ့မှာ အလျှံပယ်ရှိထားပြီးသားပဲ' တဲ့"

* * *

အတ္တလန္တိတ် ကြေးနန်းကြိုးကုမ္ပဏီကို ထူထောင်ခဲ့တဲ့ ဆိုင်းရပ်စ် ဒဗလျူ ဖီးလ်[၁]ဟာ သူ့အိမ်ရှိရာ မက်ဆာချူးဆက်ပြည်နယ် စတော့ဒရစ်ဂျ်ကို စွန့်ခွာပြီး စီးပွားရှာဖို့ နယူးယောက်မြို့ပေါ် တက်လာခဲ့ပါတယ်။ သူ့အဖေက ရှိစုမဲ့စု ငွေလေးထဲက ၈ ဒေါ်လာပဲ လမ်းစရိတ် ပေးလိုက်နိုင်ပါသတဲ့။

ဆိုင်းရပ်စ်ခမျာ မြို့တော်ရဲ့ ထိပ်တန်းစာရင်းဝင် ကုန်မာစတိုးဆိုင်ကြီးဖြစ်တဲ့ အေ-တီ-စတီးဝပ်မှာ ကုန်ထမ်းအလုပ်သမားလေးအနေဖြင့် ဝင်လုပ်ရပါတယ်။ ၁ နှစ်မှ ဒေါ်လာ ၅၀ ပဲ ရပါတယ်။ သူဟာ အလုပ်ခွင်ကို မနက် ၆ နာရီနှင့် ၇ နာရီကြား အရောက်သွားခဲ့ရပြီး၊ စာရေးလေးဖြစ်ခဲ့တဲ့နောက် မနက် ၈ နာရီက ညမိုးချုပ်တဲ့အထိ အလုပ်ဆင်းရတော့တာပေါ့။

မစ္စတာ ဖီးလ်က သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိထဲမှာ ခုလို ထုတ်ဖော်ရေးသားခဲ့ပါတယ်။

'ကျွန်တော်ဟာ အလုပ်ထဲကို လုပ်ဖော်ကိုင်ဖက်တွေ ဘယ်သူမျှ မရောက်ခင် သွားခဲ့သလို၊ သူတို့အားလုံး မပြန်ဘဲနှင့် မပြန်ခဲ့ပါဘူး။ ကျွန်တော့်ရည်မှန်းချက်က စီးပွားရေးသမားကောင်း ဖြစ်ဖို့ပါပဲ။ ဒါကြောင့်လည်း အလုပ်ဌာနတိုင်းကို အတတ်နိုင်ဆုံး လေ့လာသင်ကြားခဲ့ပါတယ်'

---

၁- Cyrus W. Field

သူဟာ လူငယ်ဘဝမှာ မာကင်တိုင် စာကြည့်တိုက်[၁]ဆီ ညနေတိုင်း သွားပြီး စာဖတ်တယ်။ စနေညတိုင်းမှာ စကားရည်လုပွဲလုပ်တဲ့ အသင်းနှင့်ဆက်သွယ်တယ်။

ကုမ္ပဏီပိုင်ရှင် မစ္စတာစတီးဝပ်ရဲ့ စည်းကမ်းတွေက တင်းကျပ်လှပါတယ်။ အလုပ်ဝင်ချိန်၊ ထမင်းစားချိန် စသဖြင့် ဝင်ချိန်၊ထွက်ချိန်တွေကို လက်မှတ်ထိုးရပါတယ်။ အလုပ် နောက်ကျရင်၊ သတ်မှတ်ထားတဲ့ထမင်းစားချိန်ထက် ကျော်သွားရင် ဒဏ်ငွေ ဆောင်ရတော့တာပါပဲ။

ဆိုင်းရပ်စ်ကတော့ စည်းကမ်းကို အတိအကျ လိုက်နာပြီး အလုပ်ကို ရိုသေသူ၊ ကြိုးစားသူဖြစ်တော့ အလုပ်ရှင်ရဲ့ယုံကြည်မှု ရလာသလို ရာထူးတွေ တိုးခဲ့ရတာပေါ့။

အလုပ်အပေါ် သစ္စာရှိတာဟာ ဂုဏ်သိက္ခာ ရှိသလောက်၊ ကြီးမားတဲ့ ပျော်ရွှင်မှုကို ပိုင်ဆိုင်ခွင့်ရတယ် ဆိုရမှာပါပဲ။

* * *

ကမ္ဘာကျော် ပန်းချီပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျယ်လို[၂]အကြောင်းကို ပြင်သစ်စာရေးဆရာတစ်ယောက်က ပြောပြဖူးပါတယ်။

"မိုက်ကယ်အိန်ဂျယ်လိုဟာ အသက် ၆၀ အထိ အလုပ်လုပ်နိုင်တုန်းပါပဲ။ သူက သိပ်သွက်တဲ့အရွယ် မဟုတ်တော့ပေမယ့် ကျောက်တုံးတွေကို ဖဲ့ရွေပစ်နေလိုက်တာများ လူငယ် ၃ ယောက် ၁ နာရီလုပ်နိုင်စွမ်းထက် အများကြီးသာတယ်။ ကျောက်စတွေဟာ လေထဲမှာလွင့်ပျံနေတာ တဝီးဝီးပါပဲ။ ကိုယ်တွေ့မကြုံရင် မယုံနိုင်စရာပဲဗျ၊ သူ့အား သူ့မာန်ဟာ ရောမကျောက်တုံးကြီးကို အမှုန့်ချေပစ်လိုက်တော့မယ့်အတိုင်းပဲ"

၁- Mercantile Library ၂- Michael Angelo

ကျောက်သားနှင့် ပန်းပုထုတယ်ဆိုတာကလည်း ဆံတစ်မျှင်စာလေး တိမ်းစောင်းသွားရုံဖြင့် ပျက်စီးသွားနိုင်တာမျိုး။ ပလာစတာတို့၊ ရွံ့တို့နှင့် ရုပ်လုံးသွင်းသလို ပြန်ပြင်လို့ရတာ မဟုတ်။

* * *

မိုက်ကယ်အိန်ဂျယ်လိုကိုယ်တိုင်က ပန်းချီကျော် ရာဖေးလ်[၁] နှင့် ပတ်သက်ပြီး ပြောခဲ့တာလည်း ရှိပါရဲ့။

"ရာဖေးလ်ဟာ ကမ္ဘာပေါ်က ချစ်စရာအကောင်းဆုံးလူတွေထဲမှာ ပါဝင်ပါတယ်။ သူဟာ ပါရမီဓာတ်ခံထက် ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်ခဲ့ရတာပါ"

ရာဖေးလ်ကလည်း သူ ဒီလောက် အံ့သြဖွယ် လက်ရာမြောက်ပြီး အောင်မြင်ခဲ့ရသလဲဆိုတဲ့အမေးကို ခုလို ဖြေကြားခဲ့ပါတယ်။

"ကျွန်တော် ငယ်ငယ်တုန်းကတည်းက ကျင့်သုံးလာတဲ့ မူတစ်ခု ရှိပါတယ်။ အဲဒါကတော့ ဘာကိုမျှ ဥပေက္ခာ ပြုမထားဖို့ပါပဲ"

ရာဖေးလ်ဟာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက် ၃၇ နှစ်မှာ ကွယ်လွန်ခဲ့တာမို့ ရောမတစ်မြို့လုံး ယူကျုံးမရ နှမြောတသခဲ့ကြရတယ်။ ပုပ်ရဟန်းမင်းကြီး လီယို ၁၀[၂]တောင် ငိုကြွေးခဲ့ရတယ်ဆိုပဲ။ သူကွယ်လွန်ချိန်မှာ ပန်းချီကား ၂၈၇ ကားနှင့် ရေးလက်စ ပန်းချီကား ၅၀၀ ကျော် ကျန်ခဲ့ပါသတဲ့။ ဒီအထဲက တချို့လက်ရာတွေဆိုရင် 'ရွှေ'တွေပဲပေါ့။ သူ့ရဲ့ဘဝဟာ လုံ့လဝီရိယမရှိ ပျင်းရိတဲ့လူငယ်တွေအတွက် သင်ခန်းစာကောင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

* * *

---
၁- **Raphael**

၂- **Leo X**

ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်ချီ[၁] ဆိုရင်လည်း အားကြိုးမာန်တက် အလုပ်လုပ်ရာမှာ စံထားလောက်သူ ဖြစ်ပါတယ်။ သူဟာ အလုပ်ကို ပျော်ပျော်ကြီး လုပ်တတ်သလို၊ မိုးလင်းတာနှင့် အလုပ်ခွင်ထဲ အရောက်သွားတယ်။ ညနေမိုးချုပ် အလုပ်သိမ်းပြီးမှ အစာစားပါသတဲ့။

* * *

ပန်းချီကျော်ကြီး ရူဘင်စ်[၂] အောင်မြင်ချမ်းသာလာချိန်မှာ အင်္ဂလိပ်ဆရာ တစ်ယောက်က သူ ရွှေဖြစ်အောင်ထိုးတာကို လာကူညီဖို့ တိုက်တွန်းခဲ့ပါတယ်။ 'ရွှေဖြစ်အောင်လုပ်နည်းကို သူတွေ့ထားပြီ' လို့လည်း ဆိုပါတယ်။

ဒီတော့ ရူဘင်စ်ပြန်ပြောလိုက်တာကတော့-

"ခင်ဗျားသာပြောတာ အနှစ် ၂၀ လောက် နောက်ကျသွားပြီဗျ။ ကျုပ်က ရွှေဖြစ်ငွေဖြစ်လျှို့ဝှက်ချက်ကို တွေ့ထားတာ ကြာပြီ"တဲ့။ ပြောပြောဆိုဆိုနှင့် သူ့ဆေးစပ်တဲ့ ပျဉ်ပြားနှင့် စုတ်တံတွေကို လက်ညှိုးထိုးပြ လိုက်ပါသတဲ့။ ပြီးတော့

"ကျုပ်လက်နှင့်၊ ကျုပ်စုတ်တံနှင့် တို့လိုက်သမျှ ရွှေ ဖြစ်ကုန်တာကလား"

* * *

ပန်းချီဆရာကြီး မီလိုင်း[၃]ကတော့ 'ပန်းချီဆွဲနေတုန်းမှာ သူ့အနုပညာလက်ရာ မြောက်ဖို့ကလွဲလို့ တခြားဘာကိုမျှ မစဉ်းစားဘူး' ဆိုပါတယ်။

တစ်ခါတရံလည်း သူက ခုလို ပြောလေ့ရှိပါသတဲ့။

"ကျွန်တော် လူငယ်အားလုံးကို အကြံပေးချင်တာကတော့ 'အလုပ်ကို ဖိလုပ်ပါ' ဆိုတာပါပဲ၊ သူတို့အားလုံး ပါရမီရှင်တွေ မဖြစ်နိုင်ပေမယ့်၊ အလုပ်လုပ် နိုင်စွမ်း ရှိကြတာကလား။ အထက်မြက်ဆုံး ပါရမီရှင်တစ်ယောက်တောင် အလုပ် မလုပ်ရင် သိပ်စွံမှာ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ ပန်းချီဆရာဖြစ်လာလိမ့်မယ်လို့

---

၁- Leonardo da Vanci ၂- Rubens ၃- Millais

ကျွန်တော် ထောက်ခံချက် မပေးပါဘူး။ ပန်းချီဆရာဖြစ်အောင် အကြံပေးပါလို့ တောင်းဆိုလာရင်လည်း 'လုံးဝ မပေးနိုင်ဘူး' လို့ ငြင်းပစ်လိုက်တာပါပဲ။

"ဒါပေမယ့် လူငယ်တစ်ယောက်အနေဖြင့် သူဖြစ်ချင်တာကို ဖြစ်ဖို့ စွဲစွဲမြဲမြဲ အသေအလဲကြိုးစားရမယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို အသေးအမွှားလေး ကအစ လေ့လာသင်ကြားရမယ်။ စိတ်ဝင်စားစရာမကောင်းတဲ့ အခြေခံအချက် တွေကို ချန်ထားလို့မရသလို၊ ဘာမဆို အောက်သက်ကျေအောင် လုပ်ထားဖို့ အရေးကြီးတယ်"

* * *

သမ္မာကျမ်းစာကို ဘာသာပြန်ရာမှာ လူသာ[၁] ကိုင်စွဲတဲ့ ဆောင်ပုဒ်အတိုင်း ပဲ၊ တာနာ[၂]ကလည်း "အလုပ် နည်းနည်းမျှ မပြီးတဲ့နေ့ဆိုတာ မရှိရဘူး" လို့ ဆိုပါ တယ်။

သူက သူ့ဆရာ ရေးနိုးလ်ရဲ့ အကြံကိုလည်း ကိုးကားပါတယ်။

"အတော်ဆုံး အကောင်းဆုံးဖြစ်ချင်တဲ့လူဟာ စိတ် ပါပါ၊မပါပါ နေ့ည မရွေး အလုပ် လုပ်ရမယ်။ သူတို့မှာ အပန်းဖြေကစားဖို့ အချိန်မရှိသလို အပြင်း အထန် အပင်ပန်းခံလုပ်ဖို့ပဲ ရှိတယ်"

အပင်ပန်းခံတယ် ဆိုပေမယ့် အလုပ်ကို ချစ်တယ်ဆိုရင် အဖိုးတန်ဆုလာဘ် ကြီး ရမှာပါပဲ။

* * *

လောကကြီးကို သူ့ပညာဉာဏ်စွမ်းဖြင့် အကျိုးပြုတဲ့လူ၊ သူ့မျိုးချစ်စိတ်ဓာတ် နှင့် နိုင်ငံကောင်းစားရေး ဆောင်ရွက်တဲ့လူ၊ အိမ်နီးချင်းတွေကို မေတ္တာကရုဏာ နှင့် ကူညီစောင့်ရှောက်တဲ့လူ၊ မိနစ်တိုင်းမှာ အကောင်းဆုံး အလုပ်လုပ်နေတဲ့လူ တွေကို ကျွန်ုပ်အား ပြပါ။

---
၁- Luther ၂- Turner

ကျွန်ုပ်ကတော့ ပီတာဘုရင်ကြီးကို နမူနာသက်သေပြမှာ ဖြစ်ပါတယ်။

ရုရှားပြည့်ရှင်ဘုရင် 'ပီတာ သည် ဂရိတ်'[၁] ဟာ အပတ်တကုတ် လေ့လာသင်ကြားမှုကြောင့် ထီးမွေနန်းမွေကို ထိုက်ထိုက်တန်တန် ခံစားခဲ့ရပါတယ်။

သူက အိမ်ရှေ့မင်းသားဘဝမှာ တခြားမင်းသားတွေနှင့် တစ်မူခြားတယ်။ နန်းစည်းစိမ်မှာ မယစ်မူးခဲ့တဲ့အပြင်၊ မင်းညီမင်းသား ဝတ်လဲတော်တွေကို ချွတ်ပြီး သာမန်အလုပ်ကြမ်းသမားတစ်ယောက်ရဲ့အဝတ်အစားတွေ ဝတ်ခဲ့သူပါ။ ရုရှားနိုင်ငံမှာ ယဉ်ကျေးမှုဆိုင်ရာအတတ်ပညာတွေ မထွန်းကားသေးတာကို သိပြီး၊ သူကိုယ်တိုင် ဒီပညာတွေသင်ဖို့နှင့် တိုင်းပြည်နှင့် လူမျိုးကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်မယ်လို့ ခိုင်မာတဲ့အဓိဋ္ဌာန် ချမှတ်ခဲ့ပါတယ်။

ဒါကြောင့်လည်း သူ ၂၆ နှစ်အရွယ်မှာပဲ နန်းစည်းစိမ်ကိုမခံစားဘဲ ခရီးတစ်ခု ထွက်ခဲ့ပါတယ်။ အပျော်ခရီး မဟုတ်ပါဘူး။ ပင်ပင်ပန်းပန်း အလုပ်လုပ်ဖို့ပါ။ ဟော်လန်က သင်္ဘောကျင်းတစ်ခုမှာ အခမဲ့ ပညာသင် ဝင်လုပ်ပါတယ်။ အင်္ဂလန်ကျတော့ စက္ကူစက်၊ သစ်စက်၊ ကြိုးစက်၊ နာရီဆိုင်တွေ၊ တခြားစက်ရုံတွေမှာ အနီးကပ်လေ့လာရုံသာမက၊ ကိုယ်တိုင်ဝင်လုပ်ရာက သူလိုငါလို အလုပ်သမားဘဝကို ခံယူခဲ့ပါတယ်။

အစ်ရှားရှိ မူလာရဲ့ပန်းပဲဖိုမှာလည်း တစ်လလောက် ပညာ ဝင်သင်ခဲ့ပါသေးရဲ့။ ပန်းပဲဆရာကြီးက သူ့ကို မင်းသားမှန်းသိတော့ ရွှေဒင်္ဂါးပြားတွေ ပေးပေမယ့်၊ သူက အလုပ်သမားထုံးစံအတိုင်းပဲ လုပ်ခ ယူပါတယ်။

"ကျွန်တော်က တခြားအလုပ်သမားတွေလောက်မှ မတတ်ဘဲဗျာ။ ဖိနပ် ၁ ရံဝယ်ဖို့ ရရင်ပဲ တော်ပါပြီ"

စင်စစ်မှာလည်း သူ့ဖိနပ်က ဖာရာထေးရာတွေနှင့် ပေါက်ပြဲနေပါပြီ။

ဖိနပ်ဝယ်ပြီးတဲ့နောက် သူ ဂုဏ်ယူကြွားဝါလိုက်ပုံက–

---

**၁- Peter the Great**

"ဒီဖိနပ်တွေက ကျွန်တော် နဖူးကချွေး ခြေမ ကျအောင်လုပ်ထားတဲ့ ပိုက်ဆံနှင့် ဝယ်ထားတာဗျ" တဲ့။

ပီတာ နာမည်ထိုးထားတဲ့ သံချောင်းတစ်ချောင်းကို အစ်ရှားရှိ မူလာရဲ့ ပန်းပဲဖိုမှာ အမှတ်တရ ပြထားသလို၊ နောက်တစ်ချောင်းကိုလည်း စိန့်ပီတာစဘတ်က ရှေးဟောင်းပြတိုက်မှာ 'အိမ်ရှေ့မင်းသား အလုပ်သမား' ရဲ့ အထိမ်းအမှတ်အဖြစ် နောင်လာနောက်သား ရုရှားနိုင်ငံသားတွေ အားကျအတုယူဖို့ ပြသထားတယ် ဆိုပဲ။

* * *

သင့်အနေဖြင့် ပါရမီရှင် ဖြစ်လာမှာပဲလို့ မျှော်လင့်နေတယ်ဆိုရင်တော့ ကံဆိုးမိုးမှောင်ကျပြီသာ မှတ်ပေတော့။ ဖြစ်နိုင်ရင်တော့ ကိုယ့်ကိုယ်ကို မလှည့်စားတာ အကောင်းဆုံးပါ။ အချောင်သမားစိတ်တွေကို အမြန်ဆုံးမောင်းထုတ်ပစ်ပါ။

သင်လိုချင်တာမှန်သမျှ လုပ်မှ ရမှာဖြစ်လို့ အခုချက်ချင်း အလုပ် စ,လိုက်ဖို့သာ ပြင်လိုက်ပါ။

ဒါနှင့်အမျှ အလုပ် မလုပ်တဲ့ပါရမီရှင်ဆိုတာ ချုံထူ သစ်တောတွေနှင့် မခြားပါဘူး။

* * *

စာရေးဆရာကြီး ဘီချာက ပြောဖူးတာပါ။

"ပညာရပ်အသီးသီးကို ရေးထားတဲ့စာအုပ်တွေမှာ စိတ်ရှည်လက်ရှည်ကြိုးစားပြီး အပတ်တကုတ်ရေးထားတဲ့ စာအုပ်တွေသာ ထာဝရအောင်မြင်မှု ရပါတယ်" တဲ့။

ဒီကမ္ဘာမှာ မှတ်တိုင်စိုက်ထားတဲ့ ကျောက်စာဖြစ်ဖြစ်၊ ကဗျာတစ်ပုဒ်ဖြစ်ဖြစ်၊ ပိရမစ်ကြီးတွေပဲဖြစ်ဖြစ် အားလုံးရဲ့ အဓိကဟာ လက်စွမ်းပြ လုပ်ဆောင်ထားတာတွေပါပဲ။

* * *

ဂိုးလ်စမစ်[၁]ဟာ 'ကန္တာရရွာ'[၂]စာအုပ်ကို တစ်နေ့ ၄ကြောင်း စဉ်းစားပြီး ၇ နှစ်တိုင်တိုင် ရေးခဲ့ပါတယ်။ သူ ကိုယ်တိုင် ပြောခဲ့တဲ့စကားကတော့-

"အချိန်ယူပြီး စာရေးတာဟာ အတွေးအခေါ်တွေ ပိုပြီး မြင့်လာသလို၊ အစွမ်းလည်းထက်လို့ လုပ်ရကျိုး နပ်ပါတယ်။ ပါရမီရှင်တွေထက် ၁၀ ဆ သာနိုင်တယ်"

အားလပ်မှ စာရေးသူတွေအဖို့ အတုယူစရာ ကောင်းလှ ပါတယ်။

* * *

ကဗျာဆရာကြီးလောင်းဖဲလိုး[၃]က "ကဗျာတစ်ပုဒ်ရဲ့ လျှို့ဝှက်ချက်ဟာ တံတားအောက်ခံတိုင်တွေနှင့် တူတဲ့ အတွေး စဉ်တွေဖြစ်ပြီး၊ ဒီအပေါ်မှာမှ သူ ကဗျာတွေကို ရေးဖွဲ့ခဲ့တာ ဖြစ်တယ်လို့" ဆိုပါတယ်။

မမြင်ရဘဲ အတွေးနှင့်ဖော်ရပေမယ့် မရှိမဖြစ် အရေး ပါပါတယ်တဲ့။

* * *

---

၁- Goldsmith ၂- The Dersert Village ၃- Longfellow

အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်းမှသည် ဆရာကြီးလောင်းဖဲလိုး၏ ဘဝမွေ့သီချင်းများ[၁]အထိ အပြီးသတ်နိုင်အောင် အထူးရေးသားခဲ့ရတာ ဖြစ်ပါတယ်။

ဘရိုင်ယန်[၂]ဆိုရင်လည်း 'သာနက်တော့ဆစ်'[၃]ဆိုတဲ့ကဗျာကို အကြိမ် ၁၀၀ ပြန်ရေးခဲ့တာတောင် စိတ်တိုင်းမကျခဲ့သေးဘူးဆိုပဲ။

ဒီမိုစ်သနက်စ်[၄]ဟာ ဖီးလစ်နှင့် ဆန့်ကျင်ရင်ဆိုင်ခဲ့ရတဲ့အဖြစ်တွေက ဝေဒနာတွေကို မကွယ်မဝှက်ဖော်ထုတ်ခဲ့ရာမှာ အတော်လေး ကြိုးပမ်းခဲ့ရတယ် ဆိုပါတယ်။

အလားတူပဲ ဂရိတွေးခေါ်ရှင်ကြီး ပလေတို[၅]ဆိုရင်လည်း 'ရီပတ်ဘလစ်'[၆] ကျမ်းကြီးကိုပြုစုရာမှာ ပထမဝါကျကို ၉ ကြိမ် ၉ မျိုးတိတိ ရေးခဲ့ရပါသတဲ့။

ပုပ်ရဟန်းမင်းကြီးဟာလည်း လင်္ကာတိုလေးတစ်ပုဒ်ကို တစ်နေကုန် ရေးဖွဲ့ရတာလို့ သိရပြီး၊ ချား လော့ဘရွန်တီ[၇]ကလည်း တစ်ခါမှာ စကားတစ်လုံး ရဖို့ ၁ နာရီကျော် စဉ်းစားခဲ့ရသလို၊ ဂစ်ဘွန်[၈]ကတော့ 'ယိမ်းယိုင်မှုနှင့်ကျဆုံးမှု'[၉] ကျမ်းကြီးရဲ့ ပထမအခန်းကို စိတ်ကျေနပ်တဲ့အထိပြင်ရေးတာ ၃ ကြိမ်တိတိ ရှိခဲ့တယ် ဆိုပဲ။ ဆရာကြီးဟာ သူ့စာအုပ်ကို ၂၅ နှစ်ကြာမှ အပြီးသတ်နိုင်ခဲ့တာပါ။

* * *

အန်ထော်နီထရော်လုပ်[၁၀]ကတော့ "ဈာန်သွင်းတယ်ဆိုတာ အလကားအချိန်ကုန်တာပဲ" လို့ မိန့်ဆိုပါတယ်။

---

၁- **Psalm of Life** ၂- **Bryant** ၃- **Thanatopsis**
၄- **Demosthenes** ၅- **Plato** ၆- **Republie**
၇- **Charlotte Bronte** ၈- **Gibbon** ၉- **Decline and Fall**
၁၀- **Anthony Trollope**

"အံ့မခန်းကြီးကျယ်တဲ့ အောင်မြင်မှုတွေဟာ မတော်တဆဖြစ်တာက ရခဲ့တာပဲ"လို့ ရှေ့နေကြီး ရူဖတ် ရှိုတီ[၁]ကို သူ့မိတ်ဆွေတစ်ယောက်ကပြောတော့ ရှေ့နေကြီးပြန်ပြောလိုက်တာက-

"အဓိပ္ပာယ် မရှိလိုက်တာကွာ။ မင်းက ဂရိစာလုံးတွေနှင့် အီလီယက်ကဗျာ ရှည်ကြီးရေးဖို့ မျှော်လင့်တာပဲ"တဲ့

* * *

အလိုလိုဖြစ်လာအောင် စောင့်ဆိုင်းနေတာဟာ လရောင်ခြည်တွေကို ငွေမျှင်တွေအဖြစ် ပြောင်းသွားအောင် စောင့်ကြည့်နေတာနှင့် တူပါတယ်။

စကြဝဠာကြီး သဘာဝနိယာမအစား မှော်တန်ခိုးတွေကြောင့် ဖြစ်လာတာ၊ အကြောင်းအားလျော်စွာ တိုက်ဆိုင်မှုတွေကို မျှော်လင့်တာနှင့်လည်း မခြားပါဘူး။

ဒါဟာ အစွမ်းအစမရှိတဲ့ လူတွေရဲ့ ဒဿန။ လူပျင်းတွေရဲ့ထွက်ပေါက်။ အမြော်အမြင်ကင်းသူတွေရဲ့ ဆင်ခြေဆင်လက်ပါပဲ။

* * *

"လူတွေက ကျုပ်ရဲ့အောင်မြင်မှုတွေနှင့် ပတ်သက်လို့ ကျုပ်ရဲ့ ပါရမီကြောင့်လို့ ချီးမွမ်းကြတယ်။ ကျုပ်သိတာကတော့ ပါရမီအားလုံးဟာ ကြိုးကြိုးစားစားအလုပ်လုပ်တာပဲ ဖြစ်ပါတယ်" ဆိုတဲ့စကားကို ပြောခဲ့သူကတော့ အမေရိကန်နိုင်ငံခေါင်းဆောင် အလက်ဇန္ဒား ဟယ်မီလ်တန်[၂]။

* * *

---

၁- Rufus Choate ၂- Alexander Hamilton

ဒင်နီယယ် ဝက်စတာ[၁]ကတော့ သူ့ရဲ့အသက်၇ဝပြည့် မွေးနေ့မှာ သူ့အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို ခုလိုပြောခဲ့ပါ သတဲ့။

"ကျုပ်ကို ဒီဘဝရောက်အောင် ဖန်တီးပေးလိုက် တာကတော့ အလုပ်ပဲပေါ့။ ကျုပ်တစ်သက်လုံး အလကားရတဲ့ ပေါင်မုန့်ရယ်လို့ နည်းနည်းလေးတောင် မစားခဲ့ဖူးပါဘူး။

ဇွဲနဲ့ လုပ်ကိုင်တာဟာ အောင်မြင်မှုရဲ့ နတ်သား ပါပဲ။

* * *

"ကျွန်တော်ဟာ အလုပ်လုပ်ရင်းက အကြီးအကျယ်ဆုံးပျော်ရွှင်မှုကို ရှာ တွေ့ခဲ့ရပါတယ်"

မစ္စတာ ဂလက်စတုန်း[၂]က အသက် ၉ဝ အရွယ်မှာ ပြောခဲ့တာဖြစ်ပါတယ်။

"အလုပ်ကြိုးစားတဲ့အကျင့်ကို ငယ်ငယ်ကတည်းက မွေးခဲ့သလို အကျိုး ရှိခဲ့တာလည်း အမှန်ပဲပေါ့။ လူငယ်တွေက 'အနားယူတာဟာ ဘာအလုပ်မှမလုပ်ဘဲ ရပ်လိုက်တာ'လို့ ယူဆကြတယ်။ ဒါပေမယ့် 'အထိရောက်ဆုံး အနားယူခြင်းဟာ အလုပ်တစ်ခုခုကို ပြောင်းလုပ်လိုက်တာပဲ' လို့ ကျွန်တော် တွေ့ရပါတယ်။ စာအုပ် တွေဖတ်ရင်း ငြီးငွေ့လာတဲ့အခါ နေပူဆာလှုံပြီး လေကောင်းလေသန့် ရှူလိုက်ရာက ခန္ဓာကိုယ်လေ့ကျင့်ခန်းလုပ်လိုက်တာမျိုးပေါ့။ ဒါဟာ ဦးနှောက်ရှင်းသွားပြီး စိတ် ကြည်လင်သွားအောင် လုပ်လိုက်တာပါပဲ"

* * *

---

၁- **Daniel Webster**

၂- **Mr. Gladstone**

သဘာဝတရားနှင့် နီးနီးစပ်စပ် ကျွန်တော် နေတယ်။ သဘာဝတရားကို ပုံတူကူးပြီး လုပ်တယ်။ ဒီလိုနှင့် ခံစားရတဲ့ အကျိုးကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပြီး အစာကြေရ သလို၊ အားတွေပြည့်လာတာပဲ ဖြစ်ပါတယ်။ လူ့သဘာဝနှင့် ကိုက်ညီအောင် လုပ်တာဟာ လူ့ဘဝရဲ့ ဆုထူးဆုမြတ်ကြီးပါပဲ။

* * *

"ကျွန်တော်ဟာ အယ်ဒီဆင်[၁] ၁၄ နှစ်သားကတည်းက သူနှင့် သိကျွမ်းခဲ့တာပါ"

အယ်ဒီဆင့်သူငယ်ချင်းတစ်ယောက်ရဲ့စကားပေါ့။

"ကျွန်တော့် အတွေ့အကြုံအရတော့ သူ့ဘဝတလျှောက်လုံးမှာ အပျင်းထူနေတာရယ်လို့ မရှိသလောက်ပါပဲ။ သူက အိပ်ရမယ့်အချိန်မှာတောင် ညသန်းခေါင်အထိ ငုတ်တုတ် စာဖတ်နေတဲ့လူစား။ ဝတ္ထုတွေ၊ ကောင်းဘွိုင်စွန့်စားခန်းတွေ ဖတ်တာတော့ မဟုတ်ပါဘူး။ စက်မှုပညာ၊ ဓာတုဗေဒ၊ လျှပ်စစ်စွမ်းအားတွေနှင့် ပတ်သက်တဲ့ စာအုပ်တွေသာ ဖတ်တာပါ။

"သူ ဒီလိုဖတ်ခဲ့လို့လည်း အသိပညာတွေ တိုးလာသလို ဘက်စုံကျွမ်းကျင် ထက်မြက်ခဲ့တာလို့ ဆိုရမှာပါပဲ။ သူ့ရဲ့ မအိပ်မနေကြိုးပမ်းမှုဟာ သူ့စွမ်းအားတွေ ဖြစ်လာဟာပဲပေါ့"

အက်ဒီဆင်ကိုယ်တိုင်ကလည်း ခုလို ပြောခဲ့ဖူးပါရဲ့။

"ကျွန်တော် တီထွင်မှုတစ်ခုပြီးတိုင်း စိတ်ဝင်စားမှုတစ်ခု ဆုံးရှုံးသွားရတယ်လို့ ယူဆပါတယ်။ တီထွင်မှုကရတဲ့ငွေဟာ တန်ဖိုးရှိတဲ့ဆုလာဘ်ပဲလို့ လူတွေက ထင်ကြပါလိမ့်မယ်။ ကျွန်တော်ကတော့ အဲ့သလို မပြောချင်ပါဘူး။ ဆင်းဆင်းရဲရဲနှင့်ကြီးပြင်းခဲ့ရတဲ့ ကျွန်တော့်ဘဝမှာ ပျော်ရွှင်မှုအပြည့်ရတယ်လို့ ဘယ်တုန်း

---
၁- Edison

ကမျှ မရှိခဲ့ပါဘူး။ ကျွန်တော်လုပ်ခဲ့သမျှ စမ်းသပ်တီထွင်မှုတွေဟာလည်း အပေါစား ကိရိယာတွေနှင့် မပြည့်မစုံလုပ်ခဲ့ရတာပါ။ ခုတော့ ကျွန်တော့်မှာ လိုအပ်တဲ့ပစ္စည်း ကိရိယာတွေ စုံစုံလင်လင်ရှိနေသလို၊ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ဆရာလုပ်နေနိုင်ပါပြီ။ ဒီကြားထဲကပဲ အကောင်းဆုံးပျော်ရွှင်မှုတွေကို အလုပ်လုပ်ရင်း ဆက်ရှာနေရာက လူတွေခေါ်နေကျ 'အောင်မြင်မှု' ဆိုတဲ့ဆုလာဘ်ကို ရခဲ့တာ ဖြစ်ပါတယ်''

* * *

ဘုရားသခင်၏ ကျေးဇူးဂုဏ်တော်ကို ချီးမွမ်းတဲ့သီချင်း
တစ်ပုဒ်နှင့် အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်မှုကို ရယူပါ။
အဲ့ဒါကတော့ ''ကြိုးစားအားထုတ် လုပ်ကိုင်မှုဟာ ကောင်းချီး
မင်္ဂလာပါပဲ'' ဆိုတဲ့ စာသားပဲ ဖြစ်ပါတယ်။ ဒါဟာ ဘယ်သူ့
ကိုမျှ ငဲ့ညှာထောက်ထား အားကိုးစရာမလိုတဲ့ တေးသံပဲပေါ့။

* * *

မနက်တိုင်း ကျွန်တော်တို့ အလုပ်လုပ်ဖို့ သွားရပါလိမ့်မယ်။ မိုးရွာရွာ၊ နေပူပူ၊ သွားကိုက်ခေါင်းကိုက်၊ ဗိုက်အောင့်တဲ့ကြားကပဲ လုပ်စရာရှိတာ လုပ်ရပါမယ်။

တစ်နေ့ကို ၈ နာရီမှ ၁၀ နာရီအထိ လုပ်နိုင်လျှင် အကျိုးထူးရမှာ မလွဲပါ။

ကျောင်းသားဆိုလည်း ၉ နာရီကစပြီး ကျောင်းတက်ရပါမယ်။

စာရင်းကိုင်ကလည်း သူ့စာရင်းစာအုပ်မှာ ပိုက်ဆံ တစ်ပြားမကွာအောင် တွက်ချက်ရေးသွင်းရမှာပါ။

ကုန်သည်အဖို့လည်း ကုန်အမှာနှင့် ဝင်ငွေတွေကိုက်အောင် အမြဲဂရုစိုက်ဖို့ လိုပါတယ်။

ဘယ်သူမဆို ကိုယ့်အလုပ်ကို သစ္စာရှိရှိနှင့် စွဲမြဲလုပ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကို နေ့စဉ် ဒုက္ခပေးနေတဲ့ ပျင်းရိမှုကို မနေမနား တိုက်ဖျက်ဖို့လည်း အရေးကြီးပါတယ်။

ဘယ်အလုပ်မျိုးမဆို ပျင်းရိငြီးငွေ့မှု၊ စိတ်မပါမှု၊ လေးလံထိုင်းမှိုင်းမှု၊ အချိန်ဆွဲမှုများကို ကျော်လွှားနိုင်အောင် စိတ်ရှည်လက်ရှည် အားသွန်ခွန်စိုက်လုပ်ခြင်းအားဖြင့် အရည်အသွေးတွေ တောက်ပြောင်လာမှာ မုချ။

ကာယလုပ်သားတစ်ယောက်ဖြစ်သည့်တိုင် ဂုဏ်မငယ်ပါ။ ဝတ်ကောင်းစားလှဝတ်ထားလို့ ဆိုပြီး အထုပ်မထမ်းနိုင်တဲ့ လူငယ်တစ်ယောက်ကိုသာ အထင်သေးစရာကောင်းတာ ဖြစ်ပါတယ်။

* * *

အရစ္စတိုတယ်[၁]က ပြောခဲ့တာပါ။

"မက္ကင်းနစ်စက်ဆရာတစ်ယောက်နှင့် ငွေဝယ်ကျွန်ဟာ သိက္ခာရှိတာချင်း မတူပါဘူး။ ပညာရှင်တစ်ယောက်ဖြစ်အောင် သင်ယူလေ့ကျင့်ရပေမယ့်၊ ကျွန်တစ်ယောက်ဖြစ်ဖို့တော့ သင်စရာမလိုပါဘူး။ တချို့လူတွေကိုက ကျွန်ဇာတာပါပြီး ကျွန်ဖြစ်ဖို့ မွေးဖွားလာကြတာပါ"

* * *

"စွမ်းအားရှိသလောက် အလုပ် မလုပ်ကြတဲ့တိုင်းပြည်တွေဟာ ဒီကမ္ဘာပေါ်က ကွယ်ပျောက်သွားရမှာပဲ"လို့ ပညာရှင် ဆိုင်းရပ်[၂]က မှာတမ်းခြွေခဲ့ပါတယ်။

* * *

---

၁- **Aristotle**

၂- **Cyrus**

အမေရိကန်သမ္မတ တေလာ[၁]ကို ရာထူးက ဖယ်ရှားပစ်လိုက်ပြီး မကြာခင်မှာ သူ့ရဲ့နိုင်ငံရေးပြိုင်ဖက်တွေက သိက္ခာချတဲ့သဘောနှင့် သူနေထိုင်ရာ ဗာဂျီးနီးယားရွာကလေးမှာ မြေတိုင်းစာရေး ခန့်လိုက်ပါတယ်။ ပြီးတော့ 'ဒီအလုပ်ကို ဝင်လုပ်ရကောင်းလား' ဆိုပြီး ဝိုင်းလှောင်ကြတယ်။

ဒီအတွက် သူတို့အုပ်စုကိုသာ လူတွေကကဲ့ရဲ့ရှုတ်ချကြပါတယ်။ နောက်ဆုံး သူတို့ကိုယ်တိုင်ပဲ သမ္မတကြီးကို အလုပ်ကနုတ်ထွက်ပေးဖို့ တောင်းပန်ရတော့တာပဲပေါ့။

တာဝန်ကျေပွန်တဲ့သမ္မတကြီးက ပြန်ပြောလိုက်ပါသတဲ့။

"လူကြီးမင်းတို့ ပေးလာတဲ့အလုပ်ကို ဘယ်တော့မှ ငြင်းပယ်မှာ မဟုတ်သလို၊ ဒီအလုပ်ကလည်း ဘယ်တော့မှ မထွက်ပါဘူး"

* * *

ပြင်သစ်ဘုရင် နပိုလီယန်[၂]ရဲ့ဘဝမှာ ကြောက်ရွံ့နောက်တွန့်တာတွေ၊ ဝေခွဲမရဖြစ်တာတွေ၊ ယောက်ျားမပီသတဲ့ အလုပ်တွေရယ်လို့ လူသိထင်ရှား မရှိခဲ့တာဟာ သင်ခန်းစာယူစရာ ကောင်းလှပါတယ်။

ဝါတာလူးစစ်ပွဲ မစခင်မှာ ၁၈ နာရီလုံးလုံး အစာမစားဘဲ သူ နေခဲ့ပါတယ်။ သူ့အဝတ်အစားတွေဟာလည်း ရွှံ့တွေနှင့် ပေလူးပြီး မိုးရေတွေ စိုရွှဲနေပါတယ်။ ဒါပေမယ့် အဲဒီလို ပုံပျက်ပန်းပျက်ဖြစ်နေရတာနှင့် မောပန်းနွမ်းနယ်နေတာတွေကို လုံးဝ ဂရုမစိုက်တဲ့အပြင်၊ အချမ်းပြေ မီးတောင် မလှုံခဲ့ပါဘူး။

* * *

လော့အယ်လင်ဘာရိုး[၃]ဟာလည်း ဆင်းရဲသားဘဝနှင့် အရက်ဆိုင်မှာ ဝင်လုပ်ခဲ့ရဖူးလေရဲ့။ ဒါပေမယ့် သူ အောင်မြင်

၁- **Tyler** ၂- **Napoleon** ၃- **Lord Ellenborough**

တဲ့အထိ အလုပ်ကို မနားမနေကြိုးစားမယ်လို့ အယ်လင်ဘာရီး ဆုံးဖြတ်ထားပါတယ်။ သူခြေကုန်လက်ပန်းကျတဲ့အခါမှာ တောင် သူ လက်စွဲထားတဲ့ဆောင်ပုဒ်လေးကို ရွတ်ဆိုပြီး အပန်း ဖြေလေ့ ရှိပါသတဲ့။ အဲ့ဒီဆောင်ပုဒ်လေးကတော့

'ကြိုးစားမလား။ အငတ်ခံမလား'

* * *

လူတစ်ယောက်ဟာ ကယ်တင်ခြင်းတပ်[၁]က တွေ့ဆုံပွဲ တစ်ခုမှာ 'သူ ၅ နှစ်သားကတည်းက တောင်းစားလာခဲ့ကြောင်း နှင့် ဘာအလုပ်မျှ မလုပ်တတ်ခဲ့ကြောင်း' ဖွင့်ဟခဲ့ပါတယ်။ ဒါပေမယ့် ကယ်တင်ခြင်းတပ်မှာ တစ်ပတ်ကို ၁ ဒေါ်လာနှင့် ကလေးထိန်းအလုပ်ကို ဂုဏ်ယူစွာ ဝင်လုပ်လိုက်ပါတယ်။ သန်စွမ်းတဲ့ ယောက်ျားတစ်ယောက်အနေဖြင့် အခွင့်အလမ်းတွေ ပြည့်နေတဲ့နိုင်ငံမှာ ဘာအလုပ်မျှ လုပ်ဖို့မကြိုးဘဲ တောင်းစားခဲ့ တာဟာ ဘယ်လောက် ရှက်စရာကောင်းပါသလဲ။

* * *

သော့တံတစ်ချောင်းပေါ်မှာ ဂျာမန် ရှေးစကားတစ်ခွန်း ထွင်းထားတာတွေ့ဖူးပါတယ်။

'ငါ အလုပ် မလုပ်ရင် သံချေးတက်သွားမယ်' ဟူ သတည်း။

* * *

---
၁- Salvation Army

ရှေးတုန်းက အင်္ဂလန်မှာ လူပျင်းတွေကို ခုလို အပြစ်ပေးပါသတဲ့။

ပထမအကြိမ်မှာ တရားသူကြီးရှေ့ ခေါ်သွားပြီး သူ့ပြစ်မှုကို မှတ်တမ်းတင်ပါတယ်။

ဒုတိယအကြိမ်ကျရင်တော့ လက်ကို မီးမြှိုက်ပါတယ်။

တတိယအကြိမ်ဆိုရင်ဖြင့် သေဒဏ် ပေးတော့တာပါပဲ။

* * *

စကြဝဠာကြီးထဲမှာ အဏုမြူမှုန်တွေဟာ လှုပ်ရှားပြီး အလုပ်လုပ်နေကြတာပါပဲ။

'အလုပ်က ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ပို့ဆောင်ပေးပါတယ်' ဆိုတဲ့စကားကို ပြင်သစ်စာရေးဆရာကြီး အမ်မီဇိုလာ[၁]က ပြောခဲ့တာပါ။

* * *

'အလုပ် လုပ်တယ်' ဆိုတာ သဘာဝနိယာမ ဖြစ်ပါတယ်။

လှုပ်ရှားမှု ရပ်သွားတာနှင့် ယိုယွင်းပျက်စီးမှုတွေ ဖြစ်လာတော့တာပါပဲ။

'စွမ်းရည်' ဆိုတာလည်း အသုံးချဖို့ သာ ဖြစ်ပါတယ်။

* * *

၁- Emile Zola

ကမ္ဘာကျော်စာရေးဆရာကြီး ဆာ ဝေါလ်တာ စကော့ ကတော့-

'မနက် ၇ နာရီ အိပ်ရာထတဲ့အကျင့်ကို ဘုရားသခင်က ကျုပ်ကို ပေးထားတယ်။ ဒီအကျင့်မရှိရင် ဘာမျှ ကျုပ်လုပ်နိုင်မှာ မဟုတ်ပါဘူး'လို့ ရေးခဲ့ပါတယ်။

* * *

အလုပ်လုပ်ခြင်းက မျက်လုံးတွေကို အရောင် တောက်ပစေပါတယ်။ အသားအရေကို စိုပြည်စေသလို ကြွက်သားတွေကိုလည်း သန်မာစေပါတယ်။ သွေးလည်ပတ်မှု မှန်ကန်ပြီး ဦးနှောက်လည်း ကြည်လင်စေပါတယ်။ အလုပ်ဟာ ရောဂါတစ်ဝက်လောက်ကိုပျောက်စေတဲ့ ဆေးဆရာကြီးပါပဲ။

* * *

"လူငယ်တစ်ယောက်က 'သူဟာ ထူးချွန်တဲ့ပါရမီရှင်ပါ'လို့ အခိုင်အမာပြောလာတိုင်း၊ ကျွန်တော်ကတော့ 'သူ အလုပ် လုပ်ရဲ့လား' လို့ မေးနေကျပေါ့"

စာရေးဆရာကြီး ရပ်ရှ်ကင်က ပြောတာလေ။

* * *

ကာလိုင်လေး[၁]ရဲ့ အဆိုအမိန့်စကား ရှိပါတယ်။

"ဘယ်လို စိတ်ပျက်စရာအခြေအနေပဲ ရောက်ရောက်၊ ဘုရားသခင်ရဲ့ နာမတော်ကို ထောက်ပြီး ဆက်လုပ်ပါ။ အလုပ်လုပ်ရိုးမှန်ရင် အောင်မြင်မှုရမှာ မလွဲပါဘူး။

၁- Carlyle

# ၃

# မှန်ကန်မှုတန်ဖိုး

ရိုးသားဖြောင့်မတ်သူတစ်ယောက်ဟာ ဘုရားသခင်ရဲ့ အမြင့်မြတ်ဆုံးအလုပ်ကို လုပ်သူပါပဲ။

ပုပ် ရဟန်းမင်းကြီး
**Pope**

ရိုးသားသူမှန်ရင် ဆင်းရဲမွဲတေနေပေမယ့် လူ့လောကမှာ ဘုရင်တစ်ဆူလို ဘုန်းကြီးနိုင်တယ် ဆိုချင်ပါတယ်။

ဘန်းစ်
**Burns**

ကျူပ်ဟာ သမ္မတဖြစ်ဖို့ထက် ရိုးသားဖြောင့်မတ်သူဖြစ်ရတာ ပိုနှစ်သက်ပါတယ်။

ဟင်နရီ ကလေး
**Henery Clay**

'ရိုးဖြောင့်သူ' ဆိုတာ ရှော်မက်တဲ့ပညာကဲ့မျဉ်းဖြောင့်တစ်ကြောင်းလိုပဲ၊ ကိုယ်ကျင့်တရားအရာမှာလည်း စွမ်းအား ကြီးမားပါတယ်။

အိုင်းဆက် ဘာရိုး
**Isaac Barrow**

"အဲဒါ ပြန်ထားလိုက်စမ်း"

သမ္မတ ဂျွန် ကွင်စီ အဒမ်^၁ က သူ့ဗီရိုစင် အပေါ်က စာရွက်တစ်ရွက်ကိုယူလိုက်တဲ့ သားဖြစ်သူကို လှမ်းတားလိုက်တာပါ။

"ဒီစာရွက်တွေက အစိုးရပိုင်တွေကွ။ ငါ့ကိုယ်ပိုင်စာရေးကိရိယာတွေက စားပွဲပေါ်မှာ ရှိတာ။ ငါ့ကိုယ်ရေးကိုယ်တာသုံးဖို့ သတ်သတ်ထားတာပဲ"

မစ္စတာအဒမ်ဟာ တိကျမှန်ကန်ပြီး သစ္စာရှိသူ ဖြစ်ပါတယ်။

လွှတ်တော်တက်ချိန်မှာ သူလာမှ အစည်းအဝေး စ,ရတာဖြစ်လို့ အချိန်မီ အရောက်သွားနေကျပါ။

ချိန်းထားတာတွေရှိရင်လည်း တခြား လူအတွက် အချိန် အလဟဿမကုန်စေရပါဘူး။ 'အချိန်ခိုးတာဟာ ငွေခိုးတာထက် ဆိုးတယ်' လို့ ယူဆထားသူပါပဲ။

* * *

၁- **John Quincy Adams**

"သွားတော့ ငါ့သား။ ခရီးလမ်း ဖြောင့်ဖြူးပါစေ"

အက်ဘ် ဒဲလ် ကာဒါ[၁]ရဲ့အမေက ဆယ်ကျော်သက်လူငယ်လေးဖြစ်တဲ့ သူ့ကို ငွေဒင်္ဂါး ၄၀ ပေးပြီး မှာလိုက်တာကတော့-

"ဘယ်တော့မှ လိမ်မပြောပါဘူးလို့ အမေ့ကို ကတိပေးပါ။ တို့သားအမိ ပြန်တွေ့မယ်လို့ မျှော်လင့်ပါတယ်ကွယ်"

ချာတိတ်လေးကာဒါဟာ စီးပွားရှာဖို့ အိမ်က စွန့်ခွာခဲ့တာဖြစ်ပြီး၊ ရက်အနည်းအကြာ လမ်းမှာ သူနှင့် ခရီးသွားဖော်တစ်စုဟာ ဓားပြတိုက်တာခံရပါတယ်။

ဓားပြတစ်ယောက်က-

"မင်းမှာ ပိုက်ဆံဘယ်လောက် ပါသလဲ"မေးတော့၊

ကာဒါက

"ကျွန်တော့်ဘောင်းဘီထဲမှာ ငွေဒင်္ဂါး ၄၀ ထည့်ချုပ်ထားပါတယ်"လို့ ဖြေပါတယ်။

ဒီတော့ ဓားပြတွေက ဝိုင်းရယ်ကြပါတယ်။

"မင်းပါလာတာ များလှချည်လားကွ၊ မယုံနိုင်စရာပဲ"

နောက်တစ်ယောက်က အစ်လိုက်တော့လည်း သူက ပထမအတိုင်း တစ်ထပ်တည်း ပြန်ဖြေပါတယ်။ ဒီအထိလည်း ဓားပြတွေက သူ့စကားကို မယုံကြပါဘူး။

ဓားပြခေါင်းဆောင်က သူ့ကို လှမ်းခေါ်လိုက်ပါတယ်။

"ဒီကို လာစမ်းပါဦး ချာတိတ်ရ။ မင်းမှာ ပိုက်ဆံတွေ ဘယ်လောက်ပါလာသလဲ။ မှန်မှန်ပြော"

"ဆရာကြီးရဲ့တပည့် ၂ ယောက်ကို ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ကျွန်တော့်အိတ်ထဲမှာ ငွေဒင်္ဂါး ၄၀ ပါတာကို အမေက ချုပ်ပေးလိုက်ပါတယ်"

"ကဲ- သူ့အဝတ်အစားတွေကို ခွဲကြည့်စမ်းကွာ"

---

၁- **Abd-el-Kader**

ဓားပြဗိုလ်အမိန့်နှင့် ခွဲကြည့်လိုက်တဲ့အခါ ကာဒါပြောတဲ့အတိုင်း ငွေဒင်္ဂါး တွေ တွေ့ရတော့တာပါပဲ။

"မင်း ဘာကြောင့် တို့ကို လိမ်မပြောတာလဲ"

"ကျွန်တော် 'ဘယ်တော့မှ လိမ်မပြောပါဘူး' လို့ အမေ့ကို ကတိပေးထား ခဲ့လို့ပါ"

"အမယ်လေး- ချာတိတ်ရာ။ မင်းက မင်းအမေ့စကားကို မြေဝယ်မကျ နားထောင်ပြီး ကတိတည်သူပါလားကွာ။ ငါတောင် ငယ်ငယ်က မင်းလောက် ရိုးဖြောင့်ခဲ့ရဲ့လား မသိဘူး။ ငါ နောင်တရသွားတာ အမှန်ပါပဲ"

ဓားပြဗိုလ်ကြီးက တောင်းတောင်းပန်ပန် လက်ဆွဲနှုတ်ဆက်လိုက်တဲ့နောက် တစ်ဖွဲ့လုံးက ကာဒါကို ဂုဏ်ပြု နှုတ်ဆက်လိုက်ကြပါတော့တယ်။

* * *

ကျေးလက်ဒေသရှိ ကျောင်းတစ်ကျောင်းတွင် ဆရာမက ခက်ခဲသောစကား လုံးတစ်လုံးကို စာလုံး ပေါင်းခိုင်းပါတယ်။ ပထမ- ရှေ့ဆုံးတန်းက ကျောင်းသား များကို ပေါင်းခိုင်းပေမယ့် မှန်အောင် မပေါင်းနိုင်ကြပါ။ တစ်တန်းလုံးကုန်ပြီး နောက်ဆုံးမှာထိုင်တဲ့ အငယ်ဆုံးကျောင်းသားလေးကို မေးလိုက်ပါတယ်။

ကျောင်းသားငယ်က သွက်သွက်လက်လက်လေး ပေါင်းပြလိုက်တာ ကလား။ ဒီတော့ သူ့ရှေ့က ကျောင်းသားကျောင်းသူ ၁၇ ယောက်ကိုကျော်ပြီး ရှေ့တန်းမှာ ပြောင်းထိုင်ခိုင်းလိုက်ပါတယ်။

အဲဒီနောက် ဆရာမက စာလုံးပေါင်းအမှန်ကို ကျောက်သင်ပုန်းပေါ် ချရေးပြလိုက်ပါတယ်။

ဒီအခါမှာ ခုန ကျောင်းသားလေးက-

"ဒါဆို ကျွန်တော်စာလုံးပေါင်းပြတာ မမှန်ပါဘူး။ 'အီး'နေရာမှာ 'အိုင်' လို့ အသံထွက်လိုက်မိတာပါ"

ထပြောပြီး၊ 'ဂုဏ်ပြုမှုကို မခံထိုက်ဘူး' လို့ယူဆတဲ့ ရိုးသားဖြောင့်မတ်သူ ကျောင်းသားလေးဟာ နောက်ဆုံးက သူ့နေရာကိုပဲ ပြန်သွားထိုင်လိုက်ပါတော့တယ်။

* * *

အီသန်အယ်လင်ဟာ သူ့မှာတင်နေတဲ့ ကြွေးတွေကိုဆိုင်းငံ့ထားဖို့ တရားရုံးမှာ ရှေ့နေငှားပြီး လျှောက်လဲခိုင်းပါတယ်။

သူ့ရှေ့နေက အမှုကို အချိန်ဆွဲနိုင်အောင် ဆိုပြီး၊ 'ပေါင် ၆၀ ချေးထားကြောင်း လက်မှတ်ထိုးထားတဲ့ စာရွက်ဟာ သူ့အမှုသည်ရဲ့လက်မှတ် မဟုတ်ဘူး' လို့ တရားသူကြီးကို တင်ပြပါတယ်။

ဒီတင် အယ်လင်က ထိုင်ရာကထခုန်ပြီး မိုးချုန်းသံကြီးနှင့်-

"မစ္စတာဂျုန်း။ ကျွန်တော် ခင်ဗျားကို ရုံးတော်မှာ လိမ်ဖို့ ငှားခဲ့တာမှ မဟုတ်ဘဲ။ စာရွက်ပေါ်မှာ ကျွန်တော်ကိုယ်တိုင်ထိုးထားတဲ့ ကျွန်တော့်လက်မှတ် အစစ်ပါ။ ဒါကို ကျမ်းကျိန်ပြီး အစစ်ခံပါ့မယ်။ ကျွန်တော်က ချေးထားတဲ့ငွေကို အမှန်အကန်ပြန်ဆပ်နိုင်ဖို့ ရက်ကလေး ၁ ပတ်-၂ ပတ် ရွှေ့ထားပေးဖို့ပဲ ပြောချင်ပါတယ်"

ရိုးသားဖြောင့်မတ်တဲ့ အီသန်အယ်လင်အား တရားသူကြီးက ကြွေးဆပ်ရမယ့်ရက်ကို ရွှေ့ဆိုင်းပေးလိုက်ပါတယ်။

* * *

ဒက်ထရွိုက်ကားမြို့တော်က ကုန်စုံဆိုင်ရှင်တစ်ဦးဟာ သူ့ဆီ အလုပ်လာလျှောက်တဲ့လူငယ်ကို မေးလိုက်ပါတယ်။

"မင်းကို ငါ အလုပ်ခန့်မယ်ဆိုရင် ငါပြောတဲ့အတိုင်း မင်း လုပ်မှာလား"

"ဟုတ်ကဲ့ခင်ဗျ"

"ငါ့ဆိုင်ကသကြားဟာ အညံ့စားတွေ ဖြစ်နေရင် 'အကောင်းစားတွေပါ' လို့ ပြောရောင်းနိုင်းတာကို မင်း ရောင်းမလား"

လူငယ်က ချက်ချင်း ပြန်ဖြေပါတယ်။

"အကောင်းစားတွေပါလို့ ပြောရောင်းပေးပါ့မယ်"

"တကယ်လို့ ပဲမှုန့်တွေရောထားတဲ့ ကော်ဖီမှုန့်ကိုလည်း 'ကော်ဖီမှုန့် အစစ်'လို့ ရောင်းနိုင်းမယ်ကွာ"

"ရပါတယ်။ လူကြီးမင်းနိုင်းတဲ့အတိုင်း အစစ်လို့ ပြောရောင်းမှာပေါ့"

"အဲ- တစ်လလောက်ကြာနေတဲ့ ထောပတ်ကို 'လတ်ဆတ်ပါတယ်'လို့ ပြောနိုင်းရင်ကော"

"ဒါလည်း ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး"

"ဒါဖြင့် မင်း လုပ်ခ ဘယ်လောက်ယူမလဲ"

"တစ်ပတ်ကို ဒေါ်လာ ၁၀၀ ပေးပါ"

"ဘာကွ။ တစ်ပတ် ဒေါ်လာ ၁၀၀။ ဟုတ်လား"

ဆိုင်ရှင်က မျက်လုံးပြူးမျက်ဆံပြူး ပြန်မေးလိုက်တဲ့အခါ-

"အလုပ်ဝင်ပြီး ၂ ပတ်ပြည့်တာနှင့် ရောင်းရငွေအပေါ် ရာခိုင်နှုန်းနှင့် ထပ်ပေးရပါဦးမယ်"

"ဟာ"

"သိတဲ့အတိုင်း 'ပထမတန်းစား လူလိမ်' ဆိုတာ ဈေးကြီးပါတယ်။ တကယ်လို့ လူကြီးမင်းရဲ့ဆိုင်မှာ အဲ့သလိုလူလိမ်မျိုးမှ အလုပ်ပေးမယ်ဆိုရင်တော့ တောင်းတဲ့ဈေး ပေးရမှာပေါ့။ ရိုးရိုးသားသားလုပ်ရမယ်ဆိုရင်တော့ တစ်ပတ်ကို ၃ ဒေါ်လာပဲ ပေးပါ"

ဆိုင်ရှင်က လူငယ်ကို အလုပ်ခန့်လိုက်ပါတယ်။

* * *

'ရက်အင်ဒီးယန်း'ခေါ်တဲ့ လူနီတစ်အုပ်ဟာ စတိုးဆိုင်သစ်တစ်ဆိုင်ထဲ ဝင်လာပါတယ်။ ပစ္စည်းတွေကို ယူကြည့်တယ်။ နောက် ဘာမျှမဝယ်ဘဲ ပြန်ထွက်သွားကြတယ်။ နောက်ဆုံးမှာ သူတို့ခေါင်းဆောင် ဝင်လာပြီး

"ဂျွန်ရေ- နေကောင်းတယ်နော်။ ငါ့ကို မင်းပစ္စည်းတွေ ပြစမ်းပါဦး"ဆိုပြီး ဆိုင်ရှင်ဆီကပစ္စည်းတွေ ကြည့်တယ်။ ပြီးတော့

"အား- ဟုတ်ပြီ။ ငါ့အတွက် စောင်တစ်ထည်နှင့် ငါ့မိန်းမအတွက် အနွေးထည် တစ်ထည် ယူမယ်။ ဒီအတွက် စောင်အတွက် ဖျံသားရေ ၃ ချပ်၊ အင်္ကျီအတွက် ၁ ချပ် ပေးမယ်။ နက်ဖြန် ငါကိုယ်တိုင် လာပေးမှာပါ"

သူက အထည်တွေယူပြီး ထွက်သွားပါလေရော။

နောက်တစ်နေ့ကျတော့ သူ့လူတွေတစ်အုပ်ကြီးနှင့် ဖျံသားရေတွေ တစ်ထုပ်ကြီး ယူလာတော့တာပါပဲ။

သူက ဖျံသားရေ ၄ ချပ်ကို ကောင်တာပေါ် တင်ပေးလိုက်ပါတယ်။ နောက် တအောင့်နေပြီး ၅ ချပ်မြောက်ဖျံသားရေကို ထပ်တင်လိုက်ပြန်ပါတယ်။ အဲဒီသားရေက ရှားရှားပါးပါး အကောင်းစားအဖိုးတန် ဖြစ်နေပါတယ်။

"ကဲ- ကျုပ်ပေးတာ မှန်တယ်နော် ဂျွန်"

ဆိုင်ရှင်က အဲ့ဒီတစ်ချပ်ကို တွန်းဖယ်ပြီး-

"ခင်ဗျားပေးရမှာ သားရေ ၄ ချပ် ပဲလေ။ ကျုပ်ဟာ တန်ရာတန်ကြေးပဲ ယူချင်တာပါ"

ဒီလိုနှင့် ဖျံသားရေကို သူ့ဘက်ကိုယ့်ဘက် တွန်းပြီး 'ယူပါ၊ မယူဘူး' အငြင်းပွားနေကြတယ် ဆိုပါတော့။

အတော်လေးကြာမှ ရက်အင်ဒီးယန်းခေါင်းဆောင်က ဘဝင်ကျသွားသလို အကောင်းစားဖျံသားရေကို သူ့အထုပ်ထဲ ပြန်ထည့်ပါတယ်။ ဆိုင်ရှင်ကို စူးစူးစိုက်စိုက် ကြည့်ပါတယ်။ ဒီနောက် ဆိုင်ပြင်ကိုထွက်ပြီး သူ့လူတွေကို ခေါ်လိုက်ပါတော့တယ်။

"လာကြပေါ့ ငါ့လူတို့။ ဒီဆိုင်ရှင်က ရိုးသားတယ်။ တို့ အင်ဒီးယန်းတွေကို ကလိန်မကျဘူး။ သူနှင့် ရောင်းကြဝယ်ကြကွ"

သူ့လူတွေကို အော်ခေါ်လိုက်သလို၊ ဆိုင်ရှင်ဘက်လှည့်ပြီး

"နောက်ဆုံးဖျံသားရေကို ယူလိုက်လို့ကတော့ မင်းနှင့် မဆက်ဆံနှင့်လို့ ငါ့လူတွေကို ပြောထားပြီးသား။ ခုတော့ မင်းဟာ တို့ အင်ဒီးယန်းတွေ ယုံကြည်စိတ်ချရတဲ့မိတ်ဆွေကြီး ဖြစ်သွားပြီ"

အဲ့ဒီနေ့က မမှောင်ခင်မှာပဲ ဆိုင်ရှင်မှာ ဖျံသားရေချပ်တွေ ခါးလောက်မြင့်အောင် ရသွားသလို၊ ငွေတွေလည်း သောက်သောက်လဲ ရလိုက်တော့တာ ကလား။

* * *

မတ်ခ် တွိန်း[၁]က ကျွန်တော်တို့ကို ဇာတ်လမ်းလေး ၂ ပုဒ် ပြောပြခဲ့ပါတယ်။ တစ်ပုဒ်ကတော့ ရေလက်ကြားက ဆင်းရဲတဲ့ အော်ဒူဘွန်မျိုးနွယ်က ဆင်းသက်လာသူတစ်ယောက်ဟာ သူရေးတဲ့ 'ငှက်တွေ'အကြောင်း ရောမစာအုပ်ကြီးကို ဒေါ်လာ ၁၀၀ နှင့် ရောင်းခဲ့တာပါ။ အဲဒီစာအုပ်ဟာ ပေါက်ဈေးအရဆိုရင် ဒေါ်လာ ၁၀၀၀ လောက် အနည်းဆုံး တန်တာပါ။ ထုတ်ဝေသူတစ်ယောက်က ဒေါ်လာ ၁၀၀ နှင့်ဝယ်ပြီး ကြိတ်ရယ်နေတာပေါ့။

အဲ- သိသိသာသာကွာတာကတော့ ဟမ်မွန် ထရမ်ဘဲလ်ပါပဲ။ တောင်ပိုင်းက အမျိုးသမီးတစ်ယောက်က သူ့ဆီကို 'အီလီယော့ရဲ့ အင်ဒီးယန်းသမ္မာကျမ်းစာကို ဒေါ်လာ ၁၀၀ ရရင် ဝမ်းသာအားရရောင်းမယ်'လို့ စာရေး အကြောင်းကြားလိုက်တာပါပဲ။

သူက အဲဒီအမျိုးသမီးထံ 'အဲဒီစာမူသာ စစ်မှန်ပြီး အပြည့်အစုံရှိမယ်ဆိုရင် ဒေါ်လာ ၁၀၀၀ ရမှာ ဖြစ်သလို၊ ဗြိတိသျှပြတိုက်ကို ဒီဈေးအတိုင်း ရောင်းပေးမယ်'

---
၁- Mark Twain

လို့ **အကြောင်းပြန်ခဲ့**ပါတယ်။ စာအုပ်က အစစ်အမှန်ဖြစ်သလို ဒေါ်လာ ၁၀၀၀ ကို **ရွှေဒင်္ဂါးနှင့် ပေးချေခဲ့**ပါတယ်။

**ဒါဟာ လူပီသတဲ့လူတွေရဲ့ ဂုဏ်တင်လောက်တဲ့ ရောင်းဝယ်မှုကို ပြလိုက်တာပါပဲ။**

* * *

ရိုးသားဖြောင့်မတ်မှုကို ကျောခိုင်းပြီး အတ္တအပတွေ လုပ်ထားတဲ့အကြောင်း သရော်ထားတဲ့ ပုံပြင်လေးတစ်ပုဒ်ပေါ့။

တစ်နေ့တော့ ယင်ကောင် ၄ ကောင်ဟာ ဆာဆာနှင့် **အစာရှာ**ထွက်လာကြပါသတဲ့။

တစ်ကောင်က အတော်လေးအရသာရှိပုံရတဲ့ ဝက်အူချောင်းပေါ် နားပြီး အားရပါးရစားမိရာက တုံးခနဲ လဲသေသွားပါသတဲ့။ ဘာကြောင့်ဆို ဝက်အူချောင်းမှာ ဓာတုဆိုးဆေးတွေ ပါနေတာကိုး။

နောက်တစ်ကောင်ကတော့ မနက်စာအတွက် ကျောက်ချဉ်တွေရောကြိတ်ထားတဲ့ ဂျုံမှုန့်တွေ တစ်ဝကြီးစားမိလိုက်ပြီး သေသွားရတယ်ဆိုပဲ။

တတိယ ယင်ကောင်ခများလည်း နွားနို့အိုးပေါ် ဝင်နားပြီး သောက်မိတဲ့အဆုံး မြေဖြူမှုန့်တွေရောထားတာ စားမိလို့ အသက် ပါသွားရပြန်သတဲ့။

ဒီအဖြစ်ဆိုးတွေ မြင်လိုက်ရတဲ့ စတုတ္ထယင်ကောင်က "အတ္တတွေပေါတဲ့ ခေတ်ကြီးမှာ သေလိုက်တာပဲ ကောင်းပါတယ်"ဆိုပြီး၊ အရိုးခေါင်းပုံပြပြီး 'ယင်ကောင်အဆိပ်'လို့ တံဆိပ်ရိုက်ထားတဲ့ ယင်သတ်ဆေးစိမ်ထားတဲ့ စက္ကူချပ်ပေါ် နားလိုက်ကာ နှာမောင်းနှင့် စုပ်လိုက်တယ်။ ဒါပေမယ့်

ဒီအဆိပ်ရည်တွေက စုပ်လိုက်တိုင်း အားပြည့်ရာက မသေတဲ့ အပြင် ဝဖြိုးတောင် လာသေးဆိုပဲ။ လက်စသတ်တော့ ယင် သတ်တဲ့ ပိုးသတ်ဆေးတောင် အတုဖြစ်နေတာကလား။

* * *

ဂျော့ချ်-တီ-အိန်ဂျဲ[၁]က သူ့ကို ပထမတန်းစားကုန်သည်ကြီးတစ်ယောက်က ပြောခဲ့ဖူးတဲ့စကားကို အသည်းစွဲ မှတ်ထားမိတယ်လို့ ဆိုပါတယ်။ အဲဒီကုန်သည် သူဌေးကြီးက သူဟာ လက်ဖက်ခြောက်တစ်မျိုးတစ်စားတည်းသာ ထုတ်ပြီး၊ အဲဒီလက်ဖက်ခြောက်ကို သူ့မိသားစုတွေကိုယ်တိုင် သောက်သုံးနိုင်းတယ် ဆိုပဲ။

ဒီနေ့ခေတ်မှာတော့ လုပ်ငန်းရှင်အများအပြားဟာ လိမ်ညာလှည့်စားမှုတွေကို မရိုးမသားနှင့် လေ့ထုံးစံတွေဖောက်ဖျက်ပြီး မျက်စိမှိတ် လုပ်နေကြပါပြီ။ သူတို့က 'အပြိုင်အဆိုင်တွေကြောင့် ဒီမူဝါဒကို ကျင့်သုံးရတာ' လို့ ဆင်ခြေပေးကြပါတယ်။

သူတို့ကိုယ်တိုင်က စံနမူနာကောင်းတွေ ပြရမယ့်အစား ဖောက်လွဲဖောက် ပြန်လုပ်နေတာကို လူငယ်တွေက အတုယူမှားမှာ စိုးရပါတယ်။

ဒီနေ့ ကမ္ဘာကြီးမှာ လိုအပ်နေတာက

အင်္ဂလိပ်သိုးမွေးတွေကို 'အမေရိကန်စက်ရုံထုတ်တွေ'လို့ လိမ်မရောင်းတဲ့ လူငယ်တွေ၊

နယူးယောက်မှာရက်တဲ့ အထည်တွေကို 'အိုင်ယာလန်မှာလုပ်တာ' လို့ ညာမရောင်းတဲ့ လူငယ်တွေ၊

လူနာရဲ့ရောဂါကို တကယ်မသိဘဲ သိချင်ယောင်ဆောင်ပြီး မကုတဲ့ ဆရာ ဝန်တွေ၊

---

၁- George T. Angell

ဆေးဝါးအကြောင်း တကယ်နားမလည်ဘဲ ဆေးစမ်းပြီး ရမ်းမကုတဲ့ ဆရာဝန်တွေ၊

ပြောတဲ့အတိုင်းလုပ်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊

အမှု နိုင်ခြေမရှိမှန်းသိလို့ အမှုလက်မခံတဲ့ ရှေ့နေတွေ၊

ပိတ်စကို ၃၆ လက်မအပြည့်ရှိတဲ့ကိုက်တံနှင့်ရောင်းတဲ့ အထည်သည်တွေ၊

အဂတိလိုက်စားပြီး ပက်ပက်စက်စက်အပုပ်ချတဲ့ သတင်းဆောင်းပါးမျိုး မရေးတဲ့ စာနယ်ဇင်းသမားတွေ၊

'အများနည်းတူ မိုးခါးရေသောက်ရတာပါ' လို့ မပြောတဲ့လူတွေ၊

သမ္မာအာဇီဝမဟုတ်တဲ့အလုပ်တွေနှင့် အမြတ်မထုတ်ဘူး ဆိုတဲ့ လူငယ်တွေသာ ဖြစ်ပါတယ်။

* * *

ကိုယ်ကျင့်တရားပျက်တာဟာ တန်ဖိုးမရှိတဲ့ လူတွေသာ ဖြစ်ပါတယ်။

ရုံးလုလင်လေးတစ်ယောက်ဟာ လုံ့လဝီရိယရှိပြီး သူ့အစွမ်းအစကိုသုံးကာ ဉာဏ်ရည်ထက်မြက်တဲ့အပြင်၊ တံဆိပ်ခေါင်းတွေ မခိုးတဲ့အတွက် ရာထူးတက်သွားရတဲ့သာဓကတွေ တစ်ပုံကြီးပါ။

ဒီတော့ နွားနို့ကို ရေရောတာမျိုးကအစ ကျွန်တော်တို့ရဲ့ အစားအသောက်၊အဝတ်အစားတွေမှာ မမှန်မကန်လုပ်တာတွေမှန်သမျှ ရှောင်ကြဉ်သင့်တာ အမှန်ပါပဲ။

* * *

တတိယမြောက် ဂျော့ချ်ဘုရင်က စေလွှတ်လိုက်တဲ့ ဝန်ရှင်တော်မင်းကြီးတစ်ယောက်က နယူးဂျာစီပြည်နယ်က ဂုဏ်သရေရှိလူကြီးတစ်ဦးဖြစ်တဲ့ ဂျိုးဇက် ရိဒ်၁ကို ခုလို လာပြောပါတယ်။

"ဒီမယ် မစ္စတာရိဒ်။ ခင်ဗျားရဲ့ အင်္ဂလန်နှင့် လက်အောက်ခံကိုလိုနီနယ်ပယ်တွေကြားက ပဋိပက္ခတွေပြေငြိမ်းပြီး၊ နှစ်ရှည်နေတဲ့ ဒီစစ်ကြီးကို ရပ်စဲသွားအောင် ကြားဝင်စေ့စပ်ပေးမယ် ဆိုရင် ရွှေဒင်္ဂါး ၁ သောင်းပေးမယ်လို့ ဘုရင်မင်းမြတ်က အမိန့်ရှိလိုက်ပါတယ်"

ဒီတော့- ဂျိုးဇက်ရိဒ်က

"ကျွန်တော်ဟာ ရောင်းကုန် မဟုတ်သလို၊ ကျွန်တော့်ကို ဝယ်နိုင်လောက်အောင်လည်း ဗြိတိန်ဘုရင်ကြီးဟာ ချမ်းသာမှာ မဟုတ်ပါဘူး"

နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာမဖောက်တဲ့ ရဲရဲတောက်စကားကို ပြန်ပြောလိုက်တာပါ။

* * *

သူဌေးကြီး အေ-တီ-စတီးဝပ်က သူ့အရောင်းကောင်တာက လူတွေကို 'ကလိမ်ကကျစ် မလုပ်ရ'ဆိုတဲ့ စည်းကမ်း ချမှတ်ထားပါတယ်။

တစ်ခါတော့ ဖောက်သည်တစ်ယောက်က

"အဆင်လှလှနှင့် အထည်အကောင်းစားတွေ ပြပါ" ဆိုပြီး လာဝယ်တာကို အညံ့စားတွေကို လက်ညှိုးထိုး ရောင်း

---

၁- **Joseph Reed**

လိုက်ပါတယ်။ ဖောက်သည်လည်း သူ့စကားကိုယုံပြီး အများကြီးဝယ်သွားတာပေါ့။

ဒါကို မြင်လိုက်တဲ့ သူဌေးကြီးက အဲဒီအရောင်းစာရေးကို လုပ်ခရှင်းခိုင်းပြီး၊ ချက်ချင်း အလုပ်ထုတ်ပစ်လိုက်တော့တာပါပဲ။

* * *

"မင်း ဘာပစ္စည်းမျှ မရောင်းလိုက်ဘူးလား"

ဘော့စတွန်က ကုန်ခြောက်ဆိုင်ထဲက ဘာတစ်ခုမျှ မဝယ်ဘဲပြန်ထွက်သွားတဲ့ အမျိုးသမီးကိုကြည့်ပြီး အရောင်းစာရေးလူငယ်ကို ဆိုင်ရှင်က မေးလိုက်တာပါ။

"သူက Middlesex ဆိုတာ လာမေးတာ။ ကျွန်တော်တို့ဆိုင်မှာမှ ရောင်းဖို့ မရှိတဲ့ဥစ္စာ"

ဒီတော့ ဆိုင်ရှင်က ဟိုဘေးကအပုံကို ပြပြီး၊

"အဲ့ဒါ Middlesex ပဲလို့ ဘာကြောင့် မပြောလိုက်တာလဲ"

"ဟာ- အဲဒါ ဟုတ်မှမဟုတ်တာပဲ ခင်ဗျ"

"အင်း- မင်းက အတော်ကို တိကျမှန်ကန်လွန်းတဲ့ လူပဲ"

"ကောင်းပါပြီလေ။ လိမ်ရောင်းမှ ကျွန်တော့်အလုပ်မြဲမယ်ဆိုရင် ခုပဲ ကျွန်တော် ထွက်တယ်ဗျာ"

ရိုးသားတဲ့ အရောင်းစားရေးလေးဟာ ခုဆိုရင် အနောက်ဘက်တစ်လွှားမှာ ချမ်းသာတဲ့ ဝုဏ်သရေရှိကုန်သည်ကြီး ဖြစ်နေပါပြီ။

* * *

အီလီနွိုက်စ်ပြည်နယ်ကို စွန့်လွှတ်လိုက်ကြောင်း အမိန့်ပြန်တမ်းတစ်ခုကို ခိုင်မာအောင် ကြိုးပမ်းချက်တစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။

ပြည်နယ်မှူးဖြစ်တဲ့ စတီဖင် အေ-ဒေါက်ဂလပ်[၁] ဟာ စပရင်းဖီးလ်က ဟိုတယ်တစ်ခုမှာ မမာမကျန်း ဖြစ်ပြီး အိပ်ရာထဲ လဲနေချိန်မှာပေါ့။ သူ့ကို ညီလာခံတက်ဖို့ ခေါ်ရာမှာ သူက အိပ်ရာပေါ်ကနေ စာရေးလိုက်ပါတယ်။

'တခြားနည်းလမ်းသာ ရှာပါ။ အီလီနွိုက်စ်ပြည်နယ်ကတော့ ပိုက်ဆံတစ်ပြားမျှ မရဘဲနှင့်လည်း ရိုးသားစွာ သစ္စာစောင့်မှာပါပဲ'

ဒီလိုနှင့် သူ့ကို အတုယူပြီး တခြားပြည်နယ်ငွေကလည်း အသိမ်းမခံ ငြင်းဆန်ခဲ့ကြတာမို့ တစ်နိုင်ငံလုံးဟာ ချက်ချင်းပဲ အမြတ်ထွက်ပြီး ကြွယ်ဝချမ်းသာခွင့် ရခဲ့ကြပါတော့တယ်။

* * *

နယူးယောက်တိုင်းမ် သတင်းစာတိုက်ကြီးပိုင်ရှင် ဂျော့ချ် ဂျုန်းစ်[၂]ကို တမ်မင်နီ လိမ်ညာမှုကြီးကို ဖုံးကွယ်ပေးဖို့ ဒေါ်လာ ၁ သန်း လာဘ်ထိုးတဲ့အခါမှာ သူက

"မကောင်းဆိုးဝါးတွေက အဲဒီထက် ကြေးပိုပေးတောင် ကျွန်တော့်ကို လေလံဆွဲလို့ ရမှာ မဟုတ်ပါဘူး" လို့ တုံ့ပြန်ခဲ့တယ်ဆိုပဲ။

သူက Tweed Ring ကုမ္ပဏီကြီးက ငွေအလွဲသုံးစာလုပ်မှုတွေကို အထောက်အထားအပြည့်စုံရထားတာဖြစ်လေတော့ သူတို့ကိုယ်သူတို့ ကာကွယ်တဲ့

၁- Stephen A. Douglas ၂- George Jones

အနေနှင့် သတင်းစာကိုဝယ်ဖို့ ကြိုးစားပါတယ်။ သတင်းစာကို ဝယ်လို့မရတော့ ပိုင်ရှင်ဖြစ်သူကို ဖြားယောင်းသွေးဆောင်ဖို့ ကြိုးစားတာပါ။ ဒါပေမယ့်- ဒီအမှုမှာ လာဘ်စားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေလည်း ပြုတ်ကုန်ကြရတော့တာပါပဲ။

* * *

သမ္မတကြီးလင်ကွန်းရဲ့ ရိုးသားဖြောင့်မတ်မှုကိုဖော်ကျူးတဲ့ အဖြစ်တစ်ရပ် ၁၈၅၆ ခုနှစ်က ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ သူ့တရားပွဲကထွက်လာတဲ့ လူတစ်ယောက် ပြောခဲ့တာပါ။

"သူပြောပြောတာတွေ ကျုပ် နားမထောင်ချင်တော့ဘူး။ သူဟာ ကျုပ်ကိုယ်ကျုပ် ယုံကြည်တာထက် ကျုပ်က သူ့ကို ပိုယုံကြည်အောင် လုပ်နိုင်တဲ့လူ ဖြစ်နေလို့ပါပဲ"

လင်ကွန်းဟာ အလုပ်သင်ရှေ့နေဘဝမှာ အတော်လေး ဆင်းရဲချို့တဲ့ ခဲ့ရသူပါ။ တစ်နေ့တော့ စာတိုက်မှူးလုပ်ခဲ့ဖူးတဲ့ ရှေ့နေလေးကို အစိုးရကို သွင်းစရာရှိတဲ့ လက်ကျန်ငွေပေးဖို့ စာတိုက်က ကိုယ်စားလှယ်လွှတ်ပြီး တောင်းခိုင်းပါတယ်။ ဒေါက်တာဟင်နရီက အဲ့ဒီကိုယ်စားလှယ်နှင့်အတူလိုက်သွားပြီး 'ငွေချေးပေးမယ်' လို့ ပြောပါတယ်။ လင်ကွန်းက ခွင့်တောင်းပြီး သူငှားနေတဲ့အိမ်ကို ပြန်သွားကာ ခြေအိတ်အဟောင်းတစ်စုံကို ယူလာပြီး ၁၇ ဒေါ်လာ ဆင့် ၆၀ နှင့်ရောင်းပြီး ပေးသွင်းခဲ့ပါတယ်။ သူက 'သူ့ပိုက်ဆံ မဟုတ်ရင် ခေတ္တခဏလေးတောင် မသုံးချင်ဘူး' ဆိုတဲ့ သဘောပါပဲ။

"ခင်ဗျား ဒေါ်လာ ၃ သောင်း အရင်သွင်းရမယ်"

ခြံမြေအမှုတစ်ခုကို လာအပ်တဲ့အမှုသည်ကို လင်ကွန်းက ပြောခဲ့ပါတယ်။

အမှုသည်က

"ကျွန်တော့်မှာ အဲဒီလောက် များများစားစားမရှိပါဘူးဗျာ" ဆိုတော့ လင်ကွန်းက

"မပူပါနှင့်။ ကျွန်တော် ရအောင် ရှာပေးမှာပါ"ပြောပြီး ဘဏ်တစ်ခုကို သွားကာ ငွေကိုင်အရာရှိကို တရားဝင်တင်ဒါလုပ်ဖို့ ဒေါ်လာ ၃ သောင်း လိုချင်ကြောင်း ပြောခဲ့သလို၊ တစ်ဆက်တည်းမှာ

"၁ နာရီ - ၂ နာရီအတွင်းမှာ ဒီငွေကို ကျွန်တော် ပြန်ပေးပါ့မယ်"လို့ အာမခံခဲ့ပါတယ်။

ငွေကိုင်အရာရှိက ငွေလက်ခံရရှိတဲ့ပြေစာတောင် မသုံးဘဲနှင့် သူ့ကို ငွေတွေ ပေးလိုက်ပါသတဲ့။

အီလီနွိုက်စ်ပြည်နယ် စပရင်းဖီးလ်က ရှေ့နေတစ်ယောက်ဟာ လင်ကွန်းအကြောင်း ပြောခဲ့တာကတော့ ဒီလိုပါ။

"မစ္စတာလင်ကွန်းဟာ အမှုသည်ဘက်က မနိုင်ဘူးထင်တဲ့အမှုမျိုးကို ဘယ်တော့မှ လက်မခံဘူး။ ဒါကြောင့်လည်း တရားသူကြီးတွေ၊ ဂျူရီတွေ၊ တရားခွင်တစ်ခုလုံးက သူလိုက်တဲ့အမှုတွေဟာ မှန်တဲ့ဘက်မှာ ရှိနေကြတယ်လို့ လက်ခံ နားလည်ထားကြစမြဲပါပဲ။ ဒါနှင့်အမျှ သူလိုက်သမျှအမှုတွေဟာ တရားသဖြင့် အနိုင်ရခဲ့ကြတာချည်းပဲပေါ့။

"ဒီစကားပြောတာဟာ ကျွန်တော် သူ့ကို နိုင်ငံရေးအရ ဖားဖားယားယား လုပ်ပြီးပြောတာ မဟုတ်ပါဘူး။ ကျွန်တော်နှင့်သူဟာ သဘောထားဝါဒ မတူကြတဲ့ ဆန့်ကျင်ဘက် ပါတီဝင်တွေပါ။ ဒါပေမယ့် အမှန်တရားမို့ ခုလို ပြောရတာ ဖြစ်ပါတယ်"တဲ့။

ရှေ့နေကြီးလင်ကွန်းဟာ မဟုတ်မမှန်လုပ်ကြံဖြားပြီး အမှုဆင်လာတဲ့ အမှုတွေဆိုလည်း လက်ခံရိုးထုံးစံ မရှိခဲ့ပါဘူး။ သူ့တွဲဖက်ရှေ့နေက အဲဒီအမှုကို လိုက်ခဲ့တဲ့နောက် အမှုနိုင်ခဲ့သလို အမှုလိုက်ခဒေါ်လာ ၉၀၀ ရခဲ့ဖူးပါတယ်။ လင်ကွန်းကို ပိုက်ဆံ တစ်ဝက်ပေးပါတယ်။ လင်ကွန်းက မယူပါဘူး။

လင်ကွန်းဟာ 'ရိုးသားဖြောင့်မတ်တဲ့ အက်ဘီ'[၂] ဆိုတဲ့နာမည်ကို အထူး တန်ဖိုးထားပြီး ဂုဏ်ယူခဲ့သူ ဖြစ်ပါတယ်။

သူဟာ စတိုးဆိုင်အရောင်းစာရေးလေး ဘဝမှာကတည်းက ဒီဂုဏ်ပုဒ်ကို ထိန်းသိမ်းခဲ့တာပါ။ တစ်ခါက မရှိနွမ်းပါးတဲ့အဒေါ်ကြီးတစ်ယောက် ဈေးလာ ဝယ်ပြီး ကျသင့်ငွေကို ပိုပေးသွားမိပါတယ်။ ဒါကို လင်ကွန်းက မိုးချုပ်လို့ ဆိုင်ပိတ်တဲ့နောက် ၆ မိုင်လောက်ဝေးတဲ့ အဒေါ်ကြီးအိမ်ကို လမ်းလျှောက်သွားကာ ပိုငွေကို သွားပေးခဲ့တယ်ဆိုပဲ။ လင်ကွန်းရဲ့ရိုးသားမှုကတော့ မော်ကွန်းတင် လောက်ပါပေရဲ့။

ချီကာဂိုမှာကျင်းပတဲ့ ပါတီညီလာခံက သူ့မိတ်ဆွေတွေက သမ္မတလောင်း အရွေးခံမယ့်လင်ကွန်းဆီကို ကြေးနန်း ရိုက်လိုက်ပါတယ်။ သူ သမ္မတလောင်း အဖြစ် အရွေးခံချင်တယ်ဆိုရင် အတိုက်အခံလုပ်နေတဲ့ ကိုယ်စားလှယ် ၂ ယောက် ကို ဝန်ကြီးရာထူးတွေပေးဖို့ လိုအပ်ကြောင်းပါပဲ။

ဒီတော့ လင်ကွန်း အကြောင်းပြန်လိုက်ပုံက-

"ဘယ်လို အပေးအယူမျှ မလုပ်လိုပါ။ ဘယ်သူ့ရဲ့အနှောင်အဖွဲ့မျှလည်း ခံမည် မဟုတ်ပါ"တဲ့။

သူ့မှာ မဲ့တစ်ပေါက်အစွန်းမခံတဲ့ သီလဂုဏ် ရှိပြီးသားကိုး။

* * *

ရိုးသားဖြောင့်မတ်မှုဟာ အဖိုးတန်တဲ့လူအဖြစ်နှင့် အဖိုးတန်တဲ့ဘဝကို ရစေမှာ မုချပါပဲ။

၁- Honest Abe

# ၄

# အစေ့ခံအလေ့အကျင့် တန်ဖိုး
# အရှင်သခင်အလေ့အကျင့် တန်ဖိုး

'အလေ့အကျင့်' ဆိုသည်မှာ ပညာဉာဏ်ကြီးကြီးနှင့် ကျွမ်းကျင်လိမ္မာစွာ ပုံသွင်းပေးပါက 'စရိုက်သဘာဝ' ဖြစ်လာပေသည်။

ဘေကွန်
**Bacon**

အလေ့အကျင့်က သူ၏သံမဏိကြွက်သားများနှင့် ချိတ်ဆွဲ၍ ဘဝကို တစ်နေ့ချင်း ဦးဆောင်ခေါ်ယူသွား၏။

လာမာတိုင်း
**Lamartine**

အလေ့အကျင့်၏ကွင်းဆက်များသည် နှလုံးသားကို မြွေတစ်ကောင်ကဲ့သို့ရစ်ပတ်ပြီး တစ်စစီ ကိုက်စားသွားတတ်သည်။

ဟက်စ်လစ်
**Hazlitt**

"ကျွန်မကလေးကို ဘယ်အရွယ်ကစပြီး လေ့ကျင့်သင်တန်းပေးရမှာလဲရှင်"
အမျိုးသမီးငယ်တစ်ဦးက ဆရာဝန်ကို မေးတော့
"မင်းကလေးက အသက် ဘယ်လောက်ရှိပြီလဲ"
"၂ နှစ် ရှိပါပြီဆရာ"
"ဒါဆို မင်း ၂ နှစ် နောက်ကျသွားပြီပေါ့"
ဆရာဝန်က အလေးအနက်ပြန်ဖြေလိုက်ခြင်းပါ။

* * *

ဒီမေးခွန်းမျိုးကိုပဲ သူဌေးကြီး အော်လီဗာ ဝင်ဒဲလ်ဟုမ်း[၁] ကိုမေးတော့၊ သူ့အဖြေက-

"သူ့အဘွားလက်ထက်ကတည်းက အစပျိုးပေးရမှာပဲ"တဲ့။

* * *

တရားဟောဆရာကြီးဘီချာ ပြောခဲ့တဲ့စကား ရှိပါတယ်။

"မစ္စစ္စပီမြစ်ဝကနေ စောင့်ဆိုင်းပြီး ဘယ်ရေတွေဟာ မြစ်နီ၊ အာကင်ဆက်စ်၊ အိုဟိုင်းအို၊ မစ်ဆူရီအပိုင် ဘယ်မြစ်ဘယ်ချောင်းတွေက စီးဝင်လာတာဆိုပြီး စစ်လို့ရပါ့မလား။

"အလားတူပဲ မြစ်ဝှမ်းကသဲတွေဟာ အယ်လန်ဂနီကလား၊ ရော့ကီးတောင်တန်းတွေကလားဆိုတာ ခွဲထုတ်လို့ဖြစ်နိုင်ပါ့မလား။

---
၁- Oliver Wendell Holms

"စရိုက်သဘာဝ ဆိုတာ ပင်မမြစ်ကြီးတစ်စင်း ဖြစ်ရင်- အလေ့အကျင့်တွေဟာ ချောင်းငယ်ငယ်တွေက စီးဝင်လာတာဖြစ်လို့ ခွဲခြားလို့ မရနိုင်ပါဘူး"

အလေ့အကျင့်ဟာ အကျင့်စာရိတ္တမှာ ဝင်ရောပြီး စွဲနေတဲ့ အဓိပ္ပာယ်ပဲပေါ့။

* * *

အပြုအမူတစ်ရပ်ကို စိုက်ပျိုးရင် အလေ့အကျင့်တွေ သီးပွင့်လာမှာပါပဲ။

အလေ့အကျင့်ကို စိုက်ရင်တော့ အကျင့်စာရိတ္တတစ်ခုကို ဆွတ်ခူးရမှာ သေချာပါတယ်။

* * *

ကောင်းတဲ့အလေ့အကျင့်တွေဟာ မိမိကိုယ် မိမိ စည်းကမ်းစောင့်ထိန်းမှုအပေါ်မှာ မှီခို အားပြုနေသလိုပဲ၊ ကလန်ကဆန်နှင့် အကျင့်ဆိုးတွေဟာလည်း ပေါင်းပင်တွေလိုပဲ ပြုစုပျိုးထောင်ပေးစရာ သိပ်မလိုဘဲ ကိုယ်ကျင့်တရားကို ဖျက်ဆီးပစ်ပါတယ်။ တစ်ရက်လောက် အမြစ်တွယ်မိရုံနှင့် ၁၀ နှစ်စာ ပျက်စီးသွားမှာပါ။

* * *

အသက်၂၅-၃၀နှစ်အရွယ် ရောက်သွားတဲ့နောက် လူတွေဟာ သူတို့မှာစွဲကပ်နေတဲ့ အမူအကျင့်တွေကို များများစားစားပြောင်းပစ်ဖို့ ခဲယဉ်းလာတာ တွေ့ရပါတယ်။

ဖြေသာစရာ တစ်ခုရှိတာက လူတစ်ယောက်ဟာ ငယ်ငယ်ရွယ်ရွယ်မှာ ကောင်းတဲ့အကျင့်ကို မကောင်းတဲ့ အကျင့်လိုပဲ မွေးမြူရတာ လွယ်ကူပြီး၊ 'သူတော်ကောင်းဖြစ်ဖို့ ခက်သလို၊ သူယုတ်မာဖြစ်ဖို့လည်း ခက်တယ်' ဆိုတာပါပဲ။

* * *

စတက်ဖို့ရှိုင်းယားသမိုင်းကို ရေးတဲ့ စာရေးဆရာတစ်ယောက်က ခပ်ကြောင်ကြောင်လူတစ်ယောက်အကြောင်းပါ ထည့်ရေးခဲ့ပါတယ်။

အဲ့ဒီလူဟာ သူတို့မြို့က နာရီစင်ကြီးနားမှာ နေသလို၊ နာရီသံကြားလိုက်တိုင်း ပျော်နေတယ်။ နာရီသံ ဘယ်နှစ်ချက်ဆိုတာလည်း လိုက်မှတ်ပြီး ရေတွက်နေလေ့ ရှိပါတယ်။ ဒီလိုနှင့် မတော်တဆ နာရီစင်ကြီး ပြိုကျသွားတာတောင် သူက အခု ဘယ်နှစ်နာရီရှိပြီဆိုတာ တန်းပြောနိုင်ပါသတဲ့။

ဒေါက်တာဂျွန်ဆင်ဟာ သူ လမ်းကိုဖြတ်တိုင်း ဓာတ်တိုင်တွေကို လက်နှင့် ပုတ်သွားတဲ့အကျင့် စွဲနေပါသတဲ့။ တစ်တိုင်လောက် လွတ်ကျန်ခဲ့ရင်ပဲ သူ့မှာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး နောက်ပြန်လှည့်ခဲ့ကာ အဲဒီဓာတ်တိုင်ကို ပြန်ကိုင်တယ် ဆိုပဲ။

* * *

မျိုးရိုးလိုက်တယ်ဆိုတာ လူတစ်ယောက်ရဲ့အလေ့အကျင့်ကနေ ခုန်ပြီး ကူးပြောင်းလာတာလို့ ဆိုကြပါတယ်။

အရက်သောက်တဲ့အကျင့်မလေ့ကို ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်က ပရော်ဖက်ဆာ ပဲလ်မင်း[၁]က အထူးလေ့လာခဲ့ပါတယ်။

သူက မူလအရက်စွဲနေသူတစ်ယောက်ရဲ့ သားသမီးမြေးမြစ်တီကျွတ်အထိ မျိုးရိုးအစဉ်အဆက် မျိုးဆက်ပေါင်း ၁၀၀ ရဲ့ အတ္ထုပ္ပတ္တိတွေကို လိုက်ကြည့်ခဲ့တာပါတဲ့။ ဒီလိုနှင့် ၁၇၄၀ ပြည့်နှစ်မှာမွေးတဲ့ ဖရော် အက်ဒါ ဂျတ်ခ်[၂]ဟာ သူခိုးမဖိုးသမားကြီးဖြစ်ခဲ့တာ တွေ့လိုက်ရပါတယ်။ သူ့သားစဉ်မြေးဆက်တွေထဲမှာ အရက်သမားတွေ၊ ဒုစရိုက်သမားတွေ၊ တိတ်တိတ်ပုန်းကလေးမွေးသူတွေ၊ သူတောင်းစားတွေ ပါခဲ့ပြီး၊ ၇ ယောက်ဟာ လူသတ်မှုနှင့် ကြိုးပေး ခံခဲ့ရဖူးတယ်ဆိုပါလား။

* * *

အိုင်းဆက်ဝပ်စ်[၃]ဆိုသူဟာ စကားပြောရင် ကာရန်နဘောတွေနှင့် ပြောတဲ့အကျင့် ရှိပါသတဲ့။ ဒါကို နားမခံသာတဲ့သူ့အဖေက အပြစ်ဒဏ် ပေးပါလေရော။ ဒီအခါမှာတောင် သူ ငိုတာက-

"ရှိခိုးပါရဲ့အဖေရာ မရိုက်ပါနှင့်ဗျာ
နောက်တစ်ခါ ကဗျာစကား မပြောတော့ပါဘူး ဗျား"တဲ့။

တရားဟောဆရာတစ်ယောက်ကတော့ သူ့ကိုယ်သူ အမွှမ်းတင်ပြီး ပုံကြီးချဲ့လွန်းတဲ့အကျင့် ရှိပါသတဲ့။ ဒါနှင့် သူ့နောင်တော်ဘုန်းကြီးတွေက လူရှေ့သူရှေ့မှာ ရှုတ်ချအပြစ်တင်ခဲ့ပါတယ်။ ဒီတွင် အဲဒီဆရာက

"ကျွန်တော့်မှာ ဒီအပြစ်ကြောင့် ငိုကြွေးခဲ့ရပေါင်း များလှပါပြီ။ ကျခဲ့တဲ့မျက်ရည်တွေဟာလည်း သမုဒ္ဒရာ ၁၀စင်းမက ရှိခဲ့ပါပေါ့ဗျာ"

၁- **Professor Pellman** ၂- **Frau Ada Jurke**
၃- **Isaac Watts**

အစွဲချွတ်မရတဲ့ တရားဟောဆရာကို လက်လျှော့ အရှုံးပေးလိုက်ကြရတာပဲ ဆိုပါတော့။

လူတွေဟာ ဟောပြောတဲ့နေရာမှာ မလိုအပ်တဲ့အပြုအမူတွေ အကျင့်ပါနေတတ်ကြပါတယ်။ စကား တစ်ခွန်းနှင့် တစ်ခွန်းကြားမှာ 'အင်း'တွေ, 'အဲ'တွေ, 'နော်'တွေ ခံနေတတ်ကြတာမျိုးပါပဲ။ တချို့ကလည်း ခေါင်းကုတ်လိုက်, နှာခေါင်းပွတ်လိုက်နှင့် မျက်စိနောက်စရာတွေ လုပ်တတ်ကြလေရဲ့။

ဒါဟာ မမြင်ရတဲ့ရေထဲမှာ မမြင်ရတဲ့ဆပ်ပြာကိုသုံးပြီး လက်ဆေးတာနှင့် မခြားပါဘူး။

* * *

"ကျွန်တော်တို့မှာ တစ်သက်လုံး အစွဲပါနေတဲ့အကျင့်တွေ ရှိတာကို **အဆက်မပြတ်** ငြင်းနေကြပါတယ်။

**တ**ရားဟောဆရာကြီး ဘီချာက ပြောတာပါ။

"လူတစ်ယောက်ဟာ သူ့မှာ ထူးခြားတဲ့စရိုက်လက္ခဏာ ရှိနေတာကို **အသက်** ၄၅ နှစ်အရွယ်တိုင်အောင် လက်မခံချင်ပါဘူး။ ဒီအချက်ဟာ မျက်နှာ **ပေါ်ကနှာခေါ**င်းလို အထင်းသားရှိနေတဲ့တိုင်အောင် မမြင်သာပါဘူး။ သူ့ကိုယ်သူလည်း လှည့်စားပြီး မသိသလို လုပ်နေတတ်ပါတယ်"

* * *

ကောင်းကင်တမန်တွေဟာ 'လူကို ဘယ်အချက်တွေအခြေခံပြီး ဖန်ဆင်းကြမလဲ'ဆိုတာ ဆွေးနွေးတိုင်ပင်ကြပါသတဲ့။

**'လူတစ်ယောက်ဟာ တစ်ကြိမ်လုပ် ပြီး**တာနှင့် ဒုတိယအကြိမ်လုပ်ဖို့လည်း **လွယ်ကူသွားသလို၊ တစ်သက်လုံးပဲ** အတွေအထူးအားမစိုက်ဘဲ လုပ်သွားပါလိမ့်**မယ်။ ဒါကိုပဲ သူတို့က 'ဖန်ဆင်းခြင်း'** လို့ ပြောကြပါလိမ့်မယ်'တဲ့။

'အလေ့အကျင့်'ဆိုတာ ကြိုတင်စီစဉ်မှုတစ်ရပ်သာ ဖြစ်ပြီး၊ 'လူ့အခြေခံသဘာဝ'ဆိုတာကို အမြဲမှတ်ထားပါ။ ဒီသဘာဝကို အင်ပြည့်အားပြည့် အသုံးချနိုင်မယ်ဆိုရင် ဘဝ တစ်လျှောက်လုံးမှာ လွယ်ကူချောမွေ့သွားမှာ အမှန်ပါပဲ။

* * *

ဆင်ခြင်တတ်တဲ့ အလေ့အကျင့်ကောင်းတစ်ခုကို မွေးမြူစောင့်ရှောက်ထား ခြင်းအားဖြင့် စိတ်လွတ်ကိုယ်လွတ် ထင်ရာစိုင်းတာတွေကို စက်ဆုပ်မုန်းတီးလာ ပါလိမ့်မယ်။ ဆင်ခြင်ဉာဏ်မသုံးဘဲ အရက်အကြောက် ကင်းမဲ့တာကတော့ ကလေး ဘဝကနေ ကြီးတဲ့အထိ သဘာဝတရားကို ဆန့်ကျင်သွေဖည်တဲ့အကျင့် စွဲပြီး ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေ ကျူးလွန်တတ်ကြပါတယ်။

* * *

ထူးထူးကဲကဲအောင်မြင်သူတွေရဲ့ ပြန်ကြားစာတွေအရ 'ဆုံးရှုံးကြရတာ ဟာ မကောင်းတဲ့အကျင့်ဆိုး ကပ်ငြိနေလို့' ဆိုတဲ့အချက်လည်း တစ်ခုအပါအဝင် ပါပဲ။

အလကားလူဖြစ်ဖို့, မြောင်းထဲရောက်သွားဖို့ ဘယ်လောက်တောင် လွယ် လိုက်ပါသလဲ။

အကျင့်ဆိုးရေစီးကြောင်းထဲ အလိုက်သင့် မျောပါသွားဖို့ဆိုတာလည်း လောကကြီးမှာ အလွယ်ဆုံးအလုပ်တစ်ခုပါ။

ကလေးကချေတွေနှင့်ပေါင်းလို့ ဘုံဆိုင်ထဲ ဝင်မိပြီဆိုရင်တော့ ဘီယာလေး တစ်ခွက်, ဖဲလေးတစ်ဝိုင်း ထိုင်လိုက်ရုံနှင့် ရှေ့လျှောက် ဘဝပျက်သွားပြီသာ မှတ်လိုက်ပေတော့။

* * *

မစ္စစ္စပီမြစ် ရေလျှံပြီဆိုရင် နယူးအော်လန်မြို့လေးဟာ ရေပြင်အောက် ၅ ပေမှ ၁၅ ပေအထိ မြုပ်သွားတတ်ပါတယ်။ မြို့ကို ရေလွှမ်းမယ့်ဘေးက ကာကွယ်ဖို့ ရေကာတာ ဆောက်ထားရပါတယ်။

၁၈၈၃ ခုနှစ် မေလမှာ ရေကာတာမှာ ရေတွေပန်းထွက်နေတဲ့ အပေါက် ငယ်လေးဖြစ်လာတာ တွေ့ရပါတယ်။ စောစောစီးစီး သဲအိတ်နည်းနည်းလောက်၊ ဒါမှမဟုတ် ဒီအပေါက်လေးကို ပိတ်လိုက်ရင်တော့ သက်သာဦးမှာပါ။ ဒါပေမယ့်- နာရီတော်တော်လေး ကြာသွားရာက ရေတွေက အဆက်မပြတ် စီးထွက်လာပါ တယ်။ နောက်ကျသွားပြီ ဆိုမှ 'ရေကာတာ အပေါက်ကို ပိတ်နိုင်ရင် ဆုငွေ ဒေါ်လာ ၅ သိန်း ပေးမယ်' လို့ ကြေညာတာတောင် ဘယ်သူမှ ပိတ်မပေးနိုင်တော့ ပါဘူး။ ရေကာတာကျိုးသွားတဲ့နောက် တစ်မြို့လုံး ရေဘေး ဆိုက်သွားရတော့ တာပါပဲ။

ဒါဟာ အမှိုက်ကစ ပြာသာဒ် မီးလောင်။ အသေးအဖွဲလေးက ဂရုမစိုက်မိရင် အန္တရာယ်ပေးပြီး ဒုက္ခရောက်နိုင်ကြောင်း သာဓကပြယုဂ်ပါပဲ။

* * *

အတွေ့အကြုံရင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပြောခဲ့တာပါ။

"လောကမှာ ကောင်းတဲ့အကျင့်အစရိုက် ၄ ခု ရှိပါတယ်။ အဲဒါတွေ ကတော့ အချိန်တိကျမှု၊ စေ့စပ်သေချာမှု၊ စိုက်လိုက်မတ်တပ်လုပ်မှု၊ အလျင် အမြန်ဆောင်ရွက်မှုပါပဲ"တဲ့။

"ပထမ ၁ ချက် မရှိရင် မချိန်အလဟသဖြုန်းတီးရာ ရောက်တယ်။ ၂ အချက် မရှိရင်တော့ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား ထိခိုက်နစ်နာမယ့်အမှားတွေ လွန်ကျူးမိမယ်။ ၃ အချက် မရှိရင် ဘယ်ကိစ္စကိုမှ ကျေနပ်အားရစရာ လုပ်နိုင် မှာ မဟုတ်ဘူး။ အကျင့်နံပါတ် ၄ မရှိရင်တော့ နောက်တစ်ခါ ပြန်ရတော့မှာ မဟုတ်တဲ့ အခွင့်အလမ်းတွေ လက်လွတ်သွားမယ်"တဲ့။

* * *

သမ္မတကြီး အေဘရာဟင် လင်ကွန်းဟာ လေ့ကျင့်အားကောင်းလို့ ရှင်းလင်းပြတ်သားတဲ့မိန့်ခွန်းတွေ၊ ကြေညာချက်တွေကို ရေးနိုင်တာ ဖြစ်ပါတယ်။

ဝင်ဒယ်လ် ဖီးလစ်[၁]ရဲ့ အင်္ဂလိပ်စာအဖွဲ့အနွဲ့တွေ အံ့သြလောက်အောင် ပြောင်မြောက်တာကလည်း အမြဲမပြတ် စဉ်းစားတွေးခေါ်ပြီး အလုပ်ခုံးသီကုံးဖို့ လေ့ကျင့်ခဲ့တာကြောင့်ပါ။

* * *

မိသားစုရဲ့ ဓလေ့ထုံးစံများက လောကကို ဩဇာလွှမ်းမိုးမှု ကြီးမားပါတယ်။ မိဘတွေရဲ့အသိုက်အမြုံက ဆင်းသက်လာတဲ့ကလေးတွေဟာ သူတို့အမွေခံလာတဲ့ အလေ့အကျင့်တွေကို သယ်ဆောင်လာတာပဲ ဖြစ်ပါတယ်။ ဒီအချက်ကို သူတို့ရဲ့မျိုးရိုးဇစ်မြစ်ကို လိုက်ကြည့်ရင် အလွယ်တကူပဲ သိနိုင်ပါတယ်။

* * *

ရုပ်ပိုင်းဆိုင်ရာအမူအကျင့်တစ်ခုဟာ ကွေးကောက်ပြီးပေါက်နေတဲ့ သစ်ပင်တစ်ပင်နှင့် တူပါတယ်၊ အဲဒီအပင်ကို လက်နှင့်ကိုင်ပြီး ဆွဲထူကာ 'မတ်စမ်း၊ ဖြောင့်စမ်း' လို့ သွားပြောလို့ မရသလို၊ သူကလည်း နာခံမှာ မဟုတ်ပါဘူး။ ဒါဆို ဘာလုပ်လို့ ရမလဲ။

သစ်ပင်နောက်မှာ ငုတ်တစ်ခုရိုက်ပြီး ဆွဲချည်ထားလိုက်ပါ။ တစ်ဘက်က အခေါက်ကို လှီးပစ်လိုက်ပါ။ ဒီလိုနှင့် လနှင့်ချီကြာသွားရင် နည်းနည်းချင်း ပြန်ဖြောင့်မတ်လာပါလိမ့်မယ်။ လစဉ်မပြတ် လုပ်ပေးလို့ ၁ နှစ်- ၂ နှစ်ကြာရင်

၁- Wendell Phillips

တော့ တည့်မတ်သွားမှာပါ။ ဒါပေမယ့် ချက်ချင်းတော့ ဖြောင့်အောင် လုပ်လို့ ရမှာမဟုတ်ပါဘူး။

* * *

ဆာ ဂျော့ချ် စတောင်တန်[၁]ဟာ အိန္ဒိယကို ရောက်နေခိုက် လူသတ်တရားခံ တစ်ယောက်ကို တွေ့ခဲ့ရပါတယ်။

အဲဒီလူသတ်သမားကို အသက်ချမ်းသာပေးခဲ့ တဲ့တိုင်အောင်၊ ကြောက်စရာ ကောင်းတဲ့အပြစ်ဒဏ်ကို ချမှတ်ထားတာကလား။ အဲဒါကတော့ 'ဆူးချွန်တွေ စိုက်ထားတဲ့ အိပ်ရာပေါ်မှာ ၇ နှစ်လုံးလုံး အိပ်စေ' ဆိုတာပါပဲ။ ဒီလူ နည်းနည်း လေးလွန့်လိုက်တာနှင့် အသားထဲကို ဆူးတွေ ဖောက်ဝင်သွားမှာပဲ ဖြစ်ပါတယ်။

သူ့ကို ဆာ ဂျော့ချ်က ၅ နှစ်လောက်အကြာမှာ သွားတွေ့ခဲ့ရတာ ဖြစ်ပြီး၊ အဲဒီလူရဲ့ အရေပြားတွေဟာ ကြံ့အရေခွံတွေလို ကြမ်းထော်မာကျောနေပါတယ်။ သူဟာ သံချွန်မွေ့ရာပေါ်မှာ သက်သောင့်သက်သာအိပ်နိုင်တာကိုလည်း တွေ့ရပြီး တအံ့တသြ ဖြစ်သွားရတာပေါ့။ ဒီအပြင် သူက 'နှစ်စေ့လို့ ထောင်ကလွတ်ရင်တောင် ခုလို ဆူးမွေ့ရာနှင့်ပဲအိပ်မယ်' လို့ ပြောလိုက်ပါသေးရဲ့။

အပြစ်ရှိသူတစ်ယောက်ရဲ့ဘဝဟာ အကြီးအကျယ်နောင်ကြဉ်အောင် သင်ခန်းစာ ရစရာပါပဲ။ သို့သော်လည်း မကောင်းမှုဆိုတာက သံချွန်ဆူးမွေ့ရာနှင့်တူပြီး၊ ထုံသွားတာနှင့် မခြားပါဘူး။ 'ဒုစရိုက်သမား'ဆိုတာကလည်း ကိုယ်ကျင့်တရား ပျက်ပြားသွားသူတွေ ဖြစ်သလို၊ လုပ်ရဲခံရဲတဲ့စိတ်တွေဝင်ပြီး မကောင်းမှုနှင့် ယဉ်ပါးသွားတဲ့ အပြစ်ပဲပေါ့။

* * *

ရေစီးကြမ်းတဲ့ နိုင်ယာဂရာမြစ်ကြီးပေါ်မှာ ကြိုးတံတားသွယ်ဖို့ ကြံကြပါတယ်။ သံမဏိကြိုးတွေကို တစ်ဖက်ကမ်းရောက်အောင် ဘယ်လိုတန်းမလဲ။

၁- Sir George Staunton

လေအပင့်မှာ စွန်တစ်ကောင် လွှတ်တင်လိုက်ပါတယ်။ ကမ်းပေါ် စွန့်ဝဲနေပြီဆိုတော့ စွန်ကို စိုက်ချလိုက်ပါတယ်။ စွန်ကြိုးကနေ ချည်ကြိုးလေး၊ ချည်ကြိုးကတစ်ဆင့် ပိုအလုံးကြီးတဲ့ ကြိုး၊ နောက်ဆုံး သံမဏိကြိုးဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆက်ပို့လိုက်ကြတာပါပဲ။ ဒီကြိုးတံတားကြီးဟာ အမေရိကန်နှင့် ကနေဒါကို ဆက်သွယ်ပေးတဲ့ ပေါင်းကူးတံတားကြီး ဖြစ်လာပါတယ်။

'အလေ့အကျင့်' ဆိုတာလည်း စွန်ကြိုးလေးနှင့်တူပြီး တစ်စထက်တစ်စ ကြီးထွားလာကာ 'တံတား' ဆိုတဲ့ စရိုက်သဘာဝတွေ အခိုင်အမာဖြစ်လာတဲ့ သာဓကပါပဲ။

* * *

ဆရာကြီး ဂျွန် ဘီ ဂိုးဂ်[၁] ပြောပြတဲ့ သာဓကပုံပြင်လေးပါပဲ။

လူငယ်တစ်စုဟာ ဖြူဖွေးပြီး ငြိမ့်ငြိမ့်လေးစီးနေလို့ အတော်လေးလှပတဲ့ နိုင်ယာဂရာမြစ်ထဲကို လှေလေးတစ်စင်း ချလိုက်တယ်။ သူတို့က မြစ်ကြောင်းအတိုင်း ပျော်ပျော်ပါးပါး စုန်ဆင်းသွားကြတာပေါ့။ ရေစီးကြမ်းလာရင်လည်း တက်မနှင့် ထိန်းပြီး ကမ်းကပ်လိုက်ရုံပဲလို့ တွက်ခဲ့ကြတယ်။ ဘာ ကြောက်စရာရှိမှာလဲပေါ့။

အတော်လေးခရီးပေါက်တော့ ကမ်းပေါ်ကအသံတစ်သံ လှမ်းအော် သတိပေးလိုက်ပါတယ်။

"ဟေ့- ချာတိတ်တွေ။ သတိထားကြနော်။ မြစ်အောက်ဘက်မှာ ရေစီး ကြမ်းတယ်ကွ"

"ဟား-ဟား- ပျင်းတောင် ပျင်းသေးဗျာ။ အနာဂတ်ဆိုတာ ဂရုစိုက်စရာ မှတ်လို့။ ဘယ်သူမျှလည်း မြင်ရတာမှ မဟုတ်ဘဲ။ တစ်နေ့တာပျော်ဖို့ပဲ အရေးကြီး တယ်။ အန္တရာယ်ဆိုတာ ရှောင်တတ်ရင် လွတ်တာပါပဲ"

"ဟေး- ချာတိတ်တွေ။ ရေစီး သိပ်ကြမ်းနေပြီ။ ဂရုစိုက်ကြ"

---

၁- John B. Gough

နောက်ထပ် သတိပေးသံတစ်ခု မဆုံးခင်မှာပဲ သူတို့လှေကလေးဟာ တစ်ဟုန်ထိုးမျောနေပါပြီ။

"တက်မကိုင်။ နောက်ပြန်ကွေ့။ အမြန်လှော်ကြ။ ကိုယ့်အသက် ကိုယ်ပြန်ကယ်ကြ။ နှာခေါင်းသွေးထွက်တဲ့အထိ အားစိုက်လှော်။ နဖူးကြောတွေ ထောင်လာအောင်လှော်။ ရွက်တိုင်ထူ။ အား- အမလေး- မရတော့ဘူး။ သိပ်နောက်ကျသွားပြီကွ"

ငယ်သံပါအောင်အော်ရင်း၊ ဆဲဆိုရင်း၊ ငိုကြွေးရင်းက သူတို့ဟာ ရေစီးထဲ တလိမ့်ခေါက်ကွေးမျောပါသွားကြရတာပဲပေါ့။

မကောင်းတဲ့အကျင့် ပါသွားကြတဲ့ လူထောင်ပေါင်းများစွာဟာ ဒုစရိုက်ရေစီးထဲ မျောနစ်သွားကြရတယ်။ 'ခလုတ်ထိမှ အမိတ' လို့ မရတော့ပါဘူး။ 'ဒီလိုမှန်းသိ မလုပ်တော့ပါဘူး' လို့ ငိုကြွေးကြပေမယ့်လည်း အချည်းနှီးပါပဲ။

* * *

ဒုစရိုက်သမားတစ်ယောက်ဟာ အကြောင်းမဲ့ဖြစ်လာတာ မဟုတ်ပါဘူး။ ရက်ပေါင်းလပေါင်းများစွာ စွဲမြဲလာတဲ့ အကျင့်ဆိုးတွေမှာ အမြစ်စွဲပြီး ရာဇဝတ် ကျူးလွန်မိတဲ့အထိ ရင့်သွားတာပဲ ဖြစ်ပါတယ်။

* * *

တစ်ခါက ပန်းချီဆရာတစ်ယောက်ဟာ 'အပြစ်ကင်းခြင်း'ဆိုတဲ့ ပန်းချီကားတစ်ချပ်ရေးဖို့ ကြံခဲ့ပါတယ်။ ကံကောင်းချင်တော့ သရုပ်ပြအနေဖြင့် သူ့မိခင်ဘေးမှာ ဒူးထောက်ဆုတောင်းနေတဲ့ ကလေးတစ်ယောက်ကို တွေ့လိုက်ရတာပါပဲ။ ကလေးငယ်ဟာ လက်အုပ်ချီလျက် အပြာနုရောင်မျက်လုံးလေးတွေကတော့

ကောင်းကင်ပေါ် မော့ကြည့်ထားပါတယ်။ ရှိသေမြတ်နိုးခြင်းနှင့် ငြိမ်းချမ်းမှုရဲ့ နိမိတ်ပုံပဲပေါ့။

ဒီပန်းချီကားလေးကို ပန်းချီဆရာက တန်ဖိုးမဖြတ်နိုင်သလို 'အပြစ်ကင်းသူ'လို့ နာမည်ပေးပြီး သူ့အိမ်နံရံမှာ ချိတ်ထားပါတယ်။

နှစ်တွေ ကြာလာပါပြီ။ ပန်းချီဆရာလည်း အသက်အရွယ် အိုမင်း လာပါပြီ။ မကြာခဏဆိုသလိုပဲ သူ့စိတ်ထဲမှာ ဆန့်ကျင်ဘက်ဖြစ်တဲ့ 'အပြစ်ရှိခြင်း' ဆိုတဲ့ ပုံရိပ်ပန်းချီကားကို ဆွဲရရင်ကောင်းမယ်လို့ တောင့်တမိပါတယ်။ ဒါပေမယ့် ရေးခွင့် မကြုံခဲ့ပါဘူး။

နောက်ဆုံးတော့လည်း သူ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ အခွင့်ကြုံခဲ့ပါတယ်။ သူ့မြို့နားက အကျဉ်းထောင်တစ်ခုကို သွားလေ့လာရင်းက ထောင်သားတစ်ယောက်ကို မြင်လိုက်ရလို့ပါပဲ။ ထောင်အကျဉ်းခန်းက ညစ်ပေနေတဲ့ ကြမ်းပြင်ပေါ်မှာ သံခြေချင်းခတ်ထားခံရတဲ့ ထောင်သားဟာ လှဲအိပ်နေပါတယ်။ သူ့တစ်ကိုယ်လုံးဟာ ပိန်ချုံးနေပြီး မျက်လုံးဟောက်ပက်ဖြစ်နေပေမယ့် ရက်စက်ယုတ်မာမှုတွေက သူ့မျက်လုံးထဲမှာ အထင်းသားပေါ်နေတယ်။

ပန်းချီဆရာက သူ့စိတ်ကူးရှိတဲ့အတိုင်း ထောင်ကျရဲ့ပန်းချီကားကို အပြီးသတ် ရေးဆွဲလိုက်နိုင်ပါတယ်။ ပြီးတော့ ဒီပုံတူပန်းချီကားတွေ အပြစ်ကင်းခြင်းနှင့် အပြစ်ရှိခြင်းကို နှိုင်းယှဉ်ပြသတဲ့အနေဖြင့် ဘေးချင်းယှဉ် ချိတ်ထားလိုက်ပါတယ်။

စင်စစ်တော့ ပန်းချီကားတွေထဲက သရုပ်ဆောင် ၂ ယောက်ဟာ တစ်ယောက်တည်းဖြစ်နေတာ နောက်မှ သိလိုက်ရပါတယ်။

တစ်ပုံက အပြစ်ကင်းတဲ့ ကလေးဘဝကပုံ ဖြစ်နေပြီး၊ နောက်တစ်ပုံကတော့ မကောင်းတဲ့အကျင့်ဆိုးတွေနှင့် တင်းကြမ်းပြည့်လာရာက အပြစ်ဒဏ်ခံရတဲ့ ဒုစရိုက်ကောင်ဘဝရဲ့ပုံ ဖြစ်နေတာကလား။

* * *

စိတ်စွမ်းအင်ဟာ တောက်ပတဲ့အပိုင်းနှင့် ထူးခြားတဲ့ အရာတွေအပေါ် အာရုံရောက်ပြီး ကွန့်မြူးတတ်ပါတယ်။ မွန်မြတ်မှုနှင့် ကျေနပ်ရောင့်ရဲမှုရှိတဲ့ အလေ့အကျင့်ဟာလည်း စိတ်ရဲ့ခံစားချက်အတိုင်း ပုံပေါ်လာတာပါပဲ။

* * *

ကြိုးတန်းလျှောက်သူတွေဟာ ကြိမ်ဖန်များစွာ အထပ်ထပ်အခါခါ လေ့ကျင့်ပြီး၊ အမြင့်ကြီးမှာ လျှောက်ပြနိုင်ကြတာပါ။

အထာကျွမ်းသွားတဲ့နောက် ကြိုးတန်းပေါ်မှာ မျက်စိပိတ်ထားပြီးတောင် လျှောက်နိုင်ကြပါတယ်။

တောင်တက်သူတွေဆိုလည်း ကောင်းကောင်းကြီးလေ့ကျင့်ပြီးမှ တောင်ထိပ်ပေါ်အရောက် တက်ကြရတာဖြစ်ပါတယ်။

ရေလှိုင်းစီးသူတွေကလည်း ထုသားပေသားကျအောင် လေ့ကျင့်ထားသူတွေ ဖြစ်ပါတယ်။

အောင်မြင်မှုနှင့် ဆုံးရှုံးမှုကို အဆုံးအဖြတ်ပေးတာဟာ အလေ့အကျင့်ပါပဲ။

* * *

**စီးကရက်စွဲသူတွေဟာ ပထမဆုံးတစ်လိပ် စ,သောက်မိရာက စွဲသွားကြတာပါ။**

**စီးကရက်ဖြတ်သူတွေဟာလည်း ပထမဆုံးတစ်လိပ်က စ,ပြီး မသောက်ဘဲနေလိုက်ဖို့ ကြိုးစားရတာပါပဲ။**

၁ ကနေ ၁ သောင်း ဖြစ်အောင် လုပ်တာ လွယ်ပေမယ့်၊ ၁ သောင်းကို ၁ ဖြစ်အောင် ပြန်လုပ်ဖို့ကတော့ မလွယ်ပါဘူး။

* * *

အရက်မူးနေတဲ့ သင်္ဘောသား ၂ ယောက်ဟာ သူတို့သင်္ဘောရှိရာ ကူးတို့လှေနှင့် သွားဖို့ ကြိုးစားခဲ့ပါတယ်။ ဘယ်လောက်ပဲလှော်လှော် သင်္ဘောက နေရာမရွေ့ပါဘူး။ ဒါနှင့် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ပြီး ချွေးဒီးဒီးကျတဲ့အထိ လှော်ခတ်ကြပြန်ပါတယ်။

အတော်ကြီးကြာတော့မှ တစ်ယောက်က လှေနံဘေးကို ငုံ့ကြည့်ပြီး

"ဟိုက်- လက်စသတ်တော့ တို့က လှေကြိုးမဖြုတ်ဘဲလှော်နေကြတာကိုး တွမ်ရဲ့" လို့ အော်လိုက်ပါတယ်။

ဒီအတိုင်းပဲ။ အကျင့်စရိုက်တစ်ခုမှာ အစွဲအလန်းကြီးပြီး မဖြုတ်နိုင်တာဟာ လှေကြိုးတန်းလန်းနှင့် လှော်နေသလိုပဲ ဘယ်လောက် ကြိုးပမ်းကြိုးပမ်း တိုးတက်မှုရမှာ မဟုတ်ပါဘူး။

ဆာ ဂျိမ်းစ် ပါဂက်[၁]က ကျွန်တော်တို့ကိုပြောခဲ့တာတော့ 'လေ့ကျင့်သားရထားတဲ့ ဂီတသမားတစ်ယောက်ဟာ ၁၀ စက္ကန့်မှာ ဂီတသင်္ကေတ ၂၄ ခုနှုန်းနှင့် စန္ဒယားတီးနိုင်ပါတယ်'တဲ့။

ဒီအတွင်းမှာ သင်္ကေတတစ်ခုချင်းဟာ ဦးနှောက်က လက်ဖျား၊ လက်ဖျားက ဦးနှောက် ဆိုသလို ကူးပြောင်းပြီး စုန်ဆန်လှုပ်ရှားနေတာပါ။ သင်္ကေတတစ်ခုကို လက်ချောင်းလေးတစ်ချောင်းက ၃ ချက် လှုပ်ရှားရသလို ၁၀ စက္ကန့်အတွင်းမှာ ၇၂ ချက် လှုပ်ရှားရတာဖြစ်ပြီး၊ အချက်တိုင်းဟာ တိကျသေချာတဲ့ နှုန်း၊ အဖိ

၁- Sir James Paget

အဖော့, တီးကွက်နေရာတွေကို သုံးရတာပါပဲ။ ဒီအချက်ကိုထောက်ရင် အလေ့အကျင့်ရဲ့ တန်ဖိုးကို ပိုသိနိုင်ပါတယ်။

* * *

တချို့လူတွေဟာ စကားပြောရင်း အလုပ်လုပ်နိုင်ကြတာ၊ ဝါ အလုပ်လုပ်ရင်းက စကားပြောနိုင်ကြတာ တွေ့ရပါလိမ့်မယ်။ ဒါဟာ အလေ့အကျင့်များလို့ ကျွမ်းကျင်မှု ရသွားကြတဲ့ အဓိပ္ပာယ်ပါပဲ။

တစ်နည်း အာရုံ ၅ ပါးရဲ့ လုပ်ငန်းစဉ်တွေကို ဦးနှောက်ကထိန်းချုပ်ပြီး မသိတသိနှင့် လုပ်သွားတာလို့ ဆိုနိုင်ပါတယ်။ ဒီသဘာဝဟာ ကြီးရင့်တဲ့အထိ တစ်သက်လုံး စွဲပါသွားတဲ့ သဘော ရှိပါတယ်။

* * *

လူတစ်ယောက် သိသိ, မသိသိ အနည်းငယ်လေးပဲ ဖြစ်ဖြစ် စွဲငြိခဲ့တဲ့အလေ့အကျင့်ဟာ တစ်သက်လုံး ပါသွားနိုင်ပါတယ်။

ဒါနှင့်အမျှ ရေမွှေးပုလင်းထဲကို ရွှံ့ပုပ်တစ်စက် ကျတာနှင့် ပျက်သွားတတ်ပါတယ်။

စရိုက်ကြမ်းပြီး အကျင့်ဆိုးရှိတဲ့ ကလေးတစ်ယောက်နှင့်ပေါင်းမိရင် ကျန်တဲ့ကလေးတွေပါ ပျက်စီးသွားကြတာကို တွေ့မြင်နိုင်တာပါပဲ။

သားသမီးမကောင်း မိဘခေါင်း ဆိုသလို မာဖီးယားဂိုဏ်းခေါင်းဆောင်တစ်ယောက်ရဲ့ မိသားစုဝင်အားလုံးလိုလို

မာဖီးယားဂိုဏ်းဝင်တွေဖြစ်ကုန်ကြတဲ့ သာဓကလည်း ရှိပါတယ်။

'တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး' ဆိုတာလည်း အကျင့်စရိုက်တွေ ကူးစက်တတ်တာကို ဆိုရိုးပြုထားတာပါ။

* * *

လူတစ်ယောက်ဟာ သူ့ကို 'လူလိမ်' လို့ စွပ်စွဲခံလိုက်ရချိန်မှာ တုန်လှုပ်သွားတတ်ကြပါတယ်။ သူ့မှာ ဒီအကျင့်ရှိမယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါဘူး။ ဒါပေမယ့် အမှတ်မထင် လုပ်ပတ်လိုးလွဲ ပြောမိတာလေးတွေကအစ သူကိုယ်သူတောင် သတိမထားမိဘဲနှင့် မုသားသမားဘဝ ရောက်ခဲ့ရတာဖြစ်ပါတယ်။ သူ့ဦးနှောက်နှင့် အာရုံကြောတွေထဲမှာ လိမ်တတ်တဲ့အကျင့်က လျှပ်စစ်ပတ်လမ်း ဆားကစ်တစ်ခုလို ပုံသွင်းပြီးသား စွဲသွားတာဆိုလည်း မမှားပါဘူး။

ဒီလိုနှင့် အကျင့်ကောင်းကို စွဲမိသူတွေဟာ အတတ်ပညာရှင်၊ အသိပညာရှင်၊ သူတော်ကောင်းတွေ ဖြစ်လာပြီး၊ အကျင့်ဆိုးကို သိမ်းပိုက်ထားသူတွေကလည်း ဒုစရိုက်သမားတွေ ဖြစ်လာတော့တာပါပဲ။

* * *

အကျင့်ဆိုးတစ်ခုဟာ ရုပ်ပိုင်းကိုရော စိတ်ပိုင်းကိုပါ သံမဏိကြိုးလို တုပ်နှောင်ထားတတ်ပါတယ်။ ဒါကို ပြုပြင်ဖို့ အကျင့်ကောင်းတစ်ရပ်ကို ပြန် မွေးမြူလေ့ကျင့်ရပါမယ်။

ဂရုတစိုက် သတိထားပြီး အမြဲလေ့ကျင့်ပေးမယ်ဆိုရင်တော့ အဲဒီအကျင့်ဆိုးကို ဖျောက်ဖျက်နိုင်မှာ မလွဲပါဘူး။

* * *

စစ်သားဟောင်းကြီးတစ်ယောက်ဟာ လက်တစ်ဖက်က အမဲခြောက်တွေဆွဲလာပြီး၊ နောက်တစ်ဖက်က ကြက်ဥခြင်း ကိုင်လာပါတယ်။ ဒီအခိုက်မှာ တစ်ယောက်ယောက်က 'ရပ်။ အလေးပြု' လို့ ရုတ်တရက်အော်လိုက်တော့ အဖိုးကြီးဟာ ရပ်လိုက်ပြီး လက်ထဲက အမဲခြောက်တွဲနှင့် ကြက်ဥခြင်းကို ကယောင်ကတမ်းလွှတ်ချလိုက်ကာ သတိဆွဲပြီး အလေးပြု လိုက်ပါသတဲ့။

စိတ်ထဲစွဲနေတဲ့အကျင့်က ရုပ်ပိုင်းကို လွှမ်းမိုးပြီး အာရုံကြောတွေကို လှုပ်ရှားနိုင်းလိုက်တာပါပဲ။

* * *

မကောင်းတဲ့အကျင့်တစ်ခုကို ဘယ်နည်းနှင့် ဖျောက်ဖျက်ရပါ့မလဲ။ ဒီအကျင့်က ကိုယ်ကို နှောင်ဖွဲ့ထားပြီ ဆိုပါတော့။

ဘယ်လိုပဲ အော်ဟစ်ရုန်းကန်ပေမယ့် မလွတ်သာပါဘူး။ ဘာပဲဖြစ်ဖြစ် အထပ်ထပ်ရစ်ပတ်ထားတဲ့ နှောင်ကြိုးတွေကို တစ်ရစ်ချင်း ပြန်ဖြေပစ်ရမှာပဲ။ ဘယ်အကူအညီမျှ မပါဘဲ ကိုယ်တစ်ယောက်တည်း ဒီအကျဉ်းတိုက်ကြီးကို ပြန်ဖြိုပစ်ရမှာပေါ့။ ဒါမှလည်း အကျင့်ဆိုးက လွတ်မြောက်ပြီး အပြစ်ကင်းတဲ့ လူတစ်ယောက်ဘဝကို ရပါလိမ့်မယ်။

# ၇

# အသေးအဖွဲလေးများ

**တိုင်းပြည်တစ်ပြည်၏ ကံကြမ္မာသည်**
**စကားတစ်ခွန်းအပေါ်တွင် မူတည်နေတတ်၏။**

ဝင်ဒဲယ် ဖီးလစ်
**Wendell Phillips**

**ပင့်ကူမျှင်လေးတစ်မျှင် တွယ်မိရုံနှင့်**
**ပင့်ကူအိမ်ကြီးဖြစ်လာမှာ**
**သေချာသည်။**

ဝှစ်တီးယား
**Whittier**

အနည်းငယ် သီးခံစိတ်ရှည်လိုက်ပါက ဘဝ နေရောင်ခြည် ဖြာလာပေလိမ့်မည်။ အနည်းငယ်သော မေတ္တာပေးခြင်းဖြင့် အလွန်ပျော်ရွှင်ချမ်းမြေ့သော သီရိဂေဟာဖြစ်အောင် လုပ်နိုင်သည်။

အနည်းငယ်မျှ စွန့်ကြဲပေးကမ်းရုံမျှဖြင့် ပီတိသုခ ခံစားရမည်သာ ဖြစ်၏။

ဆန်ဖရန်စစ္စကိုပို့စ် သတင်းစာကြီးမှာပါတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါ။

တစ်ခါက သူတို့မြို့က လက်ကားဆိုင်ကြီး တစ်ဆိုင်က စာရင်းကိုင်တစ်ယောက်ဟာ စာရင်းတွေမကိုက်တဲ့အတွက် ၃ ပတ်လုံးလုံး ညမအိပ်တမ်း စာရင်းတွေ ပြန်စစ်နေမိပါသတဲ့။ ဒေါ်လာ ၉၀၀ ကွာနေတာကို လိုက်ရှာနေတာပဲ ဖြစ်ပါတယ်။ သူဟာ ပေါင်းလိုက်နုတ်လိုက်နှင့် ချာချာလည်ပြီး ရူးမတတ်ပါပဲ။ နောက်ဆုံး သူဟာ 'ကနေဒါက စိတ်ဆေးရုံပဲ တက်ရမလား။ သူ့ကိုယ်သူပဲ သတ်သေရကောင်းမလား'ဆိုတဲ့စိတ်တွေ ဝင်လာပါတော့တယ်။ ဆိုင်မန်နေဂျာက သူ့ကိုယ်သူ ယုံကြည်မှုရှိအောင် အားပေးပြီး ၂ ယောက်သား စာရင်းစာအုပ်တွေထဲ ဝိုင်းရှာကြပါတယ်။ ဒါပေမယ့် ဒေါ်လာ ၉၀၀ ကတော့ လိုငွေ ပြနေတုန်းပါပဲ။

ဒီလိုနှင့် ဆိုင်ရှင်သူဌေးကို အသိပေးပြီး ဝင်ငွေ၊ထွက်ငွေစာရင်းတွေ ပြန်စစ်ကြရောဆိုပါတော့။ ဒီအခါမှာ

'ဒေါ်လာ ၁၀၀၀ ဖြစ်ရမယ့်အစား ဘာဖြစ်လို့ ၁၉၀၀ ဖြစ်နေရတာလဲ'

စာရင်းသွင်းထားတဲ့ အမှားတစ်ခုကို ဆိုင်ရှင်က ထောက်ပြလိုက်ပါတယ်။

ဟုတ်ပါရဲ့။ သူတို့ သေသေချာချာ ပြန်စစ်ကြည့်လိုက်တော့မှ စာရင်းစာအုပ်ကြားမှာ ယင်ကောင်တစ်ကောင်ညပ်ပြီး သေနေတာနှင့်၊ ခြေထောက်တစ်ချောင်းက ၁ နောက်က သုညတစ်လုံးမှာသွားကပ်ပြီး တစ်ချောင်းငင်တပ်ပေးလိုက်သလို ဖြစ်နေရာက '9'ဂဏန်းဖြစ်နေတာ တွေ့လိုက်ရတာကလား။ ဘာမဟုတ်တဲ့ အသေးအဖွဲလေးက ဒုက္ခပေးလိုက်တာလေ။

* * *

'ဂျိမ်းစ်ဝပ်'[၁] ဆိုတဲ့ လူငယ်လေးဟာ မီးလင်းဖိုဘေးထောင့်က ခုံရှည်ပေါ်ထိုင်ရင်း ညစာစားဖို့ စောင့်နေချိန်မှာ တစ်ကမ္ဘာလုံးဟာ 'ချောင်းရေထဲမှာ လျှပ်စစ်စွမ်းအင်တွေရှိမှန်း' မသိကြသေးပါဘူး။ ဂျိမ်းစ်ဝပ်က အမှတ်မထင် ရှာတွေ့ခဲ့ရာက ရေနွေးငွေ့သင်္ဘောတွေ၊ ရထားစက်ခေါင်းတွေ၊ ထောင်သောင်းချီတဲ့ စက်ရုံတွေ ပေါ်ထွန်းခဲ့ရတာ ဖြစ်ပါတယ်။

ဒါကတော့ အသေးအဖွဲတွေ့ရှိချက်လေးကနေ အကျိုးပြုတဲ့ သာဓကပေါ့။

အသေးအဖွဲဖြစ်ရပ်လေးတွေက ကြီးမြတ်တဲ့ဘဝကို ဖန်တီးခဲ့တယ်ဆိုတာ လက်ခံဖို့ အခဲယဉ်းဆုံးအရာတစ်ခုပါပဲ။ သေရေးရှင်ရေးကိစ္စတွေ၊ ကြီးကျယ်တဲ့ ဖြစ်ရပ်တွေဟာ ဖြစ်တောင့်ဖြစ်ခဲ ကြုံနေကျပါပဲ။

---

၁- James watt

သာမန်တောင်ကျစမ်းလေးကနေ ချောင်းဖြစ်၊ ချောင်းတွေ ပေါင်းဆုံရာကနေ မြစ်၊ မြစ်တွေ စုစည်းစီးဆင်းတဲ့အဆုံးမှာ ပင်လယ်၊သမုဒ္ဒရာတွေ ဖြစ်ခဲ့တာပဲ မဟုတ်ပါလား။

* * *

နာမည်ကျော် ဇီဝသိပ္ပံပညာရှင်ကြီး ဟမ်းမို့ဇ်[၁]ဟာ လူငယ်မှာပဲ 'တိုက်ဖွိုက်'[၂] ခေါ်တဲ့ အူရောင်ငန်းဖျားရောဂါကြောင့် အိမ်တွင်းအောင်းဘ၀ ရောက်ခဲ့ရပါတယ်။ ဒီတွင် ရှိစုမဲ့စုငွေလေးနှင့် မိုက်ခရိုစကုပ် (အဏုကြည့်မှန်ပြောင်း) ဝယ်ခဲ့ရာက သိပ္ပံပညာနယ်ပယ်ထဲ ရောက်သွားပြီး ထိပ်တန်းပိုးမွှားဗေဒပညာရှင်ကြီး ဖြစ်ခဲ့ရပါတော့တယ်။

* * *

ချောမောလှပတဲ့မျက်နှာလေးနှင့် ချစ်စရာအပြုံးလေးက ထရွိုင်မြို့ကြီးကို ၁၀ နှစ်ကြာ ဝန်းရံတိုက်ခိုက်ရတဲ့ စစ်ပွဲကြီးဆီ ဦးတည်ခေါ်ဆောင်သွားရာက ကဗျာဆရာကြီးဟိုးမား[၃]အဖို့လည်း မော်ကွန်းကဗျာရှည်ကြီး ရေးဖွဲ့စရာ ဖြစ်ခဲ့တာကလား။

* * *

'မိုဒီနားရဲ့ ရေပုံး' ဆိုတဲ့ ပန်းချီကားဟာ ပိုက်စ်ကင်း[၄]ရဲ့ 'ရန်ပွဲအစ'[၅] ဆိုတဲ့စကားကို သရုပ်ဖော်ထားတာပါပဲ။

---

၁- **Helmholtz** ၂- **Typhoid fever** ၃- **Homer**
၄- **Wise King** ၅- **beginning strife**

၁၀၀၅ ခုနှစ်က မိုဒီနာမှာ တပ်စွဲထားတဲ့ နေသဟာယ မဟာမိတ်စစ်တပ်တွေက ဘိုလိုနာပြည်နယ် အများပိုင်ရေတွင်းထဲက ရေတစ်ပုံးကို ခပ်ပြေးခဲ့ကြပါသတဲ့။ ရေတစ်ပုံးက ၁ ဒေါ်လာလောက်သာတန်ပေမယ့် ဘာမဟုတ်တာလေးနှင့် အငြင်းပွားခဲ့ကြရာက အနှစ် ၂၀ ကြာစစ်ပွဲကြီး ဖြစ်ရတဲ့ အထိပါပဲ။

* * *

ခရိုင်းမီးယားစစ်ပွဲကြီးမှာ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ အမြောက်အမြား ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ အင်္ဂလန်၊ ပြင်သစ်၊ တူရကီ၊ ရုရှား ဆိုတဲ့ မဟာအင်အားကြီး နိုင်ငံ ၄ ခု ပါဝင်တိုက်ခိုက်ခဲ့တဲ့ အဲဒီစစ်ပွဲကြီးဟာ သော့ကလေးတစ်ချောင်းအပ်နှံဖို့ ငြင်းဆန်ခဲ့တာကို အကြောင်းပြုပြီး ဖြစ်ခဲ့ရတာလို့ ဆိုပါတယ်။

ဖြစ်ပုံက ဂျေရုစလင်မှာရှိတဲ့ ဟိုးလီး စီပူလ်ချာ ဘုရားကျောင်း[၁] မှာ ဌာပနာ တိုက်တစ်ခု ရှိပြီး၊ ဂရိဘုရားကျောင်းက သော့ခတ် အပိုင်စီးထားလိုက်ပါတယ်။ ဒီသော့ကိုပေးဖို့ ငြင်းဆန်တဲ့နောက် လက်တင်ဘုရားကျောင်းက စိတ်ဆိုးသွားပါတယ်။ ပဋိပက္ခတွေ ပြင်းထန်လာရာက ဂရိဘက်က ရုရှားတွေ ပါလာသလို၊ လက်တင်တွေဘက်က ပြင်သစ်တွေ ဝင်ပါလာတာနှင့် ပြဿနာတွေ ကြီးထွားလာပါတယ်။

ရုရှားတွေက တူရကီကို ဘုရားကျောင်းပြန်ပြင်ပေးဖို့ ပြောတော့လည်း တူရကီက ငြင်းဆန်တဲ့အတွက် အခြေအနေက ပိုဆိုးသွားပြန်ပါတယ်။ တူရကီရဲ့ မဟာမိတ် အင်္ဂလန်က ဝင်ပါလာသလို၊ ရုရှားနှင့်ဆန့်ကျင်ဘက် ပြင်သစ်နှင့် ပေါင်းလိုက်ပါရော။

---

၁- **Holy Sepulcher**

အသေးအဖွဲလေးကို ရှေ့တန်းတင်ပြီး ရန်မီးပွားခဲ့ရာက မာလာကော့ဖ်မြို့ သိမ်းတိုက်ပွဲကြီးရယ်လို့ ဖြစ်ခဲ့ရပြန်ပါတယ်။ ဒီလိုနှင့် ဆီဘက်စတိုပိုမြို့ပြင် ကတုတ်ကျင်းတွေမှာ သူ့ရဲကောင်းတွေ ထောင်ချီပြီး သေကြေခဲ့ရပါပကော။

* * *

ပြင်သစ်ရာဇဝင် ပြောင်းသွားပြီး တန်ခိုးအာဏာကြီးမားတဲ့မင်းဆက် ပြုတ်သွားရတာ ဝိုင်အရက်တစ်ခွက်ကြောင့်ဆိုလျှင် ယုံနိုင်စရာပင် မရှိ။ ဒါပေမယ့် တကယ်ပါ။ ယုံလိုက်ပါ။

လူးဝစ္စဖိးလစ်ပီ ဘုရင်ကြီး[၁]၏ ထီးမွေခံသားတော် အော်လင်းမြို့စားလေးဟာ သူ့အပေါင်းအသင်းတွေနှင့် မနက်စာစားရင်း အရက်တွေ **အလွန်အကျွံသောက်မိတယ်။** တစ်ခွက်ပြီး တစ်ခွက်နှင့် ဘယ်လောက်များသွားသလဲ **မသိပါဘူး။ လူရှင်းခွဲပြီးအပြန်** လမ်းမှာ မြင်းတွေလန့်ပြီး သူစီးလာတဲ့ရထား **မှောက်မလိုဖြစ်သွားတာနှင့် အိမ်ရှေ့မင်းသားလည်း** ကြောက်**အားလန့်အားခုန်ချလိုက်တယ်။ အရက်မူးလွန်နေတော့** သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ **ကျောက်လမ်းပေါ်** ဟပ်ထိုး**ကျသွားတယ်။** ကျောက်တုံးနှင့် ခေါင်း ဆောင့်မိပြီး **သတိမေ့သွားရာက** အိမ်ပြန်ရောက်ပြီး နာရီပိုင်းအကြာမှာ **သေသွားတာပါပဲ။**

အရက်တစ်ခွက်သာ ပိုမသောက်မိရင် **သူ မြင်းရထားပေါ်က ခုန်ချမိမှာ** မဟုတ်သလို၊ ခုန်ချတဲ့တိုင်အောင် ခြေချော်လဲမှာ **မဟုတ်ပါဘူး။ ခုတော့ အရက်**တစ်ခွက်ကြောင့် အသက်ဆုံးရှုံးရတဲ့အပြင် **သူ့မိသားစုလည်း ပြည်နှင် ခံရတဲ့အပြင်၊** စည်းစိမ်ချမ်းသာတွေအားလုံးလည်း **အသိမ်းခံလိုက်ရပါတော့တယ်။**

* * *

၁- King Louis Philippe

လွန်ခဲ့တဲ့အနှစ် ၅၀ လောက်က မထင်မရှားခရီးသွားတစ်ယောက်ဟာ အင်္ဂလန်မြောက်ပိုင်းက ရွာထမင်းဆိုင်လေးမှာ ဝင်နားနေမိပါတယ်။ အဲဒီတုန်းမှာ စာပို့သမားတစ်ယောက်က ဆိုင်ရှင်အမျိုးသမီးကို စာတစ်စောင်လာပို့တာ တွေ့ရတယ်။ အမျိုးသမီးက စာအိတ်ကိုယူပြီး ဟိုကြည့်ဒီကြည့်လုပ်တယ်။ နောက် 'တံဆိပ်ခေါင်းဖိုး ၂ သျှိလင်ပေးစရာ မရှိလို့' ဆိုပြီး ပြန်ပေးလိုက်တယ်။ စာက တံဆိပ်ခေါင်းမှ ကပ်မထားဘဲကိုး။

ဒီတင် ခနခရီးသည်က တံဆိပ်ခေါင်းဖိုး စိုက်ရှေးပေးလိုက်တယ်။ စာပို့သမားပြန်သွားတော့မှ ဆိုင်ရှင်အမျိုးသမီးက စာထဲမှာ ဘာမှ ရေးမထားကြောင်း၊ သူနှင့် ရပ်ဝေးက သူ့အစ်ကိုတို့ဟာ စာအိတ်ပေါ်က သင်္ကေတအရ မာကြောင်းသာကြောင်းသိအောင် လုပ်ထားကြောင်း၊ စာပို့ခ မတတ်နိုင်လို့ ခုလို ကြံဖန်ထားကြောင်းတွေ ဖွင့်ပြောလိုက်ပါတယ်။

တကယ်တော့ အဲဒီခရီးသည်ဟာ လွှတ်တော်အမတ် ရိုလန်ဟီးလ်[၁] ဖြစ်နေပြီး စာပို့ခများတာကို လျှော့ချဖို့လိုအပ်တာ သဘောပေါက်လိုက်ပါတယ်။ သူ မြို့ကို ပြန်ရောက်ရောက်ချင်းမှာပဲ စာပို့ခသက်သာဖို့ အဆိုတစ်ရပ် တင်သွင်းလိုက်တော့တာပါပဲ။ ဒီလိုနှင့် အသေးအမွှားဖြစ်ရပ်လေးက အင်္ဂလန်တစ်ပြည်လုံးကို ချမ်းသာခွင့်ပေးလိုက်တယ် ဆိုရမှာပါပဲ။

* * *

ဗိုလ်ချုပ်ကြီး ဂရန့်[၂]ပြန်ပြောတဲ့ဇာတ်လမ်းလေးမှာ သူ့အမေက အိမ်နီးချင်းတစ်အိမ်မှာ ထောပတ်နည်းနည်း သွားချေးခိုင်းလိုက်တာနှင့် အစပျိုးပါတယ်။ အဲဒီအိမ်မှာ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်က ဗိုလ်လောင်းခေါ်တဲ့စာ ဖတ်နေသံကို ကြားလိုက်ရတယ် ဆိုပဲ။ ဒါနှင့် သူလည်း အိမ်ပြန်လာပြီး လျှောက်လွှာတင်လိုက်ရာက အရွေးခံ

၁- **Rowland Hill**

၂- **General Grant**

နဲ့ရတာပေါ့။ သူ သင်ခဲ့ရတဲ့စစ်ပညာဟာ စစ်မက်အရေးကြုံတဲ့အခါ တိုင်းပြည်ကို ကယ်တင်နိုင်ခဲ့တာပါပဲ။ အရင်းစစ်လိုက်တော့

သူ ဗိုလ်ချုပ်နှင့် သမ္မတ ဖြစ်ခဲ့ရတာဟာ အိမ်မှာ ထောပတ်ကုန်သွားတဲ့ ကိစ္စလေးကြောင့်ပါလို့ ပြောနေကျ။

* * *

မြင်းလှည်းတစ်စီး မှောက်တဲ့ကိစ္စက 'ဝါရှင်တန်' ရယ်လို့ အမေရိကန်ပြည်ထောင်စုမှာ မွေးဖွားခဲ့ရပါတယ်။

သင်္ဘောတွင်းသမားတစ်ယောက် တွင်းပိတ်မိတဲ့အဖြစ်က ပ...ကြုံလာနီယမ်သတ္တုကို တွေ့စေခဲ့ပါတယ်။

မြောက်ဘက်ကို စွန့်စားသွားသူတွေရဲ့ လမ်းကြောင်းအမှားကြောင့် မက်ဒါရီးယားကျွန်းကို ရှာတွေ့ခဲ့တာပါ။

* * *

ချီကာဂိုမြို့မှာ ပန်းသီးခွဲနေတဲ့ လူငယ်တစ်ယောက်ဟာ သူ့လက်ဖဝါးကို ဓားရှသွားပါတယ်။ ပေါ့ပေါ့တန်တန် နေလိုက်မိလို့ မေးခိုင်ပိုးဝင်ပြီး ၁၀ ရက်အကြာမှာ သေသွားပါရောလား။

ဖီလာဒယ်ဖဲယားက လူတစ်ယောက်ဆိုရင်လည်း အိပ်ရာပေါ်က ခုန်အဆင်း သံမှိုလေးစူးပြီး ၁ ပတ်အတွင်း သေသွားတော့တာပါပဲ။

ပန်းရွှေပြည်စာအုပ်တိုက်

စက္ကူခေါက်နေတဲ့ လူတစ်ယောက်ကတော့ လက်ချောင်းကို စက္ကူအနား ရှပြီး ကွဲသွားရာက သွေးဆိပ်တက်လို့ သေသွားပါသတဲ့။

သူလိုပဲ ကြောက်စရာကောင်းတဲ့ သွေးဆိပ်တက်တဲ့ ရောဂါနှင့် သေရသူကတော့ လက်သည်းကိုက်တဲ့အကျင့် ပါနေသူ တစ်ယောက်ပါ။ သူကလည်း ၂ ပတ်အတွင်း သေသွားတယ်လို့ မှတ်တမ်း ရှိပါတယ်။

နယူးယောက်က ဂုဏ်သရေရှိလူကြီးတစ်ယောက်ဟာ မျက်လုံးထဲကို ဖုန်မှုန့်လေး ဝင်သွားပါတယ်။ သူက အမှတ်တမဲ့ ပေါ့ဆခဲ့ရာက ရက်တွေကြာပြီးမှ မျက်စိဆရာဝန်ကို သွားပြတော့ အများကြီး နောက်ကျသွားပါပြီ။ ရောဂါပိုးဝင်ပြီး မျက်လုံး ၂ ဖက်စလုံး ယောင်ကိုင်းနေရာက တစ်ပတ်အကြာမှာ သေဆုံးသွားပါလေရော။

အင်္ဂလန်ကအမျိုးသားတစ်ယောက်ကလည်း နားသယ်ထိပ်က ဆံပင်ဖြူတွေကို သူ့ရည်းစားသဘောကျ နုတ်ခွင့်ပေးလိုက်မိပါတယ်။ ဦးရေပြားမှာ မဆိုသလောက်လေး ယောင်လာတယ်။ အယောင်မလျှော့တဲ့အဆုံး ဆရာဝန်ဆီပြေးပေမယ့် တစ်ပတ်ပဲ အသက်ရှင်လိုက်ပါသတဲ့။

အင်္ဂလန်မင်းသားရဲ့သားလေးဟာ ဆုံဆို့နာပေါက်လို့ အပြင်းဖျားနေရာက သူ့အမေကို နမ်းခိုင်းလိုက်ပါတယ်။ မိခင်

ခမျာ အနမ်းတစ်ချက်နှင့် အသက်ပါ ပေးလိုက်ရတဲ့အဖြစ် ဆိုက်သွားပါတယ်။

i နှင့် t ကို သဲသဲကွဲကွဲ မရေးမိတာကြောင့် စည်းစိမ် ပြုတ်သွားရတာမျိုး ရှိသလို၊ ခလုတ် မပိတ်မိတာကြောင့် တစ်ကိုယ်လုံး ပြာကျသွားရတဲ့အပြင် လူတွေ မီးဘေးဒုက္ခသည် ဘဝ ရောက်ရတာလည်း ဒုနှင့်ဒေး။

ကလေးတစ်ယောက် မီးခြစ်ဆော့ရာက ရာပေါင်းများ စွာသောလူတွေ အိုးပြုတ်အိမ်ပြုတ်နှင့် ဘဝပျက်သွားရတာ လည်း ရှိပါသေးရဲ့။

မြေပေါက်စကလေးပေမယ့် အဆိပ်ပြင်းသလို၊ သေး ငယ်တဲ့ အပြစ်၊ အမှားလေးကလည်း ကြီးမားတဲ့ဆိုးကျိုးတွေ ပေးနိုင်တာ သတိချပ်ဖို့ပါပဲ။

* * *

'အသေးအဖွဲကလေး' ဆိုပြီး အထင်သေးလို့မရတာ အမှန်ပါ။ တစ်ခုတော့ ရှိပါတယ်။

'အသေးအဖွဲကို ဂရုစိုက်' ဆိုပေမယ့်၊ 'ဆန်စဉ်ရာ ကျည်ပွေ့လိုက်' ဆိုသလို အစစအရာရာ အသေးစိတ်လိုက်ပြီး စိုးရိမ်ကြောင့်ကြမှုလွန်ကဲနေရင်တော့ အောင်မြင်မှုပန်းတိုင်ကို ရောက်မှာ မဟုတ်ပါဘူး။

ဆိုလိုရင်းကတော့ 'အသေးအဖွဲတွေကို ပေါ့ပေါ့ဆဆ မမှတ်ပါနှင့်။ ဂရုစိုက် သင့်သလောက် စိုက်ပါ' ဆိုတာပါပဲ။

ဒါကို စာရေးဆရာကြီး ချားလ်စ် ဒစ်ကင်း ကလည်း အတည်ပြုခဲ့ပါတယ်။ အခါတစ်ပါးမှာ ဆရာကြီးကို လူတစ်ယောက်က

"ပါရမီရှင်ဆိုတာ ဘယ်လိုလူပါလဲ"လို့ မေးပါတယ်။

ဆရာကြီးရဲ့အဖြေကတော့

"အသေးအဖွဲလေးတွေကို 'အသေးအဖွဲ'လို့ မမှတ်ဘဲ သတိထား ဂရုစိုက်တတ်တဲ့ လူပေါ့ကွ"

* * *

ဒပ်ချ်လူမျိုး မျက်မှန်လုပ်သူတစ်ယောက်ရဲ့သားလေးဟာ ညီအစ်ကို မောင်နှမတွေနှင့်အတူ မှန် ၂ ချပ်ကိုထပ်ပြီး ကစားလိုက်မိရာက ဘုရားကျောင်း အမိုးကြီး သူတို့အနား ကပ်လာတာကို တအံ့တသြတွေ့ခဲ့ရပါတယ်။

သူတို့ တစ်ယောက်တစ်လှည့်ကြည့်ကြရာက အံ့သြကုန်ကြရပြီး၊ သူတို့ အဖေကို ခေါ်ပြကြပါသတဲ့။

အဖေဖြစ်သူလည်း အံ့အားသင့်သွားရာက လူကြီးတွေအတွက် သိပ္ပံကစား စရာတစ်ခုလုပ်ပြီး အမြတ်ထုတ်ဖို့ အကြံ ရလိုက်တော့တာပါပဲ။

သူက အီတလီ သိပ္ပံဆရာကြီး ဂယ်လီလီယို[၁]ကို သွားတိုင်ပင်တဲ့အခါ နက္ခတ်ပညာရှင်တွေအတွက် အဖိုးတန်မယ်လို့ သိလိုက်ပါတယ်။

---
၁- Galileo

ဒီလိုနှင့် အချင်း ၃ လက်မရှိတဲ့ မှန်ဘီလူးများနှင့် အနီးအဝေး၊ အတိုးအလျှော့ ညှိပြီးကြည့်နိုင်တဲ့ နက္ခတ်ကြည့်မှန်ပြောင်းကို တီထွင်နိုင်ခဲ့တော့တာပါပဲ။

* * *

ခြေတစ်ဖက်မသန်တဲ့ လူတစ်ယောက်။ ပစ်စဘတ်လမ်းပေါ်မှာ လျှောက်လာပါတယ်။ ပလက်ဖောင်းလမ်းတွေက ရေညှိတက်ပြီးချောနေတော့ အဲ့ဒီလူ ချော်လဲသွားပါတယ်။

လွင့်သွားတဲ့ဦးထုပ်ကို ချာတိတ်လေးတစ်ယောက်က ကားလမ်းပေါ် ကန်ထုတ်ပစ်လိုက်ပါတယ်။ နောက် ချာတိတ်တစ်ဦးကတော့ လဲနေသူကို ပြေးထူပြီး တည်းခိုရာဟိုတယ်ရောက်အောင် လိုက်ပို့ခဲ့ပါတယ်။

ခြေမသန်သူက ကျေးဇူးတင်စကားပြောရင်း ချာတိတ်ရဲ့နာမည်နှင့် လိပ်စာတွေ မေးထားပါတယ်။ တစ်လလောက်အကြာမှာ ချာတိတ်ဆီကို စာတိုက်က ဒေါ်လာ ၁၀၀၀ ပို့လိုက်တာပါပဲ။

ချာတိတ်လေးက အသေးအဖွဲလေး ကူညီခဲ့တာပါ။ ဒါပေမယ့် သူ့စေတနာက အကျိုးထူးခဲ့ပါတယ်။

* * *

ဂရုဏာ၊မေတ္တာစကားတွေဟာ ပေါ့သေးသေးထင်ရပေမယ့် အတိဒုက္ခရောက်နေသူတွေအတွက် အားဆေးဖြစ်ပြီး အသက်ပေါင်းများစွာကို ကယ်တင်နိုင်သလို၊ ကမ္ဘာကြီးရဲ့ အသွင်အပြင်၊ အမြင်တွေကိုပါ ပြောင်းလဲပစ်နိုင်စွမ်း ရှိတယ်လို့ ဆိုရပါမယ်။

* * *

အီတလီပန်းပုဆရာကြီး ကင်နိုဗာ[၁]ဟာ ကျောက်ပန်းပု ရုပ်ကြီးတစ်ရုပ် အပြီးသတ်ထုနေတာကို လူတစ်ယောက်က ဘေးက ထိုင်ကြည့်နေပါတယ်။

ဆောက်သေးသေးကလေးကိုသုံးပြီး သစ်သားတူနှင့် ပါးပါးလေး အချောသပ်နေတာပဲ ဖြစ်ပါတယ်။ ဘေးလူအမြင် မှာတော့ လူအထင်ကြီးအောင် သက်သက်မဲ့ လုပ်ပြနေတာလို့ ထင်မြင်နေပါတယ်။

ဒါကိုရိပ်မိလိုက်တဲ့ ပန်းပုဆရာကြီးက

"ကိုယ့်လူအထင်သေးနေတဲ့ ဆောက်ချက်လေးတွေ ဟာ ဖြစ်ကတတ်ဆန်းလုပ်သူတစ်ယောက်ရဲ့ ရှုံးနိမ့်မှုနှင့် အနု စိပ်ခြယ်မှုန်းတတ်တဲ့ ဆရာတစ်ဦးရဲ့ အောင်မြင်မှု ကွာခြားပုံကို ပြနေတာပဲကွ" လို့ ပြောလိုက်ပါတယ်။

ဆရာကြီးဟာ နပိုလီယမ်ရုပ်ထုကြီး ထုလုပ်ခဲ့သူလည်း ဖြစ်ပါတယ်။ အဲ့ဒီမတိုင်ခင်က နပိုလီယမ်ရုပ်တုကြီး ထုဖို့ ပါရိုကျွန်းက ကျောက်ဖြူတုံးကြီးတစ်တုံးကို ငွေကုန်ကြေးကျ ခံပြီး သယ်ပို့ခဲ့ပါသေးတယ်။ ဆရာကြီးက ကျောက်တုံးပေါ်မှာ ဒဏ်ရာသေးသေးလေးထင်နေတာကို တွေ့ပြီး၊ 'မထုနိုင်ဘူး' လို့ ငြင်းပယ်ခဲ့ဖူးတာကလား။

* * *

တွက်ချက်လေ့လာမှုတွေအရ စပါးစေ့လေးတစ်စေ့က ၁ နှစ်အတွင်း အစေ့ ၅၀ ထုတ်နိုင်ပြီး၊ အဲ့ဒီကတစ်ဆင့်

၁- Canova

မျိုးပွားလိုက်တဲ့နှုန်းအလိုက် တွက်ချက်လိုက်တဲ့အခါ ၁၂ နှစ် အကြာမှာ လူတွေကို ရာစုနှစ်နှင့်ချီပြီးကျွေးနိုင်အောင် များပြား လာတာ တွေ့ရပါသတဲ့။ စပါးတစ်စေ့ကနေ စပါးစေ့ပေါင်း ၂၄၄,၁၄၀,၆၂၅,၀၀၀,၀၀၀,၀၀၀ တောင် မျိုးပွားသွားနိုင် တယ်ဆိုပဲ။

# ၆

# ရဲစွမ်းသတ္တိ

ယောကျ်ားကောင်းပီသဖို့ ကျွန်ုပ် ဘာမဆို လုပ်ရဲသည်။

အကြောက်တရား ကင်းမဲ့သောစိတ်သည် ဘုရင့်သရဖူကိုပင် ဆောင်းနိုင်၏။

ရှိတ်စပီးယား
**Shakespeare**

သတ္တိကင်းမဲ့သွားလျှင် အရာအားလုံး ဆုံးရှုံးသွားမည်သာ။

ဂိုသေ့
**Goethe**

အောင်မြင်မှုသည် ရဲရင့်ခြင်း၏ ရင်သွေးဖြစ်သည်။

ဘောကွန်စ်ဖီးလ်
**Beaconsfield**

"ကျွန်တော် ဘယ်လောက်ကြာကြာ နေရဦး မလဲ"

နပိုလီယမ်ဘုရင် အယ်လ်ဘာမှ ထွက်ပြေး လွတ်မြောက်လာပြီး ပဲရစ်စ်ကို ပြန်ရောက်နေပြီလို့ သတင်းကြားလိုက်ရာက ဝယ်လင်တန်မြို့စားကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့မှ ဗိုလ်ကြီးက သူ့ဆရာဝန်ကို မေးလိုက်တာပါ။ ဆရာဝန်က

"မင်းရောဂါက အတော်လေးကျွမ်းနေပြီ။ ဒါပေမယ့် ဂရုတစိုက်နေမယ်ဆိုရင်တော့ ၆ လ- ၇ လတော့ နေရဦးမှာပါ။

"၆ လ - ၇ လပဲ။ ဟုတ်လား။ ဒါဆိုရင် တော့ အိပ်ရာပေါ် လည်စင်းအသေခံရမှာထက် စစ် မြေပြင်မှာသေရတာက ပိုကောင်းဦးမယ်"

သူက သူ့တပ်ရင်းကို ပြန်သွားပြီး ဝါတာလူး စစ်ပွဲမှာ ဝင်တိုက်ပါတော့တယ်။

တိုက်ပွဲမှာ ဒဏ်ရာရပါတယ်။ ကျည်ဆံက သူ့အဆုတ်က အနာကြီးတစ်ခုလုံးကို ဖွဲ့ထုတ်ပစ် လိုက်တာနှင့် ၄-၅-၁၀နှစ် အသက် ဆက်ရှင်သွား ရပါတော့တယ်။

* * *

ပန်းရွှေပြည်စာအုပ်တိုက်

စထရာဆန်မြို့ကို ရန်သူတွေ ဝိုင်းထားစဉ်ကာလ။

ချားလ်စ် ၁၂ ဆက်မြောက်ဘုရင်[၁]က သူ့အပါးတော်မြဲ တစ်ဦးကို စာတစ်စောင် နှုတ်တိုက်ချပေးနေဆဲ။

ဗုံးတစ်လုံးက နန်းတော်ခေါင်မိုးကို ဖောက်ဝင်ပြီး သူ့ ခန်းဆောင်ထဲ တန်းကျလာပါတယ်။

ကြောက်စရာမြင်ကွင်းကြောင့် အပါးတော်မြဲရဲ့ လက်ထဲ က ရေးလက်စကလောင်တံ လွတ်ကျသွားရပါတယ်။

"ဘာဖြစ်တာလဲ"

ဘုရင်ကြီးက ဣန္ဒြေမပျက်မေးတော့

"အရှင်မင်းကြီး ဟိုမှာ- ဗုံး- ဗုံး"

"အို- ဒီဗုံးနှင့် မောင်မင်းရေးနေတဲ့စာက ဘာဆိုင်တာ မှတ်လို့။ ဆက်ရေးစမ်း"

* * *

ဇက်ဒလစ်ဇ်[၂]ဟာ နာမည်ကျော် ပရပ်ရှားဗိုလ်ချုပ်ကြီးဖြစ်ပြီး၊ သူ့ရဲ့ ရဲစွမ်း သတ္တိကြောင့် ခုလိုရာထူးမျိုး ရခဲ့တာပါ။ သိန်းငှက်မျက်လုံးရှင် ဖရက်ဒရစ်[၃]ဘုရင် က သူ့ကို ဒုဗိုလ်လေးဘဝကတည်းက သူရဲကောင်းအဖြစ် ရွေးထုတ်ခဲ့တာပါ။ သူဟာ ဘုရင့်သက်တော်စောင့်အနေနှင့် ခစားခဲ့ရာက ဘုရင်ကြီးနှင့်အတူ ကင်း ထောက် ထွက်ခဲ့ရပါတယ်။ တံတားတစ်ခုကို အဖြတ်မှာ ဘုရင်ကြီးက ဗိုလ်လေးကို ရုတ်တရက် မေးလိုက်ပါတယ်။

**"တကယ်လို့ တံတားက ရန်သူ့ပိုင်နက်ဖြစ်နေရင် မင်းက ဘယ်လိုလုပ်မလဲ"**

**"စောင့်ကြည့်ပါ အရှင်"**

---

**၁- Charles the Twelfth ၂- Zedlitz**

**၃- Frederick**

ပြောပြောဆိုဆိုနှင့် ဇက်ဒလစ်ဖ်ဟာ မြင်းနှင့်အတူ လက်တန်းကို ကျော်ပြီး မြစ်ထဲ ခုန်ချလိုက်ပါတယ်။ သူဟာ ကမ်းစပ်ကို ဘေးကင်းရန်ကင်း ပြန်ကူးလာချိန်မှာ ကျေနပ်အားရသွားတဲ့ဘုရင်ကြီးက ဗိုလ်မှူးရာထူး အပ်နှင်းပြီး ချီးကျူးဂုဏ်ပြုနေပါပြီ။

* * *

လိုဒီတံတားကို ရဲမက်ဗိုလ် လန်းနက်[၁]က ရှေ့မှာ၊ နပိုလီယံက နောက်မှာနေပြီး ဖြတ်ခဲ့ကြပါတယ်။

လန်းနက်စ်ဟာ တံတားတစ်ဘက်ကို ရောက်တာနှင့် ဩစတြီးယန်းတပ်ထဲကို မကြောက်မရွံ့ တစ်ဟုန်ထိုး မြင်းစီးဝင်သွားတယ်။ သူ့မြင်း လဲကျသေဆုံးသွားတဲ့နောက် အလံတစ်ခုကို ဖမ်းဆွဲလိုက်ပါတယ်။ ဒီနောက် ဩစတြီးယန်းစစ်ဗိုလ်စီးလာတဲ့မြင်းပေါ် ခုန်တက်ပြီး အဲဒီဗိုလ်ကို ဓားနှင့်ထိုးလိုက်ကာ မြင်းထက်က တွန်းချလိုက်ပါတယ်။ မြင်းကို အကျအနစီးမိတဲ့နောက် သူတစ်ယောက်တည်းနှင့် ဩစတြီးယန်းစစ်သည် ၆ ယောက်ကိုသတ်ပြီး သူ့တပ်ဖွဲ့ရှိရာ ပြန်လာပါတယ်။

လန်းနက်စ်ဟာ ချက်ချင်းပဲ ရာထူး တက်သွားတော့တာပါပဲ။

* * *

ဂျော့ဂျ်စတီဖင်ဆင်[၂]ဟာ သူတီထွင်တဲ့ သတ္တုတွင်းသုံး လုံခြုံရေးမီးအိမ်ကို လက်တွေ့စမ်းသပ်ရာမှာ စိတ်ဓာတ်ခိုင်မာတဲ့အတွက် အောင်မြင်မှု ရခဲ့ပါတယ်။ သူက သတ္တုတွင်းရဲ့ အန္တရာယ်အကြီးဆုံးအခန်းကို ရဲရဲဝံ့ဝံ့ ဖြတ်သန်းခဲ့တာပါ။ ဒီအခန်းက ဓာတ်ငွေ့တွေ ပြည့်နေပါတယ်။ သူက ဖွတ် ရှေ့တိုးသွားပေမယ့် လူတွေက နောက်တွန့်ကျန်ခဲ့ပြီး ဘေးလွတ်ရာအခန်းတွေဆီ ပြေးပုန်းကြတော့တာပါပဲ။

၁- Lanes ၂- George Stephenson

ခေတ်ငွေ့ခန်းထဲရောက်တာနှင့် သူက မီးအိမ်ကို ဆန့်ထုတ်လိုက်ပါတယ်။ အခန့်မသင့်ရင် လူပါ မီးလောင်ပေါက်ကွဲသွားမှာပါ။ ဒါပေမယ့် သူက တုန်လှုပ်တွန့်ဆုတ်ခြင်း အလျှင်းမရှိဘဲ ရပ်စောင့်နေပါတယ်။ မီးတောက်က ဖြန့်းခနဲ ပိုတောက်လာပြီးမှ တဖြည်းဖြည်း ပြန်ငြိမ်းသွားတာ တွေ့ရပါတယ်။ ဘာအန္တရာယ်မျှ မဖြစ်ခဲ့ပါ။

ဒီလို စွန့်စွန့်စားစားစမ်းသပ်ချက်ကြောင့်လည်း သူ့ရဲ့လုံခြုံရေးမီးအိမ်နှင့် မြေအောက်သတ္တုတွင်းတွေထဲ ဆင်းနိုင်တာဖြစ်သလို၊ သတ္တုတွင်းတူးသူတွေရဲ့ အသက်ပေါင်းများစွာကို ကာကွယ်ပေးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

* * *

'အာရီးကန်တော်ကြီးမှ မာလိန်မှူး' လို့ မော်ကွန်းထိုးခံ့ရတဲ့ သင်္ဘောကပ္ပတိန်ကြီး ဂျွန် မေနတ်[၁] အကြောင်းကလည်း ဂန္ထဝင်သူရဲကောင်းတို့ရဲ့ အထွတ်အမြတ်ထားလောက်တဲ့ 'စံ' ဖြစ်ခဲ့ပါတယ်။

ဂျွန်မေနတ်ဟာ အပျော်စီးသင်္ဘောကြီးကို အာရီးကန်ကြီးထဲ မောင်းလာရာက မမျှော်လင့်ဘဲ သင်္ဘောကြီး မီးထ,လောင်ပါပြီ။ ခရီးသည်တွေလည်း ပြေးမိပြေးရာပြေးရင်း ငရဲပွက်တာနှင့်မခြား ကျွက်ကျွက်ညံနေပါတယ်။

မီးတောက်ကြီးတွေက သူ့ပတ်လည်ဝိုင်းနေသလို မီးစွယ်ကြီးတွေကလည်း ပွဲခန်းထဲ ထိုးဝင်လာပါတယ်။

ဂျွန် မေနတ်က တက်မဘီးကြီးကို လက်မလွှတ်ဘဲ သူ့တစ်ကိုယ်လုံး မီးတွေစွဲနေတဲ့ကြားက သင်္ဘောကြီးကို ကမ်း ကပ်ပေးခဲ့ပါတယ်။

သူ့ကြောင့် ခရီးသည်တွေ အသက်ချမ်းသာရာ ရလိုက်ကြပေမယ့် သူကိုယ်တိုင်တော့ မီးလောင်ဒဏ်ရာတွေနှင့် အသက် ဆုံးသွားရပါတော့တယ်။

* * *

---
၁- **John Maynard**

လူငယ်တိုင်း အသည်းစွဲခဲ့တဲ့ 'တွမ်ဘရောင်းနှင့် ရပ်ဘီဘောလုံး'ဆိုတဲ့ ဇာတ်လမ်းမှာ တွမ် အိပ်ဆောင်ဝင်တဲ့အခန်းဟာ ရဲစွမ်းသတ္တိပြခန်း တစ်ခုပါပဲ။

ရပ်ဘီဘောလုံးသင်တန်းကျောင်း ဆိုတာက ဗလကောင်းကောင်းနှင့် လူကြမ်းလူရမ်းလေးတွေလာတက်တဲ့ ကျောင်းပါ။ ဒီအထဲမှာ 'ဂျော့ချ် အာသာ' ဆိုတဲ့ ငပိန်လေးလည်း ပါလာတယ်။ သူက တွမ်ရဲ့အတန်းဖော်ဖြစ်နေပြီး အိပ်ဆောင်ဝင်ခဲ့ကြတဲ့အချိန် အဲဒီကျောင်းမှာ ဘယ်သူမျှ ဒူးထောက်ဘုရားရှိခိုးရမှန်း မသိကြပါဘူး။ ငယ်ငယ်ကတည်းကအကျင့်ပါလာတဲ့ ဂျော့ချ်က အိပ်ရာဘေးမှာ ဒူးထောက်ပြီး ဘုရားရှိခိုးမိတယ်လေ။ ကျောင်းသားတွေက တသောသောနှင့် ဝိုင်းလှောင်ကြတုန်းမှာပဲ၊ ညှပ်ဖိနပ်တစ်ဖက်က ဝဲလာပြီး ဂျော့ချ်ကို လာမှန်တာပါပဲ။ တွမ်က လှည့်ကြည့်တယ်။ ပစ်တဲ့ကောင်ကို တွေ့လိုက်တယ်။ သူ့ဘွတ်ဖိနပ်ကို ချွတ်ပြီး အဲဒီငနဲခေါင်းကို ပစ်ထည့်လိုက်တယ်။

''ဖိနပ်တစ်ဖက် ကျန်သေးတယ်ကွ။ နောက်ထပ် လိုချင်တဲ့လူရှိရင် စမ်းကြည့်လိုက်''

တွမ်က လူသစ်လေးဖြစ်တဲ့ ဂျော့ချ်ဘက်မှာ အပီအပြင် ရပ်ပြလိုက်တာပါ။ ဂျော့ချ်အာသာအဖို့တော့ ရပ်ဘီသင်တန်းကျောင်းက နေပျော်စရာ ဖြစ်သွားပါပြီ။

* * *

အမျိုးသမီးတွေက အမျိုးသားတွေသတ္တိရှိအောင် အားပေးအားမြှောက်လုပ်ကြပြီး၊ အောင်ပွဲရလာရင် အလေးအမြတ်နှင့် ပန်းကုံးစွပ်ပေးတတ်တဲ့ အစဉ်အလာတွေ ရှိပါတယ်။ ဒီအထဲမှာ စပါတာနိုင်ငံက မိခင်တွေလည်း အပါအဝင်ပေါ့။

သူ့သားက ဓားတို နေတဲ့အကြောင်း ဇောဒကတက်တာကို မိခင်တစ်ယောက်က ''ရှေ့တစ်လှမ်းတိုးပြီး ခုတ်ပေါ့''လို့ သင်ဉာဏ်ပေးပါသတဲ့။

နောက်တစ်ယောက်ကတော့ သားစစ်သည်ကို ''မင်း ဒိုင်းကိုင်ပြီး ပြန်လာ။ ဒါမှမဟုတ် ဒိုင်းပေါ်ကစီးပြီး ပြန်လာ''လို့ မှာပါတယ်။ အမိပွာယ်က အောင်ပွဲ

ရလာရင် ဒိုင်းဝင့်ပြီး ပြန်တတ်တဲ့ခလေ့နှင့် ရှုပ်ရှုပ်ချွဲချွဲတိုက်ပြီး ကျဆုံးသွားခဲ့ရင် ဒိုင်းပေါ် တင်ထမ်း ပြန်လာကြတာကို ဖော်ညွှန်းတာပါပဲ။

နောင်းခေတ်ကျတော့ အမျိုးသမီးချင်း ခုလိုပြောလေ့ရှိကြပါပြီ။

"ငါကတော့ သူ့ရဲဘောကြောင်သူရဲ့မယား ဖြစ်ရမှာထက်၊ အာဇာနည် သူရဲကောင်းရဲ့မုဆိုးမပဲ ပိုဖြစ်ချင်တယ်"

* * *

တစ်ချိန်က စကော့တလန်ဘုရင်ရဲ့ဘာသာကို မကိုးကွယ်တဲ့ အမျိုးသမီး ၂ ယောက်ကို ရေနှစ်သတ်ဖို့ စီရင်ချက် ချခဲ့ပါတယ်။ အသက်ကြီးတဲ့အမျိုးသမီး ကို ဒီရေတက်လာမယ့်သောင်စပ်မှာ တိုင်ငုတ်နှင့် ကြိုးတုပ်ထားသလို၊ အမျိုး သမီးငယ်ကိုတော့ သူ့နောက်ခပ်လှမ်းလှမ်းမှာ အဲသလိုပဲ ကြိုးတုပ်ထားလိုက်ပါ တယ်။ ရေတက်လာတဲ့အခါမှာ အမျိုးသမီးကြီးက အရင်နစ်သွားမှာဖြစ်ပြီး၊ ဒီမြင်ကွင်း က အမျိုးသမီးငယ်ကို နောင်တရပြီး သူ့ယုံကြည်ချက်စွန့်လွှတ်ဖို့ အကွက်ဆင်ထား တာပါပဲ။ အဖြစ်က ထိတ်လန့်စရာ ကောင်းလှပါတယ်။ ဒါပေမယ့် အမျိုးသမီးငယ် ကတော့ သတ္တိကောင်းကောင်းနှင့် ခေါင်းခါငြင်းဆန်ဆဲ။ ရေတွေက တရိပ်ရိပ်နှင့် သူ့ရင်ခေါင်းလောက် ရောက်လာပါတယ်။ အမျိုးသမီးလေးက ခေါင်းမော့ရင်းကပဲ ဘုရားသီချင်းတွေကို ဆိုနေပါတယ်။ နောက်ဆုံးအခွင့်အရေး ပေးတဲ့အနေနှင့် သူ့ကိုကြိုးဖြေပြီး ဝန်ခံစေတဲ့တိုင်အောင် သူက ခေါင်းခါငြင်းဆန်တုန်း။ နောက်ဆုံး တစ်ကိုယ်လုံး စုန်းစုန်းမြုပ် အသေခံသွားပါတယ်။

သူသီဆိုခဲ့တဲ့ ဓမ္မတေးကတော့ 'အို- ဘုရားသခင်။ ဘုရားရှင်ကို အကျွန်ုပ် အသက် အပ်နှင်းပါတယ်။ အကျွန်ုပ် အသက်ပေးပြီး ဘုရားသခင်ကို ယုံကြည်ကိုး စားခဲ့ပါတယ်' ဆိုတာပါပဲ။

အမျိုးသမီးလေး ရေအောက်ရောက်သွားတာနှင့် တစ်ပြိုင်နက် ကောင်းကင်တစ်ခွင်ဟာ တောက်ပတဲ့အရောင်တွေနှင့် လင်းထိန်သွားပါတော့တယ်။ ပင်လယ်ပြင်တစ်ခုလုံးလည်း ရွှေရောင်အလင်းတွေ ဖြာလို့။

လူတွေကတော့ 'အမျိုးသမီးလေးဟာ ကောင်းကင်ဘုံကဘုရားသခင်ဆီ ရောက်သွားပြီ' လို့ပဲ ယုံကြည်နေကြပါတယ်။

* * *

တတိယမြောက် ဟင်နရီဘုရင်[၁]လက်ထက်ကပေါ့။

'ပါလစ်ဆီ' ဆိုသူကို 'မိစ္ဆာအယူ ယူပြီး ဂိုဏ်းဖွဲ့တယ်' ဆိုတဲ့ စွဲချက်နှင့် ၄ နှစ်တိတိ ထောင်သွင်း အကျဉ်းချခဲ့ပါတယ်။

နောက်ဆုံးမှာ ဘုရင်ကိုယ်တိုင် ဘက်စတီးလ်အကျဉ်းထောင်ထဲ ကြွပြီး၊ "ဘာသာကိုမစွန့်ရင် ပါလစ်ဆီနှင့် နောက်လိုက် တပည့်မလေး ၂ ယောက်ကို သေဒဏ် ချမှတ်မယ်" လို့ ဆိုပါတယ်။

ဒီတွင် ပါလစ်ဆီက ဘုရင်ကို ဝံ့ဝံ့စားစားပြန်ပြောလိုက်တာတော့

"အရှင်မင်းကြီးက ကျွန်ုပ်ကို သနားတယ်လို့ အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ ဒါပေမယ့် တကယ်တမ်း သနားစရာကောင်းတာက အရှင်မင်းကြီးပါ။ ကျွန်ုပ်က အရှင့်ကို အဟုတ် သနားတာပါ။ ကျွန်ုပ်နှင့် ဒီမိန်းကလေးတွေဟာ ကောင်းကင်နိုင်ငံသားတွေဖြစ်ပြီး ဘာသာအစစ်ကို သင်ပေးကြမှာ ဖြစ်ပါတယ်။ သင်နှင့် သင့်လူတွေဟာ ကျွန်ုပ်တို့ကို နွံ့တွေလို အတင်းအဓမ္မပုံသွင်းလို့ ရမှာ မဟုတ်ပါဘူး"

အိုးထိန်းသည်ပီပီ ပါလစ်ဆီက ရှင်းရှင်းပြတ်ပြတ် ပြောလိုက်တာပါပဲ။

* * *

ဒီကမ္ဘာမှာ ကြီးကြီးမားမားလိုအပ်နေတဲ့ သတ္တိက သူရဲကောင်းဆန်တာ မဟုတ်ပါဘူး။

နေ့စဉ်ဘဝမှာရော သမိုင်းဝင်လှုပ်ရှားမှုတွေမှာပါ ပြရမယ့် သတ္တိမျိုးပါ။

အများနှင့်ဆိုင်ရင် ရိုးသားဖြောင့်မတ်တဲ့သတ္တိ လိုအပ်ပါတယ်။

ကိုယ့်ကိုယ်ကို ချုပ်ထိန်းနိုင်တာလည်း အစွမ်းသတ္တိ ပါပဲ။

မှန်တာကို ပြောရဲတာလည်း သတ္တိပဲပေါ့။

ပကတိ အရှိအတိုင်းနေပြီး ဟန်မဆောင်တတ်တာလည်း 'သတ္တိ'လို့ ဆိုနိုင်ပါတယ်။

တစ်ဘက်သားကို မရိုးမသားနှင့် မှိုနိုအားထား လှည့်ဖြားခြင်းမရှိတာလည်း သတ္တိပဲပေါ့။

လောကကြီးမှာ စိတ်မချမ်းသာစရာအဖြစ်ဆိုးတွေနှင့် ကွပ်ညှပ်ဖိနှိပ်မှုတွေဟာ ဆုံးဖြတ်ချက် မပြတ်သားမှုနှင့် ပျော့ညံ့အားနည်းမှုတွေကြောင့် ပေါ်ပေါက်လာရတာပါ။

တစ်နည်းအားဖြင့်တော့ 'သတ္တိနည်းလို့' ပါပဲ။

သင့်တံခါးဝတွင် ရေးကျပြီး ပညာသားပါတဲ့ စာတစ်ပိုဒ်ကို ရေးထားပါ။

'ရဲရင့်ပါ။ ရဲရင့်ပါ။ ဘယ်နေရာမဆို ရဲရင့်ပါ။ အလွန်အကျွံတော့ အရဲမတိုးပါနှင့်'

လောင်းဖဲလိုး
Longfellow

ဆင်းရဲဒုက္ခတွေ ချုံးကပ်နေတဲ့တိုင်အောင် အမှန်တရားနှင့် ယှဉ်တွဲဆုပ်ကိုင်ထားတာဟာ ဂုဏ်ရှိပါတယ်။

အမှန်တရားကို သတ္တိရှိရှိ စွဲကိုင်ထားနိုင်ရင် အောင်မြင်ကျော်ကြားမှုနှင့် သူမတူတဲ့အကျိုးတွေ ခံစားရမှာ မလွဲပါဘူး။

လိုဝဲလ်
Lowell

လောကကြီးမှာ လောဘတရားနှင့် ကောက်ကျစ်စဉ်းလဲမှုတွေဟာ ဆိုးဆိုးရွားရွား ကျူးကျော်ဝင်ရောက်တတ်ပါတယ်။

ဒီအန္တရာယ်ကို အမှောင်ထဲက တစ်ယောက်မကျန် ခုခံကာကွယ်ရင်း ဖြူစင်တဲ့ဘဝကို ထိန်းသိမ်းထားတဲ့ အညတရသူရဲကောင်းတွေ အများကြီး ရှိပါတယ်။

မြင့်မြတ်ပြီး အလှန်တရာနက်နဲတဲ့ အောင်မြင်မှုတွေကို ဘယ်မျက်လုံးတွေကမှ မမြင်ပါ။ ဘယ်သူမှလည်း ဆု မချပါ။ ဘယ်အခါမှလည်း ခရာမှုတ်ပြီး ဝုဏ်ပြုမှာ မဟုတ်ပါ။

ကံဆိုးမိုးမှောင်ကျခြင်း၊ အထီးကျန်ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အပယ်ခံရခြင်း ဆိုတဲ့ အခြေအနေတွေဟာ ဆိုင်ရာသူရဲကောင်းတွေရှိတဲ့ စစ်တလင်းတွေပါပဲ။

ဗစ်တာ ဟူးဂိုး
**Victor Hugo**

# ၇

# မိမိကို မိမိ ထိန်းချုပ်ခြင်း

ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ အနိုင်ရခြင်းမှသာ ဂုဏ်ကျက်သရေအစစ်အမှန် တိုးပွားလာမည်မှာ ကောန်။

သို့မျှမဟုတ်လျှင် အောင်နိုင်သူ မဟုတ်ဘဲ၊ ကျွန်အစစ်ဆုံး ကျွန်သာ ဖြစ်နေမည်။

သွမ်မဆင်
Thomson

တခြားလူများအားအုပ်စိုးမည့်သူသည် သူ့ကိုသူ စိုးမိုးနိုင်သူ အရင်ဖြစ်သင့်၏။

မက်ဆင်ဂါး
Massinger

စိတ်ကို ငြိမ်ငြိမ်လေး ထိန်းထားပါ။ ပြီးမှ လူတွေကို အမိန့်ပေးပါ။

စိန့်ဂျပ်စ်
St. Just

သဘာဝအားဖြင့် စိတ်တည်ငြိမ်မှုဟာ ထိန်းချုပ်စရာ ဂရုစိုက်စရာ မလိုပါဘူး။ ဒါပေမယ့် ဒီစိတ်မျိုးတော်ရုံတန်ရုံ ဘယ်သူမျှ မရှိနိုင်ကြတာ အမှန်ပါပဲ။ လူတိုင်းဟာ အမြဲတမ်း ဆိုးဆိုးရွားရွား ဒေါသ မဖြစ်တတ်ကြပါဘူး။ သို့သော်လည်း ဒီဒေါသကို လျှော့နိုင်ရင် ပိုကောင်းပါတယ်။

* * *

ဆရာဝန်တွေရဲ့အဆိုအမိန့်အရ အလုပ်ဒဏ်ပိခြင်း၊ စိုစိုစွတ်စွတ်နှင့် အအေးခံခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ညစ်ပတ်နံစော်တဲ့အခန်းမှာ နေရခြင်း၊ လှုပ်လှုပ်ရှားရှားမရှိဘဲ ပျင်းရိနေခြင်း၊ စိတ်တိုဒေါသဖြစ်ခြင်းတွေဟာ လူ့အသက်ကို အန္တရာယ်ပေးတဲ့ ရန်သူတွေပဲလို့ သိရပါတယ်။ ဒါတွေအားလုံးဟာ အကြမ်းဖက်ရက်စက်မှုတွေလောက် မဆိုးသလို၊ ထိန်းသိမ်းလို့မရတဲ့ စိတ်ဝေဒနာတွေလည်း မဟုတ်ပါဘူး။ ဒီအချက်တွေကို ထိန်းချုပ်နိုင်သူတွေဟာ အသက်ရှည်ကြပေမယ့်၊ ဒေါသကြီးတဲ့လူတွေကတော့ အသက် တိုစမြဲပါပဲ။

* * *

ပန်းရွှေပြည်စာအုပ်တိုက်

ဘော်လတန်မြို့က မြို့မျက်နှာဖုံးသူဌေးကြီး မစ္စတာ ဖလက်ချာဟာ အလွန်ပဲ စိတ်တိုတတ်ပါတယ်။ ဒီအတွက် သူ့အိမ်စိုးကြီးဟာ အလုပ်ထွက်ဖို့ ကြံခဲ့ပါတယ်။ ဒါကို သိလိုက်တဲ့သူဌေးကြီးက သူ့ဆီမှာ ဆက်လုပ်ဖို့ ချော့မော့ပြောပါတယ်။ အိမ်စိုးကြီးက

"ကျွန်တော် ဆရာ စိတ်တိုတဲ့ဒဏ် မခံနိုင်တော့လို့ပါ"

"ငါ ခံစားချက်ပြင်းထန်တာကို ဝန်ခံပါတယ်။ ဒါပေမယ့် စိတ်ဆိုးပြီးရင်လည်း မကြာခင် စိတ်ပြေသွားတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် စိတ်ပြေပြီး ခဏကြာရင် ပြန်ပြီး ဒေါသထွက်တော့တာပဲလေ။ ဒီတော့ ကျွန်တော့်ကို မတားပါနှင့်တော့ဆရာ"

* * *

မတ်သူး ဟင်နရီ[၁] ပြောဖူးတဲ့ အဖြစ်ကလေးတစ်ခုပေါ့။

"သိပ်ပြီးစိတ်တိုတတ်တဲ့ လင်မယား ၂ ယောက် အကြောင်းကို ကျုပ် ကြားဖူးတယ်ဗျ၊ တစ်ခုရှိတာက သူတို့ ၂ ယောက်ဟာ 'မတည့်အတူနေ' ဆိုသလိုပဲ တစ်ခါမျှ ကွဲတယ် ကွာတယ် မရှိကြဘူး။ အကြောင်းက သူတို့ ၂ ဦးသား သဘောတူညီချက်တစ်ခု ရှိထားကြတာကိုးဗျ။ အဲဒါကတော့ '၂ယောက်စလုံး တစ်ပြိုင်တည်း စိတ်မဆိုးကြစတမ်း' ဆိုတာ ပါပဲ"

* * *

---

၁- Matthew Henry

စိတ်ရောဂါသမားတစ်ယောက်ဟာ ဝဲလ်လင်တန်မြို့စားကြီး[၁]ရဲ့ စာကြည့်ခန်းထဲ ကျူးကျော်ဝင်ရောက်ခဲ့ရာက မြို့စားကြီးကို

"ကျုပ်ဟာ အပိုလီယွန်[၂]ပဲ။ ခင်ဗျားကိုသတ်ဖို့ လာတာ"

"ဟင်- ငါ့ကို သတ်ဖို့။ ဟုတ်လား။ အံ့ဩစရာကြီးပါလား"

"ကျုပ်တော့ ခင်ဗျားကို အသေသတ်ရမှာပဲ"

"မောင်ရင့်တာဝန်က ဒီနေ့ပဲ လုပ်ရမှာလား"

"ကျုပ်ကို နာရီတွေ,ရက်တွေ မပြောလိုက်ပေမယ့် တာဝန်အရ လုပ်ကို လုပ်ရမှာပဲ"

"ဒါဆိုရင်တော့ ငါ့အတွက် အတော့်ကို အဆင်မပြေတော့ပါဘူး။ ငါက အလုပ်တွေ ရှုပ်နေတာ။ စာရေးစရာတွေလည်း အများကြီးတစ်ပုံကြီး ရှိနေသေးတယ်။ ငါ့ကို နောက်တစ်ခါ စာရေးပြီး ထပ်ချိန်းလိုက်ပါလားမောင်ရင်ရာ။ ငါမင်းကို အဆင်သင့်စောင့်နေပါ့မယ်"

မြို့စားကြီးက ပြောပြီး သူ့စာ သူ ဆက်ရေးနေပါတော့တယ်။

မတုန်မလှုပ်တည်ငြိမ်နေပြီးမှ လေအေးလေးနှင့် ပြောလိုက်တဲ့ မြို့စားကြီးရဲ့စကားကြောင့် စိတ်ရောဂါသည်ဟာ နည်းနည်း ဖြုံသွားသလို ဒေါသအရှိန် ကျသွားပြီး အခန်းထဲက ပြန်ထွက်သွားပါသတဲ့။

* * *

၁- Duke of Wellington ၂- Apollyon

ဂရိတွေးခေါ်ရှင်ကြီး ဆိုကရေးတီးဟာ သူ့ကိုယ်သူ ဒေါသထွက်လာပြီမှန်း သိလိုက်တာနှင့် လေသံကို လျှော့ပြီး တိုးတိုးသက်သာပြောတဲ့နည်းနှင့် စိတ် ထိန်းတတ်တယ်လို့ ဆိုပါတယ်။

* * *

ဘယ်သူမဆို ခံစားချက်တွေ အုံကြွထန်ပြင်းလာပြီ ဆိုတာနှင့် ပါးစပ်ပိတ်ထားလိုက်ခြင်းဖြင့် စိတ်ကို လျှော့ပစ် သင့်ပါတယ်။ တချို့ လူတော်တော်များများဟာ ဒေါသထွက် လွန်းအားကြီးပြီး တက်သွားရာက အသက်ပါ ပါသွားကြပါ တယ်။ ဒေါသဖြစ်တာဟာ ရောဂါလည်း ရစေပါတယ်။

* * *

"သူနိုင်ကိုယ်နိုင် အချေအတင်ပြောပြီး ငြင်းနေချိန်မှာ စိတ်အေးအေးထားပါ။ နင်ပဲငဆ ခက်ထန်ကြမ်းတမ်းမှုတွေက မှားတတ်ရုံသာမက၊ အမှန်တရားကိုပါ ပျောက်သွားတဲ့အထိ ဖြစ်စေတတ်လို့ပါပဲ"

ကဗျာဆရာကြီး ဂျော့ဂျ်ဟားဘတ်[၁] ရဲ့ အဆိုအမိန့်ပါ။

* * *

လူတစ်ယောက်က သူ့မိတ်ဆွေကို
"ရန်မဖြစ်အောင် ဘယ်လိုထိန်းသလဲဗျ" လို့ မေးတော့

၁- George Herbert

"လွယ်ပါတယ်လေ။ လူတစ်ယောက် စိတ်ဆိုးနေပြီဆိုရင် သူ့ကိုရှောင်ပြီး သူတစ်ယောက်တည်းပဲ ရန်ဖြစ်နိုင်းထားလိုက်တာပဲပေါ့"

သူ့မိတ်ဆွေက ပြုံးပြုံးလေး ပြန်ဖြေလိုက်ပါတယ်။

* * *

အောက်စ်ဖို့က ဘုရင်မကောလိပ်က အခန်းတစ်ခန်းရဲ့ ပြတင်းပေါက်မှာ သူရဲကောင်းဘုရင် ပဉ္စမမြောက်ဟင်နရီ ရေးထွင်းထားတဲ့ ကမ္ပည်းစာတန်း ရှိပါတယ်။

'စိတ်ကိုနိုင်သူ အောင်ပွဲခံမည်'

သူကိုယ်တိုင်လည်း အေဂျင်ကောင့်မှာ ရန်သူတွေကို အကြီးအကျယ်အောင်နိုင်ခဲ့သလို၊ သူ့စိတ် သူ အောင်နိုင်သူလည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ကိုသူ အောင်နိုင်ဖို့အတွက်မှာတော့ စစ်တိုက်တာထက် ပိုပင်ပန်းပြီး အသည်းအသန်ကြိုးပမ်းခဲ့ရတယ်လို့ ဆိုပါတယ်။

* * *

ဝန်ကြီးချုပ် ဘီကွန်စ်ဖီးလ်[၁]ကို သူ 'ဘယ်လိုနည်းနှင့် ဘုရင်မကြီးရဲ့ မျက်နှာသာပေးခံရအောင် လုပ်သလဲ' လို့ ဝိုင်းမေးကြပါတယ်။

သူ့အဖြေကတော့ ရှင်းရှင်းရိုးရိုးလေးပါပဲ။

"သိတဲ့အတိုင်း ကျွန်တော်က ဘယ်တော့မှ ငြင်းလားခုံလား ဆန့်ကျင်ဘက်မလုပ်ဘူးဗျ။ တချို့ကိစ္စတွေဆိုလည်း ကျွန်တော် အမှတ်မထားဘဲ မေ့ပစ်လိုက်တယ်"

၁- Beaconsfield

သူ့စကားက တခြားလူတွေပါလိုက်နာအပ်တဲ့ စည်းကမ်းကောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။

* * *

အမတ်လောင်းတစ်ဦးဟာ သူ့နိုင်ငံရေးပါတီက ဝင်အရွေးခံရာမှာ မဲရရှိဖို့နှင့် အနိုင်ရရေးအတွက် ဝါရင့်နိုင်ငံရေးသမားကြီးဆီ ပညာသွားသင်ခဲ့ပါတယ်။

ဆရာကြီးက သူ့အယူအဆတွေကို ပြောပြပြီး

"မင်း ငါ့ညွှန်ကြားချက်တွေကို ဖောက်ဖျက်တိုင်း ၅ ဒေါ်လာ ဒဏ်ဆောင်ရမယ်"

"ဟုတ်ကဲ့။ ရပါတယ်"

"ဘယ်တော့ စ,ကြမလဲ"

"အခုချက်ချင်းပဲ စ,ကြတာပေါ့ခင်ဗျာ"

"ကောင်းပါလေ့ကွာ။ ပထမဆုံး သင်ခန်းစာကတော့ မောင်ရင့်အကြောင်း သွားပုပ်လေလွင့်ပြောတာတွေကို စိတ်မဆိုးရဘူး။ တစ်ချိန်လုံး ကိုယ့်စိတ်ကို ကိုယ် နိုင်အောင် ထိန်းထားရမယ်"

"ဟာ- ဒီလောက်တော့ ကျွန်တော် လိုက်နာနိုင်ပါတယ်။ ဘယ်သူတွေ ဘာပြောပြော နားမယောင်ပါဘူး။ လုံးဝ ဂရုမစိုက်ဘူး ဆိုပါတော့ဗျာ"

"ကောင်းတယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ နိုင်ငံရေးပါးမဝသေးတဲ့ မောင်ရင့်လို လူလိမ်လူကောက်တစ်ယောက်က ဝင်ပြီး အမတ် အရွေးခံမှာကိုတော့ ငါ မလိုလားဘူးကွ"

"ဟာ- ဆရာကြီး ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ"

"ကျေးဇူးပြုပြီး ဒဏ်ငွေ ၅ ဒေါ်လာ"

"ဟုတ်ပါရဲ့ဗျာ။ ဒါ သင်ခန်းစာပါပဲ"

"အေးလေ- မောင်ရင်က လွှတ်ခနဲ စိတ်ထွက်သွားတာကိုး။ စမ်းသပ်လေ့ကျင့်နေတာ မဟုတ်ဘူး။ ကျုပ်က အမှန်အတိုင်းပြောလိုက်မိတာပါ"

"ခင်ဗျားကြီး ကျုပ်ကို စော်ကားပြန်ပြီ"

"နောက်ထပ် ၅ ဒေါ်လာ လာခဲ့။ ကျေးဇူးပြုပြီး"

"ဟိုက်- ထိပြန်ပြီ။ ခဏလေးနှင့် ၁၀ ဒေါ်လာကြီးများဘောင်"

"မောင်ရင် ကျုပ်နှင့် ရှေ့ဆက်ချင်တဲ့စိတ် ရှိမယ်ဆိုရင်တော့ ပေးရမှာပေါ့။ အဲ- ကြွေးဆပ်တယ်ပဲ သဘောထားလိုက်ပါ။ နာမည်ပျက်စာရင်းဝင်တာထက်စာရင် အများကြီး တော်ပါသေးတယ်"

"ခင်ဗျားဟာ ကလိမ်ကကျစ်ကျလွန်းတယ်ဗျာ"

"ကဲ- ၅ ဒေါ်လာ ထပ်ပေးဖို့သာ ပြင်ပေတော့"

"သင်ခန်းစာယူလို့ပဲ မဆုံးတော့ပါလား။ ဟုတ်ပါတယ်လေ။ ကျွန်တော်ကလည်း သတိ လစ်လစ်သွားတာကိုး။ နောက်နောင် စိတ်မဆိုးမိအောင် သတိထား ထိန်းရတော့မှာပါပဲ။

"ကျုပ်ပြောခဲ့သမျှ ပြန်ရုတ်သိမ်းပါတယ်။ စင်စစ်တော့ ကျုပ် တကယ်စိတ်ပါလို့ ပြောတာ မဟုတ်ပါဘူး။ မောင်ရင့်မှာ လေးစားထိုက်တဲ့အရည်အချင်းတွေ ရှိပြီးသားပါ။ ဥပမာ

ဆိုပါတော့ မောင်ရင်က အောက်တန်းစား အုတ်ကြား မြက်ပေါက်ဖြစ်သလို၊ မောင်ရင့်အဖေကလည်း သိက္ခာမဲ့ သလောက် အကျင့်တန်တဲ့လူ ဆိုပဲ"

"ခင်ဗျား- ခင်ဗျား- လူယုတ်မာ"

"ဒါဆို ၅ ဒေါ်လာ ထုတ်လိုက်ပါဦး"

စိတ်ကို မချုပ်တီးနိုင်တဲ့အတွက် ပေးလိုက်ရတဲ့တန်ဖိုး တွေက မနည်းတော့ပါ။

နောက်ဆုံးမှာ ဆရာကြီးက ခုလို ဆုံးမပါသတဲ့။

"ဒီမယ်မောင်ရင်။ ၅ ဒေါ်လာတန်ငွေစက္ကူတစ်ရွက် နေရာမှာ မဲတစ်မဲသာဖြစ်နေရင် ဘယ်နှယ်နေမလဲ။ စဉ်းစားကြည့်ပါဦး။ မောင်ရင်စိတ်ဆိုးသွားတိုင်းသာ မဲတွေ ဆုံးရမယ်ဆိုရင် ဘယ့်နှယ်လုပ် အရွေး ခံရတော့မလဲ။ 'မဲ' ဆိုတာ ငွေစက္ကူထက်အဖိုးတန်ကယ် မဟုတ်လား"

* * *

ကလေးများကို သိတတ်စအရွယ်ကတည်းက သည်းခံစိတ်ရှည်မှု၊ ဖြောင့်မတ်မှု၊ ကျေနပ်ရောင့်ရဲမှုတွေကို သင်ကြားလေ့ကျင့်ပေးသင့်ပါတယ်။ ဒါမှလည်း ရုပ်ပိုင်းနှင့် စိတ်ပိုင်း သဟာဓာတဖြစ်ပြီး ရောဂါကင်းဝေး ကျန်းမာရေးကောင်းသွားမှာပါ။

ဖြူစင်သန့်ရှင်းတဲ့ ဘဝ၊ ဆင်ခြင်ဉာဏ် ရှိမှု၊ စိတ်ရွှင်လန်းမှုတွေဟာ ဆရာဝန်ပေးတဲ့ဆေးတွေထက် ပိုပြီး အစွမ်းထက်ပါတယ်။

အလားတူပဲ၊ သူတို့အနေဖြင့် စရိုက်ဆိုးတွေ၊ ယုတ်မာတဲ့အတွေးတွေ၊ အဆိပ်ရှိတဲ့စိတ်ကူးတွေ၊ ကိုယ်ကျင့်တရားပျက်ပြားမှုတွေဟာ ရုပ်ခန္ဓာကို ထိခိုက်

ပျက်ယွင်းစေသလို၊ ခုခံအားကိုလည်း လျော့ပါးစေကြောင်း အသိပေးထားဖို့ လိုပါတယ်။

* * *

အော်ကြီးဟစ်ကျယ် ပေါက်ကွဲသံနှင့်ဖြစ်တဲ့ စိတ်ဆိုးဒေါသဖြစ်တာလောက် လူတွေရဲ့ဘဝကို ဖုန်းဖုန်းကျ ပျက်စီးစေတဲ့အရာ မရှိပါဘူး။

နှုတ်ဆိတ်နေတာနှင့် တစ်ဘက်သားကိုမထိခိုက်တဲ့ ဟာသတွေက မိမိကို ရွှင်လန်းချမ်းမြေ့မှုပေးမှာ အမှန်ပါပဲ။

စကားတစ်ခွန်း၊ အကြည့်တစ်ချက်၊ အမူအရာတစ်ရပ်က အရက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်နိုင်တာကို အလေးအနက်နားလည်ကြပါရဲ့လား။

* * *

အာတီမတ်စ် ဝပ်ဒ်[၁] ပြောတာကတော့

''ဂျော့ဂျ်ဝါရှင်တန်ဟာ ကျွန်တော်တွေ့ဖူးသမျှအထဲမှာတော့ စိတ်ကို အထိန်းနိုင်ဆုံး သမ္မတကြီး တစ်ယောက်ပါပဲ။ သူက အတွေးအမြင်ရှင်းတယ်။ ဖော်ရွေတယ်။ တည်ငြိမ်တယ်။ သူဟာ ဘယ်တုန်းကမှ လက်လွတ်စံပယ် မလုပ်ဘူး။

လက်ရှိ နိုင်ငံခေါင်းဆောင်အများစုရဲ့ အားနည်းချက်ကတော့ တရားလက်လွတ်လုပ်တာပဲ။ သူတို့က စိတ်လိုက်မာန်ပါ လုပ်တတ်ကြတယ်။ အဆောင်အယောင်တွေနှင့် ဟိတ်ကြီးဟန်ကြီးလုပ်ပြီး တိုင်းခန်းလှည့်ကြတယ်။

၁- Artemus Ward

"ပြီးတော့ လေ့ကျင့်ရေးမြင်းကို တက်စီးကြတော့တာပဲ။ ဒီမြင်းဟာ သွားတော့ သွားတာပေါ့။ ဒါပေမယ့် တကယ် သွားတာလား။ မျက်စိမှ မြင်ရဲ့လား။ နားကန်းနေသလား။ ခြေ ခွင်နေသလား။ နှေးသလား။ မြန်သလား။ ဘာတစ်ခုမှ ဂရုမစိုက်ကြဘူး။

"ဒီလိုနှင့် မြင်းပေါ်က အနှေးနှင့် အမြန် ကျတော့တာပါပဲ။ ဒီတော့မှ 'မြင်း' ဆိုတဲ့ ပြည်သူကြီးဟာ မျက်စိမွဲမွဲနှင့်ပြေးနေရတာ တွေ့လိုက်ကြတယ်။ ဒါလည်း သူတို့က ပြုပြင်ဖို့ မကြိုးစားကြဘူး။

"ဖွတ်တရွတ် တစ်ဖွတ်ထိုး ရှေ့တိုးကြတာပဲ။ မကြာခင်မှာပဲ လူထုက သူတို့ကို ကျောပေါ်က ခါချပစ်လိုက်တော့တာပေါ့။ ဂျော့ဂျ်ဝါရှင်တန်မှာ ဒီလို ရမ်းကားတာမျိုး မရှိပါဘူး။ အဲဒါ သူ့ရဲ့ပုံစံ ဟုတ်မှ မဟုတ်တာ"

* * *

ချက်စတာမြို့မှာ ဈေးရောင်းသမားတစ်ယောက်ဟာ စိတ်ရှည်တယ်လို့ သတင်းကြီးပါတယ်။

တစ်နေ့တော့ လူတစ်ယောက်က လက်တွေ့စမ်းသပ်ခဲ့တယ်။ သူက အင်္ကျီတွေကို ဟိုလက်ညှိုးထိုး ဒီလက်ညှိုးထိုးနှင့် ပြခိုင်းပြီး၊ ၆ ထည်လောက်ကို စမ်းဝတ်ကြည့်တယ်။ နောက်ဆုံးမှ တစ်ထည်က 'အတော်ပဲ' ဆိုပြီး

"ကျုပ်လိုချင်တာ ဒါပဲ။ ကဲ- အခု ကျုပ် အစမ်းဝတ်ကြည့်ခ ၁ ဆင့် ပေးပါ"

ဆိုင်ရှင်ကလည်း အေးအေးဆေးဆေးပဲ ပိုက်ဆံ ၁ ဆင့် ထုတ်လိုက်ပြီး ဟိုလူဝယ်တဲ့အင်္ကျီစကို ဖြတ်ပြီး ပတ်လိုက်တယ်။ ပြီးတော့ စက္ကူတစ်ရွက်ထဲ ထည့်လိုက်ကာ စိတ်ခုသွားတဲ့ ဈေးဝယ်သူကို ကမ်းပေးလိုက်ပါသတဲ့။

'လူတစ်ဖက်သားကို စိတ်ငြိုငြင်အောင်လုပ်တာဟာ အကျိုး မရှိဘူး' ဆိုတဲ့သာဓကပေါ့။

* * *

ဂျွန်ဟန်ဒါဆင်[၁]ဟာ အောက်စ်ဖို့တက္ကသိုလ် ကျောင်းသားတစ်ယောက်နှင့် အချေအတင် စကားနိုင်လုမိကြပါတယ်။ ကျောင်းသားက ဒေါသတွေ ထိန်းမရတဲ့အဆုံး ဖန်ခွက်အပြည့် အရက်တွေနှင့် သူ့ကို လှမ်းပက်လိုက်ပါတယ်။

ဟန်ဒါဆင်ကတော့ ဘာမျှမဖြစ်သလို သူ့မျက်နှာကို သူ သုတ်ရင်း လေအေးလေးနှင့်

"ကိုယ့်လူ အတော်ရိုင်းတာပဲ။ ကဲပါ- ကျုပ်တို့ ငြင်းလက်စနှင့် ဆက်ငြင်းကြရအောင်" တဲ့။

* * *

'အိမ်ကမိခင်'[၂]ဆိုတဲ့ စာအုပ်ရေးသူရဲ့အာဘော်က ခုလိုပါ။

'သူ့ကိုယ်သူမှ မထိန်းနိုင်တဲ့ မိခင်တစ်ယောက်ဟာ သူ့သားသမီးတွေကို အုပ်ထိန်းနိုင်ပါ့မလား။ 'မိသားစုအုပ်ထိန်းမှု'ဆိုတာ အိမ်က စ,ရမှာပါပဲ။ မိဘတွေရဲ့ ရင်အုပ်မကွာ ဂရုစိုက်စောင့်ရှောက်မှုနှင့်အတူ အိမ်ရှင်မကိုယ်တိုင် စည်းကမ်းစနစ်တကျ နေပြဖို့လိုပါတယ်။ ယဉ်ကျေးသိမ်မွေ့မှုနှင့် စိတ်ဓာပြင်းပြမှုတွေ ထိန်းသိမ်းရမယ်။ ဒီလိုမှမဟုတ်ရင်တော့ သူ ဘယ်လိုပဲ ကြိုးစားပါစေ။ အရာထင်မှာ မဟုတ်ပါဘူး'

* * *

စိတ်ချုပ်တီးနိုင်စွမ်း အရှိဆုံးလူတွေကတော့ သူလျှိုတွေပါပဲ။ သူတို့တစ်ချက်ကလေး သတိလစ်သွားတာနှင့် သေပြီပေါ့။

တစ်ခါက ရန်သူအဖမ်းခံရတဲ့ သူလျှိုတစ်ယောက်က ဆွံ့အ နားမကြားချင်ယောင် ဆောင်နေပါတယ်။ သူ့ကို နည်းမျိုးစုံနှင့် ညှဉ်းပန်းနှိပ်စက်ပြီး စစ်ကြပေမယ့် သူက 'ဘူး'ချည်းပဲ ခံနေပါတယ်။

---

၁- **John Henderson** ၂- **Mother at Home**

နောက်ဆုံး ရန်သူတွေက "ကောင်းပြီ။ မင်းကိုလွှတ်လိုက်မယ်။ သွားပေတော့" လို့ ပြောလိုက်ကြတယ်။

သူ့ကို ခံနိုင်ရည်စမ်းသပ်ပွဲ ပြီးသွားသလို သူ့ဘက်က အနိုင်ရလိုက်မှန်းနားလည်လိုက်တဲ့ သူလျှိုဟာ တစ်ချက်ကလေးမျှ ဣန္ဒြေ ပျက်မသွားပါဘူး။ မကြားသလို မသိသလိုပဲ နေလိုက်ပါတယ်။

ဒီတော့မှ ရန်သူတွေက "သူ တကယ်ပဲ နားထိုင်း,အအ ဖြစ်မယ့်ပုံပဲ။ ဒါမှမဟုတ် ရူးနေတာ ဖြစ်မယ်" ဆိုပြီး တကယ် လွှတ်ပေးလိုက်ပါသတဲ့။

သူ့ရဲ့ အပြည့်အဝ စိတ်ချုပ်တီးနိုင်တဲ့စွမ်းရည်က သူ့အသက်ကို ပြန်ကယ်လိုက်တာပါပဲ။

* * *

တစ်ခါက ပါမောက္ခ ဘလေကီဟာ ကဗျာရွတ်ခန်းတံခါးဝမှာ ကြော်ငြာတစ်ခုကပ်ထားလိုက်ပါတယ်။

'Will meet the classes tomorrow'

ဒီတွင် လက်ဆော့တဲ့ကျောင်းသားတစ်ယောက်က 'c' ဆိုတဲ့ စကားလုံးကို ဖျက်သွားပါတယ်။ ဒီတော့

'Will meet the lasses tomorrow'လို့ ဖြစ်သွားတာပေါ့။

'ကောင်မလေးတွေ မနက်ဖြန်မှာ ဆုံမယ်'လို့ ဖြစ်သွားပါရော။

ပါမောက္ခကြီးက အခန်းရှေ့ကဖြတ်သွားရာက ဒီလို လက်ဆော့ထားတာတွေ့လိုက်တော့ ပြုံးပြီး 'l' ကို ထပ်ဖျက်လိုက်ပါတယ်။

'Will meet the asses tomoırow'

'မြည်းတွေနှင့် မနက်ဖြန်မှာ ဆုံမယ်'

ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိတဲ့ ပါမောက္ခကြီးကြောင့် ဒေါသဖြစ်စရာ မဖြစ်ဘဲ၊ လက်သရမ်းချင်တဲ့ကျောင်းသားတွေဟာ သူတို့ကိုယ်တိုင် တုံးအတဲ့ မြည်းဘဝ ရောက်သွားစေတဲ့ အဖြစ်ပါပဲ။

* * *

ဒေါ်နယ် မက်ကရီး[၁]ဟာ စကော့လူမျိုးဖြစ်ပြီး စိတ်ထိန်းနိုင်တဲ့အတွက် အပွကြီး ပွခဲ့ဖူးပါတယ်။

သူဟာ မြို့စွန်မှာ ကုန်စုံစတိုးဆိုင်လေး ဖွင့်ထားသူပါ။ သူ့ဆိုင်အခြေအနေကတော့ မှန်ပြူတင်းပေါက်တွေ ဖုန်တက်ပြီး ပင့်ကူအိမ်တွေ တွယ်နေပါတယ်။ ရောင်းအား သိပ်မကောင်းလှပါဘူး။ ဒီလိုနှင့် သူက လန်ဒန်က ကုမ္ပဏီတစ်ခုကို မဲနယ်ရောင်ဆိုးဆေး ပေါင် ၄၀ ပို့လိုက်ဖို့ မှာလိုက်ပါတယ်။ အမှာစာကို မှားဖတ်ပြီး တန် ၄၀ ပို့လိုက်ပါလေရော။

ဒေါ်နယ် မျက်လုံးပြူးသွားရပါပြီကော။ မဲနယ်ရောင်ဆိုးဆေး တန် ၄၀ ဆိုတာ သူတို့မြို့မှာ ၁၀ နှစ် ရောင်းတာတောင် ကုန်မယ် မထင်ပါဘူး။ ဒါပေမယ့် သူက 'ဘာလုပ်ရမလဲ' အကြံထုတ်နေတုန်း လန်ဒန်ကကိုယ်စားလှယ် ရောက်လာပါတယ်။

သူတို့ မှားပြီး ပို့လိုက်တာဖြစ်လို့ ပြန်သယ်သွားမယ့်အကြောင်းနှင့် စရိတ်လည်း ခံပါ့မယ်လို့ ဆိုလာပါတယ်။

ဒေါ်နယ်က 'တစ်ခုခုတော့ တစ်ခုခုပဲ' ဆိုပြီး အင်းမလုပ်အဲမလုပ်နှင့် မထုံတက်သေး လုပ်နေလိုက်ပါတယ်။

ဒီတော့လည်း ကိုယ်စားလှယ်က အရက်ဆိုင်ခေါ်သွားပြီး စည်းရုံးတော့တာပါပဲ။ ဒါလည်း ဒေါ်နယ်က ခပ်တည်တည်နှင့် တင်းခံနေပါတယ်။

နောက်ဆုံး ကိုယ်စားလှယ်က မနေသာတော့ဘဲ "ကျုပ်တို့ကုမ္ပဏီကို မဲနယ်အမှာစာတစ်စောင် ဝင်လာတယ်။ လောလောဆယ် ကျုပ်တို့မှာရှိတာထက်

---
၁- Donald Me Crie

များနေတယ်။ ဒီ့အတွက် ခင်ဗျားဆီပို့ထားတဲ့ မဲနယ်တွေ အရေးတကြီး ပြန်လိုချင်နေပါတယ်။ စရိတ်အပြင် ပေါင် ၅၀၀ ပေးမယ်လေဗျာ" လို့ ဖွင့်ပြောလိုက်ရပါတော့တယ်။

ဒါတောင် ဒေါ်နယ်က သူ့စိတ်ကို ထိန်းပြီး ခေါင်းခါခဲ့တာကလား။ ဘယ်လိုမျှ ပြောမရတဲ့အဆုံး ကိုယ်စားလှယ်က သူ့ဝက်ဖဲကို အိတ်သွန်ဖာမှောက် ထုတ်ပြရတော့တာပါပဲ။

"ဟော့- ဒီမှာ ကျုပ်အာဏာပါဝါ အကုန်ပဲ။ မဲနယ်တွေ ပြန်ပေးမယ်ဆိုရင် ပေါင် ၅၀၀၀ ပေးမယ်ဗျာ"

စင်စစ်တော့ အနောက် အင်ဒီးစ်နယ်မှ မဲနယ်ရောင်းဆိုးဆေးလုပ်တဲ့ စိုက်ခင်းတွေ ပျက်ကုန်တော့မှ စစ်တပ်အတွက် ယူနီဖောင်းတွေထုတ်ပေးဖို့ အရေးတကြီး အခက်ကြုံပြီး အသည်းအသန်ပြန်ယူခဲ့ရတာပါ။

ဒေါ်နယ်မက်ကရီအဖို့တော့ စိတ်ကို ထိန်းချုပ်နိုင်ခဲ့တဲ့အတွက် နေရင်းထိုင်ရင်း ပွပေါက်တိုးခဲ့ရတာ ဖြစ်ပါတယ်။

မိမိကိုယ်မိမိ အစိုးရတဲ့စိတ်ဟာ လွတ်လပ်သလို၊ လွတ်လပ်မှုဟာ စွမ်းအားတစ်ရပ်ပဲ မဟုတ်ပါလား။

* * *

ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ဝီလီယမ် ရှိတ်စပီးယားရဲ့ ပြဇာတ်တွေထဲမှာ စိတ်ဆန္ဒပြင်းထန်မှုကို မထိန်းချုပ်နိုင်လို့ ဘဝပျက်ရပုံတွေကို သရုပ်ဖော်ထားတာ တွေ့ရပါမယ်။

သူ့ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဘုရင် ဂျွန်ဟာ ထီးနန်းကိုတပ်မက်မှု လွန်ကဲပြီး စိတ်ထားမြင့်မြတ်မှုကို ချိုးနှိမ်ထားခဲ့သလို၊ အမြဲ လူစိတ် ဂယောက်နေရာက ရက်စက်ကြမ်းကြုတ်မှုတွေထဲမှာ နစ်မွန်းခဲ့ပါတယ်။

လီယာဘုရင်ကြီး[၁]ဆိုလည်း ဒေါသရဲ့သားကောင်ဖြစ်ခဲ့လို့ အမှားကြီးမှားပြီး ဒုက္ခရောက်ခဲ့ရတာ အထင်အရှားပါပဲ။

မက္ကဘတ်သ်[၂]ဝတ္ထုက မက္ကဘက်သ်နှင့် မိဖုရားတို့ဟာလည်း ဆင်ခြင်တုံတရားတွေ ကင်းမဲ့ခဲ့ကြလို့ လူသတ်မှုကြီး ကျူးလွန်ခဲ့ရာက၊ သူတို့ကိုယ်တိုင်လည်း ကြောက်စရာကောင်းတဲ့ ဇာတ်သိမ်းခန်း ဆိုက်ခဲ့ရပါတယ်။

အော်သဲလို[၃] ကျတော့လည်း မနာလိုဝန်တို မစ္ဆေရိယစိတ်ရဲ့ တဖြည်းဖြည်း လောင်မြိုက်မှုခံခဲ့ရပြီး၊ ကြေကွဲစရာအဖြစ်ဆိုးတွေနှင့် တိုးခဲ့ရပုံကို ပြဆိုပါတယ်။

အလားတူ တခြားဇာတ်ကောင်တွေဟာလည်း လောဘ၊ ဒေါသ၊ မောဟတွေကို နိုင်နိုင်နင်းနင်းမထိန်းမိဘဲ၊ ဒူးထောက် အလျှော့ပေးခဲ့မိတဲ့အတွက် မြွေပွေးခါးပိုက်ပိုက်မိသလို အဆိပ်တက်ပြီး မရှုမလှ သောကပွေရတဲ့အဖြစ်တွေကို သင်ခန်းစာ ပေးထားခဲ့တာပါပဲ။

* * *

ဘန်းစ်[၄]ဟာ မိန်းမပျိုတစ်ယောက်ဆီ သူ့အဖော်အပေါင်းတွေနှင့်ပတ်သက်လို့ စာရေးခဲ့ရာမှာ

'နှမရယ်။ သူတို့က သူတို့နှင့်အတူ သောက်သောက်စားစား မနေရင် မောင့်ကို ပေါင်းသင်းချင်ကြတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ကိုယ်စောင့်ထိန်းထားတဲ့သိက္ခာကို နည်းနည်း ဖွဲ့ပေးလိုက်ရတာပါ' တဲ့။

တက်လူတို့ရေ။ အရှုံးအမိုက် ၁ သန်း ချီးကျူးသြဘာပေးတာ ခံဖို့အတွက်တော့ မင်းတို့စောင့်ထိန်းထားတဲ့ ကိုယ်ကျင့်တရားကို တစ်စွန်းတစ်စလေးတောင်မှ ဖွဲ့မပေးလိုက်ကြပါနှင့်နော်။

---

၁- King Lear ၃- Othello
၂- Macbeth ၄- Burns

# ၈

# စိတ်ဓာတ်တန်ဖိုး

ကျွန်တော်တို့ဟာ
ကျောင်းမှာထက် ဘဝထဲမှာ သင်ရတာ
ပညာ ပိုရပါတယ်။

ဆန်နက်ကာ
**Seneca**

လောကမှာ အကောင်းဆုံးပညာရေးဟာ
ပညာတတ်သုခမိန်ကြီးတွေနှင့်
စကားပိုင်းဖွဲ့ရာက
အမှတ်မထင်ရတယ် လို့ ဆိုကြလေရဲ့။

ဘောလ်ဝါး
**Bulwer**

အတွေ့အကြုံတွေက
သင်ခန်းစာပေးတဲ့ ကျောင်းပဲဖြစ်ပြီး၊
လူမိုက်တွေကတော့
မသင်ယူတတ်ကြပါဘူး။

ဖရန်ကလင်
**Franklin**

"ဖိနပ်ချုပ်သမား ဖိနပ်ချုပ်သမား။ ညကျတော့ အလုပ်များ နေ့ဘက်မှာ အိမ်လည်သွား"

ကလေးငယ်တစ်ယောက်က ဆမ်မြူရယ်ဒရူး[၁]ရဲ့တံခါးပေါက်က လာအော်တာပါ။ အော်လည်း အော်လောက်ပါရဲ့။ သူက တစ်နေကုန် အိမ်လည်ပြီး နိုင်ငံရေးအကြောင်းတွေ ပြော။ ညကျမှ ပြန်လာပြီး သန်းခေါင်အထိ အလုပ်လုပ်တာ မဟုတ်လား။

"အဲဒီငတိလေးကို ခါးပတ်နှင့်လိုက်ရိုက်ဖို့ ကောင်းတယ်"

သူ့အပေါင်းအသင်းတွေက ကောက်ချက်ချတော့

"မရိုက်ပါဘူးဗျာ။ ကျွန်တော့်နားဝကပ်ပြီး သေနတ်နှင့်ပစ်တာတောင် အဲသလောက် တုန်လှုပ်ချောက်ချားသွားမှာ မဟုတ်ပါဘူး။ ကျွန်တော့်ကို ကျွန်တော် ပြန်ပြောမိတာကတော့

"သူပြောတာ မှန်တယ်။ ဒီလိုနောက်ထပ် မအော်အောင် ကျုပ် ဆင်ခြင်ရမှာပဲ။ သူက ငယ်ငယ်ရွယ်ရွယ်နှင့် ကျုပ်ကို သင်ခန်းစာ ပေးတာပါ။ ဘုရားသခင်က ခိုင်းလိုက်တာဆိုလည်း မှန်မယ်။ ဒီနေ့

---

၁- **Samuel Drew**

လုပ်ရမယ့်အလုပ်ကို ဒီနေ့ အပြီးသတ်ရမယ်။ ရက်မရွှေ့နှင့်။ အလုပ်ချိန်မှာ ယောင်ဝဝ မလုပ်နှင့်လို့ ပညာပေးသွားတာပဲဗျ"

ဆမ်မြူရယ်ဒရူးဟာ အပျော်တမ်းနိုင်ငံရေးသမားဘ၀ကို စွန့်ပြီး စီးပွားရေးပဲ အာရုံစိုက်ခဲ့ပါတော့တယ်။ နောင်အခါမှာ ပညာရှင်စာရေးဆရာကြီး ဖြစ်လာတော့တာပါပဲ။

* * *

'ဆရာရေ။ ဆက်လုပ်၊ ဆက်လုပ်'

အာရဂို[၁]ဟာ သချ်ာစာအုပ်ကို ချုပ်နေရင်းက အဖုံးလုပ်မယ့်ကတ်ပြားလေးပေါ်မှာ ရေးထားတဲ့စာကို ဖတ်လိုက်မိတယ်။

'ဆက်လုပ်။ မင်းအခက်အခဲတွေက ဆက်လုပ်ရင်း အဆင်ပြေသွားမှာပါ။ ဆက်လျှောက်ရင် အရုဏ်ရောင်နီ ထွက်လာလိမ့်မယ်။ မင်း လျှောက်ရမယ့်လမ်းကို လမ်းပြပေးမှာ သေချာတယ်'

အဲဒီစာပိုဒ်လေးဟာ အာရဂိုရဲ့ လက်စွဲဆောင်ပုဒ် ဖြစ်သွားပါတယ်။ သချ်ာညံ့တဲ့သူက ဆက်ကြိုးစားလိုက်ရာက နက္ခတ္တပညာရှင်ကြီး ဖြစ်သွားပါတော့တယ်။

* * *

အိုင်ယာလန်စာရေးဆရာကြီး အက်ဒမန်ဘတ်စ်[၂]ရဲ့ အဆိုအမိန့်ကတော့

"ကျုပ်တို့ကို အတိုက်အခံလုပ်နေသူဟာ ကျုပ်တို့ကို အကူအညီပေးသူပါပဲ။ ကြားထဲက ပဋိပက္ခတွေက အခက်အခဲ

---

၁- Arago ၂- Edmund Burke

ကို ဖြေရှင်းဖို့ လမ်းစ ရှာပေးပါတယ်။ ဘက်ပေါင်းစုံ စဉ်းစား စေတဲ့နောက် ပေါ့ပေါ့ဆဆ မလုပ်မိတော့ဘူးပေါ့"

* * *

ကျောင်းသားတစ်ယောက်အနေနှင့် ကောလိပ်ကျောင်းက နေထိုင်မှုပုံစံတွေ, စည်းကမ်းချက်တွေ, လမ်းညွှန်မှုတွေ ရပါလိမ့်မယ်။ သူ့အစွမ်းအစကိုတော့ လက်တွေ့ကမ္ဘာကြီးနှင့် ရင်ဆိုင်ရမှသာ ဖော်ထုတ်နိုင်မှာပါ။

* * *

ချားလ်စ် နော်ဒေါ့ဖ်[၁] ပြောခဲ့တဲ့စကား ရှိပါတယ်။

"မိဘတွေက ရင်အုပ်မကွာစောင့်ရှောက်ထားတဲ့ ကလေးတစ်ယောက် ရှိမယ် ဆိုပါတော့။ တခြားကလေးတွေ နှင်းတောထဲဆော့နေချိန်မှာ သူဟာ မီးလင်းဖိုနား ငုတ်တုပ်ထိုင်နေရတယ်။ နေမြင့်မှ အိပ်ရာ ထ,တတ်တယ်။ ရေကူးသင်နေတုန်းမို့ ရေထဲ မဆင်းပါဘူး။ မိဘတွေက ဖူးဖူးမှုတ်ထားတဲ့ ကောင်ကလေးပေါ့။

"သူ့အိမ်နီးချင်းကလေးတွေက ဖိနပ်မပါဘဲ ပြေးကစားနေကြတယ်။ မနက်အစောကြီးထပြီး နွားစာ ကျွေးရတယ်။ အရွယ်နှင့်မလိုက် အလုပ် လုပ်ရတယ်။ သူတို့ခမျာ ကောင်ကလေးလို သကြားလုံးတွေ မစားနိုင်ဘူး။ အဲဒီကလေးတွေကို လူကုံထံအိမ်ကြီးပေါ်က ကောင်ကလေးက သနားနေတယ်"

ဘာပဲပြောပြော လူ့သမိုင်းနှင့် အတွေ့အကြုံတွေက 'ဘဝဆိုတာ ရုန်းကန်လှုပ်ရှားနေမှအဖိုးတန်ပြီး၊ ဂုဏ်ယူထိုက်တဲ့လူသားတစ်ယောက် ဖြစ်လာမယ်' လို့ ဆိုထားပါတယ်။

ချမ်းသာသာ ဆင်းရဲရဲ 'လှုပ်ရှားမှုကင်းမဲ့နေသူကို သဘာဝတရားက ကျိန်ဆဲတယ်'လို့သာ မှတ်လိုက်ပါ။

---

၁- Charles Nordhoff

အောင်မြင်ကျော်ကြားသူတွေဟာ မျိုးရိုးအစဉ်အဆက် ချမ်းသာခဲ့သူတွေထက် ပင်ပန်းဆင်းရဲ ဖွဲ့နပဲနှင့် ဘဝတိုက်ပွဲဝင်ခဲ့တဲ့ အောက်ခြေလူတန်းစားတွေက ပိုများပါတယ်။

ပျင်းရိသူတွေထက် လုံ့လဝီရိယကောင်းသူတွေက ပိုအောင်မြင်တာလည်း တွေ့ရပါတယ်။

အတွေ့အကြုံနုသူတွေထက် အတွေ့အကြုံရင့်သူတွေက အောင်ပန်းဝင်တာလည်း အထင်အရှားပါပဲ။

'ဘဝရဲ့ပန်းတိုင်' ဆိုတာ ဖွဲ့,လုံ့လ,ဝီရိယတွေကို အားပြုပြီး အတွေ့အကြုံလှေကားကနေ တက်သွားမှသာ ဆွတ်ခူးရရှိမယ့် ဆုလာဘ်တစ်ခုပါ။

* * *

ဆရာကြီးဘီချာရဲ့ စကားအရဆိုရင်

'စာနယ်ဇင်းတွေဟာ သာမန်လူထုရဲ့ ကျောင်းအုပ်ဆရာတွေ ဖြစ်သလို၊ မရေမတွက်နိုင်တဲ့ ရွှေတန်ချိန်ပေါင်းများစွာထက် တန်ဖိုးရှိတဲ့ ရတနာသိုက်ကြီးပါပဲ။

'နေ့စဉ် သတင်းစာတစ်စောင်ဟာ ထူးဆန်းအံ့ဩဖွယ်မျက်မှောက်ဖြစ်ရပ်တွေကို အသိပေးနိုင်ပြီး၊ တံဆိပ်ခေါင်းဖိုးမျှလောက်လေးနှင့် ကမ္ဘာကို ပတ်နိုင်ပါတယ်။

'အညွှန်းဆုံး ဆိုတဲ့ သတင်းစာတောင် အညွှန်းစားစကားဝိုင်းထက် သာပါတယ်။

'တစ်ခါတစ်ရံ သူ့ဘာသာစကားတွေက ကြောက်ခမန်းလိလိ ဆူပွက်သံတွေ ညံနေပေမယ့်၊ များသောအားဖြင့် ရန့်ရင်းကြမ်းတမ်းမှုကိုတော့ ထိန်းထားပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

'သတင်းစာတွေထဲမှာ လူသားအားလုံးကို ကိုယ်ချင်းစာ ကြင်နာဖို့၊ ကံမကောင်းရှာတဲ့ ဒုက္ခသည်တွေကို တတ်အားသမျှ ကူညီပြီး စွန့်ကြဲပေးကမ်းဖို့လည်း အသိပေးကြတာကလား။'

* * *

ကလေးတွေကို ပတ်ဝန်းကျင်ရဲ့ အလှအပတွေ ကြည့်တတ်မြင်တတ်အောင် သင်ပေးသင့်ပါတယ်။ သဘာဝရဲ့ ကြီးကျယ်ခမ်းနားတဲ့ ရှုခင်းတွေအကြောင်း ရေးဖွဲ့ထားတဲ့ ကဗျာတွေကိုလည်း ဖတ်တတ်အောင် သင်ကြားပေးဖို့ လိုအပ်ပါတယ်။

သဘာဝကို မြတ်နိုးတဲ့စိတ်ဟာ ယဉ်ကျေးသိမ်မွေ့ပြီး၊ ဖန်ဆင်းရှင်ဘုရားသခင်ရဲ့ အလိုကျလည်း ဖြစ်ပါတယ်။

သဘာဝဟာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် လှုပနေ
တယ်။
စကားကြွယ်တယ်။ ဘာသာပေါင်းစုံ တတ်
တယ်။
ပျော်ရွှင်ကြည်နူးမှု, အေးချမ်းသာယာမှုတွေကို
ပေးတယ်။
ဒါနှင့်အမျှ သိမ်မွေ့နူးညံ့တဲ့ မေတ္တာတရားကို
ပေါက်ဖွားစေပါတယ်။
သဘာဝကို ချစ်ခင်မြတ်နိုးတဲ့ လူတစ်ယောက်
ဟာ အစွမ်းအထက်ဆုံးလူတစ်ယောက် ဖြစ်လာမယ်။

ဘရိုင်ယန့်
**Bryant**

* * *

သဘာဝတရားကြီးမှာ အတတ်ပညာတွေ စုံလှချည်ရဲ့။

ရိုင်းစိုင်းတဲ့ ကျွန်အမျိုးသမီးတစ်ယောက်ကို မွေးထုတ်သလို၊ နိုက်တင်ဂေးလ်လို ကရုဏာရှင်, ဗစ်တိုရီးယားလို ဘုရင်မတွေကိုလည်း ဖန်ဆင်းပေးခဲ့တာကလား။

ရဲရင့်တဲ့သူရဲကောင်းတွေ,ကိုယ်ကျိုးစွန့်တဲ့ခေါင်းဆောင်တွေကိုလည်း အပ်နှင်းခဲ့ပါတယ်။

* * *

ပေါစင်း[၁] ဟာ ပဲရစ်သို့သွားရာလမ်းကို ညွှန်ပြတဲ့ ဆေးပန်းချီခြယ်ဆိုင်းဘုတ်တွေကို ကြည့်ပြီး ပန်းချီမြို့တော်ကို ရောက်သွားရာက နာမည်ကျော်ပန်းချီဆရာကြီး ဖြစ်ခဲ့ပါတယ်။

ချောင်ထရီ[၂]ဟာ နွားနို့ပုံးတွေ တင်ထားတဲ့ မြည်းတစ်ကောင်ကိုစီးပြီး သူ့အမေရဲ့ဖောက်သည်တွေ လိုက်ပို့ရင်းက ရာစုနှစ်ရဲ့အကျော်ကြားဆုံး သဘာဝပန်းပုပညာရှင်ကြီး ဖြစ်ခဲ့တာပါ။

ရစ်ချတ်ဖိုလေး[၃] ဆိုရင်တော့ ဆွီဒင်ကို တယောထိုးသင်ဖို့သွားရင်းက လမ်းတစ်လျှောက်က အတွေ့အကြုံတွေနှင့် ရင်းပြီး လှျမ်းလှျမ်းတောက် ဂီတဆရာဘဝ ရောက်ခဲ့ရ ဆိုပဲ။

---

၁- Poussin ၂- Chantrey
၃- Richard Foley

ပြဇာတ်ရုံတံခါးဝမှာ မြင်းတွေကိုဆွဲလာတဲ့ ရှိတ်စပီးယား ဆိုလည်း လူတွေရဲ့သဘာဝကိုကြည့်ပြီး ယနေ့ထိ အသက်ဝင်ရှင်သန်နေတဲ့ ဟမ်းမလက်[၁]ပြဇာတ်ကို ရေးဖွဲ့ခဲ့တာပေါ့။

ဟိုးမားဟာ ဂရိနိုင်ငံရဲ့ ကမ်းရိုးတန်းတွေကို လှည့်လည်သွားလာခဲ့ရာက ကမ္ဘာတည်သရွေ့ တည်ရှိနေမယ့် အီလီယက်[၂] မော်ကွန်းလင်္ကာရှည်ကြီးကို ဖွဲ့ဆိုခဲ့ပါသတဲ့။

၁- Hamlet ၂- Iliad

# ၄

# အစစ်နှင့် အတု
# အနှစ်နှင့် အကာ

ဘုရားသခင်က လူကို သူ့ပုံစံအတိုင်း ဖန်ဆင်းခဲ့ပါတယ်။ ဒါကြောင့် လူတစ်ယောက်အနေဖြင့် သူ့ကို လုပ်ခွင့်ပေးလိုက်ပါ။

ရှိတ်စပီးယား
**Shakespeare**

အဲဒါ ဘယ်သူလဲ။ 'ဘုရင်'တဲ့လား။
သူ ဘယ်သူပါလိမ့်။
ဘာကြောင့်ဆို ဘာတဲလ်မီ[၁] မှာတွေ့ခဲ့တဲ့ လူဟာ
အဲဒီလူထက် ဘုရင်နှင့် ပိုတူနေသလိုပဲ။

ပီတာ ပင်ဒါ
**Peter Pindar**

၁- Bartlemy

ပစ်ဂမီတွေကို အဲ့ပ်စ်တောင်ထိပ်ပေါ် သွားပြီး
တင်ထားပေမယ့်လည်း ပစ်ဂမီဟာ ပစ်ဂမီပါပဲ။
ပိရမစ်တွေဟာ တောင်ကြားချိုင့်ဝှမ်းထဲမှာ
ထည့်ချထားတဲ့တိုင်အောင် ပိရမစ်ဟာ ပိရမစ်ပါပဲ။

ယန်း
**Young**

ဂျိမ်း တေလာ¹ရဲ့ ဖော်ပြချက်အရ ဒသသန သမားရဲ့ တိုင်းတာတွက်ချက်မှုကို သိရပါတယ်။ နဂိုရှိရင်းစွဲ တန်ဖိုးတွေမှာ အလေးချိန်စီးအောင်ပစ္စည်းတွေ ထည့်ချိန်တာနှင့် နှိုင်းပါတယ်။ ဥပမာဆိုရရင်

"နောက်တစ်ကြိမ်တော့ သူ့ကို အလက်ဇန္ဒားဘုရင်ကြီးရဲ့ သံချပ်ကာဝတ်စုံတွေဆင်ပြီး ထည့်ချိန်လိုက်ပါတယ်။ ခြေဆုံးခေါင်းဆုံး သံချပ်ကာဝတ်စုံကြီး ဝတ်ထားတဲ့ကြားကပဲ သူရဲကောင်းဟာ ဝတ်စုံကြီးကိုခွာချပြီး ဖောက်ထွက်လာတာကလား"

* * *

ကိုယ့်မှာရှိတဲ့ အရည်အချင်းထက် ပိုတွက်ပြီး ကိုယ့်ကိုကိုယ်အထင်ကြီးမှုဟာ ရန်များသလို ရှက်စရာလည်း ကောင်းပါတယ်။ စင်စစ်တော့ မှန်တယ်လို့ ထင်ပေမယ့် မမှန်တဲ့အတွက် လောကကြီးဟာ တစ်မုဟုတ်ချင်းသိသွားရာက ရှုတ်ချအသင်သေးတာ ခံရစမြဲပါ။

* * *

---

၁- Jame Taylor

"ကျုပ်မျက်နှာကို အရှိအတိုင်းပဲ ဆွဲပါ။ မဟုတ်ရင်တော့ ပန်းချီဆွဲခ မပေးဘူး" လို့ ပြောခဲ့သူက ဗိုလ်ချုပ်ကြီးအော်လီဗာကရွမ်းဝဲ[၁]ပါပဲ။

ပန်းချီဆရာက ပုံတူဆွဲရာမှာ သူ့မျက်နှာပေါ်က ကြမ်းထော်နေတဲ့အဖု အထစ်တွေကို မထည့်ဘဲ ချောနေအောင်ရေးထားလို့ ဖြစ်ပါတယ်။

* * *

အလုပ်ကြမ်းသမားဘဝက တက်လာတဲ့ ဝက်ချ်ဂုဒ်ဟာ သူ့လက်ရာကို အကောင်းဆုံးဖြစ်အောင် စိတ်တိုင်းမကျမချင်း လုပ်တတ်ပါတယ်။ သူ့ဘာသာ သူလုပ်ပြီး အကြိုက်မတွေ့ရင် ကြွေထည်ကို ရိုက်ခွဲ လွှင့်ပစ်တော့တာပါပဲ။

"ဒါ ဂျိုဆီယာဝက်ဂျ်ဂုဒ်[၂]ရဲ့လက်ရာ မဟုတ်ဘူးကွ"

အညံ့စားမကြိုက် အကောင်းစားမှလုပ်တတ်တဲ့ သူ့စိတ်ဓာတ်ကြောင့် သူ့ကြွေထည်တွေဟာ ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြား လူကြိုက်များခဲ့ရတာပဲ ဖြစ်ပါတယ်။

* * *

ပညာကိုသာအလေးထားတဲ့ ဘော့စတွန်မြို့ကို လူသစ်တစ်ယောက် ရောက်လာရင် အဓိကထားပြီး မေးတတ်တဲ့မေးခွန်းကတော့

"ဒီလူ ဘယ်လောက် ပညာတတ်သလဲ" ဆိုတာပါပဲ။

ဂုဏ်အဆင့်အတန်းကို ဦးစားပေးတဲ့ ဖီလာဒယ်ဖဲယားမှာဆိုရင် "သူ့အဖေက ဘယ်သူလဲ" လို့ မေးနေကျ။

---

၁- Oliver Cromwell

၂- Josiah Wedgwood

ငွေကိုတန်ဖိုးထားတဲ့ နယူးယောက်ကို ရောက်လာသူတိုင်းကိုတော့ "သူ ဘယ်လောက်ချမ်းသာသလဲ"လို့ စုံစမ်းခံရမှာ မလွဲပါ။

လူတစ်ယောက်ကို ပညာ, ငွေကြေး, ဂုဏ်ပုဒ်တွေနှင့် အကဲဖြတ်တာဟာ မမှန်နိုင်ပါဘူး။

အမှန်ကတော့ သူ့ရဲ့ အရှုတ္တ အတွင်းစိတ်ကိုသာ အဓိကထား ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

* * *

ရွှံ့တွေ, ဖုန်တွေထဲ နစ်နေပေမယ့် ပတ္တမြားဟာ ပတ္တမြားပါပဲ။

လေမုန်တိုင်းတိုက်လိုက်လို့ ကောင်းကင်ပေါ်အထိ လွင့်တက်သွားပေမယ့် သဲဟာ သဲပါပဲ။

သို့သော် ပတ္တမြားမှန်ရင် နွံနစ်ရိုးထုံးစံ မရှိပါ။

ဒီနေရာမှာ ဟိုရေ့စ်[၁]ကလည်း လူတွေကို သတိပေးထားပါတယ်။

"လျှို့ဝှက်ထားတဲ့ အဖိုးတန်ဆုံးရတနာတွေဟာ တန်ဖိုးမရှိတဲ့ အရာတွေနှင့်တော့ နည်းနည်းကွာခြားပါတယ်"တဲ့။

* * *

လူတစ်ယောက်ရဲ့ဂုဏ်သတင်းဟာ အရိပ်နှင့် တူပြီး၊ တစ်ခါတလေ နောက်က လိုက်သလို တစ်ခါတလေ ရှေ့က သွားတတ်ပါတယ်။ တိုတဲ့အခါလည်း တိုပြီး ရှည်တဲ့အခါလည်း ရှည်တတ်ပါတယ်။

လူရဲ့ အကျင့်စာရိတ္တအပေါ် မူတည်ပြီး မှေးမှိန်သွားတဲ့အခါလည်း ရှိပါတယ်။ အကျင့်စာရိတ္တဆိုတာ လူ့ကိုယ်ထဲမှာရှိပြီး၊ ဂုဏ်သတင်းဆိုတာက လူ့အပြင်မှာရှိတဲ့ အရာပါပဲ။

---
၁- **Horace**

ဒါကိုပဲ 'အစစ်နှင့် အတု, အနှစ်နှင့် အကာရဲ့ ကွာခြားချက်'လို့ ဆိုနိုင်ပါတယ်။

* * *

ကောင်းမွန်တဲ့လူရဲ့ အကျင့်စရိုက်ဟာ သစ်ပင်တစ်ပင်ရဲ့ ရေသောက်မြစ် ပင်မသွေးကြောနှင့် တူပြီး၊ ဂုဏ်သတင်းကတော့ အကိုင်း, အခက်, အရွက်တွေ ဝေဆာတာနှင့် မခြားပါဘူး။

* * *

နှုတ်ဆိတ်ငြိမ်သက်ခြင်းဟာ ပညာဉာဏ်ရဲ့ အမှတ်အသားလို့ အစဉ်အမြဲ မဆိုသာပါဘူး။

ကိုလာရစ်ဂျ်[၁]က သူ့အတွေ့အကြုံကို ခုလိုပြောပြခဲ့ပါတယ်။

"တစ်ခါက ကျွန်တော် ညစာစားပွဲတစ်ခုကို ရောက်သွားပါတယ်။ လူတစ်ယောက်နှင့် တစ်ဝိုင်းတည်းကျရာမှာ ဒီလူက ကျွန်တော်ပြောသမျှကို အကြာကြီး နားထောင်ခဲ့ပြီး၊ အကြာကြီး ဘာမျှပြန်မပြောဘဲ ခေါင်းတညိတ်ညိတ်သာ လုပ်နေပါတယ်။

"ကျွန်တော်ကတော့ 'ဒီပုဂ္ဂိုလ်ဟာ သူမတူအောင်တော်တဲ့ ပညာတတ်တစ်ယောက်ပဲ'လို့ ထင်သွားတာပေါ့။ ဘာကြာမလဲ။ ညစာတွေအပြီးမှ အချို့ပွဲအနေနှင့် ပန်းသီးဒွာပနာမုန့်တွေလည်း လာချရော။ ဘာပြောကောင်းမလဲ။ 'ဒါကျုပ်အကြိုက် လာချတာ'ဆိုပြီး ဣန္ဒြေမဆည်နိုင်တော့ဘဲ အလုအယက် တွယ်တော့တာကလား"

ညော်- အထင်နှင့်အမြင် ပါစင်အောင်လွဲရတဲ့ အဖြစ်ပါကလား။

* * *

---

၁- Coleridge

အမေရိကန်စာရေးဆရာတစ်ယောက်ရဲ့ အမြင်ပါ။

"ဒီခေတ်ကြီးဟာ ဟန်ဆောင်သူတွေရဲ့ ခေတ်ကြီးပါပဲ။ အတုအယောင်သမားက ဟန်ဆောင်လောကရဲ့ အဓိပတိ မြို့စားကြီးပဲပေါ့။ အမယ်လေးလေး- ကျွန်တော်တို့မှာ စံပြပုဂ္ဂိုလ်အတုတွေ၊ သူရဲကောင်းအတုတွေ၊ နိုင်ငံရေးသမားအတုတွေ၊ ပညာရှင်အတုတွေ၊ ကျောင်းဆရာအတုတွေ ပေါလှချည်ကလား"

* * *

ခေါင်းပွရုပ်တုတစ်ခုရဲ့ အပေါ်ယံကြောကတော့ အရည်အသွေးအကောင်းဆုံး ပဲရစ်စ်ကျောက်တွေနှင့် လုပ်ထားတာပါ။ ဒါပေမယ့် အတွင်းပိုင်းမှာတော့ အဝတ်စုတ်တွေ၊ အမှိုက်တွေနှင့် ပြည့်ခဲနေတာကလား။

လူတွေမှာလည်း သီလ၊သမာဓိအပြည့်နှင့် သူတော်ကောင်းရုပ် ဖမ်းပြီး အတွင်းမှာက ညစ်ပတ်ယုတ်ကန်းမှုတွေနှင့် ပုပ်သိုးနေတဲ့ ကျီးအာသီးလိုလူတွေ မနည်းပါဘူး။

ရှေးက ခရစ်ယာန်ဘုန်းတော်ကြီးတွေက ကွန်ဗင့်မိန်းကလေးကျောင်းတွေရဲ့ တံခါးဘောင်မှာ မယ်တော်မာရီရဲ့ရုပ်ကို ပန်းချီရေးထားပြီး၊ အတွင်းဘက်မှာတော့ ဗီးနပ်စ်နတ်သမီးရဲ့ပုံကို ရေးထားတဲ့ အတိုင်းပါပဲ။

* * *

ဒေါက်တာဟောလ်ဲကလည်း ဓမ္မတေးတွေကို အူလှိုက်အသည်းလှိုက် ဆိုတတ်တဲ့ စကော့အမျိုးသားကြီးတစ်ယောက်အကြောင်း ပြောဖူးပါတယ်။

"သူဆိုတဲ့ သီချင်းကတော့ 'နှလုံးသားမှာ သဒ္ဓါစေတနာပြည့်ဝသူတွေဟာ အကြီးမားဆုံးလက်ဆောင် ရကြပါတယ်'တဲ့။ 'အလှူပေး သူဌေးဖြစ်' လို့ ဆိုတာ

ပေါ့။ ဒါပေမယ့် အဲဒီအဆိုတော်ကြီးကိုယ်တိုင်ရဲ့ အိတ်ထဲမှာတော့ အလှူငွေထည့်ဖို့ တစ်ပြားမှ မပါတတ်ပါဘူး''တဲ့။

* * *

လူငယ်တစ်ယောက်အဖို့ အတုအယောင်တွေနှင့် ပုံတူကူးမှုတွေရဲ့ ဖြားယောင်းလှည့်စားတာ ဘယ်လောက်တောင် ခံရပါသလဲ။

ပန်းချီကားအစစ်နှင့် ပုံတူကူးထားတဲ့အတု၊ ရင်ထဲကအတွေးနှင့် ခံစားချက်အတု၊ မိတ်ဆွေအစစ်နှင့် ဟန်ဆောင်မိတ်ဆွေ၊ အပေါ်ယံဂါရဝနှင့် တကယ်ရိုသေကိုင်းရှိုင်းမှု၊ အကျင့်သီလတကယ်ရှိသူနှင့် လူကြီးလူကောင်း အယောင်ဆောင်သူ။ ဒါတွေကို ရုတ်တရက်တော့ ခွဲခြားဖို့ မလွယ်တာ အမှန်ပါပဲ။

ဒါပေမယ့် ပြိုလ်နှင့် ကြယ်တွေကို အလွယ်တကူ ခွဲခြားနိုင်ပါတယ်။ အရောင်တွေ တောက်ပနေတာချင်းအတူတူ ကြယ်တာရာတွေက မှိတ်တုတ်မှိတ်တုတ် မလင်းတစ်လှည့် လင်းတစ်လှည့် ဖြစ်နေပါတယ်။

အတုအယောင်ဆိုတာ ကြာရှည်မခံပါဘူး။

* * *

ဒေါက်တာလစ်ဗင်းစတုန်းဟာ အာဖရိကတောနက်ထဲ ဖြတ်သွားရာက မှန်ကိုတစ်ခါမှ မမြင်ဖူးတဲ့ လူမျိုးစုတစ်စုနှင့် ဆုံခဲ့ရပါတယ်။

အဲဒီလူတွေက သူတို့မျက်နှာကို မှန်ထဲကြည့်ပြီး ''ဟာ- ကျုပ်မျက်နှာက အရုပ်ဆိုးလှချည်လား''

''ဘယ် လောက်တောင် ကြောက်စရာကောင်းတဲ့ ရုပ်ကြီးပါလိမ့်''

''ငါ့နှာခေါင်းကြီးကလည်း ပွလိုက်တာ''နှင့် လန့်ဖျပ်ကုန်ကြတယ် ဆိုပဲ။

ပန်းရွှေပြည်စာအုပ်တိုက်

တကယ်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း အမှန်တရားဆိုတဲ့ကြေးမုံပြင်မှာ နှလုံးသားရဲ့ပုံရိပ်ကို ပထမဆုံး မြင်ရတဲ့အခါမှာလည်း အံ့အားသင့်သွားကြရတာပဲ မဟုတ်ပါလား။

* * *

မိမိ၏အားနည်းချက်ကို ဖုံးကွယ်ထားတာထက် ပကတိ အရှိအတိုင်း လှစ်ပြတာက ပိုပြီး အစွမ်းထက်မြက်ပါတယ်။

* * *

ကိုယ်ကျင့်တရားမကောင်းတဲ့ လူတွေလည်း မကြာခဏဆိုသလို နာမည်ကောင်း ရတတ်ကြပါတယ်။

ပန်းထဲမှာ အလှဆုံးဖြစ်တဲ့ ဖလော်ရီဒါနှင်းဆီတွေဟာ မမွှေးပါဘူး။

ငှက်ထဲမှာ အလှဆုံးဆိုတဲ့ ကောင်းကင်ဘုံကငှက်တွေဟာလည်း တေး မဆိုတတ်ပါဘူး။

ဂရိနိုင်ငံက သစ်မာပင်ဖြစ်တဲ့ ထင်းရှူးပင်တွေဆိုလည်း အသီး မသီးကြပါဘူး။

* * *

ရုပ်အဆင်းက မင်းသားလိုလှပြီး အတွင်းစိတ်က ဘီလူးလို ရက်စက်ယုတ်မာသူတွေ ရှိသလို၊ ဘီလူးလောက် အရုပ်ဆိုးပေမယ့် မင်းသားလေးလို စိတ်လှသူတွေလည်း ရှိပါတယ်။

တစ်ချို့ကလည်း ဘီလူးလို အရုပ်ဆိုးသလောက် ဘီလူးလိုပဲ ယုတ်မာရက်စက်ကြပါတယ်။

မင်းသားလေးလို လှပြီး စိတ်ထားလည်း မင်းသားလေးလို ကောင်းမွန်လှပသူကတော့ ရှားပါတယ်။

* * *

အမေရိကန်ပြည်တွင်းစစ်ကာလ တောင်ပိုင်းက အကျဉ်းထောင်တွေထဲမှာ အကျဉ်းသားတွေက မိသားစုတွေဆီ စာရေးကြရာမှာ စာတစ်ကြောင်းနှင့် တစ်ကြောင်းကြားမှာ တီထွင်ထားတဲ့လျှို့ဝှက်မင်နှင့်ရေးတတ်ကြပါတယ်။ အာဏာပိုင်တွေကဖတ်လိုက်ရင် မာကြောင်းသာကြောင်း ဆုတောင်းတာတွေ ဖြစ်ပေမယ့်၊ သူ့အိမ်သားတွေက မီးနှင့်အပူပေးလိုက်ရင် တကယ့်အတွင်းစကားတွေ ရေးထားတာ ပေါ်လာ ပါတော့တယ်။

ဒီအတိုင်းပါပဲ၊ အတုအယောင်တွေကို အပေါ်ယံ ဟန်ပြဖုံးဖိထားပေမယ့် အချိန်တန်တော့လည်း အတွင်းသရုပ်တွေ ပေါ်သွားကြတာပဲပေါ့။ ဆေးခါးကြီးကို သကြားအုပ်ထားတဲ့ ဆေးလုံးတွေနှင့် တူပါတယ်။

ထင်ရှားတဲ့သာဓကတစ်ခုအနေနှင့် တီကွန်ဒီရိုဂါ[၁], ကွီးဘက်[၂], ဆာရာတိုဂါ[၃]တို့မှာ အာနိုး[၄]ဟာ သူ့ သူရဲကောင်းဆန်ဆန်စွန့်စားပုံတွေကို အများဖတ်ဖို့ စာတွေ ရေးခဲ့ပါတယ်။ ဖီလာဒီဖဲယားမှာလည်း သူဟာ 'တိုင်းပြည်အတွက် အသက်ပေးမယ်' လို့တောင် ကြေညာခဲ့ပါတယ်။ ဒါပေမယ့် အဲဒီမြို့တွေ နယ်တွေက သူပေးတဲ့စာတွေကြားမှာ ညှပ်ရေးထားတဲ့ ဝှက်စာတွေရှိတာ မသိခဲ့ကြပါဘူး။

ဝက်စ်ပွိုင့်စစ်တက္ကသိုလ်က ဒီလျှို့ဝှက်စာတွေကို အဓိပ္ပာယ်ဖော်လိုက်တော့မှ သူဟာ နိုင်ငံကို ဗြိတိသျှလက်ထဲရောင်းစားဖို့ မသမာညဏ်နှင့် ကြံထားတာ

---

၁- Ticonderoga ၃- Saratoga
၂- Quebec ၄- Arnold

ဘွင်းဘွင်းကြီးပေါ်လာတော့တာကလား။ ဖွတ်ထွက်မှ တောင်ပို့မှန်း အချိန်မီ သိလိုက်လို့ တော်ပါသေးရဲ့။

* * *

ရှေ့နေဆိုတာ အမှုသည်ဘက်ကလည်း မှန်ရမယ်။ တရားမျှတမှုလည်း ရှိမယ်လို့ ယုံကြည်မှသာ တရားသူကြီးကို နားဝင်အောင် လျှောက်လဲနိုင်ပါတယ်။ မဟုတ်ရင်တော့ တရားသူကြီးတွေ လက်ခံအောင် လျှောက်လဲရေးဟာ ကမ္ဘာပေါ်မှာ အခက်ဆုံးအလုပ်ပါပဲ။

ကိုယ်တိုင်က နှစ်နှစ်ကာကာ တကယ်မယုံကြည်ဘူးဆိုရင်၊ ဒါမှမဟုတ် တမင် ဖုံးကွယ်လှည့်စားတာဆိုရင် တစ်ချိန်မဟုတ် တစ်ချိန် တစ်နည်းနည်းဖြင့် အမှန်တရားပေါ်လာမှာ မလွဲပါ။

မျက်စိအကြည့်တစ်ချက်၊ လွတ်ခနဲ ထွက်သွားတဲ့ အာမေဋိတ်၊ အမှတ်မထင် ပြောလိုက်တဲ့ စကားတစ်ခွန်းမှာ အမှန်တရား ပါသွားတော့တာပါပဲ။

'လိမ်တာညာတာကို အများတကာသာမက ကိုယ်စောင့်နတ်ကပါ မကြိုက်ဘူး'ဆိုတဲ့ သဘောပေါ့။

* * *

အီမာဆင်[၁]ရဲ့စကားအရတော့

'ဘဝရဲ့ပိုးထည်ကြီးမှာ လျှော်တွေ ရောရက်လို့ မရပါဘူး။ ဆွေးတတ်တဲ့လျှော်တွေဟာ ပိုးထည်ထဲမှာ အထင်းသားတွေ့နိုင်ပြီး မကြာခင် စုတ်ပြဲသွားဖို့ သေချာပါတယ်'လို့ နားလည်ထားရမှာပါပဲ။

* * *

၁- Emerson

ကျွန်တော်တို့ရဲ့ သိက္ခာကျလောက်တဲ့ အပြစ်အမှားတွေကို ရေရှည်ဖုံးဖိထားလို့ မရပါဘူး။ ကိုယ်ကျင့်တရားနှင့်ပတ်သက်လို့ နှလုံးသားကို ဝင်စမ်းသပ်တာမျိုးလည်း ကြုံရမှာပါပဲ။ ကျွန်တော်တို့ရဲ့ အမည်းစက် တစ်စက်၊ အမာရွတ်တစ်ခုဟာ အားနည်းချက်ကို ပြသလို၊ သေရာပါ ဖြစ်သွားနိုင်ပါတယ်။

အချိန်ရဲ့လက်ချောင်းတွေက မိုက်မှားမှုကို တော်ရုံတန်ရုံနှင့် ချေဖျက်နိုင်စွမ်းမရှိတာလည်း သတိချပ်စရာပါ။

* * *

လူငယ်တစ်ယောက်ရဲ့ တိုးတက်အောင်မြင်မှုကို သူ့အကျင့်စာရိတ္တနှင့် တိုင်းကြည့်ရမှာပါပဲ။ သူဟာ အလုပ်သင်ကာလပဲ ဖြစ်ဖြစ်၊ အကူစားရေးလေးပဲ ဖြစ်ဖြစ် လုပ်ငန်းကျွမ်းကျင်မှုနှင့် တာဝန်ကျေပွန်မှုတွေ ရှိနေပြီဆိုတဲ့တိုင်အောင်၊ သူ့ရဲ့ စည်းကမ်းလိုက်နာမှုနှင့် အကျင့်စာရိတ္တတွေကောင်းဖို့လည်း အရေးကြီးပါသေးတယ်။ ဒါတွေ ပြည့်စုံပြီဆိုရင်တော့ ဂုဏ်ရှိန်မြင့်မားသွားသလို၊ တစ်သက်တာနောင်ရေး စိတ်အေးသွားရပါပြီ။

ဒီဂုဏ်သတင်းဟာ ငွေကြေးချမ်းသာကြွယ်ဝမှုထက် အဆပေါင်းများစွာ သာပါတယ်။ ကူညီမယ့်မိတ်ဆွေတွေ ဝိုင်းနေစေသလို၊ ငွေအတွက်လည်း မပူရတော့ပါဘူး။ အခက်အခဲမရှိ ပျော်ရွှင်မှုတွေနှင့် သူ့ဘဝလမ်းဟာ သာယာဖြောင့်ဖြူးသွားမှာ သေချာနေပါပြီ။

* * *

လူတစ်ယောက်အနေနှင့် ဆုံးဖြတ်ချက် ချရခက်တဲ့ အခြေအနေမျိုးလည်း ကြုံရတတ်ပါတယ်။ ဒီအနေအထားမှာ သူ့သိသမျှအချက်တွေကို ညှိနှိုင်းပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ လောလောဆယ် အကောင်းဆုံးလို့ မှတ်ရမှာပါပဲ။ ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေဟာလည်း အဲသလိုပဲ အရေးပေါ် စဉ်းစား လိုက်ရတာတွေသာ ဖြစ်ပါတယ်။

* * *

စစ်ကြီးအတွင်းက ဗိုလ်ချုပ်ကြီး ဘတ်တလာ[၁]နှင့် အတူအမှုထမ်းခဲ့တဲ့ ဖန်နီဖင်း(မစ္စဂျိမ်းစ် ပါတန်)[၂]က ပြောပါတယ်။

"သေရေးရှင်ရေး ပြဿနာတွေ သူ့တဲထဲ လာတင်ပြတယ်။ သူက လေ့လာပြီး စဉ်းစား ဆုံးဖြတ်ပေးလိုက်တာပဲ။ ဆုံးဖြတ်ချက်တွေကို ကောက်ကာငင်ကာ တစ်မုဟုတ်ချင်းချနိုင်တဲ့ သူ့ စိတ်စွမ်းအားကလည်း အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။ ဒါပေမယ့် ဒီလို ဆုံးဖြတ်ပြီးတာနှင့် အဲဒီကိစ္စကို သူ့ခေါင်းထဲက ထုတ်ပစ်လိုက်ပုံ ရတာပဲ"

* * *

အာဏာရှင်တစ်ယောက်ရဲ့စစ်တပ်က ဖမ်းထားတဲ့ သား ၂ ယောက်အသက်ကို ကယ်ဖို့ကြိုးစားတဲ့ ဖခင်တစ်ယောက်ဟာ ဆုံးဖြတ်ချက် မချနိုင်တာကြောင့် ကြေကွဲစရာအဖြစ်နှင့် တိုးခဲ့ရပါတယ်။

'သား ၂ ယောက်ကို အသက်ချမ်းသာပေးဖို့ ငွေပေးပါ့မယ်။ ဒီအပြင် သူ့အသက်လည်း ပေးပါမယ်' လို့ အာဏာရှင်ကို ကမ်းလှမ်းပါတယ်။

---

၁- General Butler ၂- Fanny Fern (Mrs. James Parton)

တစ်ဘက် က 'သားတစ်ယောက်ကိုသာ ပြန်လွှတ်ပေးမယ်။ ဘယ်သားကို ရွေးမလဲ။ နာမည်ပေးပါ' လို့ အကြောင်းပြန်လာတာကလား။

ဖခင်ကြီးအနေဖြင့် သူ့အသက် အသေခံတာတောင် သားတစ်ယောက် ဆုံးရမယ် ဆိုတဲ့အဓိပ္ပာယ်ပေါ့။ သား ၂ယောက်စလုံးကို ချစ်တဲ့ သူ့အဖို့ ၂ယောက် ထဲက တစ်ယောက်ရွေးဖို့ အခက်ကြုံနေရပါတော့တယ်။

သူ့ခမျာ အရှုံးတစ်ပိုင်းဖြစ်ပြီး ဆုံးဖြတ်ချက် မချနိုင်။

နောက်ဆုံး 'ဖခင်ဟာ တုံ့ပြန်ချက်ကို လက်မခံ' လို့ ယူဆပြီး၊ သား ၂ယောက်စလုံး ကွပ်မျက်ခံလိုက်ရတဲ့ ဇာတ်လမ်းပါ။

* * *

ဝီလျံဝပ်သ်[၁]က ပြောဖူးပါတယ်။

''အလုပ် ၂ လုပ်မှာ ဘယ်အလုပ်ကို အရင်လုပ်ရပါ့မလဲ ဆိုတာ အမြဲ တုံ့ဆိုင်းတွေဝေနေသူဟာ ဘာကိုမျှ ပြီးမြောက်အောင်မြင်အောင် လုပ်နိုင်မှာ မဟုတ်ဘူး''တဲ့။

* * *

သန္နိဋ္ဌာန်ချထားတဲ့ လူတစ်ယောက်ဟာ မိတ်ဆွေတစ်ယောက်က ဆန့်ကျင် ဘက် အကြံပြုလိုက်တာနှင့် သူ့ မူလဆုံးဖြတ်ချက်ကို ပြန်ပြင်၊ ဒါမှမဟုတ် ပြောင်းလဲပစ်တတ်ကြပါတယ်။

ဒီလို အယူအဆတစ်ခုကနေ အယူအဆတစ်ခု၊ အမြင်တစ်ခုကနေ အမြင် တစ်ခု၊ အကြံတစ်ခုကနေ အကြံတစ်ခုကို အလွယ်တကူပြောင်းတတ်တဲ့လူဟာ လေယူရာတိမ်းတဲ့ ပုံပြားပင်, လေတိုက်ရာဘက်ညွှန်တဲ့ လေကြောင်းပြမြားလေးနှင့် တူပါတယ်။

၁- William Wirt

သူဟာ ဘာတစ်ခုမျှ အောင်မြင်အောင် မလုပ်နိုင်သလို ကြီးကြီးကျယ်ကျယ် ဒါမှမဟုတ် ထိရောက်ထက်မြက်စွာ လုပ်ဆောင်နိုင်မှာလည်း မဟုတ်ပါဘူး။ သူ့အဖို့ ရှေ့မတိုးနောက်မဆုတ်နှင့် တန့်နေမယ်။ ရှိရင်းစွဲအခြေအနေက ယုတ်သွား လျော့သွားဖို့သာ ရှိပါတယ်။

* * *

'သူလိုချင်တာကို မရအရ ရယူရာမှာ ထူးခြားတဲ့အရည်အသွေးရှိသူက တော့ ဂျူးလိယက်ဆီဇာ[၁]ပါပဲ' လို့ လူကင်[၂]က ဂုဏ်တင်ချီးကျူးခဲ့ပါတယ်။

တကယ်တမ်းမှာလည်း ဆီဇာဟာ မြော်မြင်ဉာဏ်ကြီးမားသူတွေနှင့် ပထမ ဆုံး တိုင်ပင်တယ်။ အထပ်ထပ် စဉ်းစားတယ်။ နောက် အခိုင်အမာဆုံးဖြတ်တယ်။ ဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်း အကောင်အထည်ဖော်တယ်။ အလွယ်တကူ စိတ်ပျက်တတ်တဲ့ လူပျော့လူညံ့ မဟုတ်သလို တုန်လှုပ်တာမျိုးလည်း မရှိဘူး။ ဒါကြောင့်လည်း သူဟာ ဘက်စုံက အောင်ပွဲခံခဲ့ရတာ ဖြစ်ပါသတဲ့။

* * *

တွေဝေနေတဲ့စိတ်ကို ချက်ချင်းလက်ငင်း အင်တိုက် အားတိုက်လုပ်ဆောင်တဲ့အလေ့အကျင့်နှင့် ပုံသွင်းတာလောက် အထောက်အကူဖြစ်တာ မရှိပါဘူး။

လူတစ်ယောက်ဟာ သူ့ ရည်ရွယ်ချက်၊ သို့မဟုတ် ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေနှင့် ပတ်သက်လို့ ပြန်ပြင်ဖို့ ဘယ် တော့မျှ စိတ်မပြောင်းသင့်ပါဘူး။

လှုပ်ရှားမှုတွေကို အလျှော့ အတင်းလုပ်ဖို့အတွက် ဘာမဟုတ်တာလေးနှင့် တုန်လှုပ်ဖို့လည်း မလိုပါဘူး။

၁- **Julius Caesar** ၂- **Lucan**

'ဆုံးဖြတ်ချက်'ဆိုတာ 'ယတိပြတ်' ဖြစ်ရသလို၊ ပြန်ပြင်လို့မရတော့ဘူးဆိုတဲ့ အမှတ်နှင့် အစွမ်းကုန် အကောင်အထည်ဖော်ရတော့မှာပါပဲ။ ရည်ရွယ်ချက်ထမြောက်ဖို့ အချိန်မဆွဲဘဲလုပ်ဆောင်ရမှာလည်း ဖြစ်ပါတယ်။ မြန်ဆန်သွက်လက်တဲ့ ဆုံးဖြတ်ချက် ချလိုက်နိုင်ပြီဆိုရင် ကျင့်သားရသွားတဲ့အလျောက် ယုံကြည်သက်ဝင်မှုလည်း ပေါ်ထွန်းလာသလို လွတ်လပ်ပေါ့ပါးတဲ့စိတ်လည်း ရလာမှာပါ။

* * *

ဒွိဟတွေ သံသယတွေနှင့် တွေဝေနေသူဟာ ဘယ်နေရာမှာ ဘယ်လောက်ပဲအစွမ်းထက်ထက် ဘဝပြိုင်ပွဲမှာ ဘေးရောက်သွားမှာပါပဲ။ ဆုံးဖြတ်ချက်ရှိထားပြီး ရဲရင့်ပြတ်သားတဲ့လူ၊ ဘာလုပ်ချင်သလဲ, ဘာလုပ်ရမလဲ ဆိုတဲ့လူက သူ့ကို တိုက်ချပြီး ကျော်တက်သွားမှာ မလွဲပါဘူး။

ဦးနှောက်က ဆုံးဖြတ်ချက်ချဖို့ နည်းလမ်းတွေ ရှာပေးပါတယ်။ ဒါပေမယ့် ထောင်ပေါင်းများစွာသောလူတွေဟာ အချိန်ဆွဲနေကြတာမို့ ဘဝအရှုံးနှင့် ရင်ဆိုင်ကြရတာပါ။

စီးပွားရေးသမားအများစုဟာ ချက်ချင်း ဆုံးဖြတ်ချက်ချနိုင်ကြရာက ချမ်းသာပြီးရင်း ချမ်းသာလာကြတာလည်း တွေ့ကြရပါမယ်။

* * *

ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်ချမှတ်တာကို အလေ့အကျင့်လုပ်ဖို့ဟာ အရေးကြီးလှပါတယ်။ ဒါဟာ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးဖို့ ကြိုတင်ရရှိလာတဲ့ အခွင့်အရေးပါပဲ။

မဆုံးဖြတ်ဘဲ နေလိုက်တာထက် ဆုံးဖြတ်ချက်မှားရင်တော့ ပိုပြီး ဒုက္ခရောက်တတ်ပါတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက် မချလို့ကလည်း မဖြစ်ပြန်ပါဘူး။ ဒီတော့ ဆုံးဖြတ်ချက်မှန်အောင် ကြည်လင်တဲ့ဦးနှောက်၊ မြင့်မားတဲ့ အသိဉာဏ်၊ ရင့်ကျက်တဲ့အတွေ့အကြုံ၊ တိကျခိုင်မာတဲ့ အကြောင်းအချက်တွေအပေါ် မူတည်ပြီး ရဲရဲတင်းတင်း စဉ်းစား ဆုံးဖြတ်ရပါမယ်။

* * *

အန်တီတမ်[၁] စစ်ပွဲကြီးပြီးပြီးချင်း သမ္မတကြီးက သူ့ဝန်ကြီးအဖွဲ့ကို ပြောလိုက်တာကတော့

"အချုပ်အချယ်က လွတ်မြောက်ခွင့်ပေးတဲ့မူဝါဒကို လူသိရှင်ကြား ကြေညာဖို့အတွက် အချိန်အကြာကြီး နောက်ကျနေလို့ မဖြစ်ဘူး" ဆိုတာပါပဲ။

သူက ဒီမူဝါဒကို အများပြည်သူတွေကလည်း ထောက်ခံမယ့်သဘောရှိမယ်လို့ တွေးထင်ခဲ့ပါတယ်။ သူကလည်း 'ဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်းလုပ်မယ်'လို့ ဘုရားကို တိုင်တည်သစ္စာပြုထားပြီးသားပါ။

သူ့သန္နိဋ္ဌာန်အတိုင်း ဗိုလ်ချုပ်လီး[၂]ဟာ ပင်ဆီလ်ပေးနီးယားက ပြန်လာတာနှင့် 'ကျွန်တွေကို လွတ်မြောက်ခွင့်ကြေညာလိုက်ပြီ'ဆိုတဲ့ သတင်းကောင်းကြားရမယ်လို့ ယုံကြည်ထားတာပါပဲ။

* * *

---

၁- Antietam  ၂- General Lee

လူတစ်ယောက်ဟာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် ယုံကြည်မှုမရှိတာလောက် အဖျက်စွမ်းအားကြီးတာ မရှိပါဘူး။ ဘာကြောင့်ဆို သူ့ရည်ရွယ်ချက် ထမြောက်အောင် လုပ်ဆောင်ဖို့ အားလျော့ပျက်ကွက်ခဲ့တာမို့ ဖြစ်ပါတယ်။

လောကကြီးမှာ စိတ်ပျက်စရာအကောင်းဆုံးက
အသေးအဖွဲလေးကအစ
လိုက်ပြီး ပူပန်ကြောင့်ကြတတ်တာ ဖြစ်တယ်။
ဒီလူဟာ အကောင်း,အဆိုးကို
သူ့ကိုယ်ပိုင်တရားရုံးမှာ
အဆုံးအဖြတ်ခံရတာပါပဲ။

ဘီချာ
**Beecher**

ချီတုံချတုံဖြစ်နေတာဟာ မိုက်မိုက်ကန်းကန်း
မစဉ်းမစားလုပ်တာထက် ပိုဆိုးပါတယ်။
ကြိုးစားပမ်းစားပစ်ချက်တွေဟာ တစ်ခါ
တလေ ပစ်မှတ်ကိုထိသွားနိုင်ပါသေးတယ်။
တစ်ချက်မျှ မပစ်သူအနေဖြင့်တော့ ပစ်မှတ်ကို
ဘယ်တော့မှ ထိမှာ မဟုတ်ပါဘူး။

ဖဲလ်သမ်
**Feltham**

'သေချာမှ လုပ်မယ်' ဆိုပြီး
လက်နှေးနေရင်တော့
ကြီးကျယ်တဲ့လုပ်ငန်းတွေကို
လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဂျော့ဂျ် အီလီယက်
**George Eliot**

# ၁၁

# ခိုင်မြဲတဲ့ ဦးတည်ချက်

သင့်ဦးတည်ချက်ကို အရောက်သွားဖို့
နှမ်းတစ်ထောက်စာလေးမျှ မလျှော့ပါနှင့်။

ရှိတ်စပီးယား
**Shakespeare**

ကျွန်တော်ဟာ
'ဆုံးရှုံးမှု' ဆိုတဲ့ စကားလုံးကို
ဆန့်ကျင်ဘက်သက်သေ ပြချင်ပါတယ်။
အဲဒီစကားလုံးရဲ့ နောက်ကွယ်ကို
ကျွန်တော် မြင်ခဲ့ပါပြီ။
လူတစ်ယောက် ကြောက်ရမယ့်
ဆုံးရှုံးမှုအကြောင်းရင်းက
သူ 'အကောင်းဆုံး' လို့ ယူဆထင်မြင်တဲ့
ဦးတည်ချက်၊ ရည်ရွယ်ချက်ကို
၂ ပိုင်း ခွဲပစ်လိုက်တာပါပဲ။

ဂျော့ဂျ်အီလီယက်
**George Eliot**

'ဘယ်တော့မျှ အလျှော့ မပေးနှင့်'
အခွင့်အရေးနှင့် အပြောင်းအလဲတွေ ရှိလေရဲ့။
မျှော်လင့်ချက်ကို အားဖြည့်ပါ။
၁ ကနေ ၁၀၀ လောက်
ကမောက်ကမတွေကို ကျော်လွှားဖို့
ပညာဉာဏ်တွေ မြင့်မြင့်မားမားနှင့်
နိုင်နိုင်မြဲမြဲ စွဲကိုင်ထားရင်
ထာဝရ အောင်မြင်မှာပင်။

'ဘယ်တော့မျှ အလျှော့ မပေးနှင့်'
ရဲရင့်တဲ့ပညာတွေ ရှိထား။
စဉ်းစားဉာဏ်က
လိုအပ်ချက်ကို ဖြည့်မှာပါ့။
ဒီလက်နက်ကြီးက အကောင်းဆုံး၊
ဒါပေမယ့်
'အကောင်းဆုံးဆောင်ပုဒ်' ဆိုတာ လိုက်နာဖို့။
'ဘယ်တော့မျှ အလျှော့ မပေးနှင့်'

"ဟောဒီစက်ဝိုင်းငယ်လေးကို ထိအောင် ဒီဘောလုံးနှင့် ၇ ကြိမ် ကန်ရမယ်။ 'ဂိုးသွင်းတယ်' ဆိုပါတော့ကွာ။ 'ဂိုးအများဆုံး ဘယ်သူ သွင်းနိုင်သလဲ' ဆိုတာ ငါ ကြည့်ချင်တယ်။

ဘဏ်ကြီးရှင် အလုပ်ရှင်က တောက်တိုမည်ရ နိုင်းဖို့ အလုပ်နေရာ လာလျှောက်တဲ့ ဆယ်ကျော်သက်လူငယ် ၃၀ လောက်ကို ပြောလိုက်တာပါ။

သူတို့အားလုံး တစ်ယောက်မျှ အမှတ်ဝိုင်းလေးကို ထိအောင် မကန်နိုင်ကြပါ။

"မနက်ဖြန် ပြန်လာကြဦး။ အကောင်းဆုံး ကန်နိုင်မယ့်လူ ရှိသလားလို့ ထပ်စမ်းရအောင်"

နောက်တစ်နေ့။ ချာတိတ်တစ်ယောက်သာ ပြန်လာပါတယ်။ သူက ပစ်မှတ်ကို ၇ ချက်စလုံး ထိအောင် ကန်ပြလိုက်ပါတယ်။

'ဟ– မင်း ဘယ့်နှယ်လို ဒီလို မှန်အောင် ကန်နိုင်တာလဲ"

အလုပ်ရှင်က တအံ့တဩ အမေး။

"ကျွန်တော့်အမေကို တစ်ဘက်တစ်လမ်းက အကူအညီပေးဖို့ ဒီအလုပ်ကို အသည်းအသန်လိုချင်နေတာပါ။ ဒါကြောင့်လည်း ညက တစ်ညလုံး လေ့ကျင့်ခဲ့တယ်လေ"

ချာတိတ်လေး အလုပ် ရသွားမယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါ။ သူက ရည်မှန်းချက်ပေါက်အောင် မဖြစ်မနေ လုပ်ခဲ့တာကလား။ ဒီလိုနှင့် သူ အဆင့်ဆင့် မြင့်တဲ့ရာထူးတွေ ရသွားတော့တာပါပဲ။

* * *

'စစ်ရှုံးဘုရင်ကြီးဘရုစ်နှင့် ပင့်ကူငယ်' ဆိုတဲ့ အင်္ဂလိပ်ပုံပြင်နှင့် အလားတူ ပုံပြင်တစ်ပုဒ် ရှိပါတယ်။

'မွန်ဂိုစစ်သူကြီး တမ်မာလိန်း[၁]နှင့် ပုရွက်ဆိတ်လေး' လို့ပဲ ပြောကြပါစို့။

စစ်သူကြီး တမ်မာလိန်းဟာ ရန်သူတွေ ဝိုင်းလိုက်လို့ အသက်လု ထွက်ပြေးခဲ့ရာက တိုက်အိုကြီးတစ်ခုထဲ ဝင်ပုန်းခဲ့ရပါတယ်။ သူတစ်ယောက်တည်း ပုန်းအောင်းနေရစဉ်မှာ ပုရွက်ဆိတ်လေးတစ်ကောင်က ပြောင်းစေ့လေးတစ်စေ့ကို မနိုင်တနိုင်ချီလာတာ တွေ့လိုက်ရပါတယ်။ ပြီးတော့ ပုရွက်ဆိတ်ငယ်က သူရည်မှန်းတဲ့နေရာတစ်ခုကို ဆွဲတင်ဖို့ ကြိုးစားတယ်။ တင်လိုက်ကျလိုက်နှင့် ၆၉ ကြိမ်တိုင်တဲ့အထိ မအောင်မြင်ခဲ့ပါဘူး။ အကြိမ် ၇၀ ကျတော့မှ မလျှော့တဲ့ဇွဲနှင့် မရရအောင် တင်လိုက်နိုင်တာ တွေ့ရပြီး တမ်မာလိန်းဟာ အားမာန်တွေ တက်လာပါတယ်။ ပုရွက်ဆိတ်ငယ်ကို အတုယူပြီး၊ 'စစ် နိုင်အောင်တိုက်မယ်' လို့ သန္နိဋ္ဌာန် ချလိုက်ပါတော့တယ်။

* * *

ရှုံးနိမ့်ခြင်းဟာ ဇွဲလုံ့လနှင့် သံမဏိစိတ်ဓာတ်ကို နောက်ဆုံး စမ်းသပ်တာပါပဲ။

ဒီ ဇွဲနှင့် စိတ်ဓာတ်က ဘဝတစ်ခုကို ဖျက်ဆီးပစ်နိုင်သလို၊ ရပ်တည်နိုင်အောင်လည်း လုပ်နိုင်ပါတယ်။

* * *

၁- **Tamerlane**

သမ္မတအိမ်ဖြူတော်မှာ လွှတ်လပ်ရေးကြေညာစာတမ်း ပန်းချီကားကြီး ဆွဲနေရတဲ့ ဖရင့် ဘီ-ကာပင်တာ[၁]က တရားသူကြီးချုပ်ကို ခုလို မေးမိပါသတဲ့။

"တခြား ထိပ်တန်းဗိုလ်ချုပ်ကြီးတွေနှင့် ယှဉ်လိုက်ရင် ဗိုလ်ချုပ်ကြီးဂရန့်[၂]ကို ဘယ်လိုမြင်ပါသလဲ"

သမ္မတကြီးက ဝင်ဖြေပါတယ်။

"သူ့အကြောင်းက ပြောလို့ မကုန်ပါဘူး။ အဲဒီထဲက အပြောင်မြောက်ဆုံးကတော့ ဦးတည်ချက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားနိုင်တာပါပဲ။ သူဟာ အလွယ်တကူ မတုန်လှုပ်တတ်သလို ခွေးဘီလူးတစ်ကောင်ရဲ့ မြဲမြံမှုမျိုးလည်း ရှိတယ်။ သူ ကိုက်မိတာနှင့် ရှန်းလို့ မလွတ်တော့ပါဘူး"

* * *

သမ္မတကြီးလင်ကွန်းဟာ ငယ်ငယ်ကတည်း လူထုရှေ့ထွက်ဖို့ ဆုံးဖြတ်ခဲ့သူဖြစ်သလို၊ သူ့အကြံအစည်ကိုလည်း မိတ်ဆွေအပေါင်းအသင်းတွေနှင့် တိုင်ပင်ခဲ့ပါတယ်။

သူက လုပ်ဖော်ကိုင်ဖက်မိတ်ဆွေဖြစ်တဲ့ ဂရင်းကို ပြောပြရာမှာ

"ကျွန်တော်ဟာ ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေနှင့် တွေ့ပြီး စကားပြောဖူးပါတယ်။ သူတို့ဟာ တစ်ယောက်နှင့် တစ်ယောက် သိပ်ကွာခြားလှတာ မဟုတ်ဘူးဗျ"

လင်ကွန်းဟာ အပြောအဟောကောင်းအောင် လေ့ကျင့်ဖို့အတွက် စကားရည်လုပွဲကလပ်တွေရှိရာကို ၇ မိုင် - ၈ မိုင် ခြေလျင် လျှောက်သွားခဲ့ပါတယ်။ သူက "အငြင်းအခုံသွားကျင့်တာ" လို့ ဆိုပါတယ်။

---

၁- **Frank B. Carpenter**

၂- **General Grant**

သူဟာ ဂရဟာမ်ကို ဆရာကြီး တင်ခဲ့ပါတယ်။ ဂရဟာမ်ဟာ ကျောင်းအုပ်ကြီးဖြစ်သလို၊ သဒ္ဒါလေ့လာရာမှာ ဆရာကြီးရဲ့ အကြံဉာဏ်တွေ ယူခဲ့ပါတယ်။

ဆရာကြီးက

"မင်း လူထုခေါင်းဆောင် လုပ်မယ်ဆိုရင် သဒ္ဒါကျွမ်းမှ ဖြစ်မယ်"လို့ ပြောပါတယ်။

ဒီလိုနှင့် သဒ္ဒါဖတ်စာရဖို့ ၆ မိုင်လောက်အဝေးကို သူ ချက်ချင်း သွားခဲ့ပြန်ပါတယ်။ ကာ့ခမ်းရဲ့ သဒ္ဒါ[၁] စာအုပ်ကို ငှားလာပြီး တစ်ညလုံး ထိုင်ဖတ်တော့တာပါပဲ။ သူဟာ အချိန်ပိုလေးမှာတောင် မနားဘဲ၊ စာအုပ်ကို သဲကြီးမဲကြီး ဖတ်မှတ်လေ့လာခဲ့တာ ဆိုပါတော့။

ဒီကြားထဲက သူငယ်ချင်း ဂရင်းကို စာကြည့်ခိုင်းပြီး အလွတ်ရွတ်။ မရှင်းတာ မေးနှင့် ကြိုးစားလိုက်ပါသေးတယ်။ ဂရင်းတို့မိသားစုကလည်း သူလိုအပ်သလို ကူညီခဲ့ကြတာပေါ့။ ဒီလိုနှင့် ဘာကြာလိုက်လဲ။ လင်ကွန်းဟာ သဒ္ဒါပညာမှာ ဆရာကြီးတစ်ဆူ ဖြစ်ခဲ့ရတော့တာပါပဲ။

သူက "ပညာတွေ တစ်ခုပြီးတစ်ခု ကျွမ်းကျွမ်းကျင်ကျင်တတ်ချင်တယ်" ဟာစ်ကြွေးခဲ့ပါတယ်။

သူကြွေးကြော်တဲ့အတိုင်းပဲ ပညာရပ်တစ်ခုကို စိုက်လိုက်မတ်တပ် သင်ယူလေ့လာရင်းက ဘက်စုံကျွမ်းပြီး အမေရိကန်မှာ အမြင့်ဆုံးဖြစ်တဲ့ သမ္မတကြီးရာထူးကို ရယူနိုင်ခဲ့တယ် ဆိုရမှာပေါ့။

* * *

ဒင်နီယယ် ဝက်စတာ[၂]ဟာ ငယ်စဉ်က စာညံ့သူပါ။ သူဟာ အတန်းထဲမှာ အညံ့တကာ့အညံ့ဆုံး ဖြစ်ခဲ့ပါတယ်။ တစ်တန်းလုံးက သူ့ကို လှောင်ပြောင်

၁- **Kirkham's Grammar**

၂- **Daniel Webster**

လူတစ်ယောက်အနေနှင့် ဆုံးဖြတ်ချက် ချရခက်တဲ့ အခြေအနေမျိုးလည်း ကြုံရတတ်ပါတယ်။ ဒီအနေအထားမှာ သူသိသမျှအချက်တွေကို ညှိနှိုင်းပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ လောလောဆယ် အကောင်းဆုံးလို့ မှတ်ရမှာပါပဲ။ ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေဟာလည်း အဲသလိုပဲ အရေးပေါ် စဉ်းစားလိုက်ရတာတွေသာ ဖြစ်ပါတယ်။

* * *

စစ်ကြီးအတွင်းက ဗိုလ်ချုပ်ကြီး ဘတ်တလာ[၁]နှင့် အတူအမှုထမ်းခဲ့တဲ့ ဖန်နီဖင်း(မစ္စဂျိမ်းစ် ပါတန်)[၂]က ပြောပါတယ်။

"သေရေးရှင်ရေး ပြဿနာတွေ သူ့တဲထဲ လာတင်ပြတယ်။ သူက လေ့လာပြီး စဉ်းစား ဆုံးဖြတ်ပေးလိုက်တာပဲ။ ဆုံးဖြတ်ချက်တွေကို ကောက်ကာငင်ကာ တစ်မုဟုတ်ချင်းချနိုင်တဲ့ သူ့ စိတ်စွမ်းအားကလည်း အတော်လေး အံ့အားသင့်စရာကောင်းပါတယ်။ ဒါပေမယ့် ဒီလို ဆုံးဖြတ်ပြီးတာနှင့် အဲဒီကိစ္စကို သူ့ခေါင်းထဲက ထုတ်ပစ်လိုက်ပုံ ရတာပဲ"

* * *

အာဏာရှင်တစ်ယောက်ရဲ့စစ်တပ်က ဖမ်းထားတဲ့ သား ၂ ယောက်အသက်ကို ကယ်ဖို့ကြိုးစားတဲ့ ဖခင်တစ်ယောက်ဟာ ဆုံးဖြတ်ချက် မချနိုင်တာကြောင့် ကြေကွဲစရာအဖြစ်နှင့် တိုးခဲ့ရပါတယ်။

'သား ၂ ယောက်ကို အသက်ချမ်းသာပေးဖို့ ငွေပေးပါ့မယ်။ ဒီအပြင် သူ့အသက်လည်း ပေးပါမယ်' လို့ အာဏာရှင်ကို ကမ်းလှမ်းပါတယ်။

---

၁- General Butler ၂- Fanny Fern (Mrs. James Parton)

တစ်ဘက် က 'သားတစ်ယောက်ကိုသာ ပြန်လွှတ်ပေးမယ်။ ဘယ်သားကို ရွေးမလဲ။ နာမည်ပေးပါ' လို့ အကြောင်းပြန်လာတာကလား။

ဖခင်ကြီးအနေဖြင့် သူ့အသက် အသေခံတာတောင် သားတစ်ယောက်ဆုံးရမယ် ဆိုတဲ့အဓိပ္ပာယ်ပေါ့။ သား ၂ယောက်စလုံးကို ချစ်တဲ့ သူ့အဖို့ ၂ယောက်ထဲက တစ်ယောက်ရွေးဖို့ အခက်ကြုံနေရပါတော့တယ်။

သူ့ခမျာ အရှုံးတစ်ပိုင်းဖြစ်ပြီး ဆုံးဖြတ်ချက် မချနိုင်။

နောက်ဆုံး 'ဖခင်ဟာ တုံ့ပြန်ချက်ကို လက်မခံ' လို့ ယူဆပြီး၊ သား ၂ယောက်စလုံး ကွပ်မျက်ခံလိုက်ရတဲ့ ဇာတ်လမ်းပါ။

* * *

ဝီလျံဝပ်သ်[၁]က ပြောဖူးပါတယ်။

"အလုပ် ၂ လုပ်မှာ ဘယ်အလုပ်ကို အရင်လုပ်ရပါ့မလဲ ဆိုတာ အမြဲ တုံ့ဆိုင်းတွေဝေနေသူဟာ ဘာကိုမျှပြီးမြောက်အောင်မြင်အောင် လုပ်နိုင်မှာ မဟုတ်ဘူး"တဲ့။

* * *

သန္နိဋ္ဌာန်ချထားတဲ့ လူတစ်ယောက်ဟာ မိတ်ဆွေတစ်ယောက်က ဆန့်ကျင်ဘက် အကြံပြုလိုက်တာနှင့် သူ့ မူလဆုံးဖြတ်ချက်ကို ပြန်ပြင်၊ ဒါမှမဟုတ် ပြောင်းလဲပစ်တတ်ကြပါတယ်။

ဒီလို အယူအဆတစ်ခုကနေ အယူအဆတစ်ခု၊ အမြင်တစ်ခုကနေ အမြင်တစ်ခု၊ အကြံတစ်ခုကနေ အကြံတစ်ခုကို အလွယ်တကူပြောင်းတတ်တဲ့လူဟာ လေယူရာတိမ်းတဲ့ ပဲ့ပြားပင်, လေတိုက်ရာဘက်ညွှန်တဲ့ လေကြောင်းပြမြားလေးနှင့် တူပါတယ်။

---
၁- William Wirt

သူဟာ ဘာတစ်ခုမျှ အောင်မြင်အောင် မလုပ်နိုင်သလို ကြီးကြီးကျယ်ကျယ် ဒါမှမဟုတ် ထိရောက်ထက်မြက်စွာ လုပ်ဆောင်နိုင်မှာလည်း မဟုတ်ပါဘူး။ သူ့အဖို့ ရှေ့မတိုးနောက်မဆုတ်နှင့် တန့်နေမယ်။ ရှိရင်းစွဲအခြေအနေက ယုတ်သွား လျော့သွားဖို့သာ ရှိပါတယ်။

* * *

'သူလိုချင်တာကို မရအရ ရယူရာမှာ ထူးခြားတဲ့အရည်အသွေးရှိသူက တော့ ဂျူးလီယက်ဆီဇာ[၁]ပါပဲ'လို့ လူကင်[၂]က ဂုဏ်တင်ချီးကျူးခဲ့ပါတယ်။

တကယ်တမ်းမှာလည်း ဆီဇာဟာ မြော်မြင်ဉာဏ်ကြီးမားသူတွေနှင့် ပထမ ဆုံး တိုင်ပင်တယ်။ အထပ်ထပ် စဉ်းစားတယ်။ နောက် အနိုင်အမာဆုံးဖြတ်တယ်။ ဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်း အကောင်အထည်ဖော်တယ်။ အလွယ်တကူ စိတ်ပျက်တတ်တဲ့ လူပျော့လူညံ့ မဟုတ်သလို တုန်လှုပ်တာမျိုးလည်း မရှိဘူး။ ဒါကြောင့်လည်း သူဟာ ဘက်စုံက အောင်ပွဲခံခဲ့ရတာ ဖြစ်ပါသတဲ့။

* * *

တွေဝေနေတဲ့စိတ်ကို ချက်ချင်းလက်ငင်း အင်တိုက် အားတိုက်လုပ်ဆောင်တဲ့အလေ့အကျင့်နှင့် ပုံသွင်းတာလောက် အထောက်အကူဖြစ်တာ မရှိပါဘူး။

လူတစ်ယောက်ဟာ သူ့ ရည်ရွယ်ချက်၊ သို့မဟုတ် ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေနှင့် ပတ်သက်လို့ ပြန်ပြင်ဖို့ ဘယ် တော့မျှ စိတ်မပြောင်းသင့်ပါဘူး။

လှုပ်ရှားမှုတွေကို အလျှော့အတင်းလုပ်ဖို့အတွက် ဘာမဟုတ်တာလေးနှင့် တုန်လှုပ်ဖို့လည်း မလိုပါဘူး။

---

**၁- Julius Caesar   ၂- Lucan**

'ဆုံးဖြတ်ချက်'ဆိုတာ 'ယတိပြတ်' ဖြစ်ရသလို၊ ပြန်ပြင်လို့မရတော့ဘူးဆိုတဲ့ အမှတ်နှင့် အစွမ်းကုန် အကောင်အထည်ဖော်ရတော့မှာပါပဲ။ ရည်ရွယ်ချက်ထမြောက်ဖို့ အချိန်မဆွဲဘဲလုပ်ဆောင်ရမှာလည်း ဖြစ်ပါတယ်။ မြန်ဆန်သွက်လက်တဲ့ ဆုံးဖြတ်ချက် ချလိုက်နိုင်ပြီဆိုရင် ကျင့်သားရသွားတဲ့အလျောက် ယုံကြည်သက်ဝင်မှုလည်း ပေါ်ထွန်းလာသလို လွတ်လပ်ပေါ့ပါးတဲ့စိတ်လည်း ရလာမှာပါ။

* * *

ဒွိဟတွေ သံသယတွေနှင့် တွေဝေနေသူဟာ ဘယ်နေရာမှာ ဘယ်လောက်ပဲအစွမ်းထက်ထက် ဘဝပြိုင်ပွဲမှာ ဘေးရောက်သွားမှာပါပဲ။ ဆုံးဖြတ်ချက်ရှိထားပြီး ရဲရင့်ပြတ်သားတဲ့လူ၊ ဘာလုပ်ချင်သလဲ, ဘာလုပ်ရမလဲ ဆိုတဲ့လူက သူ့ကို တိုက်ချပြီး ကျော်တက်သွားမှာ မလွဲပါဘူး။

ဦးနှောက်က ဆုံးဖြတ်ချက်ချဖို့ နည်းလမ်းတွေ ရှာပေးပါတယ်။ ဒါပေမယ့် ထောင်ပေါင်းများစွာသောလူတွေဟာ အချိန်ဆွဲနေကြတာမို့ ဘဝအရှုံးနှင့် ရင်ဆိုင်ကြရတာပါ။

စီးပွားရေးသမားအများစုဟာ ချက်ချင်း ဆုံးဖြတ်ချက်ချနိုင်ကြရာက ချမ်းသာပြီးရင်း ချမ်းသာလာကြတာလည်း တွေ့ကြရပါမယ်။

* * *

ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်ချမှတ်တာကို အလေ့အကျင့်လုပ်ဖို့ဟာ အရေးကြီးလှပါတယ်။ ဒါဟာ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးဖို့ ကြုံတင်ရရှိလာတဲ့ အခွင့်အရေးပါပဲ။

မဆုံးဖြတ်ဘဲ နေလိုက်တာထက် ဆုံးဖြတ်ချက်မှားရင်တော့ ပိုပြီး ဒုက္ခရောက်တတ်ပါတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက် မချလို့ကလည်း မဖြစ်ပြန်ပါဘူး။ ဒီတော့ ဆုံးဖြတ်ချက်မှန်အောင် ကြည်လင်တဲ့ဦးနှောက်၊ မြင့်မားတဲ့ အသိဉာဏ်၊ ရင့်ကျက်တဲ့အတွေ့အကြုံ၊ တိကျခိုင်မာတဲ့ အကြောင်းအချက်တွေအပေါ် မူတည်ပြီး ရဲရဲတင်းတင်း စဉ်းစား ဆုံးဖြတ်ရပါမယ်။

* * *

အန်တီတမ်[၁]စစ်ပွဲကြီးပြီးပြီးချင်း သမ္မတကြီးက သူ့ဝန်ကြီးအဖွဲ့ကို ပြောလိုက်တာကတော့

"အချုပ်အချယ်က လွတ်မြောက်ခွင့်ပေးတဲ့မူဝါဒကို လူသိရှင်ကြား ကြေညာဖို့အတွက် အချိန်အကြာကြီး နောက်ကျနေလို့ မဖြစ်ဘူး" ဆိုတာပါပဲ။

သူက ဒီမူဝါဒကို အများပြည်သူတွေကလည်း ထောက်ခံမယ့်သဘောရှိမယ်လို့ တွေးထင်ခဲ့ပါတယ်။ သူကလည်း 'ဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်းလုပ်မယ်'လို့ ဘုရားကို တိုင်တည်သစ္စာပြုထားပြီးသားပါ။

သူ့သန္နိဋ္ဌာန်အတိုင်း ဗိုလ်ချုပ်လီး[၂]ဟာ ပင်ဆီလ်ပေးနီးယားက ပြန်လာတာနှင့် 'ကျွန်တွေကို လွတ်မြောက်ခွင့်ကြေညာလိုက်ပြီ'ဆိုတဲ့ သတင်းကောင်းကြားရမယ်လို့ ယုံကြည်ထားတာပါပဲ။

* * *

၁- Antietam  ၂- General Lee

လူတစ်ယောက်ဟာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် ယုံကြည်မှုမရှိတာလောက် အဖျက်စွမ်းအားကြီးတာ မရှိပါဘူး။ ဘာကြောင့်ဆို သူ့ရည်ရွယ်ချက် ထမြောက်အောင် လုပ်ဆောင်ဖို့ အားလျော့ပျက်ကွက်ခဲ့တာမို့ ဖြစ်ပါတယ်။

လောကကြီးမှာ စိတ်ပျက်စရာအကောင်းဆုံးက
အသေးအဖွဲလေးကအစ
လိုက်ပြီး ပူပန်ကြောင့်ကြတတ်တာ ဖြစ်တယ်။
ဒီလူဟာ အကောင်း၊အဆိုးကို
သူ့ကိုယ်ပိုင်တရားရုံးမှာ
အဆုံးအဖြတ်ခံရတာပါပဲ။

ဘီချာ
**Beecher**

ချိတုံချတုံဖြစ်နေတာဟာ မိုက်မိုက်ကန်းကန်း
မစဉ်းမစားလုပ်တာထက် ပိုဆိုးပါတယ်။
ကြိုးစားပမ်းစားပစ်ချက်တွေဟာ  တစ်ခါ
တလေ ပစ်မှတ်ကိုထိသွားနိုင်ပါသေးတယ်။
တစ်ချက်မျှ မပစ်သူအနေဖြင့်တော့ ပစ်မှတ်ကို
ဘယ်တော့မှ ထိမှာ မဟုတ်ပါဘူး။

ဖဲလ်သမ်
**Feltham**

'သေချာမှ လုပ်မယ်' ဆိုပြီး
လက်နှေးနေရင်တော့
ကြီးကျယ်တဲ့လုပ်ငန်းတွေကို
လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဂျော့ဂျ် အီလီယက်
**George Eliot**

# ၁၁

# ခိုင်မြဲတဲ့ ဦးကြည်ချက်

သင့်ဦးတည်ချက်ကို အရောက်သွားဖို့
နှမ်းတစ်ထောက်စာလေးမျှ မလျှော့ပါနှင့်။

ရှိတ်စပီးယား
**Shakespeare**

ကျွန်တော်ဟာ
'ဆုံးရှုံးမှု'ဆိုတဲ့ စကားလုံးကို
ဆန့်ကျင်ဘက်သက်သေ ပြချင်ပါတယ်။
အဲဒီစကားလုံးရဲ့ နောက်ကွယ်ကို
ကျွန်တော် မြင်ခဲ့ပါပြီ။
လူတစ်ယောက် ကြောက်ရမယ့်
ဆုံးရှုံးမှုအကြောင်းရင်းက
သူ 'အကောင်းဆုံး'လို့ ယူဆထင်မြင်တဲ့
ဦးတည်ချက်၊ ရည်ရွယ်ချက်ကို
၂ ပိုင်း ခွဲပစ်လိုက်တာပါပဲ။

ဂျော့ဂျ်အီလီယက်
**George Eliot**

ပန်းရွှေပြည်စာအုပ်တိုက်

'ဘယ်တော့မျှ အလျှော့ မပေးနှင့်'
အခွင့်အရေးနှင့် အပြောင်းအလဲတွေ ရှိလေရဲ့။
မျှော်လင့်ချက်ကို အားဖြည့်ပါ။
၁ ကနေ ၁၀၀ လောက်
ကမောက်ကမတွေကို ကျော်လွှားဖို့
ပညာဉာဏ်တွေ မြင့်မြင့်မားမားနှင့်
ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားရင်
ထာဝရ အောင်မြင်မှာပင်။

'ဘယ်တော့မျှ အလျှော့ မပေးနှင့်'
ရဲရင့်တဲ့ပညာတွေ ရှိထား။
စဉ်းစားဉာဏ်က
လိုအပ်ချက်ကို ဖြည့်မှာပါ့။
ဒီလက်နက်ကြီးက အကောင်းဆုံး၊
ဒါပေမယ့်
'အကောင်းဆုံးဆောင်ပုဒ်' ဆိုတာ လိုက်နာဖို့။
'ဘယ်တော့မျှ အလျှော့ မပေးနှင့်'

"ဟောဒီစက်ဝိုင်းငယ်လေးကို ထိအောင် ဒီဘောလုံးနှင့် ၇ ကြိမ် ကန်ရမယ်။ 'ဂိုးသွင်းတယ်' ဆိုပါတော့ကွာ။ 'ဂိုးအများဆုံး ဘယ်သူ သွင်းနိုင်သလဲ'ဆိုတာ ငါ ကြည့်ချင်တယ်။

ဘောလုံးကြီးရှင် အလုပ်ရှင်က တောက်တိုမည်ရ ခိုင်းဖို့ အလုပ်နေရာ လာလျှောက်တဲ့ ဆယ်ကျော်သက်လူငယ် ၃၀ လောက်ကို ပြောလိုက်တာပါ။

သူတို့အားလုံး တစ်ယောက်မျှ အမှတ်ဝိုင်းလေးကို ထိအောင် မကန်နိုင်ကြပါ။

"မနက်ဖြန် ပြန်လာကြဦး။ အကောင်းဆုံး ကန်နိုင်မယ့်လူ ရှိသလားလို့ ထပ်စမ်းရအောင်"

နောက်တစ်နေ့။ ချာတိတ်တစ်ယောက်သာ ပြန်လာပါတယ်။ သူက ပစ်မှတ်ကို ၇ ချက်စလုံး ထိအောင် ကန်ပြလိုက်ပါတယ်။

'ဟာ- မင်း ဘယ့်နှယ်လို ဒီလို မှန်အောင် ကန်နိုင်တာလဲ"

အလုပ်ရှင်က တအံ့တဩ အမေး။

"ကျွန်တော့်အမေကို တစ်ဘက်တစ်လမ်းက အကူအညီပေးဖို့ ဒီအလုပ်ကို အသည်းအသန်လိုချင်နေတာပါ။ ဒါကြောင့်လည်း ညက တစ်ညလုံး လေ့ကျင့်ခဲ့တယ်လေ"

ချာတိတ်လေး အလုပ် ရသွားမယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါ။ သူက ရည်မှန်းချက်ပေါက်အောင် မဖြစ်မနေ လုပ်ခဲ့တာကလား။ ဒီလိုနှင့် သူ အဆင့်ဆင့် မြင့်တဲ့ရာထူးတွေ ရသွားတော့တာပါပဲ။

* * *

'စစ်ရှုံးဘုရင်ကြီးဘာရစ်နှင့် ပင့်ကူငယ်' ဆိုတဲ့ အင်္ဂလိပ်ပုံပြင်နှင့် အလားတူ ပုံပြင်တစ်ပုဒ် ရှိပါတယ်။

'မွန်ဂိုစစ်သူကြီး တမ်မာလိန်း[၁]နှင့် ပုရွက်ဆိတ်လေး' လို့ပဲ ပြောကြပါစို့။

စစ်သူကြီး တမ်မာလိန်းဟာ ရန်သူတွေ ဝိုင်းလိုက်လို့ အသက်လု ထွက်ပြေးခဲ့ရာက တိုက်အိုကြီးတစ်ခုထဲ ဝင်ပုန်းခဲ့ရပါတယ်။ သူတစ်ယောက်တည်း ပုန်းအောင်းနေရစဉ်မှာ ပုရွက်ဆိတ်လေးတစ်ကောင်က ပြောင်းစေ့လေးတစ်စေ့ကို မနိုင်တနိုင်ချီလာတာ တွေ့လိုက်ရပါတယ်။ ပြီးတော့ ပုရွက်ဆိတ်ငယ်က သူရည်မှန်းတဲ့နေရာတစ်ခုကို ဆွဲတင်ဖို့ ကြိုးစားတယ်။ တင်လိုက်ကျလိုက်နှင့် ၆၉ ကြိမ် တိုင်တဲ့အထိ မအောင်မြင်ခဲ့ပါဘူး။ အကြိမ် ၇၀ ကျတော့မှ မလျှော့တဲ့ဇွဲနှင့် မရ ရအောင် တင်လိုက်နိုင်တာ တွေ့ရပြီး တမ်မာလိန်းဟာ အားမာန်တွေ တက်လာပါတယ်။ ပုရွက်ဆိတ်ငယ်ကို အတုယူပြီး၊ 'စစ် နိုင်အောင်တိုက်မယ်' လို့ သန္နိဋ္ဌာန် ချလိုက်ပါတော့တယ်။

* * *

ရှုံးနိမ့်ခြင်းဟာ ဇွဲလုံ့လနှင့် သံမဏိစိတ်ဓာတ်ကို နောက်ဆုံး စမ်းသပ်တာပါပဲ။
ဒီ ဇွဲနှင့် စိတ်ဓာတ်က ဘဝတစ်ခုကို ဖျက်ဆီးပစ်နိုင်သလို၊ ရပ်တည်နိုင်အောင်လည်း လုပ်နိုင်ပါတယ်။

* * *

---
၁- **Tamerlane**

သမ္မတအိမ်ဖြူတော်မှာ လွတ်လပ်ရေးကြေညာစာတမ်း ပန်းချီကားကြီး ဆွဲနေရတဲ့ ဖရင့် ဘီ-ကာပင်တာ[၁] က တရားသူကြီးချုပ်ကို ခုလို မေးမိပါသတဲ့။

"တခြား ထိပ်တန်းဗိုလ်ချုပ်ကြီးတွေနှင့် ယှဉ်လိုက်ရင် ဗိုလ်ချုပ်ကြီးဂရန့်[၂] ကို ဘယ်လိုမြင်ပါသလဲ"

သမ္မတကြီးက ဝင်ဖြေပါတယ်။

"သူ့အကြောင်းက ပြောလို့ မကုန်ပါဘူး။ အဲဒီထဲက အပြောင်မြောက်ဆုံးကတော့ ဦးတည်ချက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားနိုင်တာပါပဲ။ သူဟာ အလွယ်တကူ မတုန်လှုပ်တတ်သလို ခွေးဘီလူးတစ်ကောင်ရဲ့ မြဲမြံမှုမျိုးလည်း ရှိတယ်။ သူ ကိုက်မိတာနှင့် ရန်းလို့ မလွတ်တော့ပါဘူး"

* * *

သမ္မတကြီးလင်ကွန်းဟာ ငယ်ငယ်ကတည်း လူထုရှေ့ထွက်ဖို့ ဆုံးဖြတ်ခဲ့သူဖြစ်သလို၊ သူ့အကြံအစည်ကိုလည်း မိတ်ဆွေအပေါင်းအသင်းတွေနှင့် တိုင်ပင်ခဲ့ပါတယ်။

သူက လုပ်ဖော်ကိုင်ဖက်မိတ်ဆွေဖြစ်တဲ့ ဂရင်းကို ပြောပြရာမှာ

"ကျွန်တော်ဟာ ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေနှင့် တွေ့ပြီး စကားပြောဖူးပါတယ်။ သူတို့ဟာ တစ်ယောက်နှင့် တစ်ယောက် သိပ်ကွာခြားလှတာ မဟုတ်ဘူးဗျ"

လင်ကွန်းဟာ အပြောအဟောကောင်းအောင် လေ့ကျင့်ဖို့အတွက် စကားရည်လုပွဲကလပ်တွေရှိရာကို ၇ မိုင် - ၈ မိုင် ခြေလျင် လျှောက်သွားခဲ့ပါတယ်။ သူက "အငြင်းအခုံသွားကျင့်တာ" လို့ ဆိုပါတယ်။

---

၁- **Frank B. Carpenter**

၂- **General Grant**

သူဟာ ဂရဟမ်ကို ဆရာကြီး တင်ခဲ့ပါတယ်။ ဂရဟမ်ဟာ ကျောင်းအုပ်ကြီးဖြစ်သလို၊ သဒ္ဒါလေ့လာရာမှာ ဆရာကြီးရဲ့ အကြံဉာဏ်တွေ ယူခဲ့ပါတယ်။

ဆရာကြီးက

"မင်း လူထုခေါင်းဆောင် လုပ်မယ်ဆိုရင် သဒ္ဒါကျွမ်းမှ ဖြစ်မယ်" လို့ ပြောပါတယ်။

ဒီလိုနှင့် သဒ္ဒါဖတ်စာရဖို့ ၆ မိုင်လောက်အဝေးကို သူ ချက်ချင်း သွားခဲ့ပြန်ပါတယ်။ ကာ့ခမ်းရဲ့ သဒ္ဒါ[၁] စာအုပ်ကို ငှားလာပြီး တစ်ညလုံး ထိုင်ဖတ်တော့တာပါပဲ။ သူဟာ အချိန်ပိုလေးမှာတောင် မနားဘဲ၊ စာအုပ်ကို သဲကြီးမဲကြီး ဖတ်မှတ်လေ့လာခဲ့တာ ဆိုပါတော့။

ဒီကြားထဲက သူငယ်ချင်း ဂရင်းကို စာကြည့်ခိုင်းပြီး အလွတ်ရွတ်။ မရှင်းတာ မေးနှင့် ကြိုးစားလိုက်ပါသေးတယ်။ ဂရင်းတို့မိသားစုကလည်း သူလိုအပ်သလို ကူညီခဲ့ကြတာပေါ့။ ဒီလိုနှင့် ဘာကြာလိုက်လဲ။ လင်ကွန်းဟာ သဒ္ဒါပညာမှာ ဆရာကြီးတစ်ဆူ ဖြစ်ခဲ့ရတော့တာပါပဲ။

သူက "ပညာတွေ တစ်ခုပြီးတစ်ခု ကျွမ်းကျွမ်းကျင်ကျင်တတ်ချင်တယ်" ဟာစ်ကြွေးခဲ့ပါတယ်။

သူကြွေးကြော်တဲ့အတိုင်းပဲ ပညာရပ်တစ်ခုကို စိုက်လိုက်မတ်တပ် သင်ယူလေ့လာရင်းက ဘက်စုံကျွမ်းပြီး အမေရိကန်မှာ အမြင့်ဆုံးဖြစ်တဲ့ သမ္မတကြီးရာထူးကို ရယူနိုင်ခဲ့တယ် ဆိုရမှာပေါ့။

* * *

ဒင်နီယယ် ဝက်စတာ[၂]ဟာ ငယ်စဉ်က စာညံ့သူပါ။ သူဟာ အတန်းထဲမှာ အညံ့တကာ့အညံ့ဆုံး ဖြစ်ခဲ့ပါတယ်။ တစ်တန်းလုံးက သူ့ကို လှောင်ပြောင်

---
၁- **Kirkham's Grammar**

၂- **Daniel Webster**

သရော်ကြတဲ့ အထိပါပဲ။ နောက်ဆုံး လမ်းဘေးမှာ ထိုင်ငိုနေရတဲ့ဘဝ ရောက်ခဲ့ရတယ် ဆိုပါတော့။

အိမ်နီးချင်းတစ်ယောက်က တွေ့ပြီး ကျောင်းပြန်တက်ဖို့, ထပ်ကြိုးစားဖို့ အားပေးစကားတွေ ပြောခဲ့ပါတယ်။

ဒီအခါမှာ သူဟာ အနိုင်မခံအရှုံးမပေးတဲ့ စိတ်ဓာတ်နှင့် အသေအလဲ ကြိုးစားခဲ့ပါတော့တယ်။ မကြာခင်မှာပင် သူ့ကိုနှိမ်တဲ့လူတွေ အံ့အားသင့်သွားအောင် အစွမ်းပြလိုက်ပုံကဖြင့် အတန်းထဲမှာ ထိပ်ဆုံးက နံပါတ် ၁ စွဲခဲ့တာပဲ ဖြစ်ပါတော့တယ်။

ဦးတည်ချက်တစ်ရပ်ကို မဆုတ်မနစ်တဲ့ဇွဲနှင့် လုပ်ဆောင်ရင် အောင်မြင်မှု ရတယ်ဆိုတဲ့ သာဓကတစ်ခုပေါ့။

* * *

လူအထောင်အသောင်းဟာ ဘဝခရီးကို မှန်းချက်ပေါက်အောင် မလျှောက်ခဲ့ကြလို့သာ အရှုံးသမားတွေ ဖြစ်ရတာပါ။

သူတို့ဟာ ဘာမဆို အဆုံးထိ မလုပ်ကြပါဘူး။ ပညာသင်တာကနေ အလုပ်အကိုင်တွေတိုင်အောင် ထိထိရောက်ရောက် မလုပ်ခဲ့ကြတာဆိုလည်း မှန်ပါတယ်။ တစ်နည်းအားဖြင့် ပန်းတိုင်မရောက်ခင် ရပ်ပြီး၊ လှော်တက် ထောင်လိုက်ကြတာ။ လှေပြိုင်ပွဲက လှေသမားတွေနှင့် မခြားပါဘူး။

ဒီထက် ထင်ရှားတဲ့ဥပမာကတော့

သတ္တုတွင်းပိုင်ရှင်တစ်ယောက်ဟာ ရွှေကြောရှိမယ်ထင်တဲ့ နေရာကို ဥမင်လိုဏ်ခေါင်း တူးခဲ့ပါတယ်။ ဒေါ်လာ ၁ သိန်းကုန်ပြီးတဲ့နောက် လိုဏ်ခေါင်းက ၁ မိုင်တိတိတောင်

ရောက်ခဲ့ပါပြီ။ ဒါပေမယ့် 'ရွှေ' ဆိုလို့ အစအနလေးတောင် မတွေ့ရဘူး။ ပိုင်ရှင်လည်း စိတ်ပျက်သွားပြီး တခြားကုမ္ပဏီကို လက်လွှဲရောင်းချလိုက်ပါသတဲ့။

နောက်လူတွေက အလကားနီးပါးဈေးလောက်နှင့် ဝယ်လိုက်တဲ့ လိုဏ်ခေါင်းကို ဆက်တူးကြပါတယ်။

မိတ်ဆွေ။ သူတို့ ဘယ်လောက်များ ဆက်တူးရမယ် ထင်ပါသလဲ။

ပထမလူက ၁ နှစ်ခွဲလောက်ကြာအောင် တူးထားရတဲ့ လိုဏ်ခေါင်းကို နောက်လူတွေက ၃ ပေလောက် ဆက်တူး လိုက်ရုံနှင့် ရွှေကြောကြီး တွေ့လိုက်ရတာဆိုပဲ။

* * *

ဝါရှင်တန်မြို့တော်က မူပိုင်ခွင့်မှတ်ပုံတင်ရုံးမှာ အောင် မြင်လုဆဲဆဲ တီထွင်မှုတွေ လျှောက်ထားကြတာ အပြည့်ပါပဲ။ တီထွင်သူတွေဟာ ဇွဲကောင်းကောင်းသုံးပြီး နည်းနည်းလေး ဆက်လုပ်ရုံနှင့် တစ်သက်လုံး အောင်မြင်မှု ရသွားပြီး၊ ဆင်းဆင်း ရဲရဲနှင့် သေမယ့်အစား ချမ်းချမ်းသာသာနေသွားကြရမှာ ဖြစ် ပါတယ်။ ဒါပေမယ့် ခုတော့-

ကမ္ဘာပေါ်က လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုး တက်အောင် ရေနွေးငွေ့အင်ဂျင်ကို တီထွင်ခဲ့သူမှာ ဝပ်[၁]ဖြစ်ပြီး၊ 'ကမ္ဘာ့ကျေးဇူးရှင် အင်ဂျင်စက်ဖခင်ကြီး' လို့ ခေါ်တွင်ခဲ့ပါ တယ်။

၁- Watt

ဒါပေမယ့် တကယ်တမ်းမှာ ဟီးရိုး[၁] ဆိုသူက ခရစ်နှစ်မတိုင်ခင် နှစ်ပေါင်း ၂၅၀ လောက်ကတည်းက စထွင်ခဲ့တာပါ။ ဒါပေမယ့် ကိုယ်ထည်က ခပ်ကြမ်းကြမ်းနှင့် အခြေခံသဘောလောက်ပဲ ရှိခဲ့ပါတယ်။ တကယ်လို့သာ ဒီအကြမ်းထည်ကို ဆက် အချောကိုင်ခဲ့မယ်ဆိုရင် ရေနွေးငွေ့အင်ဂျင်ကို စွန့်ဦးတီထွင်သူအဖြစ် ကမ္ဘည်းတင်ခံရမှာပါ။

သံလိုက်ကြေးနန်းဆိုတာလည်း ၁၇၇၄ ခုနှစ်ကတည်းက အခြေခံခဲ့တာပါ။ ဒါကို ကောင်းသထက်ကောင်းအောင် မွမ်းမံတီထွင်ခဲ့သူက ပါမောက္ခမော့စ်[၂]။

သူက လောကကောင်းကျိုးအတွက် လက်တွေ့စမ်းသပ်မှုတွေလုပ်ပြီး မှတ်ပုံတင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့စမ်းသပ်မှုကို လက်တွေ့ပြဖို့ နှစ်တွေအကြာကြီး စောင့်ဆိုင်းခဲ့ရပါတယ်။

၁၈၄၃ ခုနှစ် ကွန်ဂရက်လွှတ်တော်အစည်းအဝေးကျမှ အစိုးရက ထောက်ပံ့ကြေး ဒေါ်လာ ၃ သောင်း ထုတ်ပေးဖို့ ခွင့်ပြုချက် ကျခဲ့ပါတယ်။

ဒီငွေတွေနှင့် ဘယ်လ်တီမိုးနှင့် ဝါရှင်တန်ကို ကြေးနန်းကြိုးတွေ တပ်ဆင်ပြီး၊ ကမ္ဘာ့ ပထမဆုံးကြေးနန်းလိုင်းအဖြစ် သမိုင်း တင်ခဲ့ရပါတော့တယ်။

* * *

ဂျော့စတီဖင်ဆင်[၃] ဆိုရင်လည်း သူ့ရည်မှန်းချက်ကို မရမက အကောင်အထည်ဖော်ခဲ့ပါတယ်။ အခက်အခဲမျိုးစုံကို

၁- Hero   ၂- Professor Morse
၃- George Stephnson

ရင်ဆိုင်ပြီး ၁၈၁၅ ခုနှစ်မှာတော့ မီးရထားစက်ခေါင်းကို တီထွင်နိုင်ခဲ့ပါတယ်။ သူက အဲဒီစက်ခေါင်းကို 'မီးခိုးမှုတ်တဲ့ ဘီလီ'[၁]လို့ နာမည်ပေးခဲ့ပါတယ်။

ဒါပေမယ့် သူ့တီထွင်မှုကို အများလက်ခံအောင် ရေရှည် တိုက်ပွဲကို ပြင်းပြင်းထန်ထန် တိုက်ခဲ့ရတာကလား။ နောက်ဆုံး တော့ 'ဒုံးပျံ'[၂]ဆိုတဲ့ စက်ခေါင်းကို အောင်မြင်စွာ တီထွင် လုပ်ဆောင်နိုင်ခဲ့ပါပြီ။

* * *

စင်စစ် မီးရထားသံလမ်းကို ကနဦးတီထွင်သူမှာ စတီ ဖင်ဆင် မဟုတ်သလို၊ ရေနွေးငွေ့စက်ခေါင်းကို စတင် တီထွင် သူကလည်း တခြားတစ်ယောက်ပါ။

ထရက်ဗက်သစ်ခ်[၃]က စက်ခေါင်းရဲ့ ချွတ်ယွင်းချက် တွေကို အထပ်ထပ်မပြုပြင်ခဲ့လို့သာ ခေတ်သစ် စက်တပ် ယာဉ်များ၏ဖခင်အနေဖြင့် စတီဖင်ဆင်က နာမည် ရသွားတာ ဖြစ်ပါတယ်။

* * *

ကျွန်ုပ်တို့ဟာ လျှမ်းလျှမ်းတောက်အောင်မြင်တဲ့ ပုဂ္ဂိုလ် တွေကို မနာလိုဖြစ်လေ့ ရှိပါတယ်။

တကယ့်တကယ် သူတို့ရဲ့ နောက်ကွယ်က ဆုံးရှုံး နစ်နာမှုတွေနှင့် တစ်ပူပေါ် ၂ ပူဆင့်ပြီး ခေါင်းခဲရတဲ့ အဖြစ် တွေကို မမြင်ကြပါဘူး။

---
၁- The Puffing Billy ၂- The Rocket
၃- Trevethink

သူတို့က အဲဒီ စိတ်ညစ်စိတ်ပျက်စရာတွေကို အောင်မြင်
မှုတွေအောက်မှာ မြှုပ်နှံပစ်လိုက်ကြလို့ပါပဲ။

* * *

စစ်မဟာဗျူဟာမှူးဖြစ်တဲ့ ဗွန် မိုလ်ကာ[၁]ဟာ အသက် ၆၆ နှစ်ကျမှ လက်ရုံးရည်၊ နှလုံးရည်တွေ ထုတ်ပြခွင့် ရခဲ့တာပါ။ သူဟာ ၁၉ ရာစုအတွင်းမှာ မွေးပြီး ၁၉ နှစ်မှာ ဗိုလ်ဖြစ်နေပေမယ့်၊ ၁၈၆၆ ခုနှစ်ကျမှ ပရပ်ရှားစစ်ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့ ရတယ် ဆိုပါတော့။

သူ ဗိုလ်ချုပ်ကြီး ဖြစ်လာတာနှင့်တစ်ပြိုင်နက် ဆာဒိုဝါတိုက်ပွဲမှာ ဩစတြေး လျတပ်တွေကို အပြတ် ချေမှုန်းပစ်လိုက်ပါတယ်။ အဲဒီ ဩစတြေးလျတပ်တွေကို ဂျာမနီပိုင်နက်က မောင်းထုတ်ပစ်လိုက်ပါတယ်။ နောက် ၄ နှစ်အကြာ အသက် ၇၀ ရှိနေတဲ့တိုင်အောင် ပြင်သစ်ကို တိုက်ခိုက်ပြီး၊ ဥရောပမြေပုံကို အသစ် ရေးဆွဲ လိုက်တာပဲပေါ့။

စကားနည်းပြီး ဟိတ်ဟန်မရှိတဲ့ ဗိုလ်ချုပ်ကြီးဟာ ၅၁ နှစ်လုံး စစ်မှုထမ်း ဘဝဖြင့် ဆင်းရဲပင်ပန်းခဲ့ရပြီးမှ ဗွန် မိုလ်ကာဟာ ကမ္ဘာပေါ်မှာ လက်သံအပြောင် ဆုံးဆိုတဲ့ သူရဲကောင်းဘွဲ့ဘူးနှင့် ရာဇဝင်တွင်အောင် ကျော်ကြားခဲ့ရပါတော့တယ်။

* * *

'ကြက်သွေးရောင်စာလွှာ'[၂] ဂန္ထဝင်ဝတ္ထုကြီးကို ရေးခဲ့တဲ့ ဟောသွန်း[၃]ဟာ အဲဒီဝတ္ထုကြီးကို ရသမြောက်အောင် နှစ်ပေါင်းများစွာ ရေးခဲ့ရတာပါ။

ဂျော့ဂျ် အီလီယော့ဆိုရင်လည်း ဘလက်ဝုဒ်မဂ္ဂဇင်းမှာ အခန်းဆက် ဖော်ပြခဲ့ရတဲ့ နာမည်ကျော်ဝတ္ထုကို ပထမတစ်ခန်း ရေးပြီး နှစ်နှင့်ချီကြာမှ ဆက် ရေးနိုင်ခဲ့ပါတယ်။

---

**၁- Von Moltke** **၂- Scarlet Letter**
**၃- Hawthorne**

ဟားဘတ် စပင်ဆာကလည်း အသက် ၇၆ နှစ် မကျန်းမာတဲ့ကြားကပဲ ၁၀ အုပ်မြောက်စာအုပ်ကို အပြီးသတ်ရေးခဲ့တယ် ဆိုပါတယ်။

ဒီဆရာကြီးတွေအားလုံးဟာ 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' ဆိုတဲ့ စိတ်ဓာတ်နှင့် ဦးလည်မသုန် လုပ်ဆောင်ခဲ့ကြတဲ့အတွက် ကမ္ဘာကျော်ခဲ့ရသူတွေ ပါပဲ။

* * *

ဆင်းရဲနွမ်းပါးတဲ့ လန်ဒန်သား လူငယ်တစ်ယောက်ဟာ 'ဘယ်လောက်ပဲ ကြာကြာ ဘယ်လိုပဲ ပင်ပန်းရပါစေ၊ အလုပ်တစ်ခုတော့ ရစေရမယ်' လို့ သန္နိဋ္ဌာန် ချပြီး ရုံးတွေ၊ အလုပ်ရုံတွေ ရှိသမျှကို လျှောက်သွားခဲ့ပါတယ်။

သာမန်လူငယ်အများအပြားဆိုရင် သူ့လောက် ဖွဲလုံ့လ မရှိနိုင်သလို၊ စိတ်ဓာတ်ကျသွားမှာ အမှန်ပါပဲ။

သူကတော့ မလျှော့ဖွဲနှင့် တစ်ရုံးဝင်တစ်ရုံးထွက်နှင့် အလုပ်ရှာခဲ့ရာက ရည်မှန်းချက် ပြည့်ဝခဲ့ရပါတယ်။

ရုံးတစ်ရုံးကို ရောက်သွားတဲ့အခါ အရာရှိလုပ်သူက 'ဘာအတွေ့အကြုံမျှ မရှိတဲ့ သူလိုလူငယ်များကို အလုပ်မခန့်နိုင်ကြောင်း' ကို "မင်းကို ဒီလာဖို့ ဘယ်သူ လွှတ်လိုက်တာလဲ" လို့ မေးပါတယ်။

သူက 'ရုံးရှိသမျှကို သူဝင်ပြီး အလုပ်တောင်းခဲ့ကြောင်းနှင့် အလုပ်မရ မချင်း သူ ဆက်ရှာနေမှာပဲ' ဆိုတာ ဖွင့်ဟခဲ့ပါတယ်။

ဒီတော့ အရာရှိကြီးက 'အိမ်ပြန်ပြီး သူ့ဆီကို စာတစ်စောင်ရေးဖို့နှင့် ဒီစာကို ဖတ်ကြည့်ပြီးမှ အရည်အချင်းအရ အလုပ်ပေးဖို့ စဉ်းစားမယ်' ပြောလိုက် တယ်။

လူငယ်အတော်များများဟာ လက်ရေးညံ့တာ၊စာလုံးပေါင်းမှားတာ၊ရုံးစာ မဆန်တာတွေကြောင့် အရွေး မခံကြရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဇာတ်လိုက်

လေးက လက်ရေးလည်း လှတယ်။ လူကြီးတွေသဘောကျအောင် ထိထိမိမိနှင့် ရေးနိုင်တယ်။ ဉာဏ်ရည်သွက်လက် ထက်မြက်မှုလည်း ပြနိုင်တယ်ဆိုတော့ အလုပ် ရသွားတော့တာပေါ့။ သူဟာ 'သူ တန်ဖိုးရှိကြောင်းနှင့် ခိုင်မြဲတဲ့ရည်မှန်းချက်ရှိ ကြောင်း' သက်သေထူလိုက်တာပါပဲ။

* * *

မဟာပညာကျော်ကြီးဖြစ်သူ အီရာမတ်စ်[၁]ဟာ ငယ်ငယ်က ဆင်းရဲတာမို့ မီးခွက်တောင်မဝယ်နိုင်ဘဲ လရောင်အောက်မှာ စာဖတ်ခဲ့ရပါတယ်။

လင်ကွန်းကိုယ်တိုင်လည်း ဓာတ်တိုင်အောက်မှာ စာကျက်ခဲ့ရတာပါပဲ။

သူတို့လို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေ လောကဓံကို အံတုပြီး လိုရာပန်းတိုင် ကို အရောက်ချီတက်ခဲ့ကြတာဟာ အတုယူစရာ ကောင်းလှပါတယ်။

ဂျာမန်ကေရာဇ် ပထမ ဝီလီယမ်[၂]ကို 'ပါရမီရှင်' လို့ ဘယ်လိုမျှခေါ်နိုင်မှာ မဟုတ်ပါဘူး။ သူ ဩဇာတိက္ကမကြီးရတဲ့လျှို့ဝှက်ချက်က မနားမနေလုပ်တတ်တဲ့ ဇွဲ ပါပဲ။ သူဟာ ရိုးရိုးသားသား သစ္စာကတိ ကြီးမားသလို၊ အလုပ်ကြိုးစားမှုဟာ ဘုရင်ဖြစ်တဲ့အထိ စွဲမြဲပါသွားခဲ့ပါတယ်။

သူ့မိတ်ဆွေတစ်ယောက်က

"ဘာလင်နန်းတော်နားက ကျွန်တော်ဖြတ်သွားတိုင်း ဘယ်လောက်ပဲ ညဉ့်နက်နက် ဘုရင်ကြီးဟာ မီးအိမ်စိမ်းလေးဘေးမှာ ရပ်နေတာ တွေ့ရပါတယ်။ 'ဪ- ဒါကြောင့်လည်း ဂျာမနီပြည်ရဲ့အထွတ်အထိပ် သရဖူကို ဆောင်းခဲ့ရ တာကိုး' လို့ မှတ်ချက်ချမိပါတယ်"

* * *

၁- **Erasmus**

၂- **William I**

ဖိနပ်ချုပ်သမားတစ်ယောက်ကို 'ဒီအလုပ်ကျွမ်းကျင်အောင် ဘယ်လောက်ကြာကြာ အချိန်ယူခဲ့ပါသလဲ' လို့ မေးတဲ့အခါ၊ 'ဖြ နှစ်လုံးလုံး ကြိုးစားခဲ့ရတာ' လို့ ဆိုပါတယ်။ အဲဒီဖိနပ်ချုပ်သမားက အနုပညာသမားဆန်တယ် ပြောရမှာပါ။

ဒီအကြောင်းကို ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို ပြောပြမိရာက နောက်ဖိနပ်ချုပ်သမားတစ်ယောက်ကို မေးပါသတဲ့။

''ဖိနပ်ချုပ်သမားကောင်းဖြစ်ဖို့ ဘယ်လောက် အချိန်ယူခဲ့ရပါသလဲ'' ဆိုတော့ ''တစ်သက်လုံးပါပဲ ဆရာရယ်''လို့ ဖြေပါသတဲ့။

သူ့အဖြေက ပိုကောင်းတယ်လို့ ထင်ပါတယ်။ သူကတော့ ဖိနပ်ချုပ်သမားတွေထဲက မိုက်ကယ်အိန်ဂျလို ပါပဲလား။

* * *

**နေ့ငွေကြေး၊ ရာထူးဂုဏ်သိန်၊ ညဏအာဏာတွေက ဖွဲ့လို့လနှင့် အင်စိုက်အားစိုက်လုပ်ခြင်းကို ယှဉ်နိုင်မည် မဟုတ်ပါ။**

* * *

ဘာပဲလုပ်လုပ် ခိုင်မာတဲ့ဆုံးဖြတ်ချက်နှင့် ဆက်တိုက်လုပ်ပါ။ အံကို တင်းတင်းကြိတ်ပြီး 'ငါ ဖြစ်အောင်လုပ်မယ်' လို့ ပြောပါ။

'ခိုင်မြဲတဲ့ရည်မှန်းချက် ထားပါ' ဆိုတဲ့စကားကို ဆောင်ပုဒ်အနေနှင့် လက်စွဲထားပါ။ ဒီအသံကိုကြားတဲ့အခါ သင်ဟာ စစ်မြင်းပေါ်က ခရာမှုတ်လိုက်သလို အားမာန်တွေ တက်လာပါလိမ့်မယ်။

* * *

ဘလိုင်းမီလ်တန်[၁]ဟာ သူ့တိုင်းပြည်ဘက်က ခုခံကာကွယ်တဲ့စာတွေရေးရင်းက မျက်စိ ကွယ်သွားပါတယ်။ ဒါတောင် သူက အမှောင်ထဲမှာထိုင်ပြီး ကြွေးကြော်လိုက်ပါသေးရဲ့။

"ငါ ဘုရားရဲ့အလိုတော်၊ သို့မဟုတ် ကံကြမ္မာရဲ့ဖန်တီးမှုကို မငြင်းပါဘူး။ ထို့အတူ နှလုံးသားရဲ့ဆန္ဒနှင့် မျှော်လင့်ချက်တွေကိုလည်း မပယ်ပါဘူး။ ငါ ဆက်စောင့်နေပြီး ရှေ့သို့တည့်တည့်ပဲ သွားမယ်လေ"တဲ့။

သူ့စကားအတိုင်းပဲ မျက်မမြင်ဒုက္ခိတ ဖြစ်နေတဲ့ကြားက ဂန္ထဝင်မြောက်မယ့် အကောင်းဆုံးလက်ရာတွေ ရေးခဲ့တာကလား။

* * *

သောမတ်စ် ကာလိုင်လေးရဲ့ အဆိုအမိန့်ကတော့

'ရလဒ်ကို စောင့်ကြည့်ပါ။ တိုက်ပွဲတိုင်းရဲ့ ရလဒ် အနေနှင့် တိုက်ပွဲဝင်သူတွေရဲ့ စွမ်းရည်အလိုက် ရသင့်ရထိုက်တာတွေရကြတာ တွေ့ရမှာပဲ။ ဒီအခါမှာ သူ့ရပိုင်ခွင့်နှင့် စွမ်းဆောင်ချက်ဟာ တစ်ထပ်တည်း, တစ်မျိုးတည်း ကျနေမှာ သေချာပါတယ်။'

* * *

'သင်ခန်းစာ'ဆိုတာ ပညာရှာသူ အတွက်ပါ။
တူ တစ်ချက်ပြီးတစ်ချက် ရိုက်ဖို့က အလုပ်သမားအတွက်။
တစ်သီးပြီး တစ်သီး စိုက်ဖို့က လယ်သမားအလုပ်။

---

၁- **Blind Milton**

တစ်ပုံပြီးတစ်ပုံဆွဲတာက ပန်းချီဆရာရဲ့တာဝန်။
တစ်မိုင်ပြီး တစ်မိုင်လျှောက်ဖို့က ခရီးသည်ရဲ့ကိစ္စ။
ကိုယ်လုပ်နိုင်သလောက် ရကြမယ်ဆိုတာတော့ မလွဲပါဘူး။

# ၁၂

# ကျန်းမာစေဖို့ ကောင်းကောင်းနေ

ကျန်းမာခြင်းသည် ချမ်းသာခြင်းအစစ်။

အီမာဆင်
**Emerson**

ဘဝမှာ သက်တမ်းစေ့ နေရရုံမျှသာမက၊ ကျန်းကျန်းမာမာနှင့် ပျော်ရွှင်နေဖို့လည်း လိုတယ်။

မာရှယ်လ်
**Martial**

ဆင်ခြင်တိုင်းထွာမှုနှင့် ထိန်းထိန်းသိမ်းသိမ်း နေပါ။
သင် ကျန်းမာမှု ရပါလိမ့်မယ်။

ဖရင်ကလင်
**Franklin**

ရေ၊ လေ၊ သန့်ရှင်းစင်ကြယ်မှု၊ ဒါတွေဟာ
ကျုပ်ရဲ့ အဓိကအကျဆုံး ဆေးနည်းပါပဲ။

နပိုလီယမ်
**Napoleon**

အသက်ရာကျော် နေနိုင်စွမ်းတွေ
လူတိုင်းမှာ ရှိတယ်လို့
ကျွန်တော် ယုံကြည်ပါတယ်။

ဒေါက်တာ ဒီဘော့စီ

**Dr. De Bossy**

အသက် ၁၀၃ နှစ်မှာ ပြောတဲ့စကား

သာမန်အားဖြင့် လူတွေဟာ
သေဖို့ ခဲယဉ်းပါတယ်။
သူတို့က
သူတို့ဟာ သူတို့ သတ်ပစ်ကြတာပါ။

ပြင်သစ်ဆိုရိုးစကား

"ဒါဆိုရင် ဆရာကြီးအသက် ဘယ်လောက်ရှည်ရှည်နေရမယ်လို့ မှန်းပါသလဲ"

ဒေါက်တာဂျက်ဆင်[၁]က ဂျိုဆေးကွင်စီ[၂]ကို မေးလိုက်ရာမှာ ဆရာကြီးရဲ့ အဖြေက

"နောက်တစ်ကြိမ် ဆရာဝန်ခေါ်ရတဲ့အထိ ပေါ့ဗျာ"

"ဆရာကြီး။ နောက်ဆုံးအကြိမ် ဘယ်တုန်းက ဆရာဝန် ခေါ်ခဲ့ရပါသလဲ"

"လွန်ခဲ့တဲ့ ၈၆ နှစ်တုန်းက တစ်ခါပဲ ခေါ်ရသေးတယ်လေ"

ဂျိုဆေးကွင်စီက ပြုံးပြုံးလေး ပြန်ဖြေရင်း သူ့မွေးသက္ကရာဇ်ကို အတိအကျ ပြောပြလိုက်တော့တာပါပဲ။

* * *

ဟင်နရီ ဂျန်ကင်းစ်[၃]ကို ၁၅၀၀ ပြည့်နှစ် မေလ ၁၇ ရက်က အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယားမြို့မှာ မွေးဖွားခဲ့ပြီး အသက် ၁၇၀ ကျမှ ကွယ်လွန်ခဲ့တာပါ။

---

၁- Dr. Jackson   ၂- Josiah Quincy
၃- Henry Jenkins

သူဟာ မနက်အစောကြီး ထတယ်။ မိုးလင်းစာ မစားခင် ရေ အဝသောက်တယ်။ ချက်ပြီးသား အအေးခံထားတဲ့ အသားတွေနှင့် ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ်တွေကို အဓိကထား စားသတဲ့။

တစ်သက်လုံး ဖလန်နယ်အင်္ကျီလို နွေးထွေးတဲ့အဝတ်အထည်သာ ဝတ်တယ်။ ဘီယာကို အသင့်အတင့်သောက်ပေမယ့်၊ 'အရက် လုံးဝ မသောက်ခဲ့ဘူး' လို့ ဆိုပါတယ်။

* * *

'ရှာမှရှား ကမ္ဘာ့လူသား' လို့ ဆိုရမယ့်သူကတော့ သောမတ်စ် ပါး[၁] ပါပဲ။ သူဟာ အင်္ဂလန်သမိုင်းမှာ အသက်အရှည်ဆုံးလူအဖြစ် မှတ်တမ်းတင်ခဲ့ရပါတယ်။ ၁၄၈၃ ခုနှစ်မှာမွေးခဲ့တဲ့ သောမတ်စ်ဟာ ၈၈ နှစ်မှာ ပထမဆုံး အိမ်ထောင်ပြုခဲ့ပါတယ်။ အသက် ၁၂၀ မှာ ဒုတိယအကြိမ် မိန်းမယူခဲ့ပါသတဲ့။

အသက် ၁၄၆ နှစ် အရွယ်နှင့် ပြေးပွဲပြိုင်ပွဲ ဝင်နိုင်သေးတယ် ဆိုပဲ။ ဒီအပြင် ဂျူကြိတ်တာမျိုးလည်း လုပ်နိုင်သလို၊ အကြမ်းပတမ်း ပင်ပင်ပန်းပန်းလုပ်ရတာတွေလည်း သွက်သွက်လက်လက် လုပ်နိုင်သေးတယ်လို့ ဆိုပါတယ်။ သူစားနေကျအစားအသောက်တွေကိုလည်း အချိန်မရွေး စားသောက်နိုင်ပါတယ်တဲ့။

သူ့အတ္ထုပ္ပတ္တိထဲမှာတော့

'သူ သေဆုံးရတဲ့အကြောင်းရင်းက အစားအစာနှင့် ပတ်ဝန်းကျင်လေထု ပြောင်းလဲခဲ့လို့ပဲ ဖြစ်ပါတယ်။ သူဟာ လန်ဒန်က ချမ်းသာတဲ့မိသားစုဆီ ပြောင်းနေရာက အဆီအဆိမ့် အစားကောင်းတွေနှင့် ဝိုင်အရက်တွေပါ သောက်ရတယ်။ ဒီတော့ ကိုယ်တွင်း ကလီစာတွေရဲ့ လှုပ်ရှားမှုဟာ ပုံမှန်မဟုတ်တော့ဘဲ ဖောက်ပြန်ကုန်ရာက ကျန်းမာရေး ပျက်ယွင်းခဲ့ရတာပါ'တဲ့။

၁- Thomas Parr

သူဟာ ၁၆၃၅ ခုနှစ် အသက် ၁၅၂ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ရပါတယ်။ တကယ်လို့သာ မူလနေရာက မူရင်းအတိုင်းသာ နေထိုင်စားသောက်သွားမယ် ဆိုရင် ဒီထက်မက အသက်ရှည်နိုင်တယ်လို့ ဆိုရမှာပါပဲ။

* * *

ဘော့စတွန်မြို့နှင့် ၈ မိုင်အကွာမြို့လေးက အဘိုးအိုတစ်ယောက်ကတော့ ၈၁ နှစ်အထိ သန်တုန်းမြန်တုန်း ပျော်ပါးတုန်းပါပဲ။ သူ့ရဲ့ တောင့်တင်းတဲ့ကိုယ်လုံးကြီးက လူငယ်အတော်များများကို အရှက်ရစေလောက်ပါရဲ့။

တစ်ခါတော့ သူ့ထက်ငယ်တဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် လာလည်ရာက ကျန်းမာနုပျိုနေတဲ့သူ့ကို အံ့သြတကြီး ချီးမွမ်းခဲ့ပါတယ်။ အဘိုးကြီးက ကြေကွဲတဲ့လေသံနှင့်

"ငါ့ရုပ်က ပျိုတယ်ရှိပေမယ့် တကယ်တမ်းမှာတော့ ပြိုစပြုနေပါပြီကွာ"

"ဘာဖြစ်လို့လဲ"

"ဟိုတန်းကဆို ဘော့စတွန်ကို အသွားအပြန် လမ်းလျှောက်သွားနေကျကွ။ ပြီးခဲ့တဲ့အပတ်ကတော့ အပြန်ခရီးမှာ ကားစီးခဲ့ရတယ်"

"ဒါများကွာ"

"မပြောနှင့်လေ။ ဒါက ဆုတ်ယုတ်တဲ့လက္ခဏာပဲ။ 'မင်း ဒီအတိုင်းသာဆိုရင်တော့ အိပ်ရာ ဖျာကပ် လူမမာသည်ကြီးဘဝ ရောက်တော့မှာပဲ မာတင်ဖော့စတာရေ'လို့ ငါ့ကို ငါ ပြန်ပြောမိတဲ့အထိ စိတ်မကောင်းဖြစ်ရတယ်။ ဘယ့်နှယ်ကွာ- ခုမှ အသက်ကလေး ၈၁ နှစ်ပဲ ရှိသေးတာ။ ကားစီး ပြန်ရတယ်လို့။ မဖြစ်သင့်တာကြီး"

* * *

'အလက်ဇန္ဒားသည် ဂရိတ်'ဘုရင်ကြီးဟာ **အိန္ဒိယဘုရင် ပိုးရပ်စ်**[၁]ကို အနိုင်ရလိုက်ရာက၊ စစ်ပွဲအတွင်းရဲရဲစွာ တိုက်ခိုက်ခဲ့တဲ့ **မင်းစီးဆင်ကို သိမ်းပိုက်**ခဲ့ပါ။ ဆင်ရဲ့ကိုယ်ပေါ်မှာ '**ဂျူပီတာနေမင်းကြီးရဲ့သားတော် အလက်ဇန္ဒားက** အဂျက်က္စ်[၂] ကို နေမင်းကြီးအတွက် ရည်ညွှန်း ဆက်သပါတယ်'လို့ ကမ္ပည်းထိုးပြီး လွှတ်လိုက်ပါတယ်။

ဒီနောက် ဒီနှစ်ပေါင်း ၃၅၀ အကြာမှာ ဒီဆင်ကြီးကို အဲဒီကမ္ပည်းစာတန်းတွေနှင့်အတူ ပြန်တွေ့ခဲ့ရပါသတဲ့။

တိရိစ္ဆာန်လောကမှာ ဆင်တွေဟာ အသက်ရှည်သလိုပဲ၊ ဩစတြေးလျပြည် ဗီယင်နာက လင်းယုန်ငှက်တစ်ကောင်ဟာ အသက် ၁၀၄ နှစ်အထိ နေခဲ့တာလည်း တွေ့ရပါတယ်။

တောကျီးကန်းတွေကလည်း အသက် ၁၀၀ တမ်း ရှိတယ်။

ငန်းတွေကျတော့ အသက် ၃၀၀ အထိရှည်ခဲ့တယ် ဆိုပါတယ်။

ပယ်လီကင်ငှက်တွေလည်း အသက်ရှည်ပြီး၊ ငှက်တစ်ကောင်ဟာ အသက် ၁၀၇ ကျမှ သေသွားတယ်လို့ သိရပါတယ်။

* * *

> လူ့သမိုင်းအစကတည်းက လူတွေဟာ သေခြင်းတရားကို ရှောင်လွှဲပြီး၊ အသက်ရှည်ဖို့ နည်းလမ်းတွေ ရှာကြံခဲ့ကြတာပါ။
>
> ရှေးအီဂျစ်ဆေးဆရာတွေက အသက်ရှည်ဖို့ဆိုရင် အန်ဆေးတွေ မကြာမကြာတိုက်ဖို့၊ သောက်ဖို့၊ ချေးထွက်မှန်ဖို့ အကြံပေးခဲ့ကြပါတယ်။

---

၁- Porus ၂- Ajax

ဒီကုထုံးအရ မိတ်ဆွေတစ်ယောက်နှင့် တစ်ယောက် တွေ့ကြရမှာ 'နေကောင်းလား' လို့ မေးမယ့်အစား၊ 'ချွေးမှန်မှန် ထွက်ရဲ့လား' လို့တောင် မေးခဲ့ကြတယ်ဆိုပဲ။

* * *

ဘဝရဲ့ ရှင်သန်နေထိုင်ရေးမှာ ဘာ အဓိက အကျဆုံးလဲ။

အသိတရားနှင့်ယှဉ်တဲ့ လန်းဆန်းတက်ကြွမှု, နုပျိုမှု, မျှော်လင့်ချက်တွေပဲ မဟုတ်ပါလား။

လူငယ်တစ်ယောက်ရဲ့ဂုဏ်ဟာ ခွန်အားပါပဲ။

ပျော့ညံ့အားနည်းမှု, သိမ်ငယ်စေမှု, မသန်မစွမ်း ဖြစ်မှုတွေနှင့် ရုပ်ပျက်ရတဲ့တိုင်အောင် စိတ်ဓာတ်ခွန်အားတွေ ပြည့်နေဖို့ပဲ လိုပါတယ်။ ဒါဟာ အခက်အခဲဒုက္ခမှန်သမျှကို ကျော်လွှားနိုင်တဲ့စွမ်းရည် ဆိုလည်း မမှားပါဘူး။

* * *

ဘဝရဲ့ အကြီးမားဆုံးတန်ဖိုးအဖြစ် ကြံ့ခိုင်ထွားကျိုင်းပြီး ခွန်အားရှိတဲ့ အပေါ် အဓိကထားကြပါတယ်။ ကြွက်သားကြီးတွေ အမြှောင်းအမြှောင်းထပြီး ဗလကောင်းရုံသာမက၊ ခန္ဓာကိုယ်တွင်းက ကလီစာတွေပါ ကောင်းပြီး အကြော အခြင်တွေလည်း အားပြည့်ရပါလိမ့်မယ်။ ကျန်းမာရေးကောင်းသလောက် အစွမ်း ပြနိုင်တယ် ဆိုရမှာပေါ့။

ဒီလိုနှင့် လော့ဘရိုဂမ်[၁]မိသားစုဟာ နာရီပေါင်း ၁၇၆ နာရီ မရပ်မနား အလုပ်လုပ်နိုင်တာ တွေ့ရပါတယ်။

'နပိုလီယမ်'ဆိုရင်လည်း မြင်းပေါ်က နာရီ ၂၀ ကြာ မဆင်းတမ်း စီးနိုင် ပါသတဲ့။

---

၁- **Lord Broughams**

ဖရန့်ကလင်[၁] မျိုးဆက်တွေကလည်း အသက် ၇၀ အရွယ်တွေမှာ လွှင်တီး ခေါင်ထဲ စခန်းချနိုင်ကြပါသေးတယ်။

ဂလက်စတုန်း[၂] မျိုးဆက်ကတော့ အသက် ၈၄ နှစ်အထိ တိုင်းပြည်ကို ဦးစီးခေါင်းဆောင်လုပ်ပြီး၊ နေ့စဉ် မိုင်ပေါင်းများစွာ လမ်းလျှောက်နိုင်ရုံသာမက အသက် ၈၅ နှစ်မှာ ဧရာမသစ်ပင်ကြီးတွေကို ခုတ်လှဲနိုင်ပါသေးတယ်။

* * *

ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာခြင်းဟာ ဘဝကို အထူး အကျိုးပြုနိုင်တယ်။ အားနည်းချည့်နဲ့နေတဲ့လူ၊ ရင်အုပ် မရှိတဲ့လူ၊ ခြေသလုံးသား မရှိတဲ့လူ၊ အရှိန်အဟုန် မရှိတဲ့လူ၊ ပျော့ညံ့တဲ့လူ၊ နုံးချွေးလေးလံနေတဲ့ လူတွေကတော့ အသက် ငယ်ပင်ငယ်သော်လည်း ထိပ်တန်းရောက်နိုင်မှာ မဟုတ်ပါ။ ခေါင်းဆောင်လည်း မဖြစ်နိုင်သလို၊ အရေးပါအရာရောက်တဲ့ ဘယ်အလုပ်တွေကိုမျှ လုပ်နိုင်ဖို့ မရှိပါ။

* * *

"ကျန်းမာရေးနှင့် နှိုင်းယှဉ်လောက်တဲ့ အောင်မြင်မှု ရယ်လို့ ဘာရှိဦးမှာလဲ။

"ကျန်းမာရေးကို ရွှေတွေ၊ စိန်တွေ၊ သန်းပေါင်းများ စွာသောငွေတွေနှင့် တန်ဖိုးဖြတ်လို့ကော ရမယ်တဲ့လား"

စာရေးဆရာကြီး ကာလိုင်လေးက အီဒင်ဘာရာ တက္ကသိုလ် ကျောင်းသားတွေကို မေးခဲ့တာပါ။

---

၁- **Franklins** ၂- **Gladstones**

စင်စစ်တော့ ကိုယ်တိုင် ကျန်းမာရေးချို့တဲ့ပြီး စိတ်သွားတိုင်းကိုယ်မပါနိုင်တဲ့ ဆရာကြီးရဲ့ရင်ထဲက မချိတင်ကဲ ပေါက်ကွဲထွက်လောက်တဲ့ မေးခွန်းတွေပါပဲ။

* * *

ဖြိုင်မြင်းကို လှည်းဆွဲမြင်းကျွေးတဲ့ အစာမျိုး ကျွေးလို့ မရပါ။ နှလုံးရည်သမား ဉာဏအလုပ်သမားတွေဟာ အာရုံကြောတွေကို သန်စွမ်းစေတဲ့ မီးစုန်းဓာတ်ပါတဲ့ အစာတွေနှင့် အယ်လ်ဖျူမင်(ဥအကာရည်တွေ)ကို သောက်သုံးသင့်ပါတယ်။ ဒါမှလည်း ဦးနှောက်စွမ်းအားတွေ သန်စွမ်း ထက်မြက်ပါလိမ့်မယ်။

ဉာဏအလုပ်သမားတစ်ယောက်အနေဖြင့် အမဲသား၊ ဝက်သားတွေသာ စားနေမယ်ဆိုရင် အလုပ်ကြမ်းသမား ကာယလုပ်သားရဲ့ခွန်အားမျိုးသာ ရမှာဖြစ်ပြီး၊ ဦးနှောက်ဉာဏ်ရည်နှင့် အာရုံကြောတွေသန်စွမ်းမှုကို ရသင့်သလောက် ရမှာ မဟုတ်ပါဘူး။ ဉာဏသမားတွေဟာ ငါး၊ ကြက်သား၊ ဆန်၊ ပြောင်း၊ ဂျုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကို အများကြီး ဦးစားပေး စားရမှာပါပဲ။

ကျောင်းဆရာမတစ်ယောက်ဆိုရင်လည်း တစ်နေကုန် အိမ်အလုပ်တွေလုပ်ရတဲ့ အိမ်ဖော်မလေးလို စားလို့ မဖြစ်ပါ။

ကျောင်းသားတွေဟာလည်း ဉာဏ်ကောင်းစေတဲ့ အစာအာဟာရတွေ စားရမယ့်အပြင်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးစေမယ့် အစာတွေလည်း မှီဝဲဖို့ လိုပါတယ်။

ပြေးလွှားကစားနေကြတဲ့ ကလေးတွေအတွက်လည်း အရိုး၊ အကြော၊ ကြွက်သားတွေ သန်မာစေမယ့် အာဟာရတွေ၊ ဗီတာမင်ဓာတ်တွေ အပြည့်အဝရဖို့ အရေးကြီးပါတယ်။

* * *

'အစာလည်း ဆေး၊ ဆေးလည်း အစာ'ဆိုတဲ့ စကားပုံနှင့် 'တန်ဆေး လွန်ဘေး'ဆိုတဲ့ ဆုံးမစကားတွေဟာ ကျန်းမာအောင်နေထိုင်ရေး လမ်းညွှန်ဆောင်ပုဒ်တွေပါပဲ။

အနောက်ပိုင်းသားတစ်ယောက်ဟာ ညစာညှေ့ခံပွဲတစ်ခုမှာ ကမာကောင်၊ အမဲသားနှပ်၊ ကြက်ဆင်သား၊ ကြက်သား၊ ပုဇွန်ထုပ်ကြီး၊ ဖီးသီးပူတင်း၊ အိုက်စ်ကရင်၊ မြေပဲ၊ ကိတ်မုန့်၊ အသားစဉ်းကောမုန့်၊ စပျစ်သီးခြောက်စသဖြင့် အဝအပြ မိုက်ကားအောင်စားခဲ့ပြီး၊ နောက်တစ်နေ့အိပ်ရာထဲမှာ အသက်ထွက်နေပါလေရော။ ဆေးစစ်ချက်အရတော့ 'နှလုံးသွေးကြောပိတ်ပြီး သေရတာပါ' တဲ့။

* * *

စားစရာနှင့် သောက်စရာကို တွဲဖက် မသုံးဆောင်သင့်ပါ။ အကြောင်းကတော့ ဝါးစားမှ ကစီရည်တွေထွက်ပြီး အစာပိုကြေညက်နိုင်တာကြောင့်ပါပဲ။ တခြားအရည်တွေထက် ကစီရည်တွေက ပိုကောင်းတယ်လို့ ဆိုနိုင်ပါတယ်။

အဆီများတဲ့ အသားတွေနှင့် အသားမုန့်တွေဟာ အစာချေဖျက်ဖို့ ခက်တာကြောင့်လည်း ရှောင်ကြဉ်သင့်ပါသတဲ့။

အလုပ်ပင်ပန်းလာချိန်မှာလည်း အစားအသောက်တွေတဝတပြ အလွန်အကျွံစားရင် အစာမကြေနိုင်တာမို့ လျှော့စားသင့်ပါတယ် တဲ့။

* * *

အသက် ၈၅ နှစ်မှာ ကွယ်လွန်သွားတဲ့ အင်္ဂါရုပ်ပညာရှင် ပရော်ဖက်ဆာကြီး လိုရင်ဇို အင် ဖောင်လာ[၁]က အသက်ရှည်ဆေးစည်းကမ်းချက်များကို ခုလို ဖော်ပေးခဲ့ပါတယ်။

'အလုပ်ကို အပြင်းအထန်ကြိုးစားပါ။ ဒါပေမယ့် နားနားနေနေလုပ်ပါ။

'ပူပင်သောက မထားပါနှင့်။ နောက်ပြောင်ကျီစယ်တာတွေ ရှောင်။

'အတတ်နိုင်ဆုံး စံထားလောက်အောင် ကြိုးစားပါ။ ပင်ကိုအရည်အသွေးကို ပြပါ။

'စိတ်ဖိစီးမှုဒဏ်ကို ကြာရှည်မခံပါနှင့်။

'လုပ်အားနှင့် ဝင်ငွေ မျှအောင်နေ။

'တစ်နေ့ ထမင်း ၃ နပ်စားပါ။ သစ်သီးဝလံ, ဆန်, ဂျုံ, ပြောင်း, ဥ, နွားနို့တွေ များများစားသုံးပါ။ အရက်သေစာ လုံးဝရှောင်ပါ။ တစ်သက်လုံး ရှောင်ပါ။ ဘယ်တော့မှ ဆေးလိပ်မသောက်ပါနှင့်။ ဆေးငုံတာ,ဆေးရှူတာ တွေလည်း မလုပ်ပါနှင့်။

'နေ့စဉ် ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ပါ။ ဘုရား,တရား ရှိသေပါ။

'ကော်ဖီ, လက်ဖက်ရည်ကျကျ မသောက်ပါနှင့်။

'နှစ်နှစ်ခြိုက်ခြိုက် အိပ်ပါ။ အိပ်သင့်မှ အိပ်။ အပျင်းထူပြီး မအိပ်နှင့်''

'အပတ်စဉ် တစ်ရက်တော့ အလုပ် နားပါ။

'ဒီစည်းကမ်းများကို လိုက်နာကျင့်ကြံပါက အသက် ၈၀ ကျော် ၉၀ နေရပါလိမ့်မယ်'

* * *

၁- **Lorenzo N. Fowler**

အီတလီပန်းချီပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျလို[၁]ရဲ့ ခမ်းနားကြီးကျယ်လှတဲ့ ပန်းချီကားကြီးတွေဟာ ငရဲဘုံလား၊ နတ်ဘုံလား၊ ဘယ်နေရာဆိုတာ ဖွင့်ဟမပြောခဲ့ပေမယ့် သူ့အရုပ်တွေကတော့ ခွန်အားတွေ အပြည့်ရှိနေတာပါပဲ။ ဒါဟာ ရောမသားတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းအားထက်မြက်မှုကို မြတ်နိုးကြောင်း ဖော်ကျူးနေတာပဲ ဖြစ်ပါတယ်။

* * *

အိမ်တစ်လုံးဟာ ဘယ်လောက်ပဲ လှပခိုင်ခံ့ပေမယ့် လေတွေ မိုးတွေ သဘာဝအန္တရာယ်တွေကြားမှာ နှစ်ရှည်လများ ပစ်ထားရင်တော့ ဆွေးမြည့်ပြီး အလှပျက်သွားမှာ ကေန်ပါပဲ။ နောက်ဆုံး ပျက်စီးခြင်းပေါင်းစုံနှင့် ဗုန်းဗုန်းလဲ ပြိုကျသွားမှာ မလွဲပါဘူး။ ဒါကြောင့် ထိုအိမ်ကလေး မယိုမယွင်း မပျက်စီးအောင် ပြုပြင်မွမ်းမံဖို့ လိုအပ်ပါတယ်။

ထို့အတူ ခန္ဓာအိမ်ကျန်းမာရေးကိုလည်း အမြဲအစဉ် ဂရုအစိုက် စောင့်ရှောက်ရမည်သာ။

* * *

သဘာဝဟာ ကျန်းမာရေးကို အထောက်အကူပြုပါတယ်။

ရေ၊ လေ၊ နေတွေဟာ လူတိုင်းရဲ့ ပတ်ဝန်းကျင်မှာ ရှိပြီး၊ အခမဲ့ ရတာပါ။

မောပန်းနွမ်းလျတဲ့သဘာဝကို နှစ်သက်စရာ အားဖြည့်ပေးသူကတော့ ငြိမ်းအေးစွာအိပ်စက်ခြင်း ပါပဲ။

၁- **Michael Angelo**

အေးချမ်းတဲ့စိတ်ကလည်း ကျန်းမာချမ်းသာအောင် လုပ်စွမ်းနိုင်ပါတယ်။

* * *

စိတ်ဟာ ရုပ်ခန္ဓာကို သဘာဝအလျောက် အကာအကွယ်ပေးပါတယ်။ ဟန်ချက်ညီအောင်ထိန်းနိုင်တဲ့, ယဉ်ကျေးလိမ္မာပြီးကောင်းမွန်တဲ့, စည်းကမ်းကို ရှိသေတဲ့ အသိဉာဏ်ဟာ ရုပ်ခန္ဓာကို အစွမ်းထက်ထက်နှင့် တုံ့ပြန် အကျိုးပြုနိုင်ပါတယ်။

တစ်ဘက်ကလည်း ပျော့ညံ့ချည့်နဲ့, တွေဝေ, တစ်ဘက်သတ်အစွန်းရောက်, ဝေခွဲမရ, ရှုးမိုက်တဲ့စိတ်တွေက ခန္ဓာကိုယ်ကို ချုံးချုံးကျ ဒုက္ခပေးပါတယ်။

ဖြူစင်ပြီး လတ်ဆတ်တဲ့အတွေး၊ အကောင်းနှင့် အမှန်ကို ရှေးရှုတဲ့ မြင့်မြတ်တဲ့စိတ်ကူးဉာဏ်၊ အထက်တန်းကို မျှော်မှန်းတမ်းတတဲ့ နှလုံးသားဆန္ဒ၊ အလွန့်အလွန် ကြီးကျယ်မြင့်မားတဲ့ ဦးတည်ချက်, ရည်မှန်းချက်၊ ကိုယ်ကျိုးမဖက်တဲ့ ကြိုးပမ်းစွမ်းဆောင်မှုတွေက ရုပ်ခန္ဓာကို ပိုမို သန့်စွမ်းသထက် သန့်စွမ်းစေပြီး လှပစေပါတယ်။

အတွေးတိုင်းမှာ တန်ခိုးတွေရှိပြီး၊ ကောင်းကျိုး, ဆိုးကျိုးတွေကို ရုပ်က ခံစားရတာပါပဲ။

* * *

'ပျော်ရွှင်ခြင်း' ဆိုတာ စိတ်ထားမြင့်မြတ်ခြင်းရဲ့ တခြားအမည်တစ်ခုလို့ ဆိုနိုင်ပါတယ်။

အကျင့်သီလ, သစ္စာ, သမာဓိ ကောင်းမွန်မှု၊ ဖြူစင်သန့်ရှင်းခြင်းရှိတဲ့ စိတ်တွေက အသက် ရှည်စေပါတယ်။

ရက်ရောတဲ့နှလုံးသား, သိက္ခာရှိရှိနေထိုင်မှု, အတ္တမဖက် လူသားအများအကျိုးကိုမျှော်ကိုးတဲ့ မေတ္တာတရားတွေက သက်တမ်းကို ဆွဲဆန့်ပေးပါတယ်။

စိတ်ဓာတ်, အကျင့်သီလ, ရုပ်လက္ခဏာ ဆိုတာဟာ ဘဝတစ်ခုကို 'တည်း'ထားတဲ့ အသက်သွေးကြော ၃ ချောင်းပဲ ဖြစ်ပါတယ်။ တစ်ခုနှင့်တစ်ခု အမှီသဟဲ ပြုနေကြတာပါ။ တစ်ခုကောင်းရင် အားလုံး ကောင်းသလို၊ တစ်ခုပျက်ပြားရင်လည်း တစ်နွယ်ငင် တစ်စင်ပါ ပျက်စီးကုန်ရတာ ဓမ္မတာပါပဲ။

* * *

'သေချိန်မရောက် သက်မပျောက်'လို့ ဆိုရိုးစကားရှိသလို၊ 'သေချိန်ရောက်က ကယ်မရ'ဆိုတဲ့ စကားပုံလည်း သုံးလေ့ ရှိစမြဲပါ။

ဘာပဲပြောပြော၊ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးကြရတာပါပဲ။

အကောင်း, အဆိုး၊ အမှား, အမှန်၊ အသေ, အရှင် အပါအဝင် နေခြင်းနှင့် သေခြင်း သို့မဟုတ် အသက်ရှည်ခြင်းနှင့် တိုခြင်းတွေဟာ ကာယကံရှင်ဖြစ်သူရဲ့ လက်ထဲမှာသာ ရှိပါတယ်။

'လူ့ဘဝဟာ ရခဲတယ်'ဆိုရင်ဖြင့် လူ့ဘဝကို တန်ဖိုးထားမှသာ အဖိုးတန်တဲ့လူ ဖြစ်မှာပါ။

# ၁၃

# တန်ခိုးရှိသော ဖြူစင်မှု

အစွန်းအထင်းမရှိသော အသည်းနှလုံးသည်
အလွယ်တကူနှင့် မကြေနိုင်ချေ။

ရှိတ်စပီးယား
**Shakespeare**

အတွင်းစိတ် ဖြူစင်မှုက
ကိုယ်ရောင်ကိုယ်ဝါကို တောက်ပစေ၏။

အေ-ဟန့်
**A. Hunt**

ကျွန်ုပ်တို့၏ဝိညာဉ်ကို ဖားဥစွဲသလို
အညစ်အကြေးထင်စေသော အရာများ
ရှိကြသည်။
ဘုရားသခင်၏ နိုင်ငံတော်အတွင်း၌
လျှပ်ပေါ်လော်လီမှုကို ငြိမ်းသတ်ရမည်။

မစ္စ အီး-အို-စမစ်
**Mrs. E. O. Smith**

" ခင်ဗျား လွှတ်တော်မှာ ပြန်အရွေးခံရင် အခွန်အကောက်ကိစ္စတွေ ဘယ်လို ဆောင်ရွက်မလဲ"

ညစ်ပတ်ပေကျံနေတဲ့ လူတစ်ယောက်က မဲဆွယ်နေတဲ့ စကော့ ပါလီမန်အမတ်တစ်ယောက်ကို ကြားဖြတ်မေးခွန်း ထုတ်လိုက်တာပါ။

ဟောပြောနေသူက အညိုအမည်းတွေစွဲနေတဲ့အဲဒီလူရဲ့မျက်နှာနှင့် လက်တွေကို ကြည့်ပြီး ခပ်မာမာပဲ ပြန်ပြောလိုက်ပါသတဲ့။

"မိတ်ဆွေ။ ခင်ဗျားကိုယ် ခင်ဗျား ဆပ်ပြာနှင့် ဆေးလိုက်ပါဦး"

* * *

တစ်ခုသောညနေ။

ပြည်ထောင်စုရုံးခန်းထဲကို အရာရှိတစ်ယောက် ခပ်မြူးမြူးလေးဝင်လာရာက

"ခင်ဗျားတို့ သည်းခြေကြိုက်မယ့်စာတ်လမ်းလေးတစ်ပုဒ် ရလာတယ်ဗျို့။ ဒါနှင့် ဒီအခန်းထဲမှာ အမျိုးသမီးတွေမရှိဘူး မဟုတ်လား"

ဒီတော့ စာဖတ်နေတဲ့ ဗိုလ်ချုပ်ကြီးဂရန့်က အဲဒီအရာရှိရဲ့မျက်လုံးတွေကို စိုက်ကြည့်ပြီး

"ဒီအခန်းထဲမှာ အမျိုးသမီးတွေမရှိပေမယ့် လူကြီးလူကောင်းတွေရှိနေတယ်ကွယ့်"

ဂျော့ ဒဗလျူ-ချိုင်းစ်[၁] ပြောပြတဲ့ ဗိုလ်ချုပ်ကြီးဂရန့်ရဲ့ စိတ်နေစရိုက်ကတော့

"သူဟာ ပကတိဖြူစင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ။ သူ့မှာ ညစ်ညမ်းတဲ့အတွေးတွေ တစ်ခါမှ ရှိပုံမရပါဘူး။ နှုတ်က စည်းမစောင့်ဘဲ ဟော့ဟော့ရမ်းရမ်းပြောတာမျိုးလည်း မကြားဖူးပါဘူး။ အမျိုးသမီးတစ်ယောက် နားမခံသာအောင် အရှက်ရစေမယ့်စကားမျိုးလည်း ပြောတာ မတွေ့ရပါဘူး။ သူ့ရှေ့ကို အလုပ်ခန့်ဖို့ လူ ခေါ်လာရင်လည်း နှုတ်ရဲ့ယဉ်ကျေးမှုမရှိတဲ့လူကို ဘယ်လောက်ပဲ ဖိအားပေးပေး ငြင်းပယ်ပစ်နေကျပေါ့။

"တစ်ခါတော့ ဗိုလ်ချုပ်ကြီးဟာ နိုင်ငံခြားတိုင်းပြည်တစ်ခုက ညစာစားပွဲကို ရောက်သွားပါတယ်။ အမေရိကန်ဝဏ္ဏသရေရှိပုဂ္ဂိုလ်ကြီးတွေဟာ စပ်မိစပ်ရာပြောရင်းက တခြားလူတွေရဲ့အတွင်းရေးကိစ္စတွေ အတင်းအဖျင်းချတဲ့ စခန်းကို ရောက်သွားပါတယ်။ ဗိုလ်ချုပ်ကြီးဟာ ချက်ချင်းပဲ ထိုင်ရာက ထပြီး၊

'လူကြီးမင်းများ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် ပင်ပန်းလာလို့ သွားနားလိုက်ပါရစေ' လို့ နှုတ်ဆက်ထွက်သွားပါသတဲ့"

* * *

---

၁- George W. Childs

သန့်စင်တဲ့နှုတ်နှင့် ဖြူစင်တဲ့စိတ်ရှိတာက ယောကျ်ား တစ်ယောက်ရဲ့ ဂုဏ်ပါပဲ။

ယုတ်မာမှုကို မသိတာနှင့် တွေးတောင်မတွေးတာက မိန်းမတစ်ယောက်ရဲ့ဂုဏ်ရည်ပဲ ဖြစ်ပါတယ်။

* * *

သိပ္ပံပညာရှင် အိုင်းဆက် နယူတန်[၁]ငယ်စဉ်က အရင်းနှီးဆုံး အီတလီမိတ်ဆွေတစ်ယောက် ရှိခဲ့ပါတယ်။ အဲဒီလူက ဓာတုဗေဒပညာရှင်ဖြစ်သလို လုပ်ဖော်ကိုင်ဖက်လည်းဖြစ်ပါတယ်။ တစ်နေ့တော့ အဲဒီလူက မဖွယ်မရာဇာတ်လမ်းတစ်ပုဒ် ပြောပြခဲ့ပါတယ်။ နယူတန်လည်း အဲဒီလူနှင့် ဆက် မပေါင်းတော့ပါဘူး။

* * *

ဖြူစင်သန့်ရှင်းမှုကို ရှေ့တန်း တင်ထားပါ။ ဂုဏ်သရေ အရှိဆုံးလူတစ်ယောက်ရဲ့ အမှတ်တံဆိပ်ပဲ ဖြစ်ပါတယ်။

သင့်နှလုံးက မဖြူစင်ပါက အတွေးများလည်း ဖြူစင်မှာ မဟုတ်သလို၊ နှုတ်ထွက်စကားတွေသာမက ဘဝတစ်ခုလုံးလည်း ဖြူစင်တော့မှာ မဟုတ်ပါဘူး။

စိတ်ထားမြင့်မြတ်ဖြူစင်မှုက မြင့်မြတ်တဲ့ဘဝကို ပို့ဆောင်ပေးပါလိမ့်မယ်။

ယုတ်မာညစ်ညမ်းတဲ့စိတ်က ခါးခါးသီးသီးအဆိပ်ပြင်းသလို၊ မကောင်းတဲ့ဘဝကိုသာ အရောက်ပို့မှာ သေချာပါတယ်။

---

၁- **Isaac Newton**

စိတ်ညစ်စိတ်ယုတ်ရှိသူဟာ မြေဆိုးမြေပွေးတစ်ကောင်နှင့်တူပြီး ဇာတ်သိမ်းလည်း လှမှာ မဟုတ်ပါဘူး။

* * *

ရာဂကြီးမားပြင်းထန်မှုဟာ ပုန်ကန်တဲ့သဘောသားတွေနှင့် မခြားတာမို့ ကုန်းပတ်အောက်မှာ ချုပ်ထားရမှာပါပဲ။

သင့်ရဲ့ အောက်တန်းကျပြီး အယုတ်ညံ့ဆုံးသဘာဝစိတ်ကို ပဲ့ကိုင်ထိန်းသိမ်းတာ အကောင်းဆုံးပါပဲ။

* * *

ဒု သမ္မတကြီး ဝီလ်ဆင်[၁] ဟာ မမာမကျန်းနှင့် အိပ်ရာထဲလဲပြီး သေအံ့မူးမူးဖြစ်နေချိန်မှာ

"ကျုပ် မလွဲမသွေစဉ်းစားရမယ်၊ လုပ်ရမယ်၊ မဲပေးရမယ်ဆိုရင်တော့ ဝှစ်တီယာ[၂]ကို ရွေးမှာပဲ။ ကမ္ဘာပေါ်မှာ သက်ရှိထင်ရှားရှိနေတဲ့ လူတွေထဲမှာ သူဟာ အကျင့်သီလအကောင်းဆုံး အဖြူရောင်လူသားလို့ ယုံကြည်တယ်။ သူ့စိတ်ဓာတ်ဟာ ကောင်းကင်ဘုံလို တကယ့်ကို ဖြူစင်တာကလား"

* * *

ရေ ခဏခဏချိုးပြီး သူ့အင်္ကျီအနားစတွေကို ဂရုတစိုက်သနေတဲ့ ဂျော့ချ် ဝှိုက်ဖီးလ်[၃]ကို သူ့မိတ်ဆွေတစ်ယောက်က

"အိုဗျာ- ဘာမဟုတ်တာလေးများ ဒီလောက်လည်း အလုပ်ရှုပ်ခံမနေပါနှင့်"လို့ ပြောတော့

---

၁- Vice-president Wilson ၂- Whittier

၃- George Whitefield

"ဟာ- ဒါ ပေါ့သေးသေးကိစ္စတွေ မဟုတ်ဘူးဗျ။ ဝန်ကြီးတစ်ယောက်ဟာ သူ့အကျီအဝတ်အစားတွေပေါ်မှာတောင် အစွန်းအထင်းပေလို့ မရဘူးလေ"လို့ ပြန်ပြောလိုက်ပါသတဲ့။

* * *

ဒုစရိုက်မှုများကို ရှောင်ကြဉ်သလို၊ မကောင်းတဲ့ အတွေးဆိုးတွေကိုလည်း ရှောင်ကြဉ်ပါ။ ခေါင်းထဲကို တဒင်္ဂလေးတောင် အဝင်မခံပါနှင့်။ ဒီအတွေးတွေဟာ ပျံ့နှံ့သွားရာက စိတ်ကို ညစ်ညမ်းသွားစေပါလိမ့်မယ်။ အဲသလို ညစ်ညမ်းမှုကို ဘာသာတရားကလည်း ဖျောက်ဖျက်ပေးနိုင်မှာ မဟုတ်တော့ပါဘူး။

ညစ်ညမ်းတဲ့ ဓာတ်ပုံတစ်ပုံကို တစ်ချက်ကလေးကြည့်မိရုံနှင့် ဒါမှမဟုတ် ညစ်ညမ်းတဲ့စာအုပ်ကို တစ်ခေါက်လောက်ဖတ်လိုက်မိရုံနှင့် ဘဝရဲ့ငြိမ်းအေးမှုကို ဖျက်ဆီးပစ်ပါလိမ့်မယ်။

မကောင်းမှုဒုစရိုက်နှင့် မကောင်းတဲ့ရုပ်ပုံလွှာ ဆိုတာ ဘဝတစ်လျှောက်လုံး သေချိန်အထိ အရိပ်လို လိုက်ထိုးနေမှာပါပဲ။

ဆရာဝန်တွေရဲ့အပြောအရ 'အသက် ၇၀ အရွယ်မှာ ခန္ဓာကိုယ်က အစိတ်အပိုင်း ကလီစာတွေ တစ်ကြိမ် အပြောင်းအလဲဖြစ်တယ်'လို့ ဆိုပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ စွဲနေတဲ့ ဆိုးရွားတဲ့ရုပ်ပုံတွေကိုတော့ ဘယ်ပုဂ္ဂိုလ်, ဘယ်ဓာတုဗေဒပညာရှင်တွေမှ ဖျောက်ဖျက် မပေးနိုင်ပါဘူး။ ရာစုပေါင်းများစွာ မြေအောက်မှာမြုပ်ခဲ့တဲ့ ပွန်ပီမြို့တော်ကြီးက ပန်းချီကားတွေ

---

၁- Caroline Matilda

ဟာ နည်းနည်းမျှ အရောင်အသွေး၊ ပုံစံတွေမပျက်ဘဲ ပကတိ အတိုင်း သစ်လွင်နေသလိုပါပဲ။

* * *

အကျဉ်းစံနေရတဲ့ သနားစရာ ဒိန်းမတ်ဘုရင်မကြီး ကာရိုလိုင်း မာတီလ်ဒါ ဟာ အကျဉ်းခန်းပြတင်းမှာ စာတန်း တစ်ခု ရေးခဲ့ပါသတဲ့။ အဲဒီစာကြောင်းလေးကတော့ ကျွန်တော် တို့အားလုံး ရွတ်ဆိုရမည့် ဆုတောင်းပါ။

'အို- အဖဘုရား။ အခြားသူများအား ကြီးမြတ်ခြင်း များ ပေးပါ။ တပည့်တော်မကိုတော့ အပြစ်ကင်းစင်တဲ့ဘဝ ကိုသာ ပေးသနားတော်မူပါ'

* * *

သစ္စာဖောက် ဂျူးဒတ်စ်က သူ့ကိုယ်သူ ကြိုးချသေရာ 'ဂျူးဒတ်သစ်ပင်' လို့ အစွဲပြုခဲ့ကြတဲ့ သစ်ပင်ရဲ့အပွင့်တွေဟာ ပန်းနုရောင်အသွေးနှင့် တကယ်ပဲ လှပပြီး ရွှန်းလဲ့တောက်ပ နေသလို လိပ်ပြာတွေ၊ ပျားပိတုန်းတွေကို ညို့မြူဆွဲဆောင် နေပါတယ်။ ဒါပေမယ့်- အဲဒီပန်းပွင့်ပေါ် နားပြီး ဝတ်ရည်စုပ် မိတဲ့ ပျားပိတုန်းတွေခမျာ အဆိပ်သင့်လို့ သေကုန်ကြတာပါပဲ။ သစ်ပင်ခြေရင်း မြေပြင်တစ်ခုလုံး သူ့သားကောင်တွေနှင့် ဖွေးဖွေး လူပ်နေပါတော့တယ်။

**အကျင့်သီလ ပျက်တဲ့သူဟာ**
**ပျော်ရွှင်ချမ်းမြေ့မှု**
**ဘယ်တော့မျှ ရမှာ မဟုတ်ပါဘူး။**

**အက်ပီကူးရပ်စ်**
**Epicurus**

*** * ***

ဖြူဖွေးသန့်စင်မှုဟာ ဘယ်ဥစ္စာနေနှင့်မျှ နှိုင်းယှဉ်လို့ မရပါ။

ဖြူစင်တဲ့စိတ်ဓာတ်ကို ဖျက်ဆီးမယ့် ယုတ်မာတဲ့အတွေးတွေကိုလည်း ရှောင်ကြဉ်ဖယ်ရှားပစ်ရပါမယ်။ ဒီအတွေးဆိုးတွေ စွဲကပ်နေပြီဆိုရင်လည်း ဖြူစင်ရှင်းသန့်အောင် ပြန်လုပ်လို့ မရပါ။

အပြစ်ကင်းမှုဟာ နှင်းပွင့်နှင့် တူပါတယ်။ လက်လွတ်သွားပြီးတာနှင့် ပြန်မရနိုင်တော့ပါဘူး။

အကျင့်သီလရဲ့ မြင့်မြတ်တဲ့အဆင့်ကို ဖောက်ပြန်မှု အလျှင်းမရှိတဲ့ ကျင့်ကြံအားထုတ်မှုနှင့်သာ ရပါလိမ့်မယ်။

အတွေးတွေကို မထိန်းနိုင်ရင် သူတော်စင်,သူတော်ကောင်းတွေတောင် ပျက်စီးကိန်း ဆိုက်နိုင်ပါတယ်။ ရှာန်ပုံနိုင်တဲ့ရသေ့တွေ အတွေးအာရုံဖောက်ပြန်တာကြောင့် ဈာန်လျှောရသလိုပါပဲ။

* * *

မကောင်းတဲ့အတွေးတွေက မကောင်းတဲ့ရုပ်နှင့် မကောင်းတဲ့အကျိုးတွေပဲ ပေးပါလိမ့်မယ်။

ကောင်းတဲ့အတွေးတွေက ကောင်းတဲ့ရုပ်နှင့် ကောင်းတဲ့အကျိုးပဲ ထင်လာမှာပါ။

ဒါဟာ သဘာဝနိယာမပဲ ဖြစ်ပါတယ်။

* * *

မိဘအုပ်ထိန်းသူတွေအနေဖြင့် သားသမီးတွေရဲ့စံပြဖြစ်သင့်ပါတယ်။ လူငယ်တွေဟာ လူကြီးတွေရဲ့အမူအကျင့်တွေကို အတုခိုးနေကျပါ။ ဒါကြောင့် လူကြီးမိဘတွေအနေဖြင့် ကိုယ်ကျင့်တရား ကောင်းကောင်းမွန်မွန်နေပြဖို့ အရေးကြီး

သလို၊ ဖြူစင်မှုဟာ ဘယ်လောက် မွန်မြတ်တယ်ဆိုတာလည်း သွန်သင် လမ်းညွှန်ပေးရမှာပါပဲ။

ပြစ်မျိုးမဲ့မထင် နှလုံးသားဖြူစင်ခြင်းဟာ လူငယ်ဘဝရဲ့ အကြီးမြတ်ဆုံး ချီးမွမ်းခံရမှုပါပဲ။

မကောင်းမှုတွေလုပ်ဖို့ ဆွယ်တရားဟောသူတွေရဲ့ စကားကို နားမယောင်ပါနှင့်။

"ယုတ်မာညစ်ပတ်မှုတွေအားလုံးဟာ အားနည်းချက်တွေပဲ ဖြစ်တယ်"လို့ မီလ်တန်က ပြောဖူးပါတယ်။

ယုတ်မာကောက်ကျစ်မှုဟာ စွမ်းအားတွေကို ကျဆင်းစေပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်ဖြူစင်မှုဟာ ခွန်အား၊ ကျန်းမာရေးစွမ်းအင်တွေပဲပေါ့။

* * *

တစ်ခါက လင်းယုန်ငှက်တစ်ကောင်ဟာ ကျောက်တုံးကြားကနေ ကောင်းကင်ကို ထိုးတက်သွားပါတယ်။ တောင်ပံကိုဖြန့်ပြီး ဝဲပျံရင်းက အတောင်တွေ တစ်ခုပြီးတစ်ခု ကျိုးကျတဲ့နောက် မြေပြင်ပေါ် ကျသွားပါတယ်။ နွားကျောင်းသားလေးတွေက ပြေးကြည့်တော့ လက်ညှိုးလောက် မြွေပွေးတစ်ကောင် သူ့ကိုယ်ပေါ်မှာ တွယ်ကပ်နေတာ တွေ့လိုက်ရပါတယ်။

မကောင်းမှု ဒုစရိုက် အပြစ်ဆိုတာလည်း ငယ်ပင်ငယ်သော်လည်း အန္တရာယ်ကြီးမားတယ် ဆိုတဲ့ ပြယုဂ်ပါပဲ။

* * *

“ကျွန်တော့် ခေတ်ပုံအယ်လ်ဘမ်မှာ ရှုးသွပ်မိုက်မဲသူတစ်ယောက်ရဲ့ ခေတ်ပုံ ကပ်ထားတာ ရှိပါတယ်”

နာမည်ကြီး စာရေးဆရာတစ်ယောက်ရဲ့ ပြောပြချက်ပါ။ သူက

“အဲဒီလူဟာ နာမည်ဆိုး နာမည်ပျက်တွေ တစ်ပုံကြီးပဲပေါ့။ အပျော်ကြီးရာ၊ အသုံးအဖြုန်းကြီးရာ၊ ရမ္မက်ကြီးရာမှာ စံတင်လောက်ပါတယ်။ သူဟာ တိရစ္ဆာန်သာသာနှင့် ရွံ့လူးနေတဲ့လူပဲ ဆိုပါတော့။

“သူ့ကို လူကောင်းတွေက ရှောင်ကြပါတယ်။ သူ မကောင်းလိုက်ပုံက သူ့ရှုထုတ်လိုက်တဲ့လေတောင် ထိသူမှန်သမျှကို ပျက်စီးစေပြီး၊ သူရောက်လေရာ နေရာတိုင်းမှာ အကုသိုလ်တွေ ပွားကုန်ပါတယ်။

“သူက အကျင့်သီလရှိသူတွေကို လှောင်ပါတယ်။ ဖြူစင်မှုကို သရော်တယ်။ ကောင်းရာသုဂတိဆိုတာကို ငြင်းပယ်တယ်။ သူက အရက်ဆိုင်၊ လောင်းကစားဝိုင်း၊ မိန်းမပျက်တွေကြားမှာ မွေ့လျော်ပျော်ပိုက်တယ်။

“ကျွန်တော့်သားသာဆိုရင် ဒီမကောင်းဆိုးဝါးကောင်ရဲ့ ထောင်ချောက်ထဲ အကျခံမယ့်အစား စဏ္ဍာလတူးထားတဲ့ မြေတွင်းထဲသာ မြှုပ်ပစ်လိုက်မယ်။

* * *

လူငယ်များအနေဖြင့် လူကောင်းတွေကိုသာ ရွေးပေါင်းသင့်ပါတယ်။ ကလေကချေတွေ၊အကျင့်ပျက်နေသူတွေ အကျင့်သီလဖြူစင်မှုကို အရေးမထားသူတွေနှင့် မပေါင်းသင့်ပါ။ ကိုယ့်မိသားစုနှင့်လည်း မိတ်ဆက် မပေးသင့်ပါ။

* * *

အရှေ့နိုင်ငံတွေမှာ ကိုယ်ရေပြားရောဂါသည်တွေကို ဝေးဝေးကရှောင်ကြပါတယ်။ အနားကပ်လာရင်လည်း ‘ရွံ့စရာကြီး’ ဆိုပြီး မောင်းထုတ်ချင်ကြတာပါပဲ။

အကျင့်ပျက်တဲ့လူဟာ ကိုယ်ရေပြားရောဂါသည်ထက် ပိုဆိုးပါတယ်။ အဲသလို အကျင့်စာရိတ္တပျက်ပြားနေသူတွေကို လည်း 'ရွံ့စရာကြီး' ဆိုပြီး အော်ထုတ်ပစ်ကြရင် လူ့လောက ကြီး ပို သာယာသွားပါလိမ့်မယ်။

* * *

ဂျယ်ရာမီတေလာ[၁]က စိတ်ဓာတ်နှင့် အကျင့်သီလစင်ကြယ်မှုရဲ့ အကျိုး ကျေးဇူးတွေကို အမျိုးမျိုးထုတ်ဖော်ခဲ့ပါတယ်။

"ဖြူစင်တဲ့စိတ်ဟာ အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှုတွေရဲ့မိခင် ဖြစ်ပါတယ်။ ဆင်ခြင်မှုရဲ့အတိုင်ပင်ခံအနေနှင့် လိမ္မာကျွမ်းကျင်မှုတွေ လုပ်ဆောင် နိုင်ပါတယ်။ ပွင့်လင်းရိုးသားမှုကို ပေးသလို ချိုသာယဉ်ကျေးခြင်းကို ဆောင်ကြဉ်း ပါတယ်။ ကြင်နာသနားတတ်ပြီး တစ်ဖက်သတ်မကျတဲ့ နားလည်မှုတွေလည်း ရှိစေပါတယ်။ အတ္တမဆန်ဘဲ ငြိမ်းငြိမ်းချမ်းချမ်းနေတတ်လို့ ဘုရားသခင်ကလည်း ချစ်ပါတယ်။ အကျင့်သီလ မရှိသူတွေရဲ့ ရူးမိုက်ပျော်ရွှင်မှုထက် အဆပေါင်းများ စွာ စိတ်အေးချမ်းသာ ဝမ်းသာပျော်ရွှင်ရတာပါ"

* * *

အကျင့်စာရိတ္တပျက်ပြားတဲ့ လူညစ်လူသွမ်း လူသရမ်းတွေဟာ အရှက်တကွဲ အကျိုးနည်းဖြစ်ရပြီ ဆိုတော့မှ

'အမလေး- အမလေး' တပြီး၊ 'ကျွန်တော် စိတ်ကောင်းနှလုံးကောင်း ထားပါတော့မယ်။ နောက် ခုလို မမိုက်တော့ပါဘူး'လို့ အော်ကြဟစ်ကြပါတယ်။ ဒါပေမယ့် သူတို့ကို ဘယ်သူမျှ မကယ်နိုင်ကြတော့ပါဘူး။

* * *

---

၁- **Jeremy Taylor**

စာရေးဆရာတွေထဲမှာလည်း အရေးအသားအဖွဲ့အနွဲ့ ကောင်းသလောက်၊ လူငယ်တွေ စာရိတ္တပျက်စေမယ့် ညစ်ညမ်းမှုတွေနှင့် အဆိပ်ခတ်ကြသူတွေ ရှိပါတယ်။ ကျီးအာသီးလို လူစားတွေ ဆိုလည်း မမှားပါဘူး။ သူတို့ဟာ အန္တရာယ်ကြီးသလောက် ကြောက်စရာကောင်းလှပါတယ်။

အာဖရိကတောနက်ထဲက အဆိပ်ပြင်းတဲ့မြွေကြီးတွေကို အိမ်ဘေးမြက်ခင်းထဲ လာလွှတ်ထားတာ၊ ခြင်္သေ့တွေ,ကျားတွေကို သစ်တောထဲ လာပို့ထားတာ၊ အင်ဒီးစ်မြစ်ကမ်းက အဆိပ်ရှိတဲ့ ပုတ်သင်ညိုကြီးတွေ, ကင်းမြီးကောက်တွေ, ပင့်ကူနက်ကြီးတွေကို ကျွန်တော်တို့ပန်းခြံထဲ လာလွှတ်တာကမှ တော်ပါလိမ့်ဦးမယ်။

အဲဒီသတ္တဝါတွေကို ကျွန်တော်တို့ အသေသတ်လို့ ရကောင်းရပါလိမ့်မယ်။ အဆိပ်ပြင်းတဲ့ ညစ်ညမ်းစာပေတွေ, အပြာရောင်အဆိပ်ပန်းတွေဟာ အနုပညာမြောက်တဲ့ အလှအပတွေနှင့် ဖုံးအုပ်ထားတော့ ချေမှုန်းဖို့ ခက်လှပါတယ်။

"ရမ္မက်သွေးကြွစေတဲ့ ရုပ်ရှင်ပိုစကာတွေ, ကြော်ငြာတွေ, မလုံတလုံပုံတွေ, ညစ်ညမ်းဗီဒီယိုတွေကို ပိတ်ပင်တားမြစ်နိုင်မယ်ဆိုရင် အကျဉ်းထောင်တွေထဲက လူငယ်ရာဇဝတ်ကောင် ၃ ပုံ ၂ ပုံဟာ ခုလို ထောင်ထဲဝင်ရမှာ မဟုတ်ပါဘူး" တဲ့။ ဖလာဒီဖဲယားမြို့တော်ဝန်ပြောခဲ့တဲ့ စကားပါ။

* * *

အို- လူငယ်အမျိုးသား,အမျိုးသမီးအပေါင်းတို့။ ကိုယ့်အသည်းနှလုံးကို ဖြူစင်သန့်ရှင်းအောင် ဂရုတစိုက် စောင့်ရှောက်ကြပါ။ အပြစ်ကင်းအောင် ထိန်းကြ

ပါ။ နည်းနည်းကလေးမျှ အစွန်းအကွက် မထင်ကြပါစေနှင့်။ ဒါမှမဟုတ်ရင်တော့ ဘဝရဲ့လက်ဆောင်ရတနာတွေ ဆုံးရှုံးကုန်ပါလိမ့်မယ်။

ပထမ မိမိတို့ရဲ့ စိတ်ကူးအတွေးတွေနှင့် ခံစားချက်တွေကို စင်ကြယ်အောင် သန့်စင်ပါ။ ဒီလို ဖြူစင်အောင်လုပ်ဖို့ ဆပ်ပြာ မလိုပါဘူး။ သန့်ရှင်းမှုမရှိရင်တော့ မျက်ရည်နှင့် ဆေးကြောရပါလိမ့်မယ်။

စောင်းတစ်လက် ပျက်ကျိုးသွားရင် ပြန်ပြင်လို့ ရနိုင်ပါသေးရဲ့။ မီးမှောင် ကျသွားတာလည်း ပြန်ထွန်းဖို့ မခက်ပါဘူး။

ပန်းတစ်ပွင့် ကြွေမွသွားရင်တော့ ဘယ်လို ပြန်လှအောင် လုပ်နိုင်ပါတော့ မလဲ။ အပုပ်နံ့ဆိုးတွေကို ပြန်ရုပ်သိမ်းလို့ကော ရပါတော့မတဲ့လား။

# ၁၄

# ကိုယ်တိုင်ဆောက်တဲ့ သီရိဂေဟာ

နိုင်ငံတစ်နိုင်ငံရဲ့အင်အားဟာ
ပေါင်းစည်းညီညွတ်မှုပေါ် အခြေ ခံထားသလို၊
လူတွေအားလုံးရဲ့
အသိဉာဏ်နှင့် စည်းကမ်းတကျနေထိုင်ကြတဲ့
အိမ်တွေပဲ ဖြစ်ပါတယ်။

မစ်စ္စစ် ဆီဂေါလ်နေး
**Mrs. Sigourney**

ဘုရင်ပဲဖြစ်ဖြစ်, လယ်သမားပဲဖြစ်ဖြစ်၊
သူ့အိမ်မှာ ငြိမ်းချမ်းမှုကို ရှာတွေ့သူသာ
အပျော်ရွှင်ဆုံး ဖြစ်မှာပါ။

ဂိုသေ့
**Goethe**

ပျော်စရာ မင်္ဂလာဆောင်ပွဲတစ်ခုဟာ
ဘဝသစ်ရဲ့အစ ဖြစ်သလို၊
ပျော်ရွှင်ဝမ်းသာခြင်းနှင့်
တာဝန်ကျေပွန်ခြင်းတွေရဲ့ တာထွက်တဲ့ နေရာပါပဲ။

ဒင်း စတင်လီ
**Dean Stanley**

ယောက်ျားအားလုံးအတွက်
သူတို့ရဲ့ သဘာဝဝန်းကျင်မှာ
ကဗျာဆန်ပြီး လှပဖို့ လိုအပ်သလို၊
အဲဒါကို လေးစားထိုက်တဲ့အမျိုးသမီးတွေရဲ့
မေတ္တာတရားက
အသေအချာဖန်တီးပေးနိုင်ပါတယ်။

ဘေးယတ် တေလာ
**Bayard Taylor**

တတ်နိုင်ရင် အိမ်တစ်လုံးတော့ ဝယ်ထားပါ။ အဲဒီအိမ်ကိုလည်း သာယာလှပအောင် ဖန်တီးပါ။

မမျှော်လင့်ဘဲ ဖြုန်းခနဲ ထီပေါက်တာမျိုး လက်ထဲ ငွေရှင်လာရင် အိမ်တစ်လုံးတော့ အမိအရ ဝယ်ထားစေချင်ပါတယ်။

ကိုယ် ချွေးနှင့်ရင်းလို့ ရထားသမျှကို အသား လွတ် ဖြုန်းမပစ်ပါနှင့်။ အိမ်တစ်လုံး ဝယ်နိုင်တဲ့အထိ စုပါ။

ဝယ်ထားတဲ့အိမ်ကိုလည်း ပြန် ရောင်းမပစ် ရအောင် ကြိုးစားပါ။

* * *

"လောကမှာ အကြီးမားဆုံးသုခက ကိုယ်က ချစ်တာနှင့် ကိုယ့်ကို အချစ်ခံရတာပဲ" လို့ ဆစ်ဒနီ စမစ်[၁] က ပြောခဲ့ဖူးပါတယ်။

* * *

အလှအပဟာ တန်ဖိုးအရှိဆုံး ဖြစ်ပါတယ်။ ဒါပေမယ့် ဝတ်စားတန်ဆာအလှ၊ နေအိမ်အလှ၊

---

၁- **Sydeny Smith**

အဆောင်အယောင် အိမ်ထောင်ပရိဘောဂ လှပတာတွေထက်စာရင် မိသားစု အလှက ပိုလှပါလိမ့်မယ်။

စာရေးဆရာကြီး အော်လီဗာ ဝင်ဒယ်လ် ဟုမ်း အပြောအရ

"တစ်လောကလုံးက အလှအပတွေ ပေါင်းလိုက်ရင်တောင် ချမ်းမြေ့သာယာတဲ့ သီရိဂေဟာလေးတစ်ခု ဖြစ်လာမှာ မဟုတ်ပါဘူး။ ကျွန်ုပ်သဘောကတော့ မေတ္တာအစစ်အမှန် တစ်ဖွန်းစာလေးရမယ်ဆိုရင် ကမ္ဘာပေါ်က အကောင်းဆုံး အိမ်ထောင်ပရိဘောဂ အဆောင်အယောင်တွေနှင့် ခမ်းနားထည်ဝါမှုတွေ အားလုံးကို စွန့်လွှတ်နိုင်ပါတယ်။

* * *

"အိမ်ထောင်ပြုခြင်းဟာ တစ်ကိုယ်တည်း အထီးကျန်နေရတာထက် ဘဝလုံခြုံမှု ပိုရှိစေပါတယ်"

ဂျယ်ရာမီတေလာက ပြောခဲ့တာပါ။ တစ်ဆက်တည်းမှာ

"အိမ်ထောင်သည်ဘဝဟာ လွယ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဘေးအန္တရာယ်တွေ နည်းပါးလာပါမယ်။ ပျော်ရွှင်စရာတွေ ပိုများလာသလို စိတ်ညစ်စရာတွေလည်း ပိုတွေ့ရမှာပါပဲ။ သောကတွေနှင့်အတူ ပီတိကြည်နူးမှုတွေလည်း တစ်ပုံကြီးပါ။

"အိမ်ထောင်ပြုလိုက်လို့ ဝန်ပိလာမှာ မှန်ပေမယ့်၊ အကြင်နာမေတ္တာတရားတွေက ခွန်အား ပေးပါလိမ့်မယ်။ ဒီအခါမှာ မောင်တစ်ထမ်း မယ်တစ်ရွက် အပြုံးမပျက်ဘဲ ပျော်ပျော်ကြီးခရီးဆက်ဖို့ပဲ ရှိပါတယ်။

"လက်ထပ်ထိမ်းမြားခြင်းဟာ ကမ္ဘာ့ရတနာတွေရဲ့ မိခင်ကြီးပါပဲ။ အိမ်ထောင်ပြုခြင်းကြောင့် တိုင်းပြည်နိုင်ငံတွေ ပေါ်ထွန်းလာရပါတယ်။ မြို့ပြတွေနှင့် ဘုရားကျောင်းတွေ ထွန်းကားလာစေတယ်။ ပြီးတော့ လူတွေကို သုခဘုံကို အရောက်ပို့တယ် ဆိုရမှာပါ"တဲ့။

* * *

ယောကျ်ားတွေက သူတို့ကောင်းကြောင်းသာ ပြောပြီး၊ မိန်းမတွေကို ဘယ်သို့ ဘယ်လိုဆိုပြီး အပုပ်ချတတ်ကြတာတော့ အများအသိပါ။ ဒါနှင့်အမျှ လူတွေကြားမှာ အထင်လွဲအမြင်လွဲ ဖြစ်ကုန်ကြရပါတယ်။

ကျွန်တော့်အနေဖြင့်တော့ 'မိန်းမ'ဆိုတာကို ခုလို အနက်ဖွင့်ချင်ပါတယ်။

'မိန်းမဆိုတာ ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ နတ်သမီးတွေပါ။ ချစ်စရာလှပတဲ့ လက်ဆောင်ကောင်းတွေ ဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်တိုင်လှပသလို အိမ်ကိုလည်း သာယာလှပအောင် အလှဆင်တတ်ကြပါတယ်။ သူတို့ဟာ ပတ်ဝန်းကျင်လောကကြီးကိုလည်း ကောင်းကျိုးပြုပါတယ်။

'မိခင်တစ်ယောက်က သူ့သားသမီးကို ပြုစုစောင့်ရှောက်ပုံကို ကြည့်ရုံနှင့် သူ့တန်ဖိုးကို သိနိုင်ပါတယ်။ ယောကျ်ားတစ်ယောက်ဖြစ်လာတဲ့အခါမှာလည်း ဘဝရဲ့အကျပ်အတည်း အခက်အခဲတွေ ကြုံလာချိန်မှာ အိမ်ထောင်ဖက် သူ့မိန်းမရဲ့ အားသစ်လောင်းပေးမှုတွေနှင့် အနာဂတ်ကို ခရီးဆက်နိုင်တာပဲ မဟုတ်ပါလား'

* * *

ပြင်သစ် ဗိုလ်ချုပ်ကြီး လာဖေးယက်တီ[၁]ကို အမေရိကန် ရောက်တုန်း လူငယ် ၂ ဦးနှင့် မိတ်ဆက်ပေးပါတယ်။ သူက တစ်ယောက်ကို မေးပါတယ်။

"မင်းက အိမ်ထောင်ရှိလား"

"ဟုတ်ကဲ့။ ရှိပါတယ်"

"ဝမ်းသာစရာပဲပေါ့။ ကုသိုလ်ထူးတဲ့ လူပဲ"

ပြီးတော့ နောက်တစ်ယောက်ကိုမေးတော့

"ကျွန်တော်က လူပျိုပါ"တဲ့။

ဒီအခါ ဗိုလ်ချုပ်ကြီးက

"မင်းကတော့ ကံကောင်းတဲ့ ခွေးတိရစ္ဆာန်လေးပဲ"တဲ့။

၁- **General Lafayette**

အိမ်ထောင်ရေးနှင့်ပတ်သက်လို့ အဓိပ္ပာယ်ရှိလိုက်တဲ့ စကား ၂ ခွန်းက မှတ်သားစရာပဲပေါ့။

* * *

အိမ်ထောင်သည်ဘဝရဲ့ ဒုက္ခတွေကို ရှောင်ရှားချင်လို့
အိမ်ထောင်မပြုဘဲနေတဲ့လူဟာ သဘာဝကပေးတဲ့ သုခတွေကို
ခံစားဖို့ ငြင်းပယ်ရာ ရောက်ပါတယ်။

* * *

နာမည်ကျော် ပြဇာတ်မင်းသမီး ကာလ်ဗေး[၁]လိုဖြစ်ချင်တဲ့ မိန်းကလေးတွေ တစ်ပုံကြီးပါ။

ဒီအတွက် သတင်းထောက်တစ်ယောက်က အဲဒီမိန်းကလေးတွေကိုယ်စား ကာလ်ဗေးကို မေးခွန်းထုတ်ပေးလိုက်ပါတယ်။

"အသံကောင်းရုပ်ချောတဲ့ မိန်းကလေးတစ်ယောက်ဟာ ဇာတ်ခုံပေါ် ရောက်အောင် ဘာတွေ လုပ်သင့်သလဲ"

မင်းသမီး ကာလ်ဗေးရဲ့အဖြေက

"အဲဒီမိန်းကလေးအနေဖြင့် ဇာတ်ခုံပေါ်တက်မယ့်အစား သူ့အိမ်မှာ ခြေ အိတ်ပြဲနေတာ ချုပ်၊ အိမ်ဗာဟီရအလုပ်တွေ လုပ်တာ ပိုကောင်းပါလိမ့်မယ်။ ဇာတ်ခုံပေါ်ကဘဝဟာ သူတို့ထင်သလို ပျော်ရွှင်ချမ်းမြေ့မှုတွေမရှိဘဲ အမြဲ စိုးရိမ်သောကတွေ ပွားနေရတာပါ။

"သဘင်သည်တစ်ယောက်ဖြစ်လာရင် အိမ်ထောင်ရေးကို ဘေးချိတ်ထားရပါတယ်။ အလုပ်တွေရှုပ်နေတာနှင့် ဇနီးကောင်းတစ်ယောက် ဖြစ်လာမှာလည်း မဟုတ်ဘူး။ ခင်ပွန်းဖြစ်သူကလည်း သူ့ဇနီးက လူတကာကို မျက်နှာချိုသွေးပြီး ဆက်ဆံနေတာမို့ ဘယ်လိုပဲအောင်မြင်အောင်မြင် ကြည်ဖြူစရာမရှိပါဘူး။

၁- Calvè

"အနုပညာအတွက် အသက်ရှင်သန်နေတဲ့အမျိုးသမီးမျိုးမဟုတ်ရင်တော့ ဇာတ်ခုံပေါ် မတက်ချင်ပါနှင့်။ ကျော်ကြားရုံလောက်သာ တွက်မယ်ဆိုရင်တော့ သူတို့ မှားသွားပါလိမ့်မယ်။ ဒီတော့ မင်းသမီးဖြစ်ချင်တဲ့ ကလေးမလေးတွေ အနေဖြင့် အိမ်မှာနေပြီး အချုပ်အလုပ်၊ စာရေးစာဖတ်ပညာတွေ သင်။ အိမ်ထောင်ပြုပါလို့ပဲ ကျွန်မ ပြောချင်ပါတယ်"

* * *

'အိမ်'ဆိုတာ မင်္ဂလာရှိတဲ့ စကားတစ်လုံးပါ။

ဖော်မပြနိုင်တဲ့ သံစဉ်တွေနှင့် ပြည့်နေပါတယ်။ ကလေးတွေရဲ့ ရယ်မောပျော်ရွှင်သံတွေ၊ နားယဉ်နေတဲ့ ခြေသံတွေ၊ ဘယ်တော့မှ မကုန်ဆုံးနိုင်တဲ့ မေတ္တာတေးတွေနှင့် ထုံမွှမ်းထားတဲ့နေရာဟာ 'အိမ်' ပဲပေါ့။

နောက်စာရေးဆရာတစ်ယောက်ကလည်း

"'အိမ်'ဆိုတဲ့ စကားလုံးထဲမှာ အဖိုးတန်တာတွေ ရှိနေလေရဲ့။ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးအကြင်နာတရားတွေကို လှုပ်နှိုးပေးတယ်။ ခင်မင်တွယ်တာမှု သံယောဇဉ်တွေနှင့် မိတ်ဆွေကောင်းတွေရဲ့စုဝေးရာ ဖြစ်တယ်။ တောတောင်ရေမြေ သဘာဝအလှအပတွေ ဝန်းရံထားတဲ့ အိမ်မျိုးကတော့ နေချင်စရာအကောင်းဆုံးပဲပေါ့။ ဒါကြောင့်လည်း အိမ်ကို 'သီရိဂေဟာ'လို့ ရေးဖွဲ့ကြရတာပဲ ဖြစ်ပါတယ်"

* * *

မေတ္တာရှင် 'လူသာ'ကတော့

"ကျွန်တော့်ဇနီးနှင့်သာ အတူနေရမယ်ဆိုရင် ဘယ်လောက်ပဲ ဆင်းရဲပါစေ။ မမှုပါဘူး။ သူ မပါဘဲနှင့်တော့ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးမီလျံနာကြီး မဖြစ်ချင်ပါဘူး"တဲ့။

နီဂရိုးအဘိုးကြီးတစ်ယောက်ကလည်း

"မိန်းမတွေရဲ့အချစ်ဟာ အိန္ဒိယက ရော်ဘာနှင့်လုပ်တဲ့ မျှော့ကြိုးလိုပါပဲ။ မင်းက သူ့ကို ပိုချစ်လေ သူ့အချစ်ကလည်း ပို ရှည်ထွက်လာလေပဲ" တဲ့။

* * *

မိန်းမတွေရဲ့ချစ်ခြင်းမေတ္တာဟာ သေခြင်းတရားထက် ပို အစွမ်းထက်ပါတယ်။ ကံဆိုးကြမ္မာဆိုးတွေထက် သာလွန်မြင့်မြတ်ပြီး တွန့်တိုအတ္တကြီးမှုတွေထက်လည်း လှပါတယ်။ ကံမကောင်းခြင်းတွေက သူတို့မေတ္တာကို အံတုချေမှုန်းလို့ မရပါဘူး။ သူတို့မှာ မိခင်စိတ်အပြည့်ရှိပြီး မိသားစုဝင်တွေကို မိုးကျနတ်မယ်တစ်ပါးလို ပြုစုယုယတတ်ပါတယ်။ အိမ်ထောင်ဖက်ရဲ့ဘဝကို မြတ်နိုးတန်ဖိုးထားပါတယ်။ ရာသက်ပန် ရိုးမြေကျ ဆိုသလို၊ အနွံအတာခံပြီး ပေါင်းဖော်နိုင်တဲ့ အဖော်မွန်တွေလည်း ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် ပုခက်ထဲကနေ သေရာညောင်စောင်းတိုင်အောင် မိခင်စိတ်ဓာတ်အပြည့်နှင့် ဂရုတစိုက်စောင့်ရှောက်တာဟာ မိန်းမတွေရဲ့ မေတ္တာတရားပါပဲ။

* * *

"အိမ်ထောင်ဖက် အရွေးမှားလို့ ယောကျ်ားအတော်များများ ဒုက္ခရောက်ကြရတာပါ" လို့ စာရေးဆရာကြီး ရပ်စကင်[၁]က ပြောခဲ့ပါတယ်။

ဒါကြောင့်လည်း 'မိန်းမပီသသူကို ရွေးပါ' လို့ ရှေးလူကြီးတွေက ဆုံးမခဲ့တာပေါ့။

အဲဒီမိန်းကလေးမျိုးဟာ ဖက်ရှင်အဆန်းတွေကို မမက်မောဘဲ စိတ်ရင်းကောင်းရှိရမယ်။ နှလုံးသား ဖြူစင်ရမယ်။ သဘောထားကြီးသလောက် မိန်းမသားဆန်ရမယ်။

---

၁- **Ruskin**

အပေါ်ယံပကာသန အလှအပတွေဟာ သူ့ရဲ့နှလုံးသားလောက် တန်ဖိုးမရှိပါဘူး။ သူ့အချစ်ကို ရလိုက်တာနှင့် ရတဲ့လူမှာ ရတနာသိုက်ကြီးပိုက်မိသလို စိတ်ရောကိုယ်ပါချမ်းသာသွားမှာ မလွဲပါဘူး။

* * *

မိန်းမတစ်ယောက်ရဲ့ အရည်အချင်းကို အိမ်ထောင်ရှင်မကောင်း ဖြစ်,မဖြစ် ဆိုတဲ့ 'စံ'နှင့် သတ်မှတ်ပါတယ်။ အိမ်ထောင်ရှင်မကောင်း တစ်ယောက်ဆိုတာ 'စိန်နားကပ် ပန်ချင်တယ်။ ကားနှင့်တိုက်နှင့် နေချင်တယ်' လို့ မပူဆာပါဘူး။ ရိုးရိုးအေးအေးနေပြီး လင် အပါအဝင် မိသားစုအပေါ်မှာ အကြင်နာမေတ္တာတွေ ထားပါတယ်။ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'ဆိုသလို အသုံးနှင့်အဖြုန်းကို ခွဲခြားသိပါတယ်။ အပျော်အပါး အမော်အကြွားကို မမက်မောတာနှင့်အမျှ အိမ်တာဝန်ကို မညည်းမညူ ထမ်းဆောင်ပါတယ်။ ခင်ပွန်းကိုလည်း မမှားသင့်တာ မမှားအောင် ထိန်းကျောင်းပြုပြင် ပေးနိုင်ပါတယ်။ သီရိဂေဟာအဖြစ်နှင့် ဝတ်ကျေပွန်တယ်။ သူလိုဇနီးကိုမှ 'မချစ်ဘူး'ဆိုတဲ့လူဟာ လူမိုက်,လူရိုင်းတစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။

* * *

အ န ထုံဖျင်းပြီး လင်သားကို မြတ်နိုးတတ်တဲ့ မိန်းမပျို
နှင့် လက်ထပ်တဲ့သူ။
ထက်မြက်သွက်လက်ပေမယ့် မေတ္တာခေါင်းပါးတဲ့
မိန်းမပျိုကို လက်ထပ်တဲ့သူ။
ဒီ ၂ ယောက်အနက် ပထမလူငယ်က လူရွေးမှန်ပြီး
ကံကောင်းသွားတယ်လို့ ဆိုချင်ပါတယ်။ သူ့ဇနီးက သူ့အပေါ်

အစစအရာရာတန်ဖိုးထားပြီး လေးစားချစ်ခင်မှာ ဖြစ်တဲ့အတွက်ပါပဲ။

* * *

စာရေးဆရာကြီး သီအိုဒို ပတ်ကား[၁]က မင်္ဂလာဆောင်တဲ့နေ့မှာပဲ ဆုံးဖြတ်ချက်တွေ အောက်ပါအတိုင်း ချမှတ်ခဲ့တယ်ဆိုပဲ။

၁- ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ ငါ့မိန်းမရဲ့ဆန္ဒကို ဘယ်တော့မှ မဆန့်ကျင်ပါ။
၂- သူ့စိတ်ချမ်းသာရေးအတွက် ဘာမဆို လုပ်ပေးမည်။
၃- ဘယ်တော့မှ လင်မယား ရန်မဖြစ်စေရ။
၄- ဘယ်တော့မှ သူ့ကို ခက်ထန်မာကြောတဲ့အကြည့်နှင့် မကြည့်ပါ။
၅- သူ့ကို အမိန့်တွေပေးပြီး သောက မရောက်စေရပါ။
၆- သူ ရှိသေလေးစားထိုက်အောင် ငါနေမည်။
၇- သူ့ဝန်တွေကို ငါ ကူထမ်းမည်။
၈- သူ လွဲချော်မှားယွင်းမှုရှိရင် ခွင့်လွှတ်မည်။
၉- သူ့ကို အတတ်နိုင်ဆုံးယုယမည်၊ စောင့်ရှောက်မည်၊ အမြဲတမ်း ကာကွယ်မည်။
၁၀- ငါ့ဆုတောင်းတိုင်း သူ့ကို သတိရမည်။ ဒါဆို ဘုရားက တို့ကို ကောင်းချီးပေးမှာပါ။

စင်စစ်တော့ ဒီအချက်အားလုံးဟာ မေတ္တာတရားပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။

မေတ္တာနှင့် အလှခြယ်ထားတဲ့အိမ်ဟာ သီရိဂေဟာပဲပေါ့။

* * *

---

၁- Theodore Parker

အမျိုးသမီးတိုင်းရဲ့ အသည်းနှလုံးဟာ ကရုဏာမင်နှင့်
ရေးထားတဲ့ စာမျက်နှာနှင့် တူပါတယ်။ ရုတ်တရက် ဘာမျှ
မမြင်ရတဲ့ ဗလာစက္ကူ ဖြစ်ပေမယ့်၊ အပူပေးလိုက်တဲ့အခါ
မေတ္တာစာတွေရေးထားတာ ပေါ်လာပါလိမ့်မယ်။

* * *

ကမ္ဘာကျော် ဆပ်ကပ်အဖွဲ့သူဌေးကြီးရဲ့ဇနီး မစ္စစ် ပီ တီ ဘာနမ်[၁]ရဲ့ စကားတွေကလည်း မှတ်သားထိုက်ပါတယ်။

"ခင်ပွန်းသည်တစ်ယောက်ရဲ့ စိတ်အခြေအနေကို ဇနီးမယားက အကဲခတ်နားလည်တတ်ဖို့ လိုပါတယ်။ ဒီလို နားမလည်လို့ လင်မယားတွေ တကျက်ကျက် ဖြစ်ရတာပဲ။

"လင်သားတွေဟာ ဇနီးမယားက ဘဝကိုပုံချစ်တာကို မေ့မေ့လျော့လျော့ ဖြစ်လောက်အောင် ခေါင်းတွေ ရှုပ်နေတတ်ပါတယ်။ ဒါဟာ သစ္စာမဲ့တာ၊ မချစ်တာ မဟုတ်ပါဘူး။ ဒီအချက်ကို သဘောမပေါက်ရင်တော့ အဲဒီမိန်းမဟာ သူ့ဒုက္ခ သူရှာတာပဲ မှတ်ပေတော့"

ဆိုလိုတာကတော့ လင်နှင့်မယား လျှာနှင့် သွား မဖြစ်ရဘဲ ပန်းနှင့် လိပ်ပြာလို အဆင်ပြေကြည်ဖြူစွာနှင့် အပြန်အလှန်နားလည်မှု ထားဖို့ပဲပေါ့။

* * *

"လောကကြီးမှာ တခြား အဖိုးတန်တဲ့အရာတွေထက်
လိမ္မာတဲ့မိန်းမတစ်ယောက် ရအောင်သာ ရှာပေ"
အဲဒီစကားကို စာရေးဆရာကြီး သက္ကရေး[၁]က သူ့တူ
ကို လမ်းညွှန်ခဲ့တာပါ။

* * *

၁- Mrs. P.T. Barnum

သမီးရည်းစားဘဝမှာ ဟန်ဆောင်ဖုံးကွယ်မှုတွေ ထားလေ့ရှိကြပါတယ်။

ဒီလိုနှင့် အိမ်ထောင်ကျတဲ့အခါ လှည့်စားမှုတွေ ပေါ်ပြီး စလယ်ဝင် အိုးမမည်းခင်က ကွဲကြရတာပါပဲ။

တချို့ကျတော့လည်း ရည်းစားဘဝမှာတင် တစ်ယောက်အကြောင်း တစ်ယောက်သိပြီး လမ်းခွဲကြရပါတယ်။

အဲဒါက လင်မယားဘဝရောက်ပြီးမှ ကွဲတာထက်စာရင် တော်သေးတယ်လို့ ဆိုရမယ်။

* * *

"သားရေ- မင်း လူပျိုလှည့်တုန်းက 'မျက်စိတွေကျယ်ကျယ်ဖွင့်ထား' လို့ အဖေ မှာခဲ့တယ်။ ခု လက်ထပ်ပြီးတဲ့နောက်မှာတော့ 'မျက်စိတွေ တစ်ဝက်ပိတ်ထား' လို့ပဲ ပြောလိုက်တော့မယ်"

သား မင်္ဂလာဆောင်တဲ့နေ့မှာ အဖေက သားကိုပေးတဲ့ လက်ဆောင်စကားပါပဲ။

* * *

သတို့သား၊ သတို့သမီးလောင်းတွေဟာ တစ်ယောက်အပေါ်တစ်ယောက် ရိုးသားဖြူစင်ပြီး ပွင့်ပွင့်လင်းလင်း ဆက်ဆံသင့်ပါတယ်။

ဒါမှလည်း တစ်ယောက်ရဲ့ ချို့ယွင်းချက်၊ အပြစ်အနာအဆာတွေကိုသိပြီး ဖေးမ ကူညီနိုင်ပါလိမ့်မယ်။ ပြုပြင်

၁- Thackeray

> ပေးနိုင်ပါလိမ့်မယ်။ ညှိနှိုင်းဆွေးနွေးပြီး ကောင်းသထက်
> ကောင်းတဲ့ဘဝကို တည်ဆောက်နိုင်ပါလိမ့်မယ်။

* * *

အချက်အပြုတ် တတ်ဖို့နှင့် ကောင်းဖို့ ဟာ လက်ထပ်မယ့် မိန်းမပျိုတစ်ဦးအတွက် အရည်အချင်းစစ် စာမေးပွဲပါပဲ။ ဒီစာမေးပွဲကို အောင်မှတ်ကောင်းကောင်းနှင့် အောင်မှ အိမ်ထောင်ရှင်ဘွဲ့ကို ယူသင့်ပါတယ်။

အိမ်တိုင်းမှာ မီးဖိုချောင်တွေ ရှိနေကြပါတယ်။ ဧည့်ခန်းကိုသာ သားသားနားနားအလှဆင်တာ တွေ့ရပြီး၊ မီးဖိုချောင်မှာတော့ ပစ္စလက္ခတ် ရှုပ်ပွညစ်ပေနေတတ်တာကလား။

ဒီထက်ဆိုးတာက မနက်မိုးလင်းစာက ညှံ့ဖျင်းပြီး ဖြစ်ကတတ်ဆန်းလုပ်ထားတာ, စားချင်စဖွယ် မရှိတာပါပဲ။ ဒါဆိုရင် ညစာ ဆိုတာလည်း အဲဒီထက်ညံ့သွားမယ်သာ မှတ်ပေတော့။

* * *

> အိမ်ထောင်ရှင်မတစ်ယောက်ဟာ သူ့အိမ်ဂေဟာကို
> လှပသန့်ရှင်းမှုအပြည့်နှင့် ပျော်စရာဖြစ်အောင် လုပ်မထားရင်၊
> သူ့ခင်ပွန်းသည်ဟာ အိုးမဲ့အိမ်မဲ့တစ်ယောက်နှင့်မခြား သနား
> စရာ ကောင်းသွားပါလိမ့်မယ်။

* * *

ယောက်ျားသားတွေအနေဖြင့် အိမ်အပြင်က မျက်နှာစိမ်းတွေကို အရေးတယူနှင့် ပြုံးပြနိုင်ကြပါလျက်၊ ဇနီးသည်အပါအဝင် ကိုယ့်မိသားစုတွေကို တင်းမာပုပ်သိုးတဲ့မျက်နှာတွေ ဘာကြောင့်ပြရမှာလဲ။

'အပြင်မှာ ပြုံးရလွန်းလို့ အပြုံးတွေ ကုန်ခမ်းသွားပြီ' ဆိုပြီး အိမ်သူအိမ်သားတွေကို မျက်မှောင်ကြီး ကုပ်ပြရမတဲ့လား။

အပြင်လောကက တွေ့သမျှလူတွေကို စိတ်ကောင်းရှိသူပုံစံနှင့် ယဉ်ကျေးပျူငှာပြောဆိုပြီး ကိုယ့်အိမ်ထမင်းဝိုင်းကျမှ ဆောင့်အောင့်နေကြမလား။

အိမ်သူအိမ်သားတွေကို ဓားကြိမ်းကြိမ်းပြီး ဆူဆဲနေတာဟာ သူတို့ကို တမင်သက်သက် အာဏာပြတဲ့သဘော။

ယောကျ်ားတိုင်း ကိုယ့်ကိုယ်ကို ပြန်မေးရမယ့် မေးခွန်းတွေပါ။

* * *

မိခင်တစ်ယောက်ဟာ အေဒင်ဥယျာဉ်ကို ဖန်တီးနိုင်သလို၊ ကန္တာရဖြစ်အောင်လည်း သူပဲ လုပ်နိုင်ပါတယ်။

"ဇနီးသည်အဖြစ် မိခင်ဘဝဟာ သူ့မိသားစုအပေါ်မှာ ဘဝကို ပုံအပ်ပြီး အလေးထား မြတ်နိုးရပါလိမ့်မယ်။ ခင်ပွန်းသည်က ညဝိုင်းမှာ အပြင်ထွက် အလေလိုက်နေရင် ၁၅ နှစ်အရွယ် လူပျိုပေါက်သားကလည်း အဖေအချိုး ချိုးမှာဖြစ်သလို၊ အောက်က ကလေးတွေလည်း ဒီလမ်းကောက်အတိုင်း သွားကြမှာပါပဲ။ ဒီအခြေအနေမှာ အမြော်အမြင်ကြီးမားတဲ့ဇနီးက ခင်ပွန်းသည်ကို အလိမ္မာလေးနှင့် ထိန်းပြီး အိမ်ပျော်အောင် ကြိုးပမ်းဖို့ လိုပါတယ်။ မိသားစုတွေ သိုက်သိုက်ဝန်းဝန်းစုဝေးပြီး ပျော်ပါးကစားကြရမှာပါပဲ။

ဒီလိုနည်းတွေနှင့် ခင်ပွန်းဖြစ်သူနှင့် သားသမီးတွေကို အိမ်ထောင်ရှင်မက ကယ်တင်ရမှာပဲ ဖြစ်ပါတယ်။

* * *

လော့ဒ် ဂျွန် လောရင့်စ်[၁] ရဲ့ သံယောဇဉ်ကြီးတဲ့အဖြစ်ကလည်း နမူနာပါပဲ ပြောရပါမယ်။

---

၁- **Lord John Lawrence**

တစ်နေ့ သူက ညှော်ခန်းထဲမှာ စာဖတ်နေတယ်။ သူ့အနီးတစ်ဝိုက်မှာ သူ့ညီမနှင့် မိသားစုဝင်တွေ အစုံအညီ ရှိနေကြတာပေါ့။ စာအုပ်ထဲ အာရုံရောက်နေတဲ့ ဂျွန်က သတိရလို့ မော့ကြည့်လိုက်တော့ စောစောကစာဖတ်နေတဲ့ သူ့ဇနီး မရှိတော့တာ တွေ့လိုက်ပြီး-

"သမီး- နင့်အမေကော"

"အပေါ်ထပ်တက်သွားတယ် ဖေဖေ"

ဒီလိုနှင့် စာပြန်ဖတ်နေလိုက်ရာက ဘာကြာမလဲ ခေါင်းထောင်ပြီး၊ 'နင့်အမေ ဘယ်သွားလဲ' မေးပြန်ပါလေရော။ ၃-၄ ကြိမ်မက ဒီအတိုင်းမေးနေတော့ ညီမလုပ်သူက

"ဘယ်လိုဖြစ်နေတာလဲ ဂျွန်။ အစ်ကိုကြည့်ရတာ အစ်မ မရှိဘဲနှင့် ၅ မိနစ်စာလေးတောင် မနေတတ်ဘဲပုံပါလား"

ဒီတော့ ဂျွန် လောရင့်စ်က ဘာပြန်ပြောလိုက်တယ် မှတ်ပါသလဲ။

"သူ့ကို ငါ မျက်စိအောက်က အပျောက်မခံနိုင်လို့ လက်ထပ်ယူထားတာပေါ့ဟ"

* * *

'သီရိဂေဟာ'ဆိုတာ ခန္ဓာကိုယ် နားခိုရာမျှသာ မဟုတ်ပါဘူး။

နှလုံးသားရဲ့ မှေးစက်ရာလည်း ဖြစ်ပါတယ်။

အကြင်နာ၊မေတ္တာတွေဖူးပွင့်ရာ ဥယျာဉ်ဆိုလည်း မမှားပါဘူး။

သားသမီးတွေ ပညာသင်ရာကျောင်း။ ပျော်မြူးဆော့ကစားရာ ကစားကွင်းဆိုလည်း မှန်ပါတယ်။

လင်နှင့်မယား လက်တွဲပြီး လောကခံကို ပျော်ပျော်ပြုံးပြုံးကြီးရင်ဆိုင်လို့ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းတဲ့ဒေသလို့လည်း ခေါ်နိုင်ပါရဲ့။

ပန်းရွှေပြည်စာအုပ်တိုက်

ဒီတော့ ရည်မှန်းချက်အားလုံးဟာ ကိုယ့်အိမ်လေးကို သီရိဂေဟာအဖြစ် ဖန်တီးပြီး ပျော်ပျော်ပါးပါးနေကြဖို့ပဲ ဖြစ်သင့်ပါတယ်။

* * *

ဆရာကြီး ဒွိုက် အယ်လ်-မူဒီ[၁] အကြောင်းကို ပရော်ဖက်ဆာ ဒရမ်မွန်[၂]က ခုလို ဖော်ကောင်လုပ်ခဲ့ပါတယ်။

"ဆရာကြီးအနေဖြင့် အောင်မြင်တဲ့ဘဝကို တည်ဆောက်ပြီး လူသားတွေကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ဒါဟာ ဆရာကြီးရဲ့ ဘာသာရေးယုံကြည်မှုကြောင့်ပဲလား။ တခြား အောင်မြင်ရေးလျှို့ဝှက်ချက်တွေ ရှိပါသေးသလား" လို့ မေးကြည့်ရာမှာ သူက တစ်ခွန်းတည်း ပြောလိုက်တာက

"မစ္စစ်မူဒီပေါ့"တဲ့။

အလားတူပဲ၊ မင်းသား ဘစ်စမတ်[၃]ကလည်း သူ့ဇနီးကို ဂုဏ်တင်ခဲ့ပါတယ်။

"ကျုပ် ဒီနေ့ ဒီအခြေအနေရောက်လာရတာ ကျုပ်မိန်းမက လုပ်ပေးလို့ပါ" တဲ့။

* * *

မိန်းမတစ်ယောက်မှာ ရှိအပ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရေရှည်မြတ်နိုးစုံမက်မှုရနိုင်စရာ အရည်အချင်းဟာ ဘာပါလိမ့်။

အဲဒီမိန်းမဟာ ခေါင်းအုံးနှင့် တူရမယ်။

ယောကျ်ားတစ်ယောက်ဟာ ဇနီးသည်ဆီက အလိုအပ်ဆုံးအရာဟာ နှလုံးသား နားခိုခွင့်ရမယ့်နေရာပါပဲ။ သူ့အဖို့ ဘဝတိုက်ပွဲတွေ အများကြီးရင်ဆိုင်ခဲ့ရ

---

၁- **Dwight L. Moody** ၂- **Professor Drummond**
၃- **Prince Bismarck**

သလို၊ အေးမြတဲ့နေရာ၊ ပင်ပန်းနွမ်းနယ်လာရင်မှေးစက်အနားယူလို့ရတဲ့ ခေါင်းအုံးလို နေရာမျိုး လိုအပ်ပါတယ်။ ဒီခေါင်းအုံးပေါ်မှာ ခင်ပွန်းသည်ကို ပြုံးပြုံးလေးနှင့် ဝေဒနာဒဏ်ရာတွေ ပြုစုကုသပေးမယ့် မိန်းမတစ်ယောက်ကို ဘယ်သူမျှ ကျောခိုင်း ပစ်ခွာမသွားနိုင်ပါဘူး။

* * *

စာရေးဆရာကြီး ဂျော့ဂျ် အီလီယက်ကတော့

"လူသား ၂ ယောက်ရဲ့ နှလုံးသား ၂ ခုကို ပေါင်းစပ်ပြီး ဘဝတစ်ခု တည်ဆောက်တာလောက် ကြီးကျယ်မွန်မြတ်တာ မရှိပါဘူး။ ဆင်းရဲဒုက္ခရောက်လို့ ပင်ပန်းလာချိန်မှာ တစ်ယောက်ကိုတစ်ယောက် အားပေးဖို့၊ ပမ်းနည်းပူဆွေးတဲ့ အခါ ရင်ချင်းအပ်ပြီး နှစ်သိမ့်ဖို့၊ ဝေဒနာတွေကို မျှဝေခံစားဖို့၊ နောက်ဆုံးခွဲခွာ ချိန်မှာ အသံတိတ်ပြီး ကြိတ်ဆွေးတမ်းတနေမယ် ဆိုတဲ့ ယောကျ်ားနှင့် မိန်းမရဲ့ ဘဝဟာ မင်္ဂလာအရှိဆုံးပါပဲ"

* * *

ဘဝသမိုင်းတစ်လျှောက်မှာ လင်ဆိုးမယား တဖားဖား၊ မယားဆိုးလင် တငင်ငင်နှင့် နေခဲ့ရသူတွေ များပါတယ်။

လင်ကကောင်းပေမယ့် မယားက ဆိုး၊ မယားကောင်းတော့လည်း လင်က ဆိုးနှင့် အရပ်ထဲသာမက ကမ္ဘာကျော် အနုပညာရှင်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ၊ မီလျံနာသူဌေးကြီးတွေတောင် ကြုံခဲ့ရတာကလား။

သီရိဂေဟာ အိမ်သာယာဖြစ်အောင် လင်နှင့်မယား တက်ညီလက်ညီ ဒိုးတူပေါင်ဖက် ကြိုးစားဖန်တီးဖို့ပဲ အရေးကြီးပါတယ်။

ဒါနှင့်အမျှ တစ်ယောက်အပေါ် တစ်ယောက် အကြင်နာ မေတ္တာထားမှု၊ အပေးအယူမျှတမှု၊ အကြိုက် အလိုက်သိမှု၊ တာဝန် ကျေပွန်မှု၊ ကိုယ်ချင်းစာမှု၊ စာနာထောက်ထားမှု၊ အလျှော့ အတင်းလုပ်မှု၊ ညှိနှိုင်း တိုင်ပင်မှုတွေ ရှိဖို့လိုပါတယ်။

'သီရိဂေဟာ အိမ်သာယာ' ဆိုတာ လင်စုံမယားဖက် ၂ ယောက်ပေါင်းပြီး ကိုယ်တိုင်တည်ဆောက်ရမှာပဲ ဖြစ်ပါတယ်။

ဒီလိုမှလည်း **အဖိုးတန်တဲ့ လူ၊ အဖိုးတန်တဲ့** ဘဝတွေ ပိုင်ဆိုင်ရရှိကြမှာ မဟုတ်ပါလား။ ။

**မူရင်းရေးသူ - အိုရီဆင် ဆွက် မာဒင်**
**ဘာသာပြန်သူ - ညီညီနိုင်**

## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်စာအုပ်များ

၁- ဒေးလ်ကာနက်ဂျီ၏ ၅ မိနစ် အတ္ထုပ္ပတ္တိများ
၂- ဒေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
၃- ဒေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
၄- တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ
Add Value *by* Peter Church
၅- ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်
(ရဲမြင့်အောင် အမည်ဖြင့်)
'How to Succeed at Part-time Study
၆- စကားမှတ်တမ်း စာမှတ်တမ်း
၇- ဓာတုရင့်နန်းတော်ထဲက ရင်ခွင့်လုံ့ဆရာကြီး
ရစ်စ်ပြူတင်
၈- မပြောသောစကားကို နားလည်ရေး
The Secret Language of Success
၉- လူတွင်ကျယ်ဖို့ လူရည်လည်ဖို့
Body Language *by* Allan Pease
၁၀- ရင်ခုန်သံကိစ္စများ
What the paper say about love
၁၁- စကားလက်ဆောင်
Jokes and Quotes for Speeches
၁၂- ဦးစီးဦးဆောင်မှုလမ်းညွှန်
10 Minutes Guide To Leadership
၁၃- ခေါင်းဆောင်မှု သဘောတရား
The Principles of Effective Leadership
၁၄- သူဌေးဖေဖေ၊ ဆင်းရဲဖေဖေ
Rich Dad Poor Dad
၁၅- အငြိမ်းစားလူငယ်၊ အငြိမ်းစားသူကြွယ်
Retire Young Retire Rich
၁၆- ချမ်းသာတဲ့ကလေး၊ ပါးနပ်တဲ့သူငယ်
Rich Kid Smart Kid
၁၇- သူဌေးဖေဖေရဲ့ ငွေရှာနည်း
Cashflow Quadrant

၁၈- ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့
Guide To Investing

၁၉- လူတိုင်းတက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း
The Business School For People Who Like Helping People

၂၀- မီလျံနာ မဖြစ်ချင်ဘူးလား
Guide To Becoming Rich

၂၁- အောင်မြင်သူတို့ ဇာတ်လမ်းများ
Success Stories

၂၂- ချမ်းသာစေချင်လွန်းလို့
When We Want You to be Rich

၂၃- ကမ္ဘာကျော် ရောဂါသည်ကြီးများ

၂၄- တိမ်မြင့်စံအတွေးများ၏ အံ့ဖွယ်တန်ခိုး
The Magic of Thimking Big

၂၅- အစွမ်းအစရှိကဲ့လူ
How to Understand Human

၂၆- ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားတော်

၂၇- ဝ,မရှိဘဲ ဝိ,လုပ်မယ်
No Cash No fear

၂၈- အဆင့်မြင့်စွမ်းအားရှင်တို့၏ အမူအကျင့် ၈ ပါး
The 8th Habit

၂၉- သူဌေးတို့ လျှောက်သောလမ်း
Wick and Grow Rich

၃၀- ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ
မင်းဒိန်ခဲကို ငါ နေရာပြောင်းတယ်
Who Moved My Cheese?
I Moved Your Cheese.

၃၁- လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ
How to Understand Human Nature

၃၂- မျက်နှာကဲခတ် အတတ်ပညာ
Face Reading

၃၃- ပြိုင်ပွဲဝင်စီးပွားရေးသမား
How To Overcome Competition

၃၄- ကြီးပွားချမ်းသာရေး ခေတ်သစ်သိုက်စာ
The Rules of Wealth